
www.burmeseclassic.com



www.burmeseclassic.com

# လမင်းမိုမို

## ချစ်ခြင်းမှန်ရင်

စာမူခွင့်ပြုချက်အမှတ် - ၁၀၈၇/၂၀၀၄ (၉)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၉၉/၂၀၀၄ (၁၀)

၂၀၀၅ ခုနှစ်၊ မတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလှ စာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၀၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

### နိုင်ငံတော်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး
- ပြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို



## ချစ်ခြင်းမှန်ရင်





စီစဉ်သူ
မောင်ရဲကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





## ၁

မမျှော်လင့်သော ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အဖြစ်အပျက်ကြီးတစ်ခုသည် ရွှေနှယ်ရီး၏ မျက်စိရှေ့မှောက်တွင် နေ့ခင်းကြီးကြောင်တောင် ဖြစ်ပွားသွားခဲ့တာ ဖြစ်သည်။

နေ့ခင်းကြီးကြောင်တောင်ဖြစ်၍ သူမတို့ လမ်းသွယ်ကလေးဟာ လူသူအသွားအလာ ရှင်းလင်းပြတ်လတ်နေခဲ့သည်။ နေ့လယ်နေ့ခင်းတွေမှာ ဒီလမ်းထဲက ခြံတွေဆီ တကူးတကအလည်လာသော ကားမျိုးကလွဲ၍ တခြားကားတွေ အင်မတန်ရှင်းတတ်လှသည်။ လူအလျှောက်နည်းသည်ကတော့ ဤရပ်ကွက်ဤလမ်းထဲ ခြေလျင်လာတတ်သူ ရှားပါး၍ပင်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စာပို့သမား မီတာဖတ်သမား စသဖြင့်သာ နေ့ခင်းဘက်၌ အသွားအလာ ရှိတတ်သည်။ နံနက်ခင်းမှာတော့ နွားနို့ စက်ဘီး၊ သတင်းစာစက်ဘီး၊ မုန့်သည်၊ အဝတ်လျှော်ဖို့လျှော်က်ဝင်လာတဲ့သူ၊ ဒီလမ်းထဲမှာနေပြီး ကိုယ့်အလုပ်ခွင်ကိုသွားဖို့ ထွက်ခွာကြတဲ့ကားတွေ စသဖြင့် လူမပြတ်လှ။

ညနေခင်းကျပြန်တော့လည်း အလုပ်ခွင်သွားသူတွေ ပြန်လာတတ်ကြတဲ့ ကားမျိုးစုံ အသီးသီး အဝင်အထွက် ရှိတတ်ပါသည်။ ထိုညနေစောင်းတွေမှာ ခြံတွေထဲက ကလေးတွေ စက်ဘီးထွက်စီးကြတာမျိုးလည်း ရှိတတ်၍ လူမပြတ်ပါ။ လူပြတ်တာ ခုလိုနေ့လယ်ခင်း အချိန်သာ။

အချိန်က မွန်းလွဲတစ်နာရီလောက်။

မွေးနွယ်ရီးရဲ့ သင်တန်းက ခါတိုင်းလို နောက်ဆုံး အချိန် မရှိဘူး၊ ဒီကနေ့ စောလွှတ်မယ်ဆို၍ မွေးနွယ်ရီးက မေမေ့ထံ ဖုန်းဆက်သည်။

"မေမေ ... သမီးဘာသာ ပြန်လာလိုက်တော့မယ်"

"သမီးရယ် ... ခါတိုင်းလို သုံးနာရီထိ သင်တန်းမှာပဲ ဆက်စောင့်နေလို့ မရဘူးလား"

အိမ်မှာ ဒရိုင်ဘာနှင့် ကားကမရှိ။ မွေးနွယ်ရီးကို ကြိုရမည့်အချိန် မဟုတ်၍လည်း တခြားကိစ္စ သုံးထားပါသည်။





"ဟာ ... မေမေကလည်း၊ အားလုံးပြန်ကုန်ပြီဥစ္စာ၊ သမီးတစ်ယောက်တည်းကြီး ရပ်စောင့်နေရမှာပေါ့။ နှစ်နာရီလောက်တောင် ရပ်နေရမှာ၊ အဲဒါက ပိုဆိုးတယ်၊ လူလုံးဝမရှိတော့တာ မေမေရဲ့၊ ဆရာက သင်တန်းကို အပြီးဖြုတ်လိုက်တာ၊ ဒီကဆရာတစ်ယောက်ရဲ့အမေအသုဘ သုံးနာရီချမှာမို့ ပို့မဲ့ကားတွေတောင် ထွက်သွားကုန်ကြပြီ"

ဒီလိုကြီးတော့လည်း မေမေက တစ်ယောက်တည်း ရပ်မနေစေချင်ပြန်ရာ ...

"သမီး ဘယ်လိုပြန်မလို့လဲ"

"မေမေက သမီးတစ်ယောက်တည်း ကားငှားစီးမှာ စိတ်ပူတယ် မဟုတ်လား၊ သမီး ကားငှားမစီးဘူးလေ မေမေ၊ ဘတ်စ်ကားစီး ပြန်ခဲ့မယ်"

"စီးတတ်လို့လား သမီးရယ်"

"စီးတတ်ပါတယ် မေမေရဲ့"

"ကားက သိပ်ကျပ်မယ် ထင်တယ်"

"ဒီလိုနေ့ခင်းတွေ ဘတ်စ်ကားက ချောင်တတ်ပါတယ် မေမေရဲ့၊ မကျပ်ပါဘူး၊ မေမေ ဘာမှစိတ်မပူနဲ့၊ သမီးဆင်းရမဲ့ကားဂိတ်ကလည်း လမ်းမထိပ်မှာပဲဟာ၊ အထဲကိုလမ်းလျှောက်ဝင်ရမှာလည်း ကိုယ့်လမ်းထဲကိုယ် ဘာအန္တရာယ်မှ မရှိဘူး၊ မေမေ စိတ်ချသိလား၊ ပြန်ခဲ့မယ်နော်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ မေမေဟာ အသက်နှစ်ဆယ်အရွယ်ရှိတဲ့၊ ခုထိ သူ စိတ်မချနိုင်သေးတဲ့ သမီးချောရဲ့ ကိုယ့်ဘာသာ ပြန်လာချင်တဲ့ ဆန္ဒကို စိတ်ထင့်ထင့်နှင့်ပင် လိုက်လျောခဲ့ပါသည်။

အဲသလို တစ်ယောက်တည်း ပြန်ချလာခဲ့လို့လည်း ခုလို အဖြစ်အပျက်ကြီးကို ရွှေနှယ်ရီး ကြုံလိုက်ရတာ။ လာကြိုတဲ့ ကားနဲ့ ပြန်နေကျအချိန် ပြန်ဖြစ်ရင် ဒီအဖြစ်အပျက်ကို သူမ သိလိုက်မှာတောင် မဟုတ်။

လမ်းမကြီးပေါ် ဘတ်စ်ကားဂိတ်မှာဆင်းပြီး သူမတို့ လမ်းသွယ်ထဲသို့ အတော်ကြီး လျှောက်ဝင်ရပါသေးသည်။ ရွှေနှယ်ရီးတို့ခြံက ဟိုးအတွင်းထဲဘက်ကျကျ။ လမ်းလည်း တစ်ဖြောင့်တည်း မဟုတ်ပဲ ကွေ့ကောက်သည်။ အတော်ကြာ လျှောက်ဝင်လာခဲ့ပြီး လမ်းတစ်ဝက်ကျော်လောက်ရောက်ကာမှ ဤအဖြစ်ကြီးကို ရုတ်တရက် ဖြူန်းခနဲ ရင်ဆိုင်လိုက်ရတာ။

ဤအချိန်မှာ ရွှေနှယ်ရီးသည် သူ့ရှေ့ ပေလေးငါးရာကျော်လောက် အကွာအဝေးမှာ မိန်းကလေးတစ်ယောက် လမ်းလျှောက်သွားနေတာကို တွေ့ရှိပြီးပါပြီ။ ထိုမိန်းကလေးရဲ့ ဦးတည်ရာဟာ ရွှေနှယ်ရီးနှင့် ဦးတည်ရာတစ်ဖက်တည်း။ ထို့ကြောင့် ရွှေနှယ်ရီးကို ကျောခိုင်းထားလျှက်သား ရှိသည်။





အဲဒီအခိုက်မှာ ရွှေနှယ်ရီးရဲ့ နောက်ဘက်မှ ကားတစ်စင်းရဲ့ စက်သံပြင်းပြင်း တရကြမ်း မောင်းလာသံကို ကြားရတာမို့ ရွှေနှယ်ရီးသည် အလန့်တကြား ဘေးကပ်ရှောင်လိုက်ပါသည်။ ခြံစည်းရိုး ချုံပင်တွေအစပ်ထိ နီးကပ်အောင် တိုးပြီးရှောင်လိုက်တဲ့ ရွှေနှယ်ရီး နံဘေးမှ လဲင်ခရူဇာကားကြီးကြီး နက်ပြာရောင်တစ်စီးဟာ ဝူးခနဲ ဖြတ်သွားသည်။

ဒီလိုလမ်းသွယ်ကျဉ်းထဲ ဒီလောက်အရှိန်ပြင်းပြင်းနဲ့ မြွေလိမ်မြွေကောက် ဖြစ်မတတ် မောင်းသွားတဲ့ကားဟာ မောင်းသူပဲ အရက်မူးလာလို့လား၊ ကားပဲဘရိတ်ပေါက်နေလို့လားမပြောနိုင်။ ထိုအရှိန်ပြင်း ကားကြီးဟာ ဟိုးရှေ့က မိန်းကလေးနားအရောက် မိန်းကလေးကို ဒုန်းခနဲမြည်အောင် နောက်မှ ဝင်တိုက်ချလိုက်လေသည်။

"ဟယ်"

ရွှေနှယ်ရီးသည် အလန့်တကြား ကြက်သီးတဖြန်းဖြန်းထ,ပြီး နေရာမှာတင် တွေတွေတောင့်တောင့်ကြီး ရပ်သွားမိကာ မြင်ကွင်းကို လူသေလို ငိုင်ကြည့်နေမိသည်။ ကားကြီးရဲ့ဒုန်းခနဲ ဆောင့်တိုက်လိုက်တဲ့ အရှိန်ကြောင့် မိန်းကလေးဟာ လွင့်ခနဲ စင်ထွက်သွားကာ အနီးက ခြံတစ်ခြံတံခါးပေါက်ရှေ့ ထုတ်ထားတဲ့ အုတ်ခုံစွန်းနှင့် ကိုင်ရိုက်လိုက်သလို ပြေးဆောင့်သွားပါသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဟယ် ... တိုက်မိပြီ၊ လူတိုက်မိသွားပြီ၊ ရပ် ... ရပ်"

ရွှေနှယ်ရီးသည် ပါးစပ်မှ ကယောင်ကတန်း ပလုံးပထွေး ရေရွတ်မိကာ တဆွေ့ဆွေ့ခုန်ရင်း လက်ပြရင်း ယောင်ယမ်း၍ ကားကို ရပ်ခိုင်းနေပါသည်။ ကားကတော့ တစ်ချိုးတည်း ကွေ့ကောက် မောင်းပြေးတော့ပြီ ။

"ဘုရားရေ ... ဒုက္ခပါပဲ"

ရွှေနှယ်ရီးသည် ဒီအဖြစ်မျိုး တစ်ခါမှ မမြင်ဖူးမကြုံဖူး၍ တစ်ကိုယ်လုံး တဆတ်ဆတ်တုန် အေးစက်ချောက်ချားကာ လည်ချောင်းထဲ အလုံးကြီးတစ်လုံး ဆို့သလို နင်၍နာလာသည်။ သို့သော် ချက်ချင်းပဲ လူပြတ်တဲ့ ဒီလမ်းထဲမှာ ကားတိုက်မိတဲ့လူနာကို သူသာ ပြေးထူကူရမည်ဆိုတာ သတိရလျက် သုတ်ခြေတင်၍ ပြေးလေသည်။

အနားကပ်မိလျှင် မြင်ကွင်းသည် ကြောက်စရာကောင်းလှသည်။ မိန်းကလေးရဲ့ နဖူးနားထင်တို့မှာ သွေးစဖြိုင်ဖြိုင်သည် တစ်မျက်နှာလုံးကို အသွယ်သွယ်မှာပြီး စီးကျနေသည်။ သူမသည် တဆတ်ဆတ် တုန်လှုပ်နေကာ သတိတော့ ရနေပေသည်။





"ဘာ ...ဘာဖြစ်သွားလဲဟင်၊ သ ... သတိရသလားဟင်၊ ဒုက္ခပါပဲ၊ လာကြပါဦး"

ရွှေနှယ်ရီးရဲ့ "လာကြပါဦး" အသံလေးသည် ဆို့တို့တို့ ဝင်တင်တင်နှင့် အကျယ်ကြီးလည်း မဟုတ်။ ခြံထဲတွေ ဆီကဆိုရင် ကြားပင်မကြားနိုင်။ ရွှေနှယ်ရီးတို့ခြံနှင့်က နှစ်ခြံ လောက်သာ ခြားတော့ကာ သုံးခြံမြောက်ဆို ရောက်ပြီ။

ကိုယ့်အိမ်ပဲ အရင်ပြေးကာ လူခေါ်ရမလား၊ ထားခဲ့လို့ ဖြစ်ပါ့မလားနှင့် ပျာယာခတ် ထူပူကာ ရွှေနှယ်ရီးမှာ ဘာလုပ်လို့ လုပ်ရမယ် သတိမဝင်။ ကြောက်လွန်းအားကြီးကာ ငိုချင်တာလည်း ပြောမနေနှင့်။ မိန်းကလေးကိုသာ မတို့ရဲ့မကိုင်ရဲ ကြားက ခြေဖျားလေးကိုင်လိုက်၊ တံတောင်ဆစ်လေးကိုင်လိုက် လုပ်ရင်း ...

"အစ်မ ... ခဏ ... နေ ... နေဦးနော်၊ ဆေးရုံပို့ပေးမယ်နော်၊ ဒီနား ဘယ်သူမှလဲ မရှိဘူး၊ ဒုက္ခပါပဲ"

"စာ ... စာ ..."

မိန်းကလေးသည် ပါးစပ်က မြည်တမ်းရင်း သူ့ဂျင်းဂျက်ကက်လေး ဘယ်အိတ်ထဲကလဲ မသိ၊ ဖျတ်ခနဲ ဆွဲထုတ်လိုက်ရာ လက်ထဲ၌ စာအိတ်ပန်းရောင်နုတစ်အိတ် သွေးအလူးလူးနှင့် ပါလာပါသည်။ ပြီးလျှင် လူးလဲထ,ဖို့ ကြိုးစားနေပြန်ရာ ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ... မထနဲ့ ... မထနဲ့ ... လှဲနေဦး၊ အစ်မမှာသွေးတွေထွက်နေတယ်"

"စာ ... ပေး ... ပေး ..."

"ဘယ်သူ့ကို ပေးရမှာလဲ အစ်မ၊ ဘယ်သူ့ဆီ လာတာလဲ ဟင်"

မိန်းကလေးက သူလဲနေရာနှင့် ရှေ့တည့်တည့်ခြံကို လက်ညှိုးညွှန်ပြလိုက်သည်။

"ခြံတံခါး အပြာ ..."

"သြော် ... ဒီကိုလာတာလား၊ ဒီကလူတွေ ခေါ်ပေးရမလား ဟင်"

"ခြံနံပါတ် ... ဆယ့်ငါး"

"ဟုတ်တယ် ... ဟုတ်တယ် ... ဒီခြံပဲ"

ရွှေနှယ်ရီးက ခြံနံပါတ်(၁၅) တပ်ထားသည့် သံပန်းတံခါးအပြာရောင်အသစ်နှင့် ခြံကို သုတ်ခနဲ ထ,ပြေးပါသည်။ ခြံတံခါးအုတ်တိုင်က ဘဲလ်ကိုလည်း တကြော်ကြော်တီး၊ ခြံတံခါးမြောက်လက်ကိုလည်း မီးသလောက် လက်ထိုးဆွဲလှုပ်နှင့် အသံမြည်စေသည်။ ခဏအတွင်း ကောင်မလေးတစ်ယောက် မရှုံ့မဲ့ထွက်လာသည်။





တွေ့လိုက်သည်နှင့် ရွှေနှယ်ရီး စိတ်ပျက်သွားရသည်မှာ ကောင်မလေးဟာ အိမ်ဖော်ကလေးမှန်း သိသာလှသည့် သွင်ပြင်မို့ပင်။

"အိမ်ရှင်တွေ မရှိကြဘူးလား"

"မရှိဘူးရှင့်၊ အပြင်သွားကြတယ်၊ ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ဘယ်သူ့လဲတော့ မသိဘူး၊ ဒီကိုလာတဲ့ ညီသည်ထင်တယ်၊ ကားတိုက်မိလို့"

ကောင်မလေးသည် ခြံတံခါးနား ပြေးကပ်လာကာ အပြင်ကို ကြည့်လိုက်ပြီးမှ မြေပေါ်လဲနေသော သွေးသံတရဲရဲမြင်ကွင်းကို မြင်လိုက်ရ၍ အကြီးအကျယ် ကြောက်သွားပုံပေါ်သည်။ နောက်ကို လေးငါးလှမ်း ပြန်ဆုတ်ပြေးကာ ...

"ဘယ်သူမှ မရှိဘူး အစ်မ၊ လူကြီးတွေ မရှိဘူး"

"လဲနေတဲ့ အစ်မကြီးကို မမြင်ဖူးဘူးလား"

"ဟင့်အင်း ... တစ်ခါမှ မမြင်ဖူးဘူးရှင့်"

"ဒုက္ခပဲ"

"ဘာ ... ဘာဖြစ်တာလဲဟင် အစ်မ"

"တခြားကားတစ်စီး တိုက်သွားတာ၊ သူက ဒီခြံကိုညွှန်ပြနေလို့ ဒီကိုလာတာလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မသိဘူးရှင့်"

ကောင်မလေးမျက်နှာမှာ စပ်တောင်မစပ်စုရဲအောင် အတော်ထိတ်လန့် ဖြူဖတ်နေ၍ ရွှေနှယ်ရီးမှာ ဘာမှအားကိုးရနိုင်စရာ မရှိတာ သိရသည်။ အိမ်ဖော်လေးမို့ ခြံပြင်ထွက်၍လည်း သွားရဲမည် မထင်။ သော့တောင်မှ ရှိချင်မှ ရှိမှာ။ ရွှေနှယ်ရီးက လဲနေတဲ့ လူနာဆီ ပြန်ပြေးလာပြန်သည်။

ဤတစ်ကြိမ်တွင် မိန်းကလေးသည် ရွှေနှယ်ရီး ထထွက်သွားမှာ စိုးပုံနှင့် ရွှေနှယ်ရီးရဲ့ လက်တစ်ဖက်ကို ဖမ်းဆွဲဆုပ်ထားလိုက်ကာ ...

"စာ ... ပေးပေးပါ၊ စာ"

"ဟုတ် ... ဟုတ်ကဲ့ ... ပေးပေးမယ် အစ်မ၊ စိတ်ချ၊ ဘယ်သူ့ကို ပေးရမှာလဲဟင်"

ပါးစပ်အဟတွင် သူ့ပါးစပ်မှ သွေးများဗွပ်ခနဲ အန်ကျလာသည်။ ရွှေနှယ်ရီးသည် ကိုယ့်လက်ထဲ ဆွဲထည့်နေသော စာကို ဆွဲယူပြီး သူမရဲ့ဘောင်းလွယ်ကိုင်းရှည်တပ် ဖဲနီ့စီလွယ်အိတ်ထဲ ထိုးထည့်လိုက်ရင်း ...

"အစ်မ ... စကားမပြောနဲ့တော့၊ သွေးတွေအန်နေတယ်၊ ကျွန်မ ကားသွားရှာ ခေါ်ဦးမယ် အစ်မ"

မိန်းကလေးက ရွှေနှယ်ရီးလက်ကို မလွှတ်ပါ။





"ခြံ ... ခြံနံပါတ် ဆယ့်ငါး"

ထိုတဲခါးပြောနှင့် ခြံကိုသာ လက်ညှိုးထိုးနေ၍ ...

"အဲဒီက ဘယ်သူ့ကို တွေ့ချင်တာလဲ အစ်မ၊ စာကို ဘယ်သူ့ပေးပေးရမှာလဲ"

"ရွှေ ... ရွှေ ..."

လေဆက်ပြတ်၍ ဆက်ပြောမရပဲ ရှောင်းဆိုးသလိုကြို့ထိုးသလို တအွတ်အွတ် ဖြစ်လာမိုက် ကားတစီးလာသံကြား၍ ရွှေနှယ်ရီး ငဲကြည့်လိုက်ပါသည်။ ကားက ရွှေနှယ်ရီးတို့အိမ်ကကား၊ အိမ်ကိုပြန်လာတာ ဖြစ်မည်။ အိမ်ရောက်ပြီးမှ ခါတိုင်းဆိုရင် မေမေက ရွှေနှယ်ရီးထံ အကြိုလွှတ်မှာ ဖြစ်သည်။

"ဦးလေးထူး"

ရွှေနှယ်ရီး အားရဝမ်းသာ ကြုံးအော်လိုက်သည်။ ဦးလေးထူးကလည်း ကားတံခါးဖွင့်ကာ အပြေးဆင်းလာရင်း ...

"ဟင် ... သမီး၊ ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

"ကားတစ်စင်း တိုက်ပြေးတာ ဦးလေးထူး၊ ဒုက္ခပဲ ... သွေးတွေ အန်နေတယ်၊ သေတော့မလား မသိဘူး၊ ဆေးရုံ ... ဆေးရုံပို့ရအောင်"

"ဟာ ... ဒုက္ခပါပဲ၊ သွေးတွေ မနည်းပါလား၊ ပြဿနာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် တစ်ယောက်တွည်း ဘတ်စ်ကားနှင့် ပြန်လာမည့် သမီးဖြစ်သူ လျှောက်ဝင်လာမည့်လမ်းကို ထွက်မျှော်ပုံရသော ရွှေနှယ်ရီးရဲ့မေမေ ဒေါ်အင်ကြင်းက ရွှေနှယ်ရီးတို့ ခြံဝမှ ထွက်ပေါ်လာကာ အထိတ်တလန့် အပြေးရောက်လာပြန်သည်။

"ဟယ် ... ဦးထူး၊ ကားတိုက်မိသလား"

"ဦးလေးထူး မဟုတ်ပါဘူး၊ တခြားကား တိုက်သွားပြီး မောင်းပြေးတာ မေမေ၊ သမီးရှေ့မှာပဲ၊ ဦးလေးထူးက ခုမှရောက်လာတာ"

"ဟဲ့ ... ဘယ့်နှယ် လုပ်ကြမလဲ၊ ဆေးရုံပို့မှပေါ့"

"အကြော ဆွဲနေသလိုပဲ အစ်မ၊ ကျွန်တော် ကြောက်တယ်"

"အို ... ဦးလေးထူးကလည်း အရေးထဲနော်၊ ကဲပါ ... ကားပေါ်တင်ရအောင်"

"တစ်ကိုယ်လုံး သွေးနဲ့ရွှဲနေတာ၊ ကူရှင်တွေပေါ် ခင်းစရာ တစ်ခုခု ပြေးယူလိုက်ဦးမယ် အစ်မရယ်"

ဦးလေးထူး လှစ်ခနဲ အပြေးတွင် ...

"ဦးထူး ... ကျွန်မ ပိုက်ဆံအိတ်ပါ လိုရမယ်ရ ယူခဲ့၊ ဒေါ်မြိုင့်ကို ယူခိုင်း"

"ဟုတ်"

မေမေက ရွှေနှယ်ရီးကို စေ့စေ့စပ်စပ် ကြည့်ကာ ...





"သမီးကော ဘာဖြစ်သေးလဲဟင်"

"ဘာမှမဖြစ်ဘူး မေမေ၊ တိုက်မိတာ သမီးနဲ့အဝေးကြီး၊ သမီး ဒီကို ပြေးလာတာ၊ လက်ကသွေးတွေက ဒီအစ်မကြီး သမီးလက်ကိုကိုင်လို့ ပေနေတာ"

"ဘုရား ... ဘုရား ... ငယ်ငယ်ချောချောကလေး၊ သတိလည်း မရဘူးထင်တယ်"

"သတိရသေးတယ် မေမေရဲ့၊ အစ်မ ... အစ်မ ... စိတ်တင်းထားနော်၊ ခုပဲ ဆေးရုံပို့မယ်"

"ရွှေ ... ရွှေ"

"ဟဲ့ ... ရွှေ ဆိုပါလား၊ သမီးနာမည် ခေါ်တာလား"

"အို... သမီးနာမည် သူ ဘယ်လိုလုပ်သိမှာလဲ မေမေကလည်း"

ရွှေနှယ်ရီးသည် ခြံနံပါတ်ဆယ့်ငါးဆီ ဆတ်ခနဲ လှည့်ကြည့်လိုက်မိပြန်သည်။ တံခါးနောက်မှ ဟိုကောင်မလေး [illegible]ချောင်းကြည့်ကာ တုန်လှုပ်နေဆဲ။ ဒီခြံဟာ လွန်ခဲ့တဲ့နှစ်လ [illegible]လောက်ကမှ ပြောင်းလာတဲ့ လူသစ်တွေဖြစ်၍ ရွှေနှယ်ရီးတို့နှင့် ခင်မင်ခြင်း မရှိသေးပေ။ ထိုစဉ် ရွှေနှယ်ရီး မျက်လုံးများက ခြံတံခါးအုတ်တိုင်မှ ကြေးပြားဆိုင်းဘုတ်ကို ခုမှသွားမြင်သည်။

"ရွှေမိသားစုခြံ" တဲ့။ ရွှေ ... ရွှေ ... ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေနွယ်ရီးသည် တစ်ကိုယ်လုံးကို ရေနွေးစပ်၍ အကြာကြီး စိမ်ချိုးသည်။ ကြွေကန်ထဲ ရေချိုးရာတွင်ထည့်သည့် ပုလဲလုံးမွှေးမွှေးတွေ ဖောက်ထည့်သည်။ ဆံပင်ကိုလည်း နှစ်ထပ်သုံးထပ် လျှော်သည်။ လူတစ်ကိုယ်လုံး အနွမ်းနယ်ပြေကာ မွှေးကြိုင်လန်းဆန်းသွားမှ ရေချိုးခန်းထဲက ထွက်လာပါသည်။

ဆံပင်ကို ဒရိုင်ယာမှုတ်ရင်း ငေးတိငေးငိုင်နှင့် စိတ်နဲ့လူ မကပ်။

"သမီး"

အခန်းတံခါးပွင့်ကာ တံခါးဝမှာ အန်တီကြီး ပေါ်လာပါသည်။

"ထမင်းစားကြစို့"

"သမီး ထမင်းမစားချင်ဘူး အန်တီကြီး၊ ပြည့်ပြည့်နင်နင်ကြီး ဖြစ်နေတယ်၊ အန်ချင်သလိုကြီးလည်း ဖြစ်နေတယ်"

"အင်း ... ဒုက္ခပဲ၊ ညည်းအမေလည်း ဒီအတိုင်းဖြစ်နေတယ်။ ဘာမှမစားချင်ဘူးတဲ့၊ တစ်ခုခုတော့ စားမှပေါ့၊ ညည်းအဖေ





ကိုတော့ ယမ်းယမ်းအထုပ် ဖောက်ပြုတ်ပေးထားတယ်၊ အဲဒါ စားမယ်တဲ့"

"ဒါဖြင့် သမီးကိုလည်း အဲဒါပဲ ဖောက်ပြုတ်ပေးပါလို့ ဒေါ်မြိုင်ကို ပြောပေးပါနော် အန်တီကြီး၊ ချဉ်ချဉ်စပ်စပ်နော်၊ ကြက်ဥလည်း မထည့်နဲ့နော်"

"အေး ... အေး ... ဒီလာပို့ရမှာလား"

"ဟုတ်"

"အေး ... အေး"

အန်တီကြီးက တံခါးစေ့ကာ ပြန်ထွက်သွားပါသည်။

ရွှေနွယ်ရီးသည် သူမ လက်ချောင်းကလေးများကို ...ကြည့် မှောက်ကြည့် လှန်ကြည့် လုပ်နေမိသည်။ ကားပေါ်မှာ ...မိဆုပ်ရာ ဆုပ်ဆွဲပြီး ဟိုအစ်မကြီး ပြန်မလွှတ်တော့၍ ...ည်းဖြေထုတ်ရတဲ့ လက်ချောင်းတွေ၊ ရင်ထဲ တဒိတ်ဒိတ်တုန်ကာ ...ချင်လာပါသည်။

အင်း ... ဦးလေးထူး ပြောသလို ကားပေါ်ကတည်း ...သေတာလား၊ ဆေးရုံကြီးရောက်မှပဲ သေတာလား။ သူမလက် ... ဆုပ်ကိုင်ထားရင်းများ သေသွားသလား။ အမယ်လေး ... ...ချောင်းဝမှာ ဆို့အောင့်ကာ ပျို့အန်ချင်လိုက်တာ။ ...



www.burmeseclassic.com

www.burmeseclassic.com



မျက်စိရှေ့ သူမလက်ထဲ ခုလို လူတစ်ခါမှ မသေဖူးသေး
ချောက်ချားတုန်လှုပ်သည်မှာ တစ်ကိုယ်လုံး ခြေကုန်လက်ပန်းက
၍ ဖျားချင်သလိုပင် ဖြစ်နေသည်။

အိမ်နေရင်း စပန့်ဂါဝန်တိုတိုကို စိတ်မပါလက်မပါ
လဲလှယ်ဝတ်ဆင်ကာ ဘယ်လိုကြီးမှန်းမသိ ဖြစ်နေပါသည်
နေ့လယ်တစ်နာရီခွဲလောက်ကစပြီး ခုချိန်ထိ စိတ်ပင်ပန်း လူပ
ပန်းရသည်မှာ တစ်သက်နှင့်တစ်ကိုယ် မကြုံစဖူးမို့ ခုထိအပင်ပန်း
မပြေ။

ဆေးရုံတွင် စစ်ဆေးကြတဲ့အခါ လူနာဟာ သေဆုံး
နေပြီတဲ့။ ဘာမှမတော်စပ်ပဲ ခုမှကြုံရတာ ဆုံရတာ ဖြစ်သည့်တိုင်
ရွှေနှယ်ရီး စိတ်နှလုံးချောက်ချားတုန်လှုပ်၍ ငိုမိခဲ့ပါသေးသည်
ထို့နောက်တော့ ရဲမှုရဲခင်းဖြစ်၍ စစ်ဆေးစရာတွေ စစ်ဆေး
ဆောင့်ရသည်။ လူမှုရေးအသိစိတ်အပြည့်နှင့် လိုက်ပို့ခဲ့ကြသူတွေဖြ
သော်လည်း မျက်မြင်သက်သေက ရွှေနှယ်ရီး တစ်ယောက်သာဖြ
၍ ရွှေနှယ်ရီး ပြန်ခွင့်မရ။

အစစ်ဆေးခံရမည် ဆိုတဲ့အခါ ဖေဖေ့ကိုပါ ဖုန်း
ဆက်ခေါ်ရသည်။ တကယ်တမ်းတော့ သူမကို မြင်လိုက်သလော
သာမေးမြန်းတာပါ။ သို့ပေမဲ့ အကြာကြီးထိုင်စောင့်နေရ၍ နှလုံး
မလန်းဆန်းနိုင်ပဲ ရှိခဲ့ရသည်။ ဖေဖေက ....





"သူတို့မေးသလောက်ပဲ ဖြေနော်၊ သမီးထင်တာတွေ မြင်
တာတွေ ယူဆတာတွေ၊ အပိုတွေ လျှောက်မပြောနဲ့၊ မေး
တာကို သိရင်သိတယ်၊ မသိရင် မသိဘူး၊ မြင်သလောက်
မှာ တိကျတာကိုပြော၊ စိတ်ထင်မှန်းဆတာတွေပါရင်
အမှုလိုက်ရတာလည်း လမ်းကြွေ့ကောက်မယ်၊ မဟုတ်တဲ့
သူလည်း သွားအထင်ခံရနိုင်တယ်"

ဤသို့မှာထား၍ ရွှေနှယ်ရီးသည် အပိုတစ်လုံးမှ
မပြော။ မေးသမျှကိုသာ မှန်မှန်စဉ်းစားဖြေသည်။ ကားအရောင်၊
တဲလစ်နက်ပြာ။ ကားအမျိုးအစား လဲင်ခရူဇာ။ ကားနံပါတ်
/၃---။

ကားနံပါတ်ကို သူတို့က သေချာသလား အထပ်
ထပ် စစ်မေးကြပါသည်။

"သေချာပါတယ်၊ ကားက သမီးဘေးက ကပ်ဖြတ်သွား
တော့ ရှောင်ရင်းကပဲ နံပါတ်ကို ကြည့်မိတာပါ၊ သမီးလည်း
မရှောင်မိရင် တိုက်မိနိုင်ပါတယ်၊ 'ဂက'ဆိုတာလည်း
အသေအချာ တွေ့လိုက်တာပါ၊ ဂဏန်းလေးလုံးမှာ ရှေ့
ဆုံးအလုံးက'၃'ဖြစ်တာလည်း သေချာပါတယ်"

"သမီး မသေချာပဲ မှန်းပြောတာဖြစ်ရင် ဂက/၃---နဲ့
စတဲ့ လင်ခရူဇာကားပိုင်ရှင်တွေ ဒုက္ခရောက်နိုင်တာမို့ပါ

www.burmeseclassic.com

www.burmeseclassic.com



ဒီကားအမျိုးအစားတွေက စီးရေလည်း သိပ်များလှတာ မဟုတ်ဘူး၊ ခုတော့ အရောင်နဲ့တကွ၊ ကားနံပါတ် ဒီလောက် ထိသိလိုက်တယ်ဆိုရင်ပဲ လိုက်ရတာအားလွယ်ကူသွားပါပြီ၊ ကားမှာ တခြားထူးခြားတာ ဘာပါသေးလဲ”

“နောက်မှာ မီးခိုးရောင်သားရေအိတ်ကြီးနဲ့ ကားဘီးကြီး ထည့်ထားပြီး ဖိုးဝိုးလ်ဒရိုက်ဗ်ဆိုတာ ရေးထားတာလည်း ပါပါတယ်”

“သမီးက အတော်စုံစုံလင်လင် မှတ်မိတာပဲ”

“သမီးက ဘေးက ဖြတ်သွားပြီးတော့လည်း ကားကြီးကို တောက်လျှောက် လိုက်ကြည့်နေတာ”

“ကားထဲမှာ လူဘယ်နှယောက် ပါသလဲ”

“အဲဒါတော့ မသိလိုက်ပါဘူးရှင်၊ သမီး သေချာမတွေ့ရဘူး”

“ကားမှန်တွေ အနက်မို့လို့လား”

“အနက် ဟုတ်မဟုတ်လည်း မသေချာလိုက်ပါဘူး ဦး၊ ဟုတ်ရင်လည်း ဟုတ်မယ်၊ သမီးအထဲကို သေချာထွင်းဖောက် မမြင်လိုက်နိုင်ဘူးဆိုတော့”

“လုံးဝမရပ်ပဲ ဆက်တိုက်မောင်းပြေးတာပေါ့”

“ဟုတ်ကဲ့”





“တိုက်လိုက်ပုံကကော”

“သူက ဟွန်းမတီးပေမဲ့ ကားစက်သံကြီးကို ဒီအစ်မကြီး ကြားမယ်ဆိုရင် ကြားနိုင်ပါတယ်၊ မရှောင်နိုင်လိုက်တာ ထင်တယ်၊ ကားရှေ့ဘက်နဲ့ တိုက်မိတဲ့အသံ ခုန်းခနဲမြည်ပြီး အဲဒီအစ်မကြီး လွင့်စင်ထွက်သွားပါတယ်၊ အဲဒီနားက ခြံတစ်ခြံရဲ့ အုတ်ခုံနဲ့ ကိုင်ရိုက်လိုက်သလို ဆောင့်ပြီးမြေကြီးပေါ် ပြုတ်ကျသွားတာပါ”

“သမီးတို့ ခေါ်လာတော့ မသေသေးတာ သေချာတယ်နော်”

“မသေသေးပါဘူး၊ ကားပေါ်မှာ သမီးလက်ကို အတင်း ညှစ်ကိုင်ထားလို့ ဆေးရုံရောက်မှ လက်တောင်ဖြေထုတ်ရတာပါ”

“ကဲ … ရပါပြီ၊ သမီးကိုလည်း ကျေးဇူးတင်ပါတယ်၊ သမီးလည်း ပင်ပန်းနေပြီ၊ သမီးပေးသလောက် အချက်အလက်နဲ့က နာရီပိုင်းအတွင်း တရားခံကားကို ဦးတို့ရှာတွေ့မှာပါ”

အဲဒီအချိန်မှာ ထိုအစ်မကြီးအိမ်က မိသားစုတွေ ရောက်လာပြီး ဝက်ဝက်ကွဲ ကြွက်ကြွက်ညံ အော်ဟစ်ငိုကြွေးနေကြပါပြီ။ အစ်မကြီးရဲ့အိတ်ထဲက မှတ်ပုံတင်ကြောင့် သူ့အိမ်ကို အကြောင်းကြားနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်မကြီးရဲ့နာမည်က "ဖြူလဲ့လဲ့ကြည်"တဲ့။

"သမီးရေ ... ဖြူလဲ့ရဲ့"နှင့် မိခင်ဖြစ်သူကြီးမှာ တက်ချက်မလို ဖြစ်ရှာသည်။ ဘွဲ့ရပြီးစလေးတဲ့။ မိသားစုအခြေ အနေကလည်း ပြည့်ပြည့်စုံစုံတွေထဲကပင်။

"ကိုယ်နဲ့ ဘာအဆက်အစပ်မှ မရှိ၊ လူသိလည်း မရှိတဲ့ အဲဒီလမ်းထဲ ညည်း ဘာလုပ်ဖို့ ရောက်သွားတာလဲ ဖြူလဲ့ ရဲ့၊ သေဖို့သက်သက် အဲဒီကို ရောက်သွားတာလားဟဲ့"

သူ့အမေ ငိုသံကို ပြန်ကြားယောင်ကာ ရွှေနှယ်ရီး သည် ထိတ်ခနဲ ...

"ဟယ် ... စာ ... စာ"

ရဲအရာရှိ စစ်မေးသလောက်ထဲလည်း မပါဝင်၍ ဒီအကြောင်း မဖြေရ။ ဆေးရုံရောက်ကာ ဒီအစ်မကြီး ဆုံးပြီဆိုတာ သိကတည်းက ရွှေနှယ်ရီးလည်းပဲ ဦးနှောက်တွေထုံပူကာ တောက် လျှောက် မေ့လျော့နေခဲ့ပါသည်။

"စာ ... စာ ... စာ"

ရွှေနှယ်ရီးသည် စာကြည့်စားပွဲပေါ် ပစ်တင်ထား သည့် သူမရဲ့ကိုင်းရှည်ရှည် ဘေးလွယ်ဖဲန်စီအိတ် မီးခိုးရောင်က လေးဆီ ဝုန်းခနဲပြေးကာ ကမန်းကတန်း မွှေနှောက်ရှာလိုက်သည်။ လက်ထဲပါလာသည့် စာအိတ်မှ သွေးစက်သွေးကွက်များကြောင့်





စာအိတ်ထောင့်လေးကိုသာ လက်ညှိုးလက်မနှင့် ညှပ်ကိုင်ရင်း ကတုန်ကယင် ဖြစ်နေမိပါသည်။

ဒီစာအိတ်ကို သူမ ဘာလုပ်ရပါ့မလဲ။ ဘယ်သူ့ကို ပေးရမှာလဲ။ စာအိတ်ပေါ်မှာ ဘာမှရေးမထားပဲ ဟိုအစ်မကြီးနှုတ် က "ရွှေ ... ရွှေ"လို့သာ ရေရွတ်သွားခဲ့သည်။ အဲဒီအိမ်ရဲ့နာမည် ကလည်း "ရွှေမိသားစုခြံ"ဆိုတော့ အဲဒီကလူတစ်ယောက်ယောက် တော့ ဖြစ်ပေလိမ့်မည်။

အဲဒီခြံကိုသွားပြီး အူကြောင်ကြောင်နှင့် ဘယ်သူ့ အတွက်မှန်းမသိတဲ့ စာတစ်စောင်ကို ဘယ်လိုပြောပေးရမှာလဲ။ စာထဲမှာ ပါတာတွေသည် (ဖြူလဲ့လဲ့ကြည် သေဆုံးသွားပြီမို့) အရေးပါလေသလား မပါတော့လေသလား မသိ။ ကိုယ်သွား ပေးမှ ကိုယ်က ရှုပ်ရှုပ်ယှက်ယှက် လာလုပ်ရာ ကျနေနိုင်သေး သည်။

"ဖောက်ဖတ်ကြည့်လိုက်မယ်"

ရွှေနှယ်ရီးသည် နှုတ်က တိုးတိုးကလေး ထွက်အောင် ကိုယ့်ဟာကိုယ် ဆန္ဒပြုလိုက်ပါသည်။ ထို့နောက်တော့ ဆုံးဖြတ်ချက် မပြောင်းခင် စာအိတ်ရဲ့ဘေးစွန်းကို အသာကလေး ထိုးကော်ကာ ဖောက်ချာလိုက်ပြီး အထဲက စာရွက်ကလေးကို ထုတ်ဖြန့်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ...

ဖြူလဲ့မှာ ဘာအပြစ်ရှိလို့ ဖြူလဲ့ကို ရှောင်ပုန်းနေရတာလဲ ကိုကိုရယ်၊ ကိုကိုတစ်ယောက်တည်းကိုပဲ သစ္စာရှိရှိ ချစ်ခဲ့ဖူးတဲ့ ဖြူလဲ့ပါ။ ဖြူလဲ့ဘဝမှာ ကိုကိုမရှိရင် ဘာအဓိပ္ပာယ်မှ မရှိဘူး။ ကိုကို တစ်နေ့ပေါ်လာနိုး ဆက်သွယ်လာနိုးနဲ့ စောင့်ခဲ့မျှော်ခဲ့တဲ့ ရက်ပေါင်း မရေတွက်နိုင်တော့ပါဘူး။ ကိုကို နေရက်တယ်နော်။ ဖြူလဲ့လေ ... ကိုကို ဆက်သွယ်လာမဲ့နေ့ကိုပဲ စောင့်နေတော့မလို့ပါ။ ဒါပေမဲ့ အခု တော့ နေ့စိမ့်လွန်းတဲ့ ကိုကိုကို မဆက်သွယ်ရင် မဖြစ်နိုင်တဲ့ အခြေ အနေ ရောက်လာပြီမို့ အရဲစွန့် ဆက်သွယ်လိုက်ရတာပါ။

ကိုကိုရေ ... ဖြူလဲ့မှာ ကိုကို့ရဲ့ ရင်သွေးလေးကို လွယ်ထား ရပါပြီ"

"ဟယ်"

ရွှေနှယ်ရိုးသည် ရင်ကိုဖိကာ ရင်ထဲက စူးခနဲ အောင့်နာသွားရပါသည်။ ဘုရား ... ဘုရား ...။ ရင်ကွဲစရာ ကောင်းလိုက်တာ။ သေဆုံးသွားတဲ့ ထိုအစ်မကြီးရဲ့ ဝမ်းကြာတိုက် ထဲမှာ ကလေးလေးတစ်ယောက်ပါ ပါသွားသတဲ့။ ဖြစ်မှဖြစ်ရ လေ။ အဖြစ်ဆိုးလိုက်လေ မဖြူလဲ့လဲ့ကြည်ရယ်။





"... ... သံသယ ရှိစရာ ဖြစ်လာလို့ ဖြူလဲ့ ဆရာဝန်မ ကြီးတစ်ဦးနဲ့ အသေအချာ စမ်းသပ်စစ်ဆေးပြီးပါပြီ ကိုကို၊ ဖြူလဲ့ရဲ့ ဝမ်းထဲမှာ ကိုကို့ရဲ့ရင်သွေးလေးကို လွယ်ပိုးထားရတာ သုံးလတောင် ရှိခဲ့ပါပြီ။ ဖြူလဲ့တို့ လက်ထပ်ကြပါစို့နော် ကိုကို။ ဘယ်လိုအခက်အခဲ အတားအဆီးပဲရှိရှိ၊ ဖြူလဲ့ ကိုကိုနဲ့ လက်တွဲပြီး ဖြေရှင်းကျော်ဖြတ် ရဲပါတယ်။

ဖြူလဲ့ အနားမှာ ကိုကိုရှိရင် တော်ပါပြီ။ ကိုကိုရယ် ဖြူလဲ့ရယ် ရင်သွေးကလေးရယ် မိသားစုဘဝလေးတစ်ခု ထူထောင်နိုင်တယ် ဆိုရင် ဖြူလဲ့ဘဝ မျှော်လင့်ချက်အားလုံး ပြီးပြည့်စုံပါပြီ။ ဖြူလဲ့ကို ညာတာပါ ကိုကိုရယ်။ ဖြူလဲ့ ကိုကို့ရဲ့ ချစ်ခြင်းမေတ္တာကို ယုံကြည် အားကိုးပြီး မျှော်နေပါရစေ။

ကိုကို့ကို သိပ်ချစ်တဲ့
ဖြူလဲ့"

"ဖြစ်မှ ဖြစ်ရလေ၊ ဖြစ်မှ ဖြစ်ရလေ မဖြူလဲ့ရယ်"

ရွှေနှယ်ရိုးသည် စာလေးကို ပြန်ခေါက်ကာ စာအိတ် ထဲ တုန်တုန်ယင်ယင် ပြန်ထည့်ရင်း ရင်ထဲလှိုက်၍ လှိုက်၍ ဖိုလာ သည်။ မဖြူလဲ့ရဲ့ သွေးအလူးလူး အသွင်သဏ္ဌာန်ဟာ သူမမျက်စိ ထဲ တရစ်ဝဲဝဲ ပြန်ပေါ်လာသည်။ သနားစရာကောင်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုစာမျိုး ခခယယ ရေးနေရသည် ဆိုကတည်းက အဲဒီ ကိုကို ဆိုတဲ့လူဟာ မဖြူလဲ့ကို မဆက်မသွယ် ပစ်ထားတာ ကြာခဲ့ပြီမို့သာပေါ့။ အတော်ရက်စက်တဲ့ သူပါပဲ။ မိန်းမပျိုလေး တစ်ယောက်ကို ဒီအခြေအနေရောက်အောင် ရင်းနှီးပြီးမှများ အဆက်အသွယ်ဖြတ် ရှောင်ပုန်းနေရက်သတဲ့။

ဘယ်လိုလူစားမျိုးလဲ။ ရှင်းနေတာပါပဲ။ လူယုတ်မာတစ်ယောက်မို့သာပေါ့။ မေတ္တာစစ်နဲ့ ခိုင်ခိုင်မာမာ ချစ်တဲ့သူဆိုရင် ဒီအခြေအနေရှိပြီးမှ ရှောင်နေမှာလည်း မဟုတ်။ ပုန်းနေမှာလည်း မဟုတ်။ စာတစ်တန် ပေတစ်ဖွဲ့ လာပေးနေရလောက်အောင်ထိလည်း အဆက်အသွယ် ဖြတ်ထားမှာ မဟုတ်။

ဤလိုလူယုတ်မာမျိုးဟာ နဂိုက မလိုချင်လို့ ရှောင်နေပါသည်ဆိုမှ သိရတော့ကော တာဝန်ယူမှာပါတဲ့လား။ ခုပုံဖြင့် မဖြူလဲ့ တစ်ယောက် ကားတိုက်ခံရပြီး သေဆုံးသွားရတာပဲ ခပ်ကံကောင်းကောင်းလို့ ဆိုရမည် ထင်ပါသည်။ သေလွန်သွားပြီဆိုတော့ အရှက်တကွဲ အကျိုးနည်းဖြစ်စရာ အကြောင်းမရှိတော့ဘူးပေါ့။ အားလုံးပြီးဆုံးသွားတာပေါ့။

စာကိုဖတ်ပြီးမှ ဒီစာဟာ ရွှေမိသားစုခြံကို ဘယ်လိုမှ သွားပေးလို့ မကောင်းတဲ့စာရယ်လို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချနိုင်သည်။ စာအိတ်မှာလည်း နာမည်ပါတာမဟုတ်။ စာထဲမှာလည်း "ကိုကို" ဆိုတဲ့ ယေဘူယျအခေါ်အဝေါ်သာ ပါတာ။ ဘာမှ သေချာရေရာတဲ့ အထောက်အထား မရှိပဲ "ဒီစာဟာ ရှင်တို့ခြံက တစ်ယောက်ယောက်ကို ပေးသွားတဲ့စာ" ရယ်လို့ သွားပေးလိုက်ရင် အော်ဟစ်ရန်လုပ်ခံရရင်ခံရ၊ လှောင်ပြောင်ခံရရင်ခံရ၊ သူတို့ကိုအသရေဖျက် စော်ကားစွပ်စွဲပါတယ်လို့ပင် ပြန်တရားစွဲမခံရ ကံကောင်း။

နဂိုက ရှောင်ပါတယ် ဆိုသူဟာ ခုလို ဘာမှခြေခြေမြစ်မြစ် ခိုင်လုံမှုမရှိတဲ့စာကို ငြင်းကွယ်မှာ အမှန်။ "ခြတ်ခါးအပြာ" "ခြံနံပါတ် ဆယ့်ငါး" "ရွှေ ... ရွှေ" ဆိုတဲ့ ရေစွတ်သံတွေကိုလည်း ရွှေနှယ်ရီး တစ်ယောက်သာ ကြားလိုက်ရတာမို့ ဘာသက်သေသက္ကာရမှ မရှိ။

သွားပေးလိုက်လို့လည်း ဘာမှ ထူးခြားပြောင်းလဲသွားနိုင်မှု မရှိတော့တဲ့ ဤစာတစ်စောင်ကို မပေးတော့ဘဲထားလိုက်တာသည်သာ အကောင်းဆုံးပါပဲ။ နို့မို့ရင် ကျော်မကောင်း ကြားမကောင်းတဲ့ အရုပ်တော်ပုံဖာတ်လမ်းတစ်ခုကို သယ်ဆောင်ယူလာတဲ့ သူတစ်ယောက်အဖြစ် ရွှေနှယ်ရီးသာ အရှက်တကွဲဖြစ်ဖို့ရှိသည်။ ဒီစာမျိုးကို တစ်စုံတစ်ယောက်ကို ယူသွားပေးရမှာသည်လည်း ရှက်စရာ ကောင်းလွန်းပါသေးရဲ့။

ရွှေနှယ်ရီးသည် စာအိတ်ကလေးကို ဗီရိုရဲ့အံဆွဲတစ်ခုထဲ ဆွဲဖွင့်ပစ်ထည့်လိုက်သည်။ အံဆွဲကို ဒုန်းခနဲပြန်ဆောင့်ပိတ်ကာ







www.burmeseclassic.com

www.burmeseclassic.com



အထဲကို ဝင်နိုင်သမျှဝင်အောင်ကို တွန်းထည့်နေမိပါသေးသည်။ ထို့နောက် ခုတင်ပေါ် တုန်တုန်ယင်ယင် လာဝင်ထိုင်လိုက်ကာ တလှပ်လှပ် တုန်လှုပ်နေဆဲရင်ကို လက်ဖဝါးကလေးနှင့် ဖိထားမိသည်။

"ဟင် ... သမီး၊ နေမကောင်းဘူးလား"

"ကောင်း ... ကောင်းပါတယ် အန်တီကြီး"

"ညည်းအဖေက အခန်းထဲ သွားမပို့နဲ့တဲ့၊ ခေါက်ဆွဲပြုတ်ပဲ စားပေမဲ့ ထမင်းစားခန်းကိုပဲ လာစားတဲ့၊ အားလုံး စုံစုံညီညီ သိုက်သိုက်ဝန်းဝန်း လာစားလိုက်ပေါ့ သမီးရယ်၊ မျက်နှာကို ပျက်လို့၊ တစ်ယောက်တည်း နေမနေနဲ့ ... လာ ... လာ"

အန်တီကြီးက ရွှေနှယ်ရီးရဲ့ လက်မောင်းမှ လာရောက်တွဲဖက်ထူထလိုက်ပါသည်။ အလိုက်သင့် ပါလာရသော်လည်း အိပ်ရာပေါ်သာ ပစ်လှဲချင်နေပါသည်။ ရှန်းဖယ်ငြင်းဆန်နိုင်ရန် အားကုန်နေသလို အရုပ်ကြိုးပြတ် ဖြစ်နေ၍သာ ပါလာရတာ ဖြစ်သည်။

ထမင်းစားခန်းကို ဝင်လျှင် ...

"လာ ... သမီး လာ ... ဖေဖေတို့နဲ့ အတူ လာထိုင်စား"





"ဟင် ... သမီးမျက်နှာက ခုထိကိုပဲ ဖျော့တော့နေတုန်းပါလား၊ ဒါပဲ တွေးနေတယ် ထင်တယ် သမီးရယ်၊ မေ့ပစ်လိုက်တော့နော် ... မေ့ပစ်လိုက်တော့"

မေ့ပစ်လို့ မရပါဘူး မေမေ။ အသစ်တွေ ထပ်သိရလို့ ပိုတောင် တုန်လှုပ်ခြောက်ခြားနေရပါသေးတယ်။

"မေမေ ... ဒီည သမီးတစ်ယောက်တည်း မအိပ်ချင်ဘူး မေမေ"

ဤသို့ သွေးကြောင်ခြင်းမျိုးကို မနှစ်သက်တတ်သော ဖေဖေက မျက်ခုံးကိုရှုံ့၍ သဘောမတူသလို ကြည့်သည်။ ရွှေနှယ်ရီးက အသံကလေးများ ပိုပြီးတုန်ယင်လာကာ ...

"နော် မေမေ ... နော်၊ အန်တီကြီး ... သမီးနဲ့ဒီည လာအိပ်ပါနော်"

"အြော် ... လာအိပ်မှာပေါ့ သမီးရယ်၊ အန်တီကြီး လာအိပ်မှာပေါ့၊ ကဲ ... ကဲ ... စိတ်မကောင်းစရာတွေ မတွေးနဲ့၊ ယမ်းယမ်းလေး ချဉ်ချဉ်စပ်စပ် ပြုတ်ပေးထားတယ်၊ ကောင်းကကောင်းနဲ့ ... သောက် ... သောက်၊ ပြီးရင် အန်တီကြီးနဲ့အတူတူ ဘုရားရှိခိုးကြမယ်"

မေမေ့အစ်မ အန်တီကြီးသည် အပျိုကြီးဖြစ်၍ ခါဇာခပ်ကြောင်ကြောင်၊ စကားခပ်များများ ဖြစ်သော်လည်း သို့



www.burmeseclassic.com

www.burmeseclassic.com



တူမလေး ရွှေနှယ်ရီးကို အမေရင်းတစ်ယောက်လို ဂရုတစိုက် အရိပ်တကြည့် ချစ်လှ အလိုလိုက်လှသူ ဖြစ်သည်။ တစ်ခါတစ်ခါ သည်းလှ၍ ဖေဖေကပင် မနှစ်မြို့တတ် ဖြစ်တတ်သေးသည်။

"ငါ့သမီးလေး ကုသိုလ်ကံ နိမ့်နေတယ်၊ ဒါကြောင့် ဒီလို အနိဋ္ဌာရုံမျိုးနဲ့ သွားတွေ့ရ ကြုံကြိုက်ရတာ၊ နက်ဖြန်မနက် စောစော ဘုရားလေး ဘာလေး တက်ရအောင်၊ ယတြာလေး ဘာလေးလဲ ချေရအောင်"

ဖေဖေက မျက်ခုံးတွန့်နေသော်လည်း သမီးကို စိတ်အနှောင့်အယှက် မဖြစ်စေလိုပုံနှင့် ခမ်မဆိတ်သာနေသည်။





၂

"ဘွားဘွား ... ရှေ့လကျရင် သားမွေးနေ့နော်၊ သားလည်း မွေးနေ့ပွဲ လုပ်မယ်"

ဒေါ်ရွှေစင်သည် ဖိတ်စာကိုကိုင်၍ စေ့စေ့စပ်စပ် ဖတ်ရှုစစ်ဆေးကြည့်နေရာမှ ရွှေဥက္ကာကို မျက်လွှာပင့်ကြည့်လိုက်ကာ ...

"မင်းက ယောက်ျားလေးလေ မြေးရဲ့၊ အသက်ကြီးမှ မွေးနေ့လုပ်စရာလား"

"မွေးနေ့လုပ်တော့ မွေးနေ့လက်ဆောင်တွေ ရတာပေါ့ ... ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဥက္ကာ စကားကြောင့် သဘော်သီးမှည့်ပန်းကန်မှ ခက်ရင်းနှင့် ထိုးကော်အားနေသည့် ရွှေလသာက အသံကျယ်ကြီးနှင့် တဟားဟား ထ,ရယ်သည်။

"ဟဲ့ … မြေးရဲ့၊ ဘွားဘွားက ဒီခြံပြောင်းပြီးမှ အိမ်တက်လည်း မလုပ်ရသေးလို့၊ မနက်ပိုင်းလည်း ဘုန်းကြီးဆွမ်းကျွေးလေးတွဲပြီး ညနေပိုင်းကိုတော့ မိတ်ဆွေတွေရော ဒီလမ်းထဲက အိမ်နီးနားချင်းသစ်တွေရော ကျွေးမွေးမယ် စိတ်ကူးတာ၊ ဘွား မွေးနေ့နဲ့ တိုက်ဆိုင်လို့ ဘွားရဲ့ ခြောက်ဆယ့်သုံးနှစ်မြောက် မွေးနေ့ဆိုတာပါ ဖိတ်စာထဲ ထည့်ရိုက်ပေမဲ့ ဒီမှာကြည့် … အောက်ဆုံးမှာ လက်ဆောင်ပေးခြင်း သည်းခံပါလို့ ထည့်ထားတာ …

မင်းဟာက မွေးနေ့လက်ဆောင် မျှော်ကိုးလုပ်မဲ့ မွေးနေ့ပွဲဆိုတော့ ကောင်းနိုင်ပါ့မလား၊ ပြီးတော့ မွေးနေ့ပွဲဆိုတာ ကလေးတွေပဲ ကျင်းပတာများတာ၊ မင်းကလူပျိုကြီးဖားဖား၊ အသက်နှစ်ဆယ့်တစ်နှစ်တောင် ပြည့်မှာ၊ မိန်းကလေးဆိုလည်း တော်သေး"

"အို … ဘွားဘွားက မလုပ်ပေးချင်တိုင်း လှည့်ပတ်ပြောနေတာ"

"ဟဲ့ …"





"မြေးနဲ့ သား ကျောသားရင်သား ခွဲခြားပြီး မျက်နှာလိုက်တာ"

"ဘာကို ပြောတာတုံး ငါ့မြေးရဲ့"

"လေးလေးလ မွေးနေ့ဆိုပြီး ဟိုနိုင်ငံခြားသား ငှားခဲ့တဲ့ အိမ်ဟောင်းမှာ မနှစ်က ကျင်းပခဲ့တာ ကျတော့ရော၊ လေးလေးလက သုံးဆယ့်ငါးနှစ်တောင် ပြည့်ခဲ့တာ၊ လူပျိုလေးထက်ပိုဆိုးတယ်၊ လူပျိုကြီး၊ ပြီးတော့ လေးလေးလလည်း ယောကျ်ားကြီးမဟုတ်လို့ ဘာလဲ၊ အခြောက်ကြီးလား"

"ဟော့ကောင်"

ရွှေလသာက ရွှေဥက္ကာကို မီးရာဆီ ထိုင်ရာမထ လှမ်းကန်လိုက်ရာ၊ ရွှေဥက္ကာက သူ့ခြေထောက် မထိအောင် ဆိုဖာပေါ် အမြန်တင်ရင်း …

"မဟုတ်လို့လား"

"ဒါက ဒီလို မြေးရဲ့"

"ဘယ်လိုလဲ"

"မနှစ်က ရွှေလသာ သုံးဆယ့်ငါးနှစ်ပြည့်မွေးနေ့ ဆိုတာ ကျင်းပရတာက အကြောင်းမမှတ်နဲ့"

"အဆိုးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းရှင်းပြောရရင် မင်းဦးလေး လူပျိုကြီးအတွက် ကြင်ယာလောင်း ရှာတဲ့ပွဲပဲ"

"အ ... မေမေကလည်းဗျာ၊ မေမေ ပြောလိုက်ရင် သိပ်ရင်ဝထိတာပဲ၊ မေမေ ပြောတာ သူများကြားရင် ကျွန်တော်က မိန်းမတစ်ယောက်ပဲ ရအောင်မပိုးနိုင်တော့လို့ ..."

"ခု ဘယ်မှာ ပိုးနိုင်လို့လဲ"

"ဒီမှာမေမေ ... ခါချနေရတာဗျ၊ ခါချနေရတာ၊ စိတ်ညစ်တယ်၊ များလွန်းလို့ ဟုန်ပြီး မရွေးနိုင်တော့တာဗျ ... နော်"

"များလို့ပဲ မရွေးနိုင် မရွေးနိုင်၊ မရှိလို့ပဲ မရွေးနိုင် မရွေးနိုင်၊ လက်ထပ်ဖို့ ရည်ရွယ်နိုင်တဲ့ ဇနီးလောင်း မင်းဘယ်မှာရလို့လဲ၊ ဘာမဟုတ် ညာမဟုတ် အရေးမပါ ဘာမပါတွေ အုံခဲနေတော့ကော ဘာလုပ်ဖို့လဲ"

"မေမေကလည်းဗျာ"

"ဟုတ်တယ်လေ၊ မင်းကို ဘယ်တုန်းက မွေးနေ့ပွဲ လုပ်ပေးခဲ့ကျင့်ရှိလို့လဲ၊ မနှစ်ကတော့ သုံးဆယ့်ငါးနှစ်တောင်ရှိပြီ၊ မစွံသေးပါဘူး ဆိုတာ သမီးပျိုအမေတွေကို လက်တို့သတိပေးကြေညာရတဲ့ သဘောပဲ၊ မွေးနေ့ပွဲ လုပ်ပေးချင်လွန်းလို့ မဟုတ်ဘူး၊ မင်းကို ပွဲထုတ်ဖို့ရာ ခေါင်းစဉ်တပ်စရာက ဒါပဲရှိတော့ ဒါပဲ တပ်လိုက်ရတာ"





"ပြီးတော့ အချည်းနှီးပဲ မဟုတ်လား"

ရွှေဥက္ကာ စကားကြောင့် ရွှေလသာက ဒီတစ်ချီ ဆ,ထိုးဖို့ ဖင်ကြွလိုက်သည်။ ရွှေဥက္ကာကလည်း ခြေထောက်တင်ထိုင်လက်စ ဆိုဖာပေါ်မှ လက်တန်းကိုကျော်ကာ ဟိုဘက်တစ်လုံးကို ခပ်သွက်သွက် ရွှေ့ရှောင်လိုက်ပါသည်။

အသက်ဆယ့်ငါးနှစ်လောက်ကွာတဲ့ ဦးလေးဖြစ်သူ ရွှေလသာကို ရွှေဥက္ကာက ကြောက်တဲ့အခါကြောက်၊ မကြောက်တဲ့အခါလည်း မကြောက်။ တစ်ခါတစ်ရံ ချစ်ခင်ကာ တစ်ခါတစ်ရံတွင် ကြည့်မရ။ ရွှေလသာကလည်း သူ့အပေါ် ဤသို့ဖင်ရှိမည်။

"ဟုတ်တယ်လေ"

"ဟော့ကောင် တော်စမ်း၊ တုက တုလိုနေ၊ ခွေးလေးအရောဝင် ပါးလျက် နားလျက်နဲ့ ဦးလေးကို တက်တက်မရိုနဲ့၊ ဒါတွေ ဘာတွေ ပါသွားမယ်"

ရွှေလသာက ငြိမ့်ထဲက လူပြက်လုပ်သလို လက်ဝါးစောင်းရွယ်တဲ့ အမူအရာ လုပ်ပြလိုက်၍ ရွှေဥက္ကာက ပြုံးစိစိနှင့် ...

"လေးလေးလက ပြောချင်စရာပဲလေ၊ လူပုံကြည့်တော့ သိပ်ပဲ စွံနေသလိုလိုနဲ့ အဖျားရှူးရှူးသွားတာ၊ ငွေကုန်ကြေးကျခံပြီး ပွဲထုတ်လည်း အလုပ်မှ မဖြစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ရွှေလသာ အနားမှာ ရွှေလသာကို လိုချင်တဲ့ မိန်းမတွေဆိုတာ ရွှေခေါင်ခေါင် မန်ကျည်းရွက်ဝါတွေ ကြွေကျသလို တလူလူ ဝဲပျံလွင့်ကြွေကျနေကြတာ၊ ငါက ရွေးလိုက်ဖို့ပဲ လိုတာ၊ ငါကမရွေးလိုက်သေးတာ နားလည်လား"

ရွှေလသာ စကားက ဟုတ်ချင့်သလောက်လည်း ဟုတ်ာည်ဆိုတာ ရွှေဥက္ကာ သိသည်။ ရွှေလသာဟာ ရုပ်ကလည်း သူ့လိုလူငယ်ထက်ပင် ဖြောင့်သည်။ နိုင်ငံခြားမင်းသားဆန်သော ကိုယ်လုံးကိုယ်ပေါက် ဟန်ပန်စတိုင်တို့ကလည်း တစ်ခါတစ်ရံ ရွှေဥက္ကာပင် ကျိတ်၍အတုခိုးရတာ ရှိသည်။

သူ့သူငယ်ချင်းမ,များထဲမှာပင် "လေးလေးလ"ဖြစ်နေသော စိန်ရှုရှုတွေ အများသားပါ။ ရွှေလသာ ကိုယ်တိုင်က ဘယ်သူ့ကိုမှ အတည်တကျ မသတ်မှတ်လေရာ ရည်းစားပဲများသလိုလို ထင်ရပြီး အိမ်ထောင်ရက်သား ဖြူဖြစ်ဖို့လောက်အထိ တော့ အခြေမကျပေ။

"မင်းစဉ်းစားကြည့်စမ်းကွ ရွှေဥက္ကာ၊ မင်းဦးလေးဖြစ်သော ငါ့ရဲ့ရုပ်ရည်၊ ငါ့ရဲ့အလုပ်အကိုင်၊ ငါ့ရဲ့စီးပွားဥစ္စာအမွေအနှစ်၊ ငါ့ရဲ့လူမှုဂုဏ်၊ ဟင်း ... ပျင်းလို့ပါကွ၊ ငါကပျင်းလို့၊ မင်းဦးလေးအကြောင်း မင်း ကောင်းကောင်းသိချင်





ရင် မင်းနဲ့ငါ ကောင်မလေးတစ်ယောက်ကို ပြိုင်လိုက်ကြည့်ရအောင်လေ၊ ကောင်မလေး ဘယ်သူ့ကြွေမလဲလို့"

ရွှေဥက္ကာသည် ရဲရဲစိန်မခေါ်ဝံ့။ ဆံပင်ညိုပျော့လေးတွေနှင့် အသားဖြူဖြူ မျက်ခုံးမျက်မှောင်လှလှ၊ ကိုယ်လုံးကိုယ်ထည် သွယ်လျကျစ်လျစ်သော ခေတ်လူငယ်လေး ရွှေဥက္ကာသည် သူ့ဟာနှင့်သူ ကောင်မလေးတွေ လည်ပြန်ခိုးငေးစရာ ဖြစ်တာက ဖြစ်တာ။ နှစ်ယောက်တွဲသွားမိလျှင် ထိုအကြည့်သူခိုးတို့က လေးလေးလဘက် ပြိုကျသွားတတ်တာ မကြာခဏ ကြုံဖူးရသည်။

လေးလေးလဟာ ဗိုးတွဲပုဆိုးနှင့် ကုပ်တိုရှပ်လက်ရှည်ဖြူဝတ်ဝတ်၊ စပို့ရှပ်နှင့် စတိုင်လ်ဘောင်းဘီဝတ်ဝတ်၊ ကုတ်အင်္ကျီဝတ်ဝတ်၊ ဂျင်းပဲဝတ်ဝတ်၊ တီရှပ်ဖြူလေးနဲ့ပဲဖြစ်ဖြစ်၊ ဘာဝတ်ဝတ် သန့်နေတတ်တာ အမှန်ပင်။

နှုတ်ခမ်းလျားလျားကို ဓေ့တင်းတင်း ပြုံးလိုက်ရင် ညာဘက်ပါးပြင်မှာ ပါးချိုင့်ရှည်ကလေးက လှရုံပေါ်လာတတ်သေးသည်။ ထိုနှုတ်ခမ်းကို ဖွင့်ဟပြုံးလိုက်ရင်တော့ သွားတက်နှစ်ဖက်က ရှိနေသေး။ တည်သလိုလို ပြုံးသလိုလို မထိတထိလိုလို၊ ရိသဲ့သဲ့လိုလို လေးလေးလရဲ့ စတိုင်လ်တစ်မျိုးဟာ စိတ်လှုပ်ရှားလောက်စရာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုံနိုင်းရလျှင် လေးလေးလက ဟောလိဝုဒ်မင်းသား တစ်ယောက်နှင့်တူပြီး ရွှေဥက္ကာကတော့ ကိုရီးယားဇာတ်လမ်းတွဲက မင်းသားလေးတို့နှင့် တူသည် ဆိုနိုင်သည်။ ကောင်မလေးတွေရဲ့ အကြိုက်တစ်မျိုးစီကြောင့် နှစ်ဦးလုံး စတားဖြစ်နိုင်သည့်တိုင် ရေရှည်စွဲလမ်းမှုယစ်ချင်စရာ ကောင်းတာက ရွှေလသာ အမှန် ဖြစ်သည်ကို ရွှေဥက္ကာ ကိုယ်တိုင် အောင့်သက်သက်ပင် သိရှိလက်ခံရပါသည်။

သို့သော် ကိုယ်က လူငယ်ဖြစ်ပြီး ပြန်စိန်မခေါ်ရမှာကိုတော့လည်း မခံချင်ပြန်ကာ ...

"လုပ်ကြည့်လိုက်ပေါ့"

"အေး ... ဟော့ကောင်၊ တကယ်နော်"

"အို ... တကယ်ပေါ့ဗျ"

"ဟဲ့ကောင်တွေ ... အရှုးမထကြစမ်းနဲ့၊ လူကြီး လူကြီးပီပီ၊ ကလေး ကလေးပီပီ နေကြစမ်း၊ ဟဲ့ ရွှေဥက္ကာ ... မင်းကလူငယ်လေး ရှိသေးတယ်၊ အချိန်တွေ အသက်တွေလည်း အများကြီး၊ အခွင့်အလမ်းတွေလည်း တစ်ပုံကြီး၊ မင်းလေးလေးလ ကြိုက်တဲ့ ရည်မှန်းတဲ့ မိန်းကလေးမှန်ရင် မင်းက ဝင်ပြိုင်မကြိုက်နဲ့ ကြားလား"





"ဟာ ... ဘွားဘွားကလည်း ဘလိုင်းကြီး၊ သူ့သားဘက် ပင်းလွန်းတယ်"

ရွှေဥက္ကာက မကျေမချမ်း ထအော်သည်။

"ဟဲ့ ... မင်းလည်း မြေးပဲ၊ ငါ ဘယ်သူ့ဘက်မှ မပါဘူး၊ ဖြစ်သင့်တာ ပြောပြတာ၊ ရွှေလသာက မိန်းမယူသင့်တာရဲ့ ဟိုဘက်ကိုလွန်ပြီး အရွယ်တောင် နှောင်းတော့မယ်၊ ငါ့မြေးက ဘယ်တော့ယူမယ့်"

"မဆိုင်ပါဘူး ဘွားဘွား၊ အချစ်ဆိုတာကြီးက သူရောက်ချင်သလိုရောက်လာတာ၊ ဆင်ခြင်တုံတရားနဲ့ အသိတရားနဲ့လာတာမဟုတ်ဘူး၊ စောတာ နောက်ကျတာလည်း သူ မသိဘူး"

"အမယ်လေး ... ငြင်းခုန်စကားနိုင်လုနေလိုက်ကြတာ၊ နကိုပဲ နှစ်ယောက်လုပြိုင်ချစ်ရတော့မဲ့ မိန်းမတစ်ယောက် သူတို့ရှေ့ ရောက်နေတာကျနေတာပဲ၊ မေမေကလည်းနော်၊ သူတို့နှစ်ယောက်ကိုများ ဆွေးဆွေးနွေးနွေး လုပ်နေတယ်၊ ကဲ ကဲ ... ထ၊ လူစုခွဲ၊ မေမေ ရွှေဥက္ကာကို ဖိတ်စာဝေခိုင်းမလို့ဆို၊ ရော့ ... ဒီမှာ လမ်းမှူးဆီက တောင်းလာတဲ့ ခြံအမှတ်နဲ့ အိမ်ပိုင်ရှင်နာမည်စာရင်း၊ ဖိတ်စာတစ်အိတ်စီပေါ် နာမည်တပ်၊ ခြံအမှတ်ပါတပ်၊ နက်ဖြန် ရွှေဥက္ကာ ဝေတော့၊ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဥက္ကာရဲ့မေမေ၊ ဘွားဘွားဒေါ်ရွှေစင်ရဲ့သမီးကြီး ရွှေလပြည့်က သူတို့စကားဝိုင်းကို ဝင်လာကာ ဒိုးဒိုးဒေါက်ဒေါက် ဝင်စီစဉ်လိုက်ပါသည်။ ရွှေလပြည့်သည် ရွှေလသာထက် ငါးနှစ်ကြီးသော အစ်မဖြစ်ကာ မောင်ဖြစ်သူ လူပျိုသိုးကိုလည်းကောင်း၊ သားဖြစ်သူ လူပျိုပေါက်ကိုလည်းကောင်း၊ သိပ်ပြီးစိတ်ရှည်လှတဲ့သူ မဟုတ်။

"အား ... မေမေကလည်း၊ သား လိုက်မဝေချင်ပါဘူး"

"ဝေရမယ်၊ လိုက်ကိုဝေရမယ်၊ ဝေချင်ချင် မဝေချင်ချင်"

"လေးလေးလ ကျတော့ကော"

"မင်းလေးလေးလက လူကြီး၊ မင်းက လူငယ်၊ ဖင်ပေါ့ပေါ့နဲ့ လိုက်ဝေချည်၊ မင်းလေးလေးလက သူ့အလုပ်ဂုဏ် အရွယ်ဂုဏ်နဲ့ ဖိတ်စာဝေတဲ့ အလုပ်မျိုး လုပ်လို့သင့်ပါ့မလား"

"အား ... ဖိတ်စာဝေတာပဲ မေမေကလည်း၊ ငွေလိမ့်တာမှ မဟုတ်တာ၊ လူကြီးလုပ်လည်း ဘာဖြစ်လဲ"

"မရဘူး ... မလိုချင်ဘူး၊ မင်း မနက်ဖြန် လိုက်ဝေ"

ရွှေလသာက သူ့အစ်မ မမြင်အောင် ရွှေဥက္ကာကို မျက်ခုံးအပင့်အချနှင့်ပင် လှမ်း၍နောက်ပြောင်အနိုင်ယူကာ သဘောသီးပန်းကန်ကိုင်၍ ထထွက်သွားပါသည်။





ရွှေဥက္ကာသည် ဖိတ်စာဝေဖို့ကို ငြင်းမရတော့သော်လည်း ...

"မေမေ ... ဘွားဘွား သူ့သားဘက်ပင်းတာ ကြားရဲ့လား"

"ဘာလဲ"

"လေးလေးလ ကြိုက်ရင် ကျွန်တော်က လျှော့ပေးရမယ်တဲ့"

"လျှော့ပေးလိုက်ပေါ့"

"ဟာ"

ရွှေလသာက အဝေးမှ ပါးစပ်ပလုပ်ပလောင်းနှင့် ထ,ရယ်ပါသည်။

"ဟုတ်တယ်လေ၊ မင်းဦးလေး ကြိုက်လာမဲ့ဟာက မင်း အဒေါ်အရွယ် ရှိမှာပေါ့၊ မင်းက လုစရာလား"

"လေးလေးလလား အဒေါ်အရွယ်ကြီးထဲက ကြိုက်မှာ။ မှန်းလိုက်ရင် ချိန်လိုက်ရင် အနုအရွယ်ထဲက၊ တူမအရွယ်ကိုမှ မှန်းမှာ"

"သူ့ဟာသူ ဘာမှန်းမှန်းပေါ့၊ သူကြိုက်တာ ရှာယူပစေပေါ့၊ ယူသင့်နေလွန်းလို့ တိုက်တွန်း ပြောကြားနေရတာ၊ မင်းအတွက် တစ်ခွန်းမှ ထည့်မပြောဘူးနော် ရွှေဥက္ကာ၊ မင်းက ငယ်သေးတယ်၊ ဟင်း ..."

"ဟာ မေမေကလည်း"



www.burmeseclassic.com

www.burmeseclassic.com



ရွှေလသာက ပြုံးစိစိဝင်ကာ ...

"ဒီကောင် စောစောစီးစီး သားကိစ္စ မယားကိစ္စပဲ တွေးနေတယ် မမ၊ ဖိုက္ခပ်ပြီး ထိန်းထားဦး၊ ဟော့ကောင် ... မင်းကို ငါတို့က နို့နံ့စင်သေးတယ် ထင်တာမဟုတ်ဘူး ... ဟဲ ဟဲ ..."

ရွှေဥက္ကာက ရွှေလသာကို ဘုကြည့် ကြည့်ပါသည်။

၄

ရွှေဥက္ကာသည် ဖွင့်ဟထားတဲ့ ခြံတံခါးမှ လှမ်းမြင်နေရသော ကောင်မလေးကို ကြည့်ရင်း ပြိုင်ဘီးလေးကို နင်း၍ဝင်လာသည်။ တစ်မနက်လုံး ခြံတကာလိုက်ပြီး ဖိတ်စာဝေခဲ့တာ၊ ဖိတ်စာထွက်ယူသမျှဟာ အဘွားကြီးတွေ အဘိုးကြီးတွေ၊ အိမ်က အလုပ်သမားတွေသာ။ ခုတစ်ကြိမ်မှပဲ မျက်စိကြည်အေးစရာလေးနဲ့ ဆုံရပါတော့သည်။

ရွှေနွယ်ရီးသည် ပြိုင်ဘီးလေး နင်းဝင်လာသော ရွယ်တူနီးပါး ကောင်လေးကို ရပ်ကြည့်နေရာမှ သူ့ထံပြုံးတုံ့တုံ့





ဦးတည်လာတာမြင်လျှင် မေးခွန်းမျက်ဝန်းတို့နှင့် စောင့်ကြည့်နေလိုက်ပါသည်။ ဆံပင်ညိုတိုတိုနှင့် ချောမောရှင်းသန့်တဲ့ ထိုကောင်လေးက ရွှေနွယ်ရီး ရှေ့တည့်တည့်၌ ခြေထောက်ကာ စက်ဘီးကို ရပ်လိုက်ရင်း ...

"ဒီအိမ်က ဦးဇော်ထွန်း ဒေါ်အင်ကြင်းတို့အိမ်နော်"

"ဟုတ်ကဲ့"

ကောင်လေးက တစောင်းလွယ်အိတ်လေးကို ကျောဘက်မှ ရှေ့ဘက်ဆွဲယူလိုက်ရင်း အိတ်တွင်းမှ စာအိတ်ထပ် ခပ်ပါးပါးကိုထုတ်ကာ ရွေးချယ်နေသည်။ ပုံပန်းသဏ္ဌာန်က စာပို့သမားတော့လည်း မဟုတ်လောက်ပါဘူး၊ စာပို့သမားကလည်း ဒီလမ်းထဲ လာနေကျက အသက်ကြီးကြီး ဦးလေးတစ်ယောက်ပါ။

ရွှေဥက္ကာသည် ခြံနံပါတ်နှင့် လူအမည်တပ်နှင့်ပြီးသား စာအိတ်တစ်အိတ် ရွေးချယ်ထုတ်ယူလိုက်တာမို့ ရွှေနွယ်ရီးက စာအိတ်ကို မေးလေးရှေ့ထုတ်၍ ကဲကြည့်သည်။ တံဆိပ်ခေါင်းလည်း မပါပါဘူး။

"ဖိတ်စာ"

"ရှင်"

"ဖိတ်စာလို့"



www.burmeseclassic.com

"သြော် ... ဘယ်က ဖိတ်စာလဲရှင့်"

ရွှေဥက္ကာက ချစ်စဖွယ် ကောင်မလေးရဲ့ မျက်လုံးပြူးပြူးလေးကိုကြည့်ရင်း သူ့ဆံပင်ရှည်ရှည်သိုသိုတို့ကို ရှိုးခပ်ပေးပေး သပ်တင်လိုက်ရင်း ...

"ကျွန်တော်က ခြံနံပါတ်ဆယ့်ငါး ရွှေမိသားစုခြံကပါ"

"ရွှေမိသားစုခြံ"

ရွှေနွယ်ရီး ရင်ထဲဒိတ်ခနဲ ဖြစ်သွားရသည်။

"ဟုတ်တယ်၊ ခြံတံခါး အပြာရောင်နဲ့လေ၊ ဆောက်ပြီးစ တိုက်သစ်လေ၊ သိတယ်မဟုတ်လား"

"သြော် ... ရှင် ... ရှင်တို့ ... လူသစ်"

"ဟုတ်တယ်ဗျ၊ အသစ်ပြောင်းလာတာ မကြာသေးပါဘူး၊ နှစ်လလောက်ပဲ ရှိဦးမယ် ထင်တယ်"

"သြော်"

"အိမ်တက်လည်း မလုပ်ရသေးတော့ အိမ်တက်မင်္ဂလာရယ်၊ ကျွန်တော့်အဘွား ခြောက်ဆယ့်သုံးနှစ်မြောက်မွေးနေ့ရယ်၊ အမှတ်တရ အတူတွဲလုပ်တာ"

"သြော်"

တအောင်အောင်နှင့် ဘာတွေ အံ့အားသင့်နေမှန်းမသိတဲ့ ကောင်မလေးရဲ့ ကြောင်တက်တက်ပုံစံကို ရွှေဥက္ကာက ဟာမ်ချက်ရယ်မောလိုက်မိသည်။





"သန်ဘက်ခါ ညနေဘက်၊ ဒီခြံက တစ်အိမ်လုံးကြွရောက်ပါခင်ဗျာ"

"သြော် ... အင်း"

"အိမ်နီးချင်းတွေနဲ့လည်း ခုမှ စ,ဆုံဖူးတွေ့ဖူးရမှာမို့ပါ၊ ဆက်ဆက်ကြွပါလို့ ဘွားဘွားက အသေအချာ မှာလိုက်ပါတယ်"

"သြော် ... ဟုတ် ... ဟုတ်ကဲ့"

"ခင်ဗျားက ဦးဇော်ထွဋ် ဒေါ်အင်ကြင်းရဲ့ ... !"

"သမီးပါ"

"သြော် ... ဟုတ်ကဲ့၊ အန်ကယ် အန်တီတို့ကို သေချာပြောပေးပါနော်"

"ဟုတ်ကဲ့ပါ"

"ခင်ဗျားလည်း လာခဲ့နော်"

ရွှေနွယ်ရီးက သူ့မျက်နှာကို စိုက်စိုက်လေး ကြည့်လိုက်မိသည်။ အမှန်တော့ အလှူမင်္ဂလာ ပွဲလမ်းသဘင်တို့ကို ရွှေနွယ်ရီးက စိတ်ဝင်တစား စိတ်လိုလက်ရ ရှိတတ်လှသည်မဟုတ်ပေ။ ခုတော့ ကိုယ့်စိတ်ဝင်စားစရာနှင့်ကိုယ်မို့ ...

"အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလေး ဆတ်ခနဲ ညိတ်ပြလိုက်သည်။ အူကြောင်ကြောင်နှင့် ဘာမှန်းမသိသော အရိပ်အယောင်တစ်မျိုး ပါဝင်နေတဲ့ ကောင်မလေး မျက်နှာ မျက်လုံးတို့ကို ရွှေဥက္ကာက ရယ်ချင်လို့သာ နေပါသည်။ သူလေးကြည့်ရတာ မရဲမဝံ့လေးလိုလို၊ အလန့်တကြား ဖြစ်နေသလိုလို၊ ဘာမှန်းကိုမသိ။ သို့ပေမဲ့ ချောတာတော့ အတော်ကိုချောကာ အပြစ်ကင်းစင် ချစ်စရာကောင်းလှတာက ထူးခြားထင်ရှားနေသည်။

တော်ပါသေးရဲ့။

ပြောင်းလာခဲ့တဲ့ လမ်းအသစ်မှာ ဒီလိုစိတ်လှုပ်ရှားစရာကလေးမျိုးလည်း ရှိနေပေသေးလို့ ...။ နို့မို့တော့ ... ဘာမှကြည့်စရာ ရှုစရာမရှိ၊ ပျင်းရိရိနိုင်ဖို့ ကောင်းလိမ့်မည်။ သူကလေးတို့ခြံက ကိုယ့်ခြံနဲ့လည်း မဝေးလှ မခြားလှ။ သူကလေးသာ ဟိုးလမ်းထိပ်က ဆိုင်တန်းလေးမှာ စာအုပ်ငှားမယ်၊ အခွေငှားမယ်ဆိုရင်၊ အချဉ်ထုပ် နေကြာစေ့ စသဖြင့် မုန့်ပဲသရေစာ ထွက်ဝယ်မယ်ဆိုရင်၊ ရေခဲမုန့်လေး၊ အာပူလျှာပူလေး ထွက်ထိုင်စားမယ်ဆိုရင် ကိုယ်တို့ခြံရှေ့က မဖြတ်မနေ ဖြတ်လျှောက်ရမှာပဲလေ။

"ခုထိ ဖိတ်စာလိုက်ဝေနေတာ လူကြီးတွေနဲ့ချည်း ဆုံခဲ့ရတယ်၊ ခင်ဗျားတစ်ယောက်ကျမှပဲ လူငယ်ရွယ်တူ တွေ့ရတော့တယ်၊ ဒီလမ်းထဲမှာ လူငယ်လူရွယ် နည်းတယ်ထင်တယ်"





"ဟို ... ရှိပါတယ်၊ ကောင်လေးတွေလည်း ရှိပါတယ်"

"သူငယ်ချင်းဖြစ်လို့ ရတယ် မဟုတ်လား"

ရွှေနှယ်ရီး မျက်လုံးဝိုင်းကာ ...

"ဘယ်သူ့ကိုလဲ၊ ဟိုကောင်လေးတွေကိုလား"

"အာ ... ဘယ်သူမှန်း မသိ၊ မမြင်ဖူးသေးတဲ့ ကောင်လေးတွေကို ဘာဖြစ်လို့ သူငယ်ချင်း ဖြစ်ချင်ရဦးမှာလဲ၊ ခင်ဗျားကို ပြောတာ"

"ဩော်"

"ရလား ...၊ သူငယ်ချင်းဖြစ်လို့ ရလား"

"ဟို ... ရပါတယ်"

မရဲတရဲပုံစံကို ရွှေဥက္ကာက ရယ်မောလိုက်ရင်း ...

"ဒါဖြင့် ဒီကသူငယ်ချင်းနာမည် ဘယ်လိုခေါ်လဲဟင်"

ရွှေနှယ်ရီးက မျက်လုံးလေးလက်ပ,ကာ ...

"ရှင့်နာမည်ရော"

"ဩော် ... ကျွန်တော် အရင်ပြောရမယ်ပေါ့၊ ဟုတ်သားပဲ၊ ကျွန်တော့်နာမည် ရွှေဥက္ကာ ခင်ဗျ"

"ရွှေဥက္ကာ ! ... ရွှေ"

ရွှေနှယ်ရီးသည် ရင်ထဲဒိတ်ဒိတ်မြည်ကာ ကောင်လေးကို မျက်လုံးဝိုင်းကြီးဖြင့် ကြည့်နေမိသည်။ ဟို ... ဟို ...



www.burmeseclassic.com

www.burmeseclassic.com



မဖြူလှဲ့ရဲ့ ...။ အင်း ... သူ့နာမည်က "ရွှေ"ပါနေတာပဲလေ။ သူများ မဖြူလှဲ့ရည်းစားလား။ ဟုတ်ရင်လည်း ဟုတ်မှာ။ ဒါပေမဲ့ သူ့ကို မဖြူလှဲ့က "ကိုကို"လို့ ခေါ်ဖို့ကျတော့ သူက တစ်ဆိတ် ငယ်ရွယ်မနေဘူးလား။

"ဟိတ် ... ဟိတ် ... ဘာတွေ ငေးကြောင်နေတာလဲ၊ မတ်တတ်ကြီး မေ့သွားလား၊ ဘာလဲ ... နာမည်က သိပ်လှနေလို့လား၊ ခင်ဗျားနာမည်ကကော"

"ဟို ... ကျွန်မနာမည်က ရွှေနှယ်ရီး"

"ဟာ ... မောင်ချစ်သူ ရွှေနှယ်ရီးပေါ့၊ အာ ... အာ ... ဆောရီး၊ နောက်တာနော်၊ ပါးစပ်ထဲ ကောက်ကာငင်ကာ ပေါ်လာတာ၊ သီချင်းရှိတယ်လေ၊ စိတ်မဆိုးနဲ့နော်၊ နာမည်လေးက မိုက်တယ်၊ ရွှေနှယ်ရီးတဲ့၊ ရွှေမျိုးရွှေနွယ်နဲ့ပဲ တွေ့နေရတာပေါ့နော်"

"ဟင့်အင်း ... ကျွန်မတို့က ရွှေမျိုးရွှေနွယ် မဟုတ်ပါဘူး"

"ကျွန်တော်တို့အမျိုးထဲ ဝင်လို့ရတဲ့သဘောကို ပြောတာ၊ ရွှေနှယ်ရီး ဆိုတော့လေ"

"ရှင် ဘာတွေ လျှောက်ပြောနေတာလဲ"

"ပြောလို့ မရဘူးလား"

"မရဘူးရှင့်"



"ဪ ... ဒါဖြင့် ဆောရီး၊ ကျွန်တော်က ရွှေဥက္ကာ၊ ခင်ဗျားက ရွှေနှယ်ရီး ဆိုလို့ နာမည်က ကျွန်တော်တို့ အမျိုးတွေ နာမည်မျိုး ဆင်နေလို့ပါ"

"ရှင်တို့ တစ်မျိုးလုံးက နာမည်တွေမှာ ရွှေပါတာပေါ့နော်"

"ဟုတ်တယ်"

"ဘယ်သူတွေလဲဟင်"

"မေမေ့ဘက်က နာမည်တွေမှာ ရွှေပါတာပါ၊ ဖေဖေက တော့ ဦးကျော်သူ၊ ရွှေ မပါဘူး"

"ကျန်တာတွေကကော"

"ဘွားဘွားက ဒေါ်ရွှေစင်၊ မေမေက ဒေါ်ရွှေလပြည့်၊ လေးလေးက ဦးရွှေလသာ"

"ဒါပဲလား"

"ဒါပဲ၊ ဘိုးဘိုးကတော့ ဆုံးသွားပြီ၊ ဒါပေမဲ့ နာမည်က ဦးရွှေမြတဲ့"

"ရှင်တို့ ဖတ်စ်ကာစင်တွေထဲမှာရော"

နှိုက်နှိုက်ချွတ်ချွတ် မေးနေတဲ့ ရွှေနှယ်ရီးကို ရွှေဥက္ကာ အံ့သြပြုံးစိကြည့်ရင်း ...

"ဖတ်စ်ကာစင် မရှိဘူးဗျ"

"ဦးလေး ရှိတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဦးလေးက ခုထိ လူပျိုကြီး"

"ဪ"

ရွှေနှယ်ရီးက စဉ်းစားသလိုလေး တွေနေပြီးလျှင် ...

"အဲဒီဦးလေး လူပျိုကြီးက အသက်ဘယ်လောက်လဲ"

ရွှေဥက္ကာမှာ ကျွဲမြီးတိုသလို ဖြစ်သွားရပါသည်။ မမြင်ရတဲ့ ဦးလေးလူပျိုကြီးကိုမှ နာမည်လေးတစ်လုံး ကြားရုံနှင့် အသက်ဘယ်လောက်လဲ မေးနေတာမို့ နဂိုကပင် သိပ်မနာလိုချင်လှတဲ့ ရွှေဥက္ကာမှာ အောင့်သီးအောင့်သက် ဖြစ်ကာ ...

"ဘာလုပ်မလို့လဲ"

"ဪ ... ဘာမှ မလုပ်ပါဘူး၊ မေးကြည့်တာပဲဟာ"

မဖြေလျှင် မကောင်းတတ်တာမို့ ...

"သုံးဆယ်ခြောက်နှစ်ဗျာ"

မပြည့်သေးတဲ့ အသက်ဆီ ရည်ညွှန်းလိုက်ပါသည်။

"ဪ ... သိပ်မကြီးသေးဘူးပေါ့"

ဒါတောင် မကြီးသေးဘူးရယ်လို့ ဆက်စိတ်ဝင်စားနေတဲ့ ဒီကောင်မလေးကို ရွှေဥက္ကာက ပိုလို့ပင် အမြင်ကတ်ချင်လာသည်။ ခုခေတ်မိန်းကလေးတွေများ မျက်စိရှေ့က ရွယ်တူတန်းတူထက် မြင်တောင် မမြင်ရသေးတဲ့ အသက်ကြီးကြီး လူပျိုကြီးကို လှမ်းစိတ်ဝင်စားနေသည်။





ဒါဟာ ဒီခေတ်စတိုင်ပဲများ ဖြစ်နေပလား။ ကောင်မလေးတွေဟာ ရွယ်တူကို သိပ်အထင်မကြီး။ ရွယ်တူကောင်တွေဟာ သူတို့တတ်သလောက် ပညာအရည်အချင်းလောက်ပဲ တန်းတူတတ်ကာ အလုပ်အကိုင်တွေ စီးပွားရေးတွေလည်း သူတို့လိုပင် ဘာမှ အခြေတကျ မရှိသေးပဲ လုပ်မဲ့သူတောင် ခုမှစ,တင်ရမှာလေ။

အသက်အရွယ်ရတဲ့ လူပျိုကြီးတွေကျတော့ ပညာဗဟုသုတလည်း သူတို့ထက် စုံလင်နံ့စပ်ပြီ။ အလုပ်ထဲ အခြေကျလောက်ပြီ၊ အခြေအနေကောင်းရင် စီးပွားဥစ္စာ အတော်ပိုက်မိပြီး သူဌေးဖြစ်လောက်ပြီ စသဖြင့် တွက်ချက်စိတ်ဝင်စားပုံရသည်။

ခေတ်ကိုက မဟုတ်သေးပါဘူးကွာ၊ ကိုယ်တို့လူငယ်လေးတွေထက် "ဦး"တွေ ပိုပြီး ရှေ့ရောက်တွင်ကျယ်နေတဲ့ခေတ်။ မနိပ်လိုက်တာ။ ဒီကောင်မလေးတွေဟာ သူတို့မြင်ချင်တာပဲ မြင်သည်။ ဒီလိုလူပျိုသိုးကြီးတွေဟာ အိမ်ထောင်မကျသေးတာတောင်မှ လူငယ်ကလေးတွေထက်တော့ ပိုပြီး အတွေ့အကြုံစာတ်လမ်းစုံပြီးပြီဆိုတာကိုတော့ မမြင်။

တချို့များ တရားဝင် ပေါ်ပေါ်ထင်ထင်သာ မရှိတာ မထင်မရှား မပေါ်မထင်တွေ တိတ်တိတ်ပုန်းတွေ၊ လပိုင်းပါတနာတွေ ရှိတတ်ပြီးကာ သူတို့လက်ထပ်မယူချင်သော်လည်း ရင်ခွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ခုန်တဲ့ ချာတိတ်တွေကို စပွန်စာလုပ်ထားပေးရတာမျိုးက ရှိသေး။

ကိုယ့်ဦးလေးကတော့ ဒီလိုမျိုးထဲကတော့ မဟုတ်ရှာပေါ်ဘူး။ ဒါပေမဲ့ "ဦး"ကိုမှ ကြိုက်နှစ်သက်ချင်တဲ့ မိန်းကလေးတွေကို မှတ်မှတ်မိမိ သင်ခန်းစာမျိုး ရရှိစေချင်သည်မှာ လူပျိုငယ်လေး ရွှေဥက္ကာရဲ့ မလိုတမာမှုတည်း။ စိတ်ပုပ်ခေါ်ချင်ခေါ်။

"နာမည်က ဦး ... ရွှေ ..."

"ရွှေလသာ ... ရွှေလသာ၊ ဦးရွှေလသာ၊ မှတ်မိရဲ့လား၊ ထပ်ပြောရဦးမလား"

"မှတ်မိပါတယ်၊ ရှင်က တစ်ခွန်းလောက်ပဲ ထပ်ပြောရတာလေးကို စိတ်မရှည် လက်မရှည် ဖြစ်နေလိုက်တာ၊ ဘာလဲ ဒီမှာ စကားပြောရင်း အချိန်တွေ ပုပ်နေပြီ ထင်လို့လား၊ အဲဒါဆိုလည်း သွားတော့လေ၊ ဝေစရာရှိတဲ့ဖိတ်စာ ဆက်ဝေချည်"

ဟင်း ...။ သူသိချင်တာလည်း သိရပြီးရော သွားတော့တဲ့။

"ဒါဖြင့် သွားမယ်"

"အင်း"





"လာမှာလား"

"လာမှာပေါ့၊ မေမေတို့က ကိုယ့်ကို တလေးတစား အရေးထားယူဖိတ်တဲ့ ပွဲလမ်းတွေကို မပျက်မကွက် သွားတတ်ပါတယ်"

"မေမေတို့ကို မေးတာမဟုတ်ဘူး၊ ခင်ဗျားကို မေးတာ"

"အဲဒါတော့ မသိသေးဘူး"

"ပြီးရော"

စက်ဘီးနင်းထွက်သွားတဲ့ ရွှေဥက္ကာရဲ့ ကောက်ကာငင်ကာ မှုတင်းတင်းနိုင်ပုံကို ရွှေနှယ်ရီးကတော့ နားမလည်ပါးမလည် ဖြစ်ကျန်ရစ်ပေသည်။ ရွှေဥက္ကာကတော့ ဒီလမ်းထဲမှာ ခုထိ တစ်ဦးတည်းပဲ မြင်ရသေးတဲ့ အပျိုချောလေးဟာ လေးလေးလကိုလည်း မြင်ရသေးတာ မဟုတ်ပဲနှင့် စိတ်ဝင်တစား မေးမြန်းစပ်စုတာကို မကျေချမ်းချင်ပေ။

ထိုညတွင် ရွှေဥက္ကာသည် မနေနိုင် မထိုင်နိုင် မကျေနိုင် မချမ်းနိုင်နှင့် ရွှေလသာ အခန်းဆီသွားကာ ...

"ဒီမှာ လေးလေးလ၊ ဒီနားတစ်ဝိုက်က မြို့တစ်မြို့မှာ ချစ်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်ဗျ"

"အဲဒါ ငါက ဘာလုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မလုပ်လေ ကောင်းလေ"

"ဟင် ... ကြောင်လိုက်တာကွာ၊ ဘာလဲ ... မင်းမြင်မြင်ချင်း ကြိုက်လာလို့ ငါ့ကိုလာပြီး တားဆီးပိတ်ပင် သတိပေးနေတာလား"

"အဲလို အတိအကျတော့ မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"ဘာလဲဆိုတော့ ... ကောင်မလေးက ကျွန်တော်နဲ့ရွယ်တူလောက်ပဲ၊ သူကတောင် ငယ်ရင်ငယ်မယ်"

"So What ?"

"ဒီတော့ လေးလေးလနဲ့ အသက်ကွာတယ်နော်"

"ဟေ့ကောင် ရွှေဥက္ကာ၊ ရူးနေလားကွာ၊ ငါ့ဟာနဲ့ငါ အီးမေးလ်အချိန်မီပို့ရေး အလုပ်ရှုပ်နေရတဲ့ ကြားထဲကွာ"

"ကြိုပြောထားတာ"

"ဘာကို ကြိုပြောနေမှန်းကို မသိဘူး"

"ကျွန်တော် ကြိုက်ရင်လည်း ကြိုက်မယ်၊ မကြိုက်ရင်လည်း မကြိုက်ဘူး၊ သိပ်မသေချာသေးဘူး။ လေးလေးလတော့ ကြိုက်ဖို့မလိုဘူးလို့၊ အသက်ကွာတယ်လို့၊ ကြိုပြောထားတာလေဗျာ၊ တော်ကြာ လေးလေးလက ကြိုက်တယ်ဖြစ်ရင် လေးလေးလ ကြိုက်တာကို လုမကြိုက်ရဘူးလို့





အဘွားကရော အမေကရော တစ်သံတည်း ကန့်ကွက်ထားတာ၊ ဒါကြောင့် ကြိုက်ဖို့မလိုဘူး၊ မကြိုက်နဲ့လို့ ကြိုပိတ်ထားတာဗျာ၊ နားရှင်းပြီလား"

ရွှေလသာက သူ့လက်ချောင်းများကို ကွန်ပျူတာရှေ့ ကီးဘုတ်ပေါ် တင်ထားရာမှ ဖျတ်ခနဲဖယ်ကာ လက်ခုပ်တစ်ချက် ဖြောက်ခနဲတီးလိုက်ရင်း ...

"ကဲ ... အဲဒီတော့မှ ငါက စိတ်ဝင်စားသွားပြီ"

"ဘာလဲဗျ"

"ငါ့ဟာငါ တွေ့တောင်မတွေ့ဖူးဘူး၊ ဘာမှမသိဘူး၊ မင်းဒီလိုလာပြောလိုက်မှ ငါက စိတ်ဝင်စားသွားပြီ၊ မင်းအပြစ်ပဲ၊ အိုကေ ... အိုကေ ... ငါ မှတ်ထားမယ်၊ ငါနဲ့အသက်ကွာတဲ့ ချစ်စရာလေး၊ ဟုတ်ပြီနော်၊ မကြိုက်မိဖို့တော့ ငါလည်းဆုတောင်းတယ်ကွာ၊ မင်းအတွက်ပါ၊ မင်းအတွက် ဆုတောင်းတာ၊ သို့သော် ကြိုက်မကြိုက်ကိုတော့ အလျှုပ်လာရင် သေသေချာချာ ကြည့်ရှုလေ့လာ ဆုံးဖြတ်ရတော့မယ် ...

အင်း ... အင်း ... ငါကြိုက်ဖို့မလိုဘူး၊ မကြိုက်သင့်ဘူးလို့ မင်းဆိုတယ်နော်၊ အေးကွာ၊ မကြိုက်မိပါစေနဲ့ဘုရား၊ မကြိုက်မိပါစေနဲ့၊ ဆုတောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဦးလေးဖြစ်သူ တာမင်တကာ ရှုစိစိဖြစ်အောင် ရိုသဲ့သဲ့လုပ်နေတာကို သိသော်လည်း ရွှေဥက္ကာမှာ အတော်မခံချိ မခံသာ ဖြစ်နေပါသည်။ ရွှေလသာက လက်အုပ်ချီဟန်ပြုကာ ...

"မကြိုက်ချင်ဘူး၊ မကြိုက်ချင်ဘူး ဘုရား၊ ရွှေဥက္ကာ စိတ်မဆင်းရဲရအောင် မကြိုက်မိစေဖို့ အခွင့်ပြုပေးတော်မူပါ ဘုရား"

ရွှေဥက္ကာက စုပုပ်ကာ အခန်းထဲမှ ခြေဆောင့်ထွက်သွားပါသည်။



## ၃

ရွှေဥက္ကာသည် တဖွဲဖွဲ ခြံထဲဝင်လာနေသည့် ဧည့်သည်များကို လည်ပင်းတရှည်ရှည် လှမ်းမျှော်ကြည့်ကာ လူကြီးတွေခိုင်းတဲ့ အောက်တိုမယ်ရများကိုလည်း ပြေးလွှားလုပ်ပေးနေရပါသေးသည်။ သူ့တာဝန်တွေက ပင်ပင်ပန်းပန်းတော့ မဟုတ်။ စားပွဲတွေမှာ တစ်ရှူးတွေလိုရင် ဖြည့်ပေးရတာ၊ ရေသန့်ဘူးတွေကုန်ရင် ပို့ပေးရတာ၊ စားပွဲထိုးပေးနေတဲ့ အလုပ်သမားတွေကို ဘယ်စားပွဲ ဘာလိုတယ်၊ ကြွေ့ရင်ကြွေ့သလို မှာပေးနေရတာတွေပင်။

ထိုအလုပ်မျိုးကို လေးလေးလလည်းပဲ လုပ်နေရပါသည်။ ရေခဲမုန့်စည် ကုန်တော့မည်ဖြစ်၍ ဒရိုင်ဘာတစ်ဦးကို

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံပေးပြီး ထပ်ပြေးယူခိုင်းနေသော လေးလေးလကိုလည်း ရွှေဥက္ကာက အလွတ်မပေး လှမ်းကြည့်နေသေးသည်။

အံ့ပါရဲ့။ ရွှေဥက္ကာ ထက်ပင် ပြေးလွှားဗျာများနေသေးသော လေးလေးလဟာ ချွေးတစ်စက်မထွက်၊ အကြောအမော တစ်ချက်မပျက်။ ရွှေဥက္ကာက Adidas စပို့ရှပ်လက်ရှည်ဖြူနှင့် ကျော်ဒါးနီးဘောင်းဘီမှ ကာကီရောင်နှင့် ဝင်းဝင်းလင်းလင်း ပေါ်လွင်ထင်ရှားနေသော်လည်း စပို့ရှပ်ဖြူ ကျောပြင်တွင် ချွေးတွေစိုကာ ရွဲစိုပြီ။

နမူးကချွေးတွေကို တစ်ရှူးတွေနှင့် သုတ်လိုက်၊ ထပ်ထွက်လိုက်နှင့် အဆက်မပြတ် ဖြစ်နေသလောက် ရွှေလသာကဖူးရွှေရရ။ ဒီနေရာမှာ ချွေးသိပ်တဲ့သူတွေ တစ်ပန်းသာတာပဲ။ လေးလေးလဟာ ချွေးတွေပုံပျက်ပန်းပျက် ထွက်တတ်သူ မဟုတ်။

စတစ်ကော်လာ ရှပ်လက်ရှည်ဖြူနှင့် ခရမ်းရင့်မှောင်ပိုးတွဲပုဆိုး ခပ်ပြောင်ပြောင်ကို ဝတ်ထားသော ရွှေလသာဟာ သိပ်ထူးထူးကဲကဲ ဝတ်ထားတာလည်း မဟုတ်ဘဲနှင့် အရောင်ထွက်နေပါသည်။ လေးလေးလ ဆံပင်ဟာ ခပ်တိုတိုနှင့် ကုပ်ပိုးတွေ နားရွက်ပေါ်နားတွေ စက်ကတ်ကြေးတိထားသောပုံစံဖြစ်၍ ဘေးနှစ်ဘက်တိရိရိခွဲကာ ခွဲထားတဲ့ဘက်ခြမ်း ဆံပင်လေးတွေက နည်းနည်းလေးရှည်နေတဲ့ ပုံစံပင်။



ခုလို အလုပ်များနေတော့ ထိုဆံပင်တွေဟာ ဂျဲလ်နှင့် စိုစိုပြောင်ပြောင် လူးထားတဲ့ကြားက အရှောင်းလိုက်လေးတွေ နဖူးပေါ်ဝဲကာဝဲကာ ခပ်လှုပ်လှုပ် ဖောင်းကျလာတတ်သည်။ အင်း ... အဲဒီကပိုကရိုဟန်ကပဲ တစ်မျိုး ကြည့်ကောင်းနေတာ။

ဟိုကောင်မလေး ဝင်လာတဲ့အချိန် သူ မမြင်လိုက်ပဲ လေးလေးလနှင့် အရင်တိုးသွားမှာကို ရွှေဥက္ကာက အူတိုနေ၍ ခြံဝနှင့် ခပ်နီးနီးနေရာမှာပဲ နေသည်။ မချောကလည်း လာတော်မမူသေး။ လာကော လာပါ့မလား။ သူ့မိဘစုံတွဲပဲ လာလေမလား။ လာမလာ မသေချာပဲနှင့် ရွှေဥက္ကာမှာတော့ လေးလေးလနှင့် အရင်မဆုံစေလိုတဲ့ တိုက္ကာမှုနှင့် ယောက်ယက်ခတ်နေသည်။

"ရွှေဥက္ကာ ... သား"

သူ့အမေ လှမ်းခေါ်သံကြောင့် ရွှေဥက္ကာက မေမေ့အနားကပ်သွားလျှင် ...

"သား ... ဖုန်းသွားဆက်စမ်း၊ မေမေတို့မှာတဲ့ ထောပတ်ထမင်းအော်ဒါအိမ်ကို၊ ဖုန်းနံပါတ် ဖုန်းဘေးမှာပဲရှိတယ်၊ သူတို့က မလောက်မငှရှိရင် လေးဆယ်ငါးမိနစ်လောက်ကြိုမှာလိုက်ရင် မီအောင်ချက်ပို့မယ် ပြောထားတယ်၊ အခု လူတွေက မှန်းတာထက် အများကြီး ပိုကျလာတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီလမ်းထဲက လူတွေဆို ဘယ်သူမှ သိပ်မလာသေးဘူး၊ မိတ်ဆွေတွေလည်း လာဖို့ အများကြီးကျန်သေးတယ်၊ ဆွေမျိုးတွေ စမ်းကွဲတွေအုပ်နဲ့တင် လူအတော်ကျနေတာ၊ အဲဒီစုန်းကိုဆက်၊ တောပုတ်ထမင်းရယ်၊ ကြက်ဖြစ်ဖြစ် ဆိတ်ဖြစ်ဖြစ်၊ ကြက်ပဲ မြန်မယ်၊ ကြက်ဆီပြန်ရယ် ငါးပိကြော်ရယ်ကို လူတစ်ရာစာလောက် မြန်မြန်ထပ်လုပ်ပြီး လာပို့ပါလို့"

မေမေ့စကားဆုံးအောင် နားထောင်နေရတာကိုပင် စိတ်မရှည်လှတော့သော ရွှေဥက္ကာက ...

"မေမေကလည်း ... လေးလေးလကို ဆက်နိုင်းပါလား၊ သား ဒီမှာ စားပွဲတွေမှာ လိုတာကူဖြည့်နေတာကို"

"မင်းဦးလေး မအားဘူး၊ ကဲပါ ... ငါပြောတာမှတ်မိလား"

"မှတ်မိပါတယ်"

"ကဲ ... မြန်မြန်ထက်ထက် သွားဆက်ချည်၊ ရတာနဲ့တစ်ခါတည်းလာပို့လို့၊ ဟင်းချိုကောပဲနော်၊ သွား ... သွား ...၊ လူတွေက တဖွဲဖွဲရောက်နေတာ၊ ပြတ်သွားရင် ခက်မယ်"

"ဟုတ်"

ရွှေဥက္ကာသည် စိတ်ညစ်လက်ညစ်နှင့်ပင် အိမ်ပေါ်တက်လာရသည်။ လေးလေးလ ခါးကဖုန်းနဲ့ ဆက်ခိုင်းလိုက်





ရတဲ့ဟာကို။ ဩော် ... ဒါပေမဲ့ နံပါတ်မမှတ်မိလို့ အိမ်ပေါ်တစ်ခါတည်း တက်ကြည့်ရင်း ဆက်နိုင်းတာ ဖြစ်မှာ။

အရေးထဲမှပဲ ဖုန်းကလည်း ချက်ချင်းခေါ်မရ။ သိုင်းကအတော်နှင့် မအား။ တစ်ခါတည်း မဆက်ခဲ့ရင် ဟိုမှာ စီဥ်တာပါ နောက်ကျကုန်မှာမို့ မရရတဲ့အထိ စောင့်ခေါ်နေရသော ရွှေဥက္ကာသည် ခြံထဲကိုပဲ စိတ်ရောက်နေပါသည်။ လမ်းထဲကအိမ်တွေကလူတွေ သိပ်မလာကြသေး။

ကြည့်ရတာ ကိုယ့်အိမ်ပေါ်ကနေ အရိပ်အကဲ လှမ်းကြည့်ပြီး လူပါးပါးရှိမှပဲ ထွက်လာကြဖို့ စိတ်ကူးရှိကြပုံရသည်။

ထိုအချိန်တွင် သူ့အလုပ်မိတ်ဆွေထဲက မြန်မြန်လာစားပြီး မြန်မြန်ပြန်ကြဖို့ပြင်တဲ့ မိတ်ဆွေနှစ်ဦးကို ခြံဝသို့လိုက်ပို့နှုတ်ဆက်သော ရွှေလသာသည် မိတ်ဆွေနှစ်ဦး ထွက်အသွားမှာ ခြံဝကိုရောက်လာသည့် အမျိုးသမီးသုံးယောက် မိသားစုကို ဆီးကြိုခေါ်ငင်လိုက်ရပါသည်။

"အစ်မကြီးတို့ ကြွပါခင်ဗျာ၊ လာပါ"

မျက်နှာစိမ်းတွေ ဖြစ်နေ၍ လမ်းထဲကဖြစ်မည်ကို သိပ်မိကာ ...

"လမ်းထဲက ထင်တယ် ခင်ဗျ၊ ခြံနံပါတ် ဘယ်လောက်က ပါလဲခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီတို့ ခြံနံ့ပါတ်ကိုးကပါ"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... အန်တီ ကြွပါ၊ အစ်မကြီးလည်း ကြွပါ၊ ညီမလေးရော ... လာပါ"

လှစေအောင် ခေါ်ငင်လိုက်ပြီးလျှင် ကိုယ် ညီမလေးလို့ ခေါ်လိုက်ရတဲ့ ကောင်မလေးငယ်ငယ်ထံ၌ ရွှေလသာ မျက်လုံးတို့က တအံ့စိုက်တန့်သွားသည်။ ချစ်စရာကောင်းလှတဲ့ သူကလေး။ တောက်ပသော ကတ္တီပါပြာရောင် ပိုးဝတ်စုံလေးနှင့် ကောင်မလေးသည် သူ့ကို ရှုးရှုးရဲရဲကြီးကို ကြည့်လို့ပါ။

"ဧည့်သည်တွေ များနေတယ်နော်"

"ရပါတယ်ခင်ဗျာ၊ ဖိတ်သမျှ မိတ်ဆွေတွေ အားလုံးကြွရောက်ကြတာ ဝမ်းသာနေတာပါ၊ စားပွဲလွတ် ရှိပါတယ်"

ရွှေလသာက လူလပ်သွားသော စားပွဲတစ်ခုဆီ ခေါ်လာခဲ့ကာ နေရာချပေးရင်း လမ်းမှာ ဦးနှောက်ကိုပူအောင် စဉ်းစားလာသည်။ ခြံနံပါတ်နှင့် အိမ်ရှင်အမည်တွဲ၍ ညကဖတ်မှတ်ထားသည်။ ခြံနံပါတ်ကိုး ဆိုတော့ ... အင်း ...။

"အန်တီက ဒေါ်အင်ကြင်းလား ခင်ဗျာ"

"အန်တီက အင်ကြင်း အစ်မကြီးကွယ့်၊ ဒေါ်ခတ္တာပါ၊ ဒါက အင်ကြင်း၊ ဒါက အင်ကြင်းရဲ့သမီး ရွှေနှယ်ရီးတဲ့"





"ဟုတ်ကဲ့ ... တွေ့ရ သိရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ အစ်မကြီးရဲ့ခင်ပွန်းက ဦးဇော်ထွန်းနော်၊ အလုပ်မအားဘူး ထင်ပါရဲ့ခင်ဗျာ"

"ဟုတ်ကဲ့၊ သူ့အဖေက ဒီညနေကို အလုပ်လေးတချို့ရှိတာနဲ့ ပြန်မလာနိုင်လို့ပါ"

"ကျွန်တော်က ရွှေလသာပါ၊ ဒေါ်ရွှေစင်ရဲ့ သားအငယ်ပါ"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ရွှေလသာက အနားမှ ဖြတ်သွားသော အလုပ်သမား ဦးကို ...

"ညီလေးရေ ... ဒီစားပွဲမှာ ဧည့်သည်သစ် သုံးယောက်စာ အပြည့်အစုံ ချမယ်ကွာ"

"ဟုတ်ကဲ့"

ရွှေနှယ်ရီးသည် စကားသွက်လက် ယဉ်ကျေးဖော်ရွေ ရွှေလသာ ဆိုသူကို မျက်တောင်မှ မခတ်နိုင်အောင် စိုက် နေမိပါသည်။ ဟိုတစ်နေ့က ရွှေဥက္ကာရဲ့ဦးလေး ရွှေလသာ ပေါ့။ သုံးဆယ့်ခြောက်နှစ် မထင်ရပဲ သုံးဆယ်ပြည့်စ ပါသည်။

ကြည့်ကောင်းလွန်းတာကတော့ ပြောစမှတ်ပြုရ ပါပဲ။ သွားတက်ညီညီကို ဖွင့်ကာ ဖွင့်ကာ ပြုံးရင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



တဲ့စကားသံက လေယူလေသိမ်း ကောင်းလိုက်တာ။ ကျက်သရေ ရှိလိုက်တာ။ စကားပြောရင်း နဖူးပေါ်ဝဲကျလာတဲ့ ဂျဲလ်စိုစို ဆံပင်တစောင်း အချောင်းလေးတွေကို ခေါင်းဆတ်ပြီး တင်လိုက် သေးတာက ဘယ်လိုကြည့်ကောင်းမှန်း မသိ။

ရွှေဥက္ကာလည်း လှူချော၊ ဒီလူလည်း လူချောပါပင်။ တစ်မျိုးလုံး ချောမောကြသည် ထင်ပါရဲ့။ တွေးနေတုန်းပင် ရွှေလသာက နံဘေးက ဖြတ်သန်းသော အမျိုးသမီးတစ်ဦး လက်ကောက်ဝတ်ကို ဖျတ်ခနဲ ဆွဲခေါ်ယူလိုက်ကာ ...

"မမ ... ခြိန်ပါတ်ကိုးကလေ၊ ဒါ ဒေါ်ခတ္တာ၊ ဒါက ဒေါ်အင်ကြင်းတဲ့၊ ဒါက ဒီအစ်မကြီးသမီး ရွှေနွယ်ရီးတဲ့ ဒါ ကျွန်ုပ်တော့်အစ်မ ဒေါ်ရွှေလပြည့်ပါ ခင်ဗျ၊ ကျွန်တော် တို့ မောင်နှမနှစ်ယောက်ပဲ ရှိပါတယ်"

ဒေါ်ရွှေလပြည့်နှင့် ဒေါ်အင်ကြင်းတို့ အမျိုးသမီးတွေ ဆိုလေ့ရှိသော ပဋိသန္ဓာရစကားတွေ ပြောဆိုနှုတ်ဆက် ပြုံးရယ် နေကြတုန်း ရွှေလသာက ကတ္တီပါပြာရောင် ကောင်မလေးကို ကြည့်သည်။ ဟင် ... ကြည့်နေတုန်းပဲ။ သူ့ကို ဒီလောက် ရှုးရှု ရဲရဲ သဲသဲမဲမဲ ကြည့်လှ၍ သူက ရယ်ချင်သလိုပင် ဖြစ်လာပါသည်။

ခုထိ လာကြသမျှ လမ်းထဲက ဧည့်သည်တွေထဲ မိန်းကလေးပျိုငယ် မပါသေး။ ကေ့ွ ဒီဟာလေးဟာ ရွှေဥက္ကာ





ချစ်စရာလေးများ ဖြစ်နေရှာသလား။ စိတ်တောင်မကောင်းဘူး ရွှေဥက္ကာရေ။ မင်းရဲ့ချစ်စရာလေးဟာ သူပဲဆိုရင်တော့ သူလေး ဟာ ငါ့ကို ငေးမောလှတယ်ကွာ။

"သမီးလေးက ချစ်စရာ ကောင်းလိုက်တာ၊ လှလိုက်တာ ကွယ်၊ သမီးအသက် ဘယ်လောက်ရှိပြီလဲကွယ်"

"နှစ်ဆယ်ပါ အန်တီ"

"ဒါဆို အန်တီ့သားနဲ့ မတိမ်းမယိမ်းပဲ၊ အန်တီ့မှာလည်း သားတစ်ယောက်ရှိတယ်၊ ရွှေဥက္ကာတဲ့၊ ခဏနေ လာလိမ့် မယ်၊ မိတ်ဆက်ပေးထားရဦးမယ်၊ ရွယ်တူချင်း သူငယ်ချင်း သစ် ရတာပေါ့"

အင်း ... အစ်မတော်ကလည်း သူ့သားတော်ကို ဆွတ်ချင်နေသေးပုံပင်။

"ဖိတ်စာလာပို့တုန်းက တွေ့ဖူးပါပြီ အန်တီ"

"ဪ ... ဟုတ်လား၊ အေး ... သူ ဖိတ်စာလိုက်ဝေတာ လေ"

ဒေါ်ရွှေလပြည့်သည် အမျှင်မပြတ် စကားပြော နှုတ်ဆက်နေရင်းကပင် ရွှေနွယ်ရီး ဆိုတဲ့ ကလေးမလေးရဲ့ မျက် လုံးများ ရွှေလသာ ထံသို့သာ ရှုးရှူးစားစား ဝဲကျသွားတာတွေ ကို သတိပြုမိလာသည်။ အင်း ... ရွှေဥက္ကာ မနာလိုလည်း မနာ



www.burmeseclassic.com

www.burmeseclassic.com



လိုချင်စရာ။ သူ့သားလူပျို့ဟာ သူ့ဦးလေး လူပျိုကြီးကို ဘယ်ခါမှ ပခုံးမယှဉ်နိုင်။

အမှန်ဝန်ခံရရင်တော့ သူ့ရဲ့မောင် ရွှေလသာက အချောအလှပိုတာ အပြင်၊ အသက်အရွယ်ကပေးတဲ့ ရင့်ကျက်ပြည့်ဝတဲ့ ဟန်တစ်မျိုးက စားနေတာပင်။ သူ့သားဟာတော့ ပြောရရင် အဖေဆီက မျက်လုံးသိပ်မလှတာတို့ ဘာတို့ တစ်ဝက်ခွဲအမွေယူရလေရာ ဦးလေးကို ဘာပဲဖြစ်ဖြစ် မမီရှာ။

ငယ်ဂုဏ်တစ်ခုသာ ရှိသည်ဆိုပေမဲ့ သည်ငယ်ဂုဏ်ဟာလည်း မိန်းကလေးတွေမှာသာ အရေးပါတာ။ ယောကျ်ားတို့အကြား သိပ်အရေးမပါ။ ငယ်လေ ပြည့်ဝရင့်ကျက်မှု နည်းလေတောင် ဖြစ်နေသေး။

"နာမည်လေးကလည်း ရွှေနွယ်ရိုး ဆိုတော့ စိတ်ထဲကိုယ့်ဆွေမျိုးသားချင်းလိုတောင် သဘောရောက်တယ်"

ပြောရင်း ... မောင်ဖြစ်သူကကော ဘယ်လိုရှိပါသလဲ လှည့်အကဲခတ်ရာ၊ အင်း ... ဒီမောင်ကတော့ ပြုံးလိုက်ရင်စင်ပေါ်က။ အထက်က။ ဂိုက်ဆိုက်ဟိတ်ဟန်ဟာ အမြဲတစ်ဆင့်မြင့်နေတော့တာ။ အို ... မောင်ဖို့ဖြစ်ဖြစ် သားဖို့ဖြစ်ဖြစ် ဤစိန်လည်တုံတာဖျပ်ဖျပ်နှင့် သဘောမနောကောင်းပုံလေးလည်းရသည့်ကလေးမချောလေးကိုတော့ ကြိုးတစ်မျှင် တန်းထားမှ။





"သမီးလေးက ချစ်စရာကောင်းလွန်းလို့ ခါတ်ပုံလေးတစ်ပုံလောက် တွဲရိုက်ချင်သေးတယ်၊ လသာ ... ကင်မရာမဲ့မင်း ခေါ်ပါဦး"

ရွှေလသာက မလှမ်းမကမ်းမှ ကဲင်မရာကိုင် သူ့တပည့်ကို လက်ယပ်ခေါ်လိုက်သည်။ ထို့နောက်တွင်တော့ ရွှေလသာ၏ အချောင်အဆစ်ပါကာ စားပွဲမှာထိုင်နေသူ သုံးယောက်နောက်မှ ရွှေလပြည့်နှင့် ရွှေလသာ မတ်တတ်ရပ်ရင်း အမှတ်တရပုံတစ်ပုံရိုက်လိုက်ရပါသည်။

"အေးအေးဆေးဆေး သုံးဆောင်ပါ ခင်ဗျာ၊ ဟိုဘက်ခဏသွားလိုက်ဦးမယ် အန်တီ"

"သွားပါ ... သား ... သွားပါ၊ ဧည့်သည်က အများကြီး၊ ဧည့်ခံပါဦး"

ရွှေလသာသည် ဒီထက်အနေကြာလို့ မကောင်းတတ်ပြီမို့ နှုတ်ဆက်ထွက်လာခဲ့ပေမဲ့ မယ်မယ်ရရ ဘာမှ လုပ်ကိုင်စရာမရှိသေး၍ အိမ်ရဲ့ပေါ်တီကိုအစပ်လောက်ဆီ ယောင်လည်လည်ရောက်လာစဉ် အိမ်ပေါ်မှ ရွှေဥက္ကာ ဆင်းလာသည်နှင့် သွားတွေ့သည်။

"ဟာ ... ရွှေဥက္ကာ၊ မင်း ဘယ်ပျောက်နေလဲ"

ရွှေဥက္ကာက ရှုံ့မဲ့မဲ့နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဖုန်းဆက်ခိုင်းလို့ ထောပတ်ထမင်းဆီ ဖုန်းဆက်နေရတာ"

"အေးကွာ ... ဒါနဲ့ စကားမစပ်"

ရွှေလသာက လက်ညှိုးလေးတစ်ချောင်း ထောင်ရင်း ...

"မင်း ပြောတဲ့ ငါ မကြိုက်သင့်တဲ့ ချစ်စရာလေးဟာ ရွှေနှယ်ရိုး ဆိုတာတော့ မဟုတ်ပါဘူးနော်"

"ဟာ ... လေးလေးလ"

"ဟေ"

"ကျွတ် ...၊ အဲဒီ လေးလေးလက သိပ်လျင်တယ်ဗျာ အဲဒါကြောင့် ဖုန်းတက်ဆက်ဖို့ စိတ်တွေလေးနေတာ"

"စိတ်တွေတောင် လေးနေမှ ဘာလို့တက်ဆက်သေးလဲကွာ၊ မြန်မာတွေဟာ တစ်ခုခု ... ပစရာရှိလို့ စိတ်လေးနေရင် နမိတ်မကောင်းဘူး အယူရှိပြီး အစီအစဉ်ဖျက်တဲ့ အလေ့မျိုး ရှိကြတယ်ကွ"

"တော်စမ်းပါဗျာ။ ဘာတွေလျှောက်ပြောနေတာလဲ"

ရွှေလသာက ပခုံးကို လှုပ်၍ လှုပ်၍ တူဖြစ်သူကို သဘောတကျကြီး ရယ်မောမိပါသည်။





"မင်းကလည်း အဖြစ်သည်းလိုက်တာကွာ၊ မကြိုက်သေးဘူး ဆိုပြီး"

"မကြိုက်သေးဘူး မဟုတ်ဘူးဗျ၊ မကြိုက်တကြိုက်"

"အဲဒီ ရွှေနှယ်ရိုးပဲပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆိုရင်တော့ မင်းကို ထောက်ခံတယ်"

"ဘာကို ထောက်ခံတာလဲ လေးလေးလ၊ ကျွန်တော် ကြိုက်ရမယ်ပေါ့"

"မဟုတ်ဘူးကွ၊ ချစ်စရာသိပ်ကောင်းတယ် ဆိုတာရယ်၊ ငါနဲ့ အသက်ကွာတယ် ဆိုတာရယ်ကို ထောက်ခံတယ်"

"ဩော် ... ဒါကတော့ လေးလေးလ မထောက်ခံလည်း သူ့ဟာနဲ့သူ အမှန်တရားတွေပဲဥစ္စာ၊ ထူးပြီးထောက်ခံနေဖို့ လိုလား"

"အေးကွာ ... ငါလည်း စိတ်မကောင်းဘူး"

"ဘာဖြစ်လို့လဲ"

"မင်း ရွှေနှယ်ရိုးက တစ်ချိန်လုံး ငါ့ကိုပဲ ကြည့်နေတာ ကျောက်မျက်လုံး ဖြစ်တော့မယ်၊ ဖွတ်ကိုလိုက်ကြည့်နေတော့တာ၊ ငါတောင် ... ဟဲ ဟဲ ... နည်းနည်း နေရခက်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ယုံသည်။ တကယ်လိုက်စိုက်ကြည့်နေမှာကို
သည်။ မမြင်ရခင်ကတည်းက စိတ်ဝင်စားနေတဲ့ဟာ။ မြင်ရတော့
ဒီလောက်ကြည့်တယ် ဆိုတာ ဘာမှမဖြစ်နိုင်တာ မရှိ။ လေးလေးလ
ပုံစံကလည်း ကြည့်ချင်လောက်သည်။ ခုထိ ဈေးမထွက်ပဲ ရှော
ချိုးပြီးစ,လို သန့်နေဆဲ။

လေးလေးလ သဘောကျသလား၊ ကြိုက်သလား
ရှူးစမ်းနေရင် ကိုယ့်ဘက်က အောက်တယ်ထင်တာမို့ ရွှေဥက္ကာ
မမေးပေ။ လေးလေးလက မှန်းဆရ ခက်သည်။ သူကြိုက်သွား
လည်း ဒီပုံပဲနေမှာ၊ မကြိုက်ဘဲ ရွှေဥက္ကာကို စချင်နေတာဆိုလည်
ဒီလိုပဲနေမှာ။

"ဒီထက် မင်းအသည်းကွဲဖို့ ကောင်းတာက ငါနဲ့ခေတ်
တွဲရိုက်လိုက်ရတယ်ကွာ"

"ဘာဗျ ... ဟာကွာ"

"ဒါပေမဲ့ တွေးဖြေမယ် ဆိုရင်တော့ နှစ်ယောက်ထဲ
မဟုတ်တာကွာ၊ သူ့အမေ သူ့ကြီးတော်တို့အပြင် မင်းအ
ပါ ပါပါသေးတယ်"

"ဟာ ... မေမေကလည်း ခေတ်ပုံတွဲရိုက်မဲ့ဟာ ကျွန်တော်
တောင် မစောင့်ဘူး"





"မင်း ဝင်ရိုက်ချင်လိမ့်မယ်လို့ သူ ဘယ်သိမှာလဲ၊ ပြီးတော့ မင်းကို စောင့်နေရအောင်က ဒီတစ်စားပွဲထဲမှာပဲ ဒီလောက်ကြီး အချိန်ပေး အချိန်ဖြုန်း မနေနိုင်ပါဘူးကွာ၊ ငါကတော့ အနားမှာရှိနေလို့ ဝင်ရပ်လိုက်ရတဲ့ သဘောပါ"

"အသားဝင်ယူတာပါ"

"အသားမယူရပါဘူးကွာ၊ သဘောရိုးပါ"

"ကျွန်တော့်ကို ဘာလို့ ဒါတွေလာပြောနေတာလဲ၊ ဘာလဲ၊ လေးလေးလ သူ့ကို ကြိုက်သွားပလား၊ ဟုတ်လား"

"စွပ်စွပ်စွဲစွဲကွာ၊ ဘုရားဒူးပါစေ၊ သဘောကျတတလေးထက် မပိုပါဘူး"

"ဟွန်း"

"ကတ္တီပါပြာရောင်လေး ဝတ်ထားတယ်၊ ဟိုးထောင့်နား စားပွဲမှာ မင်း သွားလိုက်ဦးလေ၊ သွားပါကွ၊ သွားလိုက်ပါ"

ရွှေဥက္ကာသည် အစ်ရခက်ခက်နှင့် သွားတကျိုကျို ကြိတ်ပြီးတော့သာ အဲဒီနားက ထွက်လာခဲ့ရပါသည်။ နောက်က လေးလေးလ အသံက ပါလာသေးသည်မှာ ...

"မင်း စိတ်ပုပ်မယ်ဆိုလည်း ပုပ်လောက်ပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



## ၄

ရွှေနှယ်ရီး အလုပ်ဝင်လုပ်ချင်သည် ဆိုတဲ့ အကြောင်း အရာက အိမ်ကလူကြီးတွေကို ပူးပူးဝါးဝါး ဖြစ်သွားစေပါသည်။

"ရတ်တရက် ဘာစိတ်ကူးပေါက်ရတာလဲ သမီးရယ်"

ဤစကားကို ကြားရတဲ့အခါ ဘာမှမဝေဖန်ပဲ သဘောကျတတလို ဖြစ်တဲ့သူဆိုလို့ ဖေဖေပဲ ရှိသည်။ ဖေဖေက တော့ ယောကျ်ားတစ်ယောက်စိတ်ဓာတ်နှင့်မို့ တစ်ဦးတည်းသော သမီးတစ်ယောက်အပေါ် ထာဝစဉ်နှစ်ရှနေတဲ့သူ မဟုတ်။

ပြီးတော့ ဖေဖေ့ အလုပ်ခွင်ကိုလည်း ရွှေနှယ်ရီး ဝင်လို့မရပါ။ မိန်းကလေးနဲ့ မအပ်စပ်ပါ။ ဖေဖေက နိုင်ငံခြား တိုင်းပြည်များနှင့် တရားဝင် ဆက်သွယ်ကာ တရားဝင်အလုပ်ရှာ လူပို့တဲ့လုပ်ငန်းကို လုပ်ကိုင်ပါသည်။





ဒီကိစ္စအစပြုလာရတာကတော့ မန္တလေးမှ ကိုကိုနိုင် တို့ အိမ်ကိုရောက်လာလို့ပင်။ မေမေနှင့် အန်တီကြီးတို့ရဲ့ အစ်ကိုအကြီးဆုံး ဘဘကြီးဦးဝင်းညိုသည် မန္တလေးမှာ နေထိုင် သည်။ ကိုကိုနိုင်က ဘဘကြီးတို့ရဲ့ သားအကြီးဆုံးပင်။

ကိုကိုနိုင် အလုပ်ကိစ္စနှင့် ရန်ကုန်လာမည်ဆိုတဲ့ အခါ ကိုကိုနိုင့်အမေ ကြီးကြီးမာက ယောက်မများဖြစ်သော မေမေတို့ အန်တီကြီးတို့နှင့် မတွေ့တာကြာပြီဆိုပြီး လိုက်လာ သည်။ ကြီးကြီးမာ ပါသဖြင့် ကိုကိုနိုင်ပါ အိမ်မှာပဲ တည်းဖြစ် သွားတာပင်။

သို့မဟုတ်လျှင်တော့ ယောကျ်ားလေးမို့ ကိုကိုနိုင်က အဒေါ်တွေအိမ် သိပ်တည်းချင်တာမဟုတ်။ ဟိုတယ်တစ်ခုခုတက် တည်းလိုက်ကာ လာသွားမှန်း ပြန်သွားမှန်းပင် တစ်ခါတစ်ရံ မသိရ။

"မမမာ ပါမှပဲ မောင်နိုင့်လည်း တွေ့ရတော့တယ်"

"ကျွန်တော်က အလုပ်ကိစ္စနဲ့လာ၊ လာလည်း တစ်ရက် နှစ်ရက်နဲ့ ဝင်တယ် ထွက်ဟယ်၊ အန်တီတို့ကို အနှောင့် အယှက် မဖြစ်စေချင်တော့လို့ပါ၊ စီးပွားရေးကိစ္စ တွေ့ရ ဆုံရတာတွေက ညနေဘက်ဆို အသောက်အစားဝိုင်းလေး နဲ့၊ အိမ်ပြန်လာရင် အနံ့လေးတထောင်းထောင်းဖြစ်မှာ အဒေါ် တွေ ညီမတွေ အားနာလို့ပါ အန်တီကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်နိုင်က အခု ဘာလုပ်နေလဲ၊ အစ်ကိုကြီးနဲ့တူတူ မဟုတ်ဘူးလား"

"မေမေက နဂိုကတည်းက ဖိနပ်လုပ်တယ်၊ ပုဆိုးလုပ်တယ်၊ ဒါပဲလေ အန်တီကြီး၊ ကျွန်တော်က သီးသန့်လုပ်တာပါ"

"ဘာလုပ်တာလဲ"

"ကိုရီးယားက သုတ်ဆေးတစ်မျိုးရယ်၊ ယူအက်စ်အေက အိမ်သုံးဆေး အားဆေးတချို့ရယ်၊ အထက်မြန်မာပြည် ကိုယ်စားလှယ် ယူထားတာပါ"

"သြော်"

"ဒါတွေကို ဒီက ရွှေဖယ်မလီက နိုင်ငံခြားကနေ တိုက်ရိုက် ကိုယ်စားလှယ်ယူထားတာလေ၊ ဒီရွှေဖယ်မလီကသွင်းတဲ့ ပစ္စည်းတွေရော၊ လုပ်တဲ့အလုပ်တွေရော များလွန်းလို့ အထက်မြန်မာပြည်ဘက်တွေကို ကိုယ်စားလှယ်တစ်ဆင့် ပြန်ပေးတယ်၊ အဲဒါကြောင့် ကျွန်တော် ရထားတာ"

ကိုကိုနိုင့် စကားထဲ ပါလာတဲ့ ရွှေဖယ်မလီဟာ တိုက်ဆိုင်စွာပဲ ရွှေနှယ်ရီးရဲ့ အာရုံထဲက ရွှေလသာ ရွှေဥက္ကာတို့ရဲ့ ရွှေဖယ်မလီပဲ ဖြစ်နေရာ အဲဒီမှာပဲ စတင်၍ ရွှေနှယ်ရီးဟာ အလုပ်လုပ်ချင်သည့် ချဉ်ခြင်းဖြစ်ရတော့တာ။ အဲဒီမှာမို့ အလုပ်လုပ်ချင်သည် ဆိုတာဟာ ရွှေနှယ်ရီးရဲ့ စိတ်ထဲမှာ တစ်ယောက်တည်း တိတ်တိတ်ကလေး သိနေတာပါ။





ဒီရွှေဖယ်မလီကို ရွှေနှယ်ရီး သိနေသည်ဆိုတဲ့ အကြောင်း လုံးဝမသိတဲ့ ကိုကိုနိုင့်ကို ...

"အဲဒီမှာ အလုပ်လေး ဘာလေး မခေါ်ဘူးလား ကိုကိုနိုင်"

ရွှေနှယ်ရီး မေးလျှင် ကိုကိုနိုင် အံ့သြသွားခဲ့သည်။

"ညီမလေးက အလုပ်လုပ်ဖို့ စိတ်ကူးရှိနေလို့လား၊ အန်တီတို့က သဘောတူမှာမို့လို့လား"

"မေမေတို့ သဘောတူတာ မတူတာထက်၊ သမီးက အလုပ်လေး ဘာလေး လုပ်ကြည့်ချင်တာ၊ ဖေဖေ့ဆီလည်း ဘာမှ ဝင်လုပ်လို့မရ"

"ညီမလေးက လုပ်ချင်တယ်ဆိုမှ တိုက်တိုက်ဆိုင်ဆိုင် ဦးရွှေလသာတို့က ဝန်ထမ်းအသစ်တွေ ခေါ်ဖို့ရှိနေတယ်၊ ကိုကိုနဲ့ မနေ့ကပဲ စကားစပ်မိရင်း ပြောတာ ကြားခဲ့တယ်၊ သူက ကိုယ်စားလှယ်ယူသွင်းတဲ့ ပစ္စည်းတွေ အများသားလေ၊ အိမ်သုတ်ဆေးက အောက်ဆုံးထပ်မှာ ရှိုးရွမ်းမ်ကြီးတစ်ခု၊ သူ့အပေါ်ထပ်မှာက အိမ်သုံးဆေးဝါးနဲ့ ရှူးဖိနပ် နာမည်ကြီးတစ်မျိုး၊ နောက်တစ်ထပ်မှာတော့ သူတို့ကိုယ်စားလှယ်ယူတဲ့ နာရီတွေ ရှိုးရွမ်းမ်ပေါ့၊ နာရီဆိုရင် လက်ပတ်နာရီ တိုင်ကပ်နာရီ၊ စားပွဲတင်နာရီ အစုံပဲ၊ နာမည်ကြီး Brand ဆိုတော့ တန်ဖိုးကြီးတွေ၊ နာရီကိုတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



တို့က ကိုယ်စားလှယ်မပေးပဲ တစ်ပြည်လုံး သူတို့ပဲဖြန့်တယ်၊ သူတို့ရဲ့ အရောင်းဆိုင် ရှိုးရှမ်းမ်ပဲ မန္တလေးမှာရော၊ တချို့မြို့ကြီးတွေမှာရော ရှိတယ် ...

လုပ်ငန်းတွေ များလွန်းတော့ သူ့ရဲ့စာရင်းကိုင်မှာ လက်ထောက်စာရင်းကိုင်ငယ်လေးတွေ လိုတယ်၊ ရှိုးရှမ်းမ် အတွက်လည်း ဝန်ထမ်းနည်းနည်း ထပ်လိုတယ်၊ ဒါတွေ အလုပ်ခေါ်ဖို့ ခန့်ဖို့ရှိကြောင်း မနေ့ကပဲ စကားစပ်ရင်း ပြောနေတယ်"

"သမီးက အယ်လ်စီစီအိုင် လယ်ဗယ်တူး အောင်ပြီးပြီ ကိုကိုနိုင်၊ လက်ထောက်စာရင်းကိုင် ရ,မရ ကိုကိုနိုင် ပြောကြည့်ပေးပါလား"

"အန်တီတို့ သဘောတူရင်တော့ ပြောပေးမှာပေါ့၊ ပြောရင်လည်း သူက ခန့်ပေးမှာပါ၊ ကိုကိုက သူ့ရဲ့တစ်ဆင့် ကိုယ်စားလှယ်၊ စီးပွားဖက်ပဲ၊ ကိုကိုနဲ့လည်း ခင်နေတာပဲ"

ဤသို့နှင့် ဤကိစ္စသည် လူကြီးတွေအကြားသို့ နားပေါက်သွားပါသည်။ မေမေနှင့် အန်တီကြီးက အင်တင်တင်။ ဖေဖေကတော့ သဘောကျပုံရသည်။ နောက်ဆုံးမှာ ငြင်းရင်း ခုန်ရင်း အကြိတ်အနယ် ဒူးတိုက်ဆွေးနွေးကြပြီး သကာလ ဖေဖေ့





သဘောတူ တိုက်တွန်းမှုကြောင့် မေမေနှင့် အန်တီကြီးရဲ့ ငြင်းဆိုဆန့်ကွက်သံတွေ တိုးတိမ်ပါးလျလာရတာပင်။

ဒီတော့မှ ကိုကိုနိုင်က ဦးရွှေလသာကို ပြောပေးမည်ဟု ကတိပြုသည်။ ကတိပြုတဲ့အတိုင်း နောက်တစ်ကြိမ် ဦးရွှေလသာဆီ ကိုကိုနိုင် သွားသောအခါ တဲ့တိုးပင် ပြောကြည့်လိုက်ပါသည်။

"ဦးရွှေလသာ ထပ်ခန့်ဖို့ လိုနေတယ်ဆိုတဲ့ လက်ထောက်စာရင်းကိုင် တစ်နေရာကို ကျွန်တော့်ညီမ တစ်ဝမ်းကွဲလေးများ အဆင်ပြေနိုင်မလား မသိဘူး၊ လူခေါ်ရင် သူကပါ လျှောက်ကြည့်ချင်လို့တဲ့ဗျာ၊ ညီမလေးက အယ်လ်စီစီအိုင် လယ်ဗယ်တူး အောင်ပြီးပါပြီ"

"ဟုတ်လား၊ ညီမက တစ်ဝမ်းကွဲလား"

"ဟုတ်ကဲ့ ... ကျွန်တော့်အဖေရဲ့ ညီမအရင်း အငယ်ဆုံးက မွေးတာပါ"

"ဒါဖြင့် အရင်းအချာကြီးပဲ၊ သူလည်း အလုပ်လိုချင်နေရင် ကြည့်ခန့်ပေးရတာပေါ့ဗျာ၊ အလုပ်အတွေ့အကြုံ ရှိလား"

"အဲဒါတော့ မရှိသေးဘူးဗျ၊ သူ့မှာ စာတွေ့အသိပဲရှိမယ်၊ ရည်ရွယ်ထားတဲ့ ရာထူးနဲ့ မဟုတ်တောင် အလုပ်သင် သဘောမျိုးဆိုရင်ကောဗျာ၊ အဆင်ပြေစရာ ရှိလားမသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အိမ်က ကလေးလိုထားတော့ သူက သိပ်အလုပ်လုပ်ချင်နေတယ်ဗျာ၊ ဦးရွှေလသာတို့အိမ်နဲ့ အခု ကျွန်တော်တည်းတဲ့ အဒေါ်အိမ်က တစ်လမ်းတည်းပဲလေ၊ ကျွန်တော်ကလည်း ရုံးနဲ့ပဲ ဆက်သွယ်နေတော့ ဦးရွှေလသာ အဲဒီခြံမှာ နေတယ်ဆိုတာ မနေ့က သူနဲ့စကားစပ်မှ သိရတယ်"

"ဟုတ်လား၊ ကျွန်တော်တို့ လမ်းထဲကပဲပေါ့"

"ဟုတ်ပါတယ်၊ ခြံချင်းတောင် အတော်နီးပါတယ်"

"ဘယ်သူ့အိမ်ကလဲဗျ"

"အဒေါ်က ဒေါ်အင်ကြင်း၊ အဒေါ့်ရဲ့ခင်ပွန်းက ဦးဇော်ထွန်းပါ"

ရွှေလသာ မျက်ခုံးများ ပင့်သွားရလျက် ...

"ဒါဖြင့် ခင်ဗျား ညီမလေးက"

"ရွှေနှယ်ရီးပါ"

"ရွှေနှယ်ရီး ! ..."

ရွှေလသာသည် တအံ့တသြသာ ရေရွတ်လိုက်နိုင်သည်။

❦ ❀ ❦





တကယ်တော့ သူ့ရဲ့စာရင်းကိုင်ချုပ် ဒေါ်ဒေစီရဲ့ ...်အောက်မှာ အကူသဘောထားပေးဖို့ ရွှေဥက္ကာကို ရည်ရွယ် ...ည်။ ရွှေဥက္ကာဟာ ကျောင်းပြီးဘွဲ့တစ်ခုရထားသော်လည်း ... ဘာမှမလုပ်။ သူ့အဖေက နိုင်ငံခြားသင်္ဘောမှာ ချိဖ်အင်ဂျင် ...ဖြစ်၍ ရွှေဥက္ကာကို သင်္ဘောတင်ပေးဖို့ ကြံစည်တော့လည်း ...ဥက္ကာက အိအနှင့် ချေးများနေသည်။

အလုပ်ထဲ ခေါ်ထည့်ချင်တဲ့တိုင် ရွှေဥက္ကာကို ရှိုးရှမ်းမ ...နေ့ထမ်းအဆင့်လောက်တော့ ထားလို့မဖြစ်ပြန်။ အစ်မဖြစ်သူက ...ပိုကျိ အော်ဦးမည်။ ဒေါ်ဒေစီ့ လက်အောက်မှာထား၊ ဒေါ်ဒေစီ့ ... လုပ်ငန်းအဆင့်ဆင့် အကြိမ်းသင်၍ လိုတာကူဖို့လောက် ...ထားသည်။

စာရင်းအင်းနှင့် ပတ်သက်လို့လည်း ရွှေဥက္ကာမှာ ... Certificate မှမရှိ။ သူ အမြင့်ဆုံး ပေးနိုင်တာ လောလော ...ယ် ဤနေရာ။ အစ်မဖြစ်သူက ဘာမှ မပြောပေမဲ့ ရွှေဥက္ကာက ...နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်း ... မင်းလို ဘော်ကြော့ သူငယ်ချင်းတွေနဲ့ ပေါင်းပြီး အချိန်တွေ ဖြုန်းနေတာပဲ၊ အလကားစိတ်လေတယ်၊ ဘာမှ ချေးမများနဲ့၊ ငါခိုင်းတာ ဝင်လုပ်ဗိုသာကြဲ"

"ကျွန်တော် ဘာစာရင်းမှ မတွက်တတ်ဘူး"

"စ,စချင်းတော့ ဘယ်သူမှ မတတ်ဘူး ဟော့ကောင်၊ မတွက်တတ်သေးရင် ကူးရေး စာရင်းဖြည့်တာကစ,လုပ်၊ ဒါမှ ငြင်းနေရင် မင်းကို သုတ်ဆေးရှုံးရှမ်းမ်ဖြစ်ဖြစ် ဗိနပ်နှီးရှမ်းမ်ဖြစ်ဖြစ် ထားလိုက်ရလိမ့်မယ်၊ ပစ္စည်းတွေထုတ်ပြ ရှင်းလင်းပြတာမျိုး လုပ်မလား"

ရွှေဥက္ကာက နှာခေါင်းကို ရှုံ့တွကာ ...

"ဟင့်အင်း"

"အေး ... ဒါကြောင့် ဒေါ်ဒေစီ လက်အောက်ထားမှာ၊ စာရင်းကိုင်လက်ထောက်၊ သင်ရင်း တတ်သွားလိမ့်မယ်၊ မေးရင်းကူရင်းကပဲ တဖြည်းဖြည်း ကျွမ်းလာမှာပေါ့"

"ပျင်းစရာကြီးဗျာ"

"မပျင်းနဲ့ ... မင်း အလကား သူငယ်ချင်းတွေနဲ့ လေဖို့ပဲ ကြာရင် မင်း ပျက်စီးမယ်၊ မင်းသူငယ်ချင်းတွေထဲရော





ဘယ်တစ်ကောင် အကောင်းပါသလဲ၊ ကျော်စွာ ဆိုရင် ဆေးငြိနေတယ်၊ တင်ကိုကိုက အလကားနေ ရည်းစားထည်လဲနဲ့ မိန်းမလိုင်း၊ ဖိုးဖော်ကျတော့ အရက်သမားဖြစ်စပြုနေပြီ၊ ရာဇာနိုင်ကျတော့လည်း မယ်မယ်ရရ ပြစ်ချက်မရှိပေမဲ့ လူပျင်းလိုင်း ဝင်နေတယ် ...

လောလောဆယ် မင်းက ရာဇာနိုင့် လိုင်းထဲရောက်နေတယ် ပြောရမှာပေါ့၊ နောက် တဖြည်းဖြည်း ဟိုကောင်တွေဆီက အကျင့်ကောင်း အကျင့်မြတ်တွေပါ ကူးလာမှာကြောက်ရတယ်၊ ဒီကောင်တွေနဲ့ တွဲနေတာကိုလည်း ငါလုံးဝမကြိုက်ဘူး"

"ကျွန်တော့် သူငယ်ချင်းတွေက သူတို့ မကောင်းတာတွေရှိပေမဲ့ စိတ်ကောင်း သဘောကောင်းတွေပါဗျာ"

"စိတ်သဘောလေးပဲ ထိုင်ကောင်းနေတာ ဘာလုပ်ရမှာလဲကွ၊ ယောကျ်ားလေး ဒီအရွယ်ဆိုတာ ကိုယ့်ဘဝရှေ့ရေးတက်လမ်းလှမ်းရတော့မယ်လေ၊ တကောင်မှ မယ်မယ်ရရ ဘာမှမလုပ်သေးဘူး၊ မင်းအမေကလည်း ဒီကောင်တွေနဲ့ ပေါင်းတာ ကြိုက်တာ မဟုတ်ဘူး"

"မေမေက ဘာမှ မပြောပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပါးစပ်က ဖွင့်မပြောသေးတာက မင်း သူတို့ဆိ
ဆိုးဆိုးဝါးဝါး ဘာအကျင့်မှ မကူးသေးလို့ပေါ့၊ စိတ်ထဲ
တော့ မကြိုက်ဘူး၊ မင်း မေးကြည့်ပါလား၊ တော်ပြီကွ
မင်း ဘာမှဆင်ခြေမလာနဲ့၊ ငါပြောတာ ဝင်လုပ်၊ တဖြည်
ဖြည်း စာရင်းအင်းပါမက လုပ်ငန်းသဘော နားလည်ကျွ
ဝင်လာအောင် ငါ သင်မယ် ...

နောင်ဆို မင်းကိုလည်း အစိတ်အပိုင်း တစ်ခု
ခွဲကိုင်နိုင်းရမှာပဲ ရွှေဥက္ကာ၊ အလုပ်တွေက အများကြီး
မင်းကို ခွဲတာဝန်ပေးနိုင်ရင် ငါလည်း ဒီလောက် ရှာ
ပတ်မယမ်းဘူးပေါ့၊ ပြီးတော့ ဒီကုမ္ပဏီတစ်ခုလုံးက ငါ
တစ်ယောက်တည်းပိုင်လည်း မဟုတ်ဘူးလေ၊ မင်းအမေ
ငါ နှစ်ဦးလုံးရဲ့ မိသားစုစီးပွားရေးပဲလေ ...

မင်းအမေလည်း ဒီအလုပ်ထဲမှာ မင်းကို အားကိုးချင်
မှာပေါ့၊ နောက်ဆုံးတစ်နေ့ ဒီကိုယ့်မိသားစုကုမ္ပဏီထဲ
ဝင်ရမဲ့တူတူ စောစောစီးစီး လေ့လာထားကွာ၊ မင်းမှာလည်
အချိန်တွေ ပိုနေတယ်၊ မပျင်းနဲ့ မရဘူး၊ ရှေ့တစ်ပတ်
တနင်္လာကစပြီး မင်း ရုံးတက်ရမယ်၊ ဒါပဲ"

များသောအားဖြင့်မှာ ဦးလေးဖြစ်သူနှင့် သူငယ်ချင်
ပေါင်း ပေါင်းသော်လည်း ရွှေလသာ အတည်ပြောပြီဆိုရင်တော





ဥက္ကာ မတော်လှန်နိုင်ပဲ နားထောင်လေးစားရတဲ့သဘော ရှိပါ
သည်။ ထို့ကြောင့် ဒီကိစ္စကို မငြင်းနိုင်။ တနင်္လာကစပြီး
ဒါခေစီ လက်အောက် အလုပ်ဝင်ဖို့ သေချာပါပြီ။

ဒီအချိန်မှာ မန္တလေးက သူ့ရဲ့အထက်မြန်မာပြည်
ယ်စားလှယ်ခွဲ ကိုကိုနိုင် ထံက မမျှော်လင့်ဘဲ ဒီစကားကြားရ
ဖြစ်သည်။ ကိုကိုနိုင်နှင့်က လူရင်းလူချာကြီးလို မခင်လွန်းပေမဲ့
လုပ်ပါတနာလည်းဖြစ်၊ ကိုကိုနိုင် အပေါ် ရွှေလသာက ခင်မင်
းစားမှုလည်း ရှိတာတစ်ချက်။

နောက်တစ်ချက်က အလုပ်တောင်းသည့် သူ့ညီမ
စ်ဝမ်းကွဲဟာ ရွှေနှယ်ရီး ဆို၍ ရွှေလသာမှာ ငြင်းပယ်လိုက်ဖို့
င်အား ယုတ်လျော့သွားတော့တာပင်။ ရွှေနှယ်ရီးကို သူတို့မြို့ရဲ့
ည့်ခံပွဲမှာ ဆုံတွေ့လိုက်ရစဉ်က နှစ်လိုမှုလေးတစ်မျိုးနှင့် ရွှေဥက္ကာ
ကို ကလိချင်တဲ့ သဘောမျိုးလောက်သာ အာရုံစိုက်မှု ခပ်ပါးပါး
းသာ ရှိခဲ့သော ရွှေလသာသည် ကိုကိုနိုင် ထံမှ စကားကိုကြား
တ်ရမှ ဘာကြောင့်မှန်းမသိ ရင်ထဲ ဒိတ်ခနဲနေအောင် လှုပ်ရှား
ားခဲ့သည်။

ရွှေနှယ်ရီး သူ့ကုမ္ပဏီမှာ ဝန်ထမ်းအဖြစ် အလုပ်လာ
င်တော့မည်လို့ စဉ်းစားကြည့်လိုက်လျှင် ဘာကြောင့်လို့ မပြောပြ
တ်ပဲ သူ့ရင်ထဲ ပူနွေးပြီး လှုပ်ရှားလာသည်။ ဒါက ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တာပါလိမ့်။ ညှော်ခံပွဲပြီးကတည်းက တွေ့လည်းမတွေ့ အဆ
အဆဲလည်းမရှိ၊ တစ်လလောက် ဒီတိုင်း နေနေနိုင်ပြီး ခုမှ လ
စိတ်လှုပ်ရှားလာတာ။

ရွှေလသာက ကိုကိုနိုင့်ကို ...

"ကိုကိုနိုင် ညီမလေးကို ကျွန်တော် အလုပ်ခန့်
ပါ့မယ်၊ စိတ်ချပါ"လို့ မြန်ဆန်လွယ်ကူစွာ ပိုင်ပိုင်နိုင်နိုင် က
ပေးသိုက် မိလေပြီ။



❀ ၅ ❀

တံခါးခေါက်သံကြောင့် ရွှေလသာက ခေါင်းမော့
ကာအကြည့် တံခါးကိုလှည့်ဖွင့်ဝင်လာသူက ရွှေနှယ်ရီး ဖြစ်နေပါ
သည်။ ရွှေနှယ်ရီး အလုပ်ဝင်နေတာ တစ်လနီးပါးပင် ရှိတော့မည်။
ရွှေလသာနှင့် အလုပ်ဝင်တဲ့နေ့ကပြီးရင် ဟုတ်တိပတ်တိစကား
ပြောဖြစ်တော့။

ပြောစရာလည်း အကြောင်းအရာ မရှိ။ သူ ခတ်
လှေကားပေါက်ကထွက်ကာ ရုံးခန်းဝရောက်သည်နှင့် ရုံးခန်းထဲ
မျက်စိတစ်ချက် ဝေ့ကြည့်လိုက်လျှင် ရွှေနှယ်ရီးကို လှမ်းမြင်ရတတ်
ပါသည်။ ဤသို့မြင်လိုက်ရလျှင် သူ့စိတ်ထဲ တစ်စုံတစ်ရာပြည့်စုံ
မှန်ကန်သွားသလို ကျေနပ်သွားပြီးတဲ့နောက် သူ့ရဲ့သီးသန့်ရုံးခန်း
ငယ်လေးဆီ တန်းဝင်လာခဲ့သည်သာ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အမြဲတမ်း ရွှေနွယ်ရီးက ခိုးကြည့်တတ်ပြီး သူနှင့် မျက်လုံးချင်း ဆုံမိလျှင် ရှိုးတိုးရှန့်တန့်လိုလို ဟန်တစ်မျိုး နှင့် မျက်လွှာကို ချတာလည်းမဟုတ်၊ ခပ်ဝဲဝဲပြုကာ လွှဲလိုက်တတ် သည်။ သူ့နောက်မှ ပါလာတတ်သည့် ရွှေဥက္ကာကိုတော့ ရွှေနွယ်ရီး က ရဲရဲတင်းတင်းပဲ ပြုံးပြနှုတ်ဆက်တတ်သည်။

အင်းပေါ့လေ။ ဒါတော့ ဒါပေါ့။ ရွှေဥက္ကာနဲ့ သူမ နဲ့က ရွယ်တူတန်းတူလည်းဖြစ်။ စားပွဲချင်း နီးနီးကလေးလည်း တစ်နေကုန် ကပ်ထိုင်နေရတာ။ သူတို့ချင်း ရင်းနှီးကြတာကို ရွှေလသာ သိနေသည်၊ သူက ရုံးကလူကြီးမို့ အဖွဲ့ကျဖို့ အရော ဝင်ဖို့လည်း ခက်သည်။

သူကလည်း အရောတဝင် ပြုချင်လွန်းလို့ရယ်လို့ မဟုတ်ပါ။ ခင်မင်ချင်ရင်ဖြင့် အိမ်နီးနားချင်းတွေဆိုတဲ့ ခေါင်းစဉ် အောက်မှာ ရင်းနှီးလို့ ရတာပါပဲ။ ခုကတော့ ဘော့စ်နဲ့ စာရင်းကိုင် လက်ထောက်ဆိုတဲ့ အဆင့်အတန်းက ရောရောနှောနှော ရင်းရင်း နှီးနှီးနေဖို့ အဟန့်အတား ဖြစ်နေသည်။

စကားပြောဆိုစရာကလည်း တကူးတက အကြောင်း မရှိ၍ နှုတ်ဆက်ကြည့်လို မျက်လုံးလေးဝဲခနဲ လွှဲသွားတာကိုပဲ နေ့စဉ် ကျေနပ်နှစ်သိမ့်နေရပါသည်။ ရွှေနွယ်ရီး သူ့ကိုကြည့်တဲ့ မျက်ဝန်းအကြည့်ထဲမှာ အမြဲတမ်း တစ်ခုခုပါနေသည်။ အဲဒါဘာပါ





လိမ့်။ အိမ်နီးနားချင်း တစ်ယောက်လို၊ ဒါမှမဟုတ် ကိုယ့်အလုပ် ရှင် အထက်လူကြီးကိုကြည့်တဲ့ အကြည့်မျိုးတွေ လုံးဝမဟုတ်။

ရွှေလသာသည် အနီရောင်ဖိုင်လ်လေးကိုင်ကာ တံခါး ဝ၌ ဝင်ခွင့်တောင်းသလို ရပ်နေသော ရွှေနွယ်ရီးကို တစ်ချက် ကြည့်ရင်း အတွေးတွေ တရစပ်ပြေးလွှားသွားပြီးမှ ...

"လာလေ"

"ဟုတ်ကဲ့"

ရွှေနွယ်ရီးက ရှေ့ဆက်တိုးလာကာ တံခါးကို ဟစိ ထားခဲ့သည်။ ရွှေလသာ အခန်းက အလုံပိတ်အဲကွန်းပြင်းပြင်း လွှတ်ထားတာမို့ ...

"တံခါးပြန်ပိတ်လိုက်"

"ရှင်"

မျက်လုံးဝိုင်းသွားတာကို သူ့မှာ ဦးနှောက်ခြောက်ရ ပြီး ...

"ရော် ...၊ တံခါးပြန်ပိတ်ပါလို့ ပြောနေတာ"

"ဟုတ် ... ဟုတ်ကဲ့ ... လေးလေးလ"

ရွှေလသာသည် အတော်ရယ်ချင်သွား၍ ပြုံးစိစိဖြစ် သွားတဲ့ နှုတ်ခမ်းကို ဘောလ်ပင်ကိုင်ထားတဲ့လက်နှင့် ကွယ်လိုက် ရသည်။ လေးလေးလ ... တဲ့။ အင်းပေါ့ ...။ တစ်နေ့တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



ရွှေဥက္ကာနှင့် စကားတွေပြော၊ လေကန်အတင်းအုပ်နေကြတာမို့ ရွှေဥက္ကာရဲ့ အခေါ်အခေါ်တွေကို သူပါနှုတ်ကျိုးနေပြီ။

"လေးလေးလ"လို့ ခေါ်ပုံထောက်၍ ရွှေဥက္ကာနဲ့ သူမ ပြောဆိုနေကြတဲ့ စကားတွေထဲမှာ သူ့အကြောင်းဟာ နား ရည်ဝ နှုတ်ကျိုးလောက်အောင် ပါနေမည်လို့ ခန့်မှန်းလို့ရပါသည်။

ရွှေနှယ်ရီး တံခါးတွန်းပိတ်၍ ပြန်လှည့်လာလျှင်

"ထိုင်"

သူက ရှေ့က ခုံကို လက်ညွှန်ပြလိုက်ပါသည်။

"ဟုတ်ကဲ့"

ရွှေနှယ်ရီး နေရာတကျ ဝင်ထိုင်တာကို စောင့်ကြည့်နေပြီးမှ ...

"ကဲ ... ပြော ... ဘာထူးတာရှိလဲ"

"ဘာမှတော့ ထူးတာမရှိပါဘူး"

"အင်း"

"အန်တီဒေစီက လေးလေးလကို ဒီဖိုင်လ်သွားပြဖို့ နှိုး လိုက်လို့ပါ"

"ခါတိုင်း မဒေစီပဲ ပြနေကျပဲ၊ ဒါမှမဟုတ် ဦးထွန်းအောင်"

"ဟုတ်ကဲ့၊ အန်တီဒေစီက အလုပ်ရှင်ကို ဝင်တွေ့တာ စကားပြောတာ၊ တင်ပြတာ၊ ရှင်းလင်းစရာရှိ ရှင်းလင်း





တာ၊ မေးခွန်းကိုဖြေတာ၊ အဲဒါတွေ လုပ်တတ်ရမယ်၊ ကျွမ်းကျင်ရမယ်လို့ ပြောပါတယ် ...

ကျွန်မက လေးလေးလကို တိုက်ရိုက်ဝင်တွေ့ စကား မပြောချင်ဘူး၊ မပြောရဲဘူးဆိုတာ သိလို့ အန်တီဒေစီက တမင် အလေ့အကျင့်ရအောင် နှိုင်းတယ်နဲ့ တူပါတယ်"

"ရွှေနှယ်ရီးက ဘာကြောင့် စကားမပြောချင် မပြောရဲရ တာလဲ"

ကလေးမက မဖြေပဲ ခေါင်းငုံ့ မျက်နှာလွှဲနေ၍ ရွှေလသာက နောက်ချင်စိတ်နှင့် ခပ်ဆတ်ဆတ် ခပ်မာမာ ...

"ဖြေလေ"

ရွှေနှယ်ရီးမှာ တကယ်ပင်လန့်ကာ တုန်သွားရှာ သည်။

"ဟို ... ဟို ... ကြောက်လို့ပါ"

"ဘာကြောက်စရာရှိလို့လဲ၊ ကောင်းပြီ ... မင်း အဲလိုကြောက် တယ်ဆိုရင် အလေ့အကျင့်ရအောင် နောင်ကို စာရင်းအင်း ငွေစာရင်းနဲ့ ပတ်သက်တာတွေ ငါ့ကို ပြောစရာရှိတိုင်း မင်းပဲ လာပြောရမယ်၊ အဲဒါ ဒေါ်ဒေစီကို ပြောပြလိုက်၊ ကြားလား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေနှယ်ရီးသည် ကိုယ်လေးခပ်တောင့်တောင့်နှင့် ရွှေလသာကို မျက်လုံးမြူးခနဲနေအောင် စူးစိုက်ကြည့်နေသည်။ သူ့အကြည့်တွင် သူ့ကိုနောက်ပြီး လှန့်နေတာလား၊ အတည်ပေါက် ပေါက်နေသလား စူးစမ်းဝေခွဲနေဟန်ကြောင့် ရွှေလသာက ခပ်တည်တည်လုပ်နေကာ ...

"အဲဒါကို ငါ စောင့်ကြည့်နေတာ၊ တစ်ခါတစ်ခါ ပြောစရာရှိတာ ရွှေဥက္ကာလည်း ဝင်ပြောတာပဲ၊ မင်း တစ်ခုခုဝင်ပြောတာမျိုးတော့ တစ်ခါမှ မတွေ့သေးဘူး"

"သူ ... သူကတော့ လေးလေးလ တူဆိုတော့ မကြောက်ဘူးပေါ့"

"မင်းကတော့ ဘာလို့ ကြောက်နေတာလဲ"

ရွှေနှယ်ရီးက မဖြေ။ အနေရခက်သလို သူ့လက်ချောင်းလေးတွေကို စားပွဲပေါ်က ဖိုင်လ်ပေါ်တင်ထားရင်း အချင်းချင်း လိမ်ဆိတ်ပွတ်တိုက်နေသည်။

"အလုပ် လုပ်ရတာ အဆင်ပြေလား"

"ဟုတ်ကဲ့"

"အတော်နားလည်ကျွမ်းကျင်ပြီလား"

"ဟုတ်ကဲ့"





"မင်းဆွဲတဲ့ ရှင်းတမ်းတွေ မဒေစီက ပြပါတယ်၊ ကောင်းပါတယ်၊ မင်းက မဆိုးပါဘူး၊ ရွှေဥက္ကာကတော့ အလကားပဲ"

"သူ ... သူလည်း ..."

"သူလည်း ဘာဖြစ်လဲ"

"အန်တီဒေစီ နိုင်းတာတွေတော့ ကြိုးစားလုပ်ပါတယ်"

ရွှေဥက္ကာ ဘက်က ကာကာကွယ်ကွယ်လေး ပြောဆား၍ ရွှေလသာက ပြုံးချင်ချင်ဖြစ်ရသည်။ တကယ်က ရွှေဥက္ကာ ဘာမှကို မတတ်သေးတာပါ။ စိတ်ကလည်း မဝင်စား၊ ပျင်းအလည်းပျင်း၍ ကပျက်ကချော်ကလည်း နိုင်တတ်သေးတာမို့ အလုပ်မဖြစ်လှတာကို ဒေါ်ဒေစီကို ပွင့်ပွင့်လင်းလင်း တင်ပြနိုင်းအား၍ ဒေါ်ဒေစီ တင်ပြတာ ကြားပြီးပါပြီ။

ဒေါ်ဒေစီက ရွှေနှယ်ရီးကိုတော့ ချီးကျူးပါသည်။ အရေးရာရာနိုင်တဲ့အကြောင်း၊ အလုပ်ထဲမှာ စိတ်ဝင်စားမှုလည်းရှိပြီး ကြိုးစားပမ်းစား သင်ယူနားလည်လိုစိတ်လည်း ရှိတဲ့အကြောင်း၊ အလုပ်လုပ်ရင် အကွက်စေ့ လာဘ်မြင်ပြီး သပ်ရပ်မှန်ကန်မှုလည်း ရှိတဲ့အကြောင်းတွေ။

"ကဲ ... ဒီထဲမှာ ထူးထူးခြားခြား မင်း ငါ့ကို ပြောစရာ ဘာရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



ချွေလသာက ဖိုင်လ်ကို ညွှန်ပြလိုက်၍ ချွေနွယ်ရီးက လက်နှစ်ဖက်နှင့် ကမ်းပေးရင်း ...

"ထူးထူးခြားခြား ပြောစရာ မရှိပါဘူး"

ချွေလသာက ဖိုင်ကိုလှန်လှောကာ အကြမ်းဖျဉ်းကြည့်ရင်း ...

"ဒါ ထားခဲ့၊ နောက်မှ ဖြည်းဖြည်းကြည့်မယ်၊ မန္တလေးက နာရီအရောင်းပြခန်းရဲ့ လချုပ်စာရင်း အီးမေးလ်နဲ့ ဝင်လာပြီလား"

"ဝင်ပါပြီ"

"ရန်ကုန်နဲ့ဆိုရင် စုစုပေါင်း မြို့လေးမြို့က အရောင်းပြခန်းတွေရဲ့ လချုပ်တွေအားလုံးထုတ်၊ အားလုံးစုပေါင်းလချုပ်စာရင်း ထုတ်မယ်၊ မင်း လုပ်ရဲ့ဖြစ်လား"

"ဟုတ်ကဲ့"

"အဲဒါ ... မင်း လုပ်လိုက်၊ ပြီးရင် လာတင်ပါ"

"ဒီနေ့တော့ မရနိုင်ဘူးထင်တယ် လေးလေးလ"

"ဒီနေ့မရ နက်ဖြန်ပေါ့"

"ဟုတ်ကဲ့"

ချွေလသာ ထံမှ ဘာစကားမှ ဆက်မလာတော့၍ ...





"ကျွန်မ သွားလို့ ရပြီလား လေးလေးလ"

"ရပြီ"

ချွေနွယ်ရီးက ထိုင်ရာမှ ထ,ထွက်ခဲ့သည်။

"ဟော့"

"ဟုတ်ကဲ့"

"ငါ့ကို အလကားနေရင်း ကြောက်မနေနဲ့၊ ကြားလား"

"ဟုတ်ကဲ့"

ချွေနွယ်ရီးက သွက်သွက်ဖြေ တံခါးသွက်သွက်ဖွင့် ထွက်လာခဲ့ပါသည်။ ဘယ်သူမှ မသိအောင် ရင်တွေ တဒိတ်ဒိတ် ခုန်နေတာကြောင့် ကိုယ့်နေရာ ပြန်ရောက်ရောက်ချင်း ရေဘူး ထုတ်၍ ဖွင့်သောက်လိုက်သည်။ ချွေဥက္ကာက ချွေနွယ်ရီး အနား ချွေ့ထိုင်ကာ ...

"ဘာပြောလဲ"

ချွေနွယ်ရီး မျက်နှာကိုလည်း စေ့စေ့စပ်စပ် အကဲ ခတ်နေပါသည်။ ရုံးမှာ အလုပ်ဝင်နေပေမဲ့ လေးလေးလနှင့် ချွေနွယ်ရီး အပြောအဆို အဆက်အဆံ မရှိရာမှ ဒေါ်ဒေစီက ခုလို ဝင်ထွက်ပြောဆိုကျင့် ရအောင်ဆိုပြီး ခိုင်းတော့ ဒီဒေါ်ဒေစီကြီးကို ချွေဥက္ကာ သိပ်မကြည်ချင်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ လေးလေးလများ ဒေါ်ဒေစီကိုမှာပြီး အကွက်ဖန်သလား။ အဲဒီ လေးလေးလလည်း ယုံရတာ မဟုတ်။ ရွှေနှယ်ရိုးနှင့်သူ အပြောအဆိုသာ မရှိတယ်၊ အိမ်ကျ ရွှေနှယ်ရိုး တော်တာ၊ စာရင်းအင်းနိုင်တာ၊ သူ့ဆီကထွက်တဲ့ ရှင်းတမ်းတွေ ရှင်းလင်းသပ်ရပ် တိကျနေတာတွေ တဖွဖွချီးကျူးမဆုံး။

"ဘာပြောလဲလို့ မေးနေတယ်လေ"

ရွှေနှယ်ရိုးက ရွှေဥက္ကာကို မျက်စောင်းထိုးရင်း ...

"ပြောတာတွေက အများကြီးပေါ့၊ ရေသောက်နေတာတောင် မစောင့်နိုင်ပဲ ဘယ်လိုဖြစ်နေလဲ၊ ဒီမှာ ရင်တုန်ရတဲ့ကြားထဲ"

"ရင်က ဘာဖြစ်လို့ တုန်ရတာလဲ"

"ဘယ်သိမလဲ ... ကြောက်တာပေါ့"

"ဘာကို ကြောက်တာလဲ"

"ဘာကိုကြောက်ကြောက်ပေါ့"

ရွှေနှယ်ရိုးသည် သူ့ကိုဆို တစ်စက်မှ အလေးစားလည်းမရှိ၊ ရှိန်လည်းမရှိန်၊ ဘာမှ ဂရုတစိုက်မရှိလို့ ရွှေဥက္ကာ ထင်သည်။ ဒါကြောင့် သူ မကျေနပ်။ လေးလေးလကိုကျတော့ အလကားနေရင်း ကြောက်နေသည်။ ကြောက်တယ်ဆိုတာဟာ ဂရုစိုက်ခြင်းတစ်မျိုးပဲလို့ ရွှေဥက္ကာ သဘောထားသည်။





"လေးလေးလများ၊ ဘာကြောက်စရာရှိလို့လဲ၊ ရုံးမှာသာ မာန်နဲ့ ဠာန်နဲ့ လုပ်နေတာ၊ အိမ်မှာဆို လေးလေးလက လူပေါ်ကြီးပါ"

"ဟယ် ... ကိုယ့်ဦးလေးကို ဒီလိုပဲ ပြောရလား ရွှေဥက္ကာ"

"ပြောတာ ဘာဖြစ်လဲ"

"ရှင်က သူ့တူလေ၊ ရှင်ကစ, သိပ်လေးစားမှ ရုံးကတခြား လူတွေလည်း လေးစားရကျိုး နပ်မှာပေါ့၊ လေးလေးလကို သူ့ဝန်ထမ်းတွေ နဂိုက ချစ်ကြောက်ရိုသေနေတာတောင် ရှင် ဒီလို မရိုမသေပြောတာ ကြားရင် သူတို့ပါ အရိုသေ တန်လာမယ် သိရဲ့လား ...

ရုံးမှာလည်း ရာထူးအကြီးဆုံး၊ ပိုင်ရှင်လည်း ပိုင်ရှင်၊ လေးလေးလကို လူတကာ အရိုသေပျက်မဲ့စကားမျိုးတွေ ရှင် မပြောသင့်ဘူး ဆိုတာလောက်မှ တူဖြစ်ပြီး နားလည်မှု မရှိဘူးလား"

"ဟာ ... လေးလေးလ ဘက်က ခုခံရပ်တည်လှချည်လား"

"ဟုတ်တယ်လေ၊ ကျွန်မ ပြောတာ မဟုတ်လို့လား၊ ရှင် ဦးနှောက်နဲ့ စဉ်းစား၊ ဒီလိုစကားမျိုး ကိုယ့်ဦးလေးကို ပြောရမလား။ သူစိမ်းတွေက ရိုသေလေးစားနေပြီး တူအရင်းက လူပေါ်ကြီးလို့ ပြောထွက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မှားပါတယ် ခင်ဗျာ၊ နောက်ကို မပြောတော့ပါ… မရွှေနွယ်ရီး ခင်ဗျာ၊ အမယ်လေး … စွာလိုက်တာ၊ … လိုက်တာ ဆိုတာ လေးလေးလကို ထိလို့"

ရွှေနွယ်ရီး မျက်နှာကလေးမှာ နီဆွတ်ဆွတ်… ဒေါသလေး ထွက်လာကာ …

"ရွှေဥက္ကာနော် … ဘာစကားပြောတာလဲ"

"လေးလေးလ ထိလို့ စွာတယ်လို့လေ၊ ဒါ ဘာဖြစ်… ဟုတ်တာကို ရိုးရိုးပြောတာပဲ၊ စိတ်တိုစရာလား"

"ဟိုလိုလို ဒီလိုလို အဓိပ္ပာယ်ပါသလိုလို ပြောတဲ့စကားမျိုး… ကို သိပ်မုန်းတာ၊ စကားပြောရင် ရိုးရိုးပဲပြော၊ မထေ့…"

တစ်လနီးပါးအတွင်း သူတို့နှစ်ယောက် အတ… အသင့်တော့ ရင်းနှီးနေပါပြီ။ ဒါပေမဲ့ ရွှေနွယ်ရီးရဲ့ ရင်းနှီးမှု… အရိုးခံဟန်ဆောင်မှု ကင်းလွန်းတော့ သူ့ကို ပြောရဲဆိုရဲ ရှိလို… တာများ။

ရွှေဥက္ကာ လိုချင်တာက ဒါမျိုးမဟုတ်။ လေးလေး… နှင့် ပတ်သက်ပြီး ရွှေနွယ်ရီး မရဲမဝံ့ ရှက်ရှက်ကြောက်ကြော… ဖြစ်နေတာမျိုးလေးကို သူ့အပေါ် ဖြစ်သစေချင်သည်။ ခု… သူ့အပေါ်တွင် အရိုးခံဒလဟော မုယာမာယာမရှိ ဘာမရှိ ပြော… ဆိုရဲကြီး။





ရွှေဥက္ကာ မကျေနပ်၍ မျက်နှာကြီး စူပုပ်ကာနေ…သည်။ လေးလေးလမှာ ဘယ်လိုဆေးတစ်မျိုးများ ရှိနေပါလိမ့်။ …ရုံးခန်းလုံးက အမျိုးသမီးကြီးငယ်တွေကိုလည်း ကြည့်နေသည်။ …ရွှေလသာကိုဆို ပျာပျာသလဲ ဖူးဖူးမှုတ်။ သူ့ကိုတော့ ကလေးလို …ဆက်ဆံကြသည်။

ရာထူးကြောင့်လား၊ ကုမ္ပဏီပိုင်ရှင်မို့လား။ သူ့ကို …လုပ်စ,ဆင်းတဲ့ ရက်ကတည်းက လူတွေလေးစားအောင် ရွှေလ…က သူ့တူအရင်း ရှယ်ယာတစ်ဝက်ပိုင် သူ့အစ်မရင်းရဲ့သား …ဟာ မိတ်ဆက် ပြောဆိုထားပြီးသား။ သူလည်းပဲ ကုမ္ပဏီပိုင်…င် တစ်ဝက်ပဲဆိုတာ တစ်ရုံးလုံး သိကြသည်။

ဒါဖြင့် သူ နေပုံထိုင်ပုံက မလေးစားလောက်လို့ …။ မလေးစားလောက်အောင် သူ လုံးဝဘာမှ မလုပ်ပါ။ သူ …တဝင် ပြုတာရယ်လို့လည်း ရွှေနွယ်ရီး တစ်ယောက်ပဲရှိပါ…သည်။ ဒါပေမဲ့ ရုံးက တခြားကောင်မလေးတွေဟာလည်း သူ့ကို …ဝင်တစား ရောချင်နှောချင်ရယ်လို့ မရှိကြ။

ရွှေလသာကိုသာ တထိတ်ထိတ် အကဲခတ်နေကြပြီး …ကိုင်ပုံတော်လို့ ချီးမွမ်းစကားဆိုရင်း ရွှေလသာ ပြုံးပြလိုက် …ဆိုလျှင် သူတို့အဖို့ ဂုဏ်ထူးဆုလာဘ်ကြီးများ ပိုက်ရသလို …ဝမ်းသာနေကြတော့သည်။ ဘယ်လိုသော ဘဝပေးကုသိုလ် …ဘို့ကြောင့်ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေနွယ်ရိုးက သူ့ ခပ်မာမာပြောလိုက်၍ မျက်နှာ
ပျက်နေသော ရွှေဥက္ကာကို ကြည့်ကာ ...

"လေးလေးလက ကျွန်မကို ချီးကျူးတယ်"

"အဲဒီတော့ ဘာဖြစ်လဲ"

ရွှေဥက္ကာဟာ ကလေးဆန်သည်။ စိတ်ထားလည်း
ဖြူစင်သည်လို့ ရွှေနွယ်ရိုး ယူဆသည်။ ရွယ်တူမို့ ခင်လည်း
မိပါသည်။ ခုလိုဘုမှုတ်ပုံကိုတော့ အတော်ရယ်ချင်မိရင်း ...

"အဟိ .... သူ ချီးကျူးမခံရလို့ မနာလိုဘူး"

"ချီးကျူးခံရတာများ ဘာလုပ်ဖို့လဲ"

"ချီးကျူးခံရတာ ကောင်းတာပေါ့၊ ကဲ့ရဲ့ခံရတာသာ
မကောင်းတာ"

"ကျွန်တော့်ကိုတော့ ကဲ့ရဲ့တယ် မဟုတ်လား"

"ကဲ့ရဲ့တာတော့ ဘယ်ဟုတ်မလဲ၊ ရှင် ကျွန်မလော
အလုပ်အကိုင် အထာမကျတာတော့ ပြောတာပေါ့"

"လုပ်မှ မလုပ်တတ်တာ၊ စာရင်းအင်းနဲ့ ပတ်သက်
ဟိုးငယ်ငယ် လေးငါးတန်းတုန်းက သင်္ချာမှာ ဈေးစာရင်
ပုစ္ဆာမျိုး တွက်ဖူးတာကလွဲရင် လုံးဝဘာစာရင်းမှမတ
ဘူး၊ ကြက်တစ်ပိဿာ ခြောက်ကျပ်နှုန်းနဲ့ နှစ်ပိဿာ
ငရုတ်သီးခြောက် တစ်ပိဿာ ရှစ်ကျပ်နှုန်းနှင့် အဝက်သား





ငါးပိတစ်ပိဿာ လေးကျပ်ခွဲနှုန်းနှင့် တစ်ပိဿာငါးဆယ်
သား ... ဆိုတာတွေလေ ...

အဲဒါကလွဲရင် ဘာစာရင်းမှ မြင်တောင် မမြင်ဖူး
ဘူး ..."

ရွှေနွယ်ရိုးသည် ရွှေဥက္ကာ မျက်နှာကြီးကိုကြည့်ကာ
ဟက်ဟက်ပက်ပက် ရယ်မောရပါတော့သည်။

"နည်းနည်း လေ့လာလိုက်ရင် လွယ်ပါတယ် ရွှေဥက္ကာရဲ့၊
မကျွမ်းကျင်တောင်မှလေ ဘာမှ မခက်ခဲပါဘူး"

"မလေ့လာချင်ဘူး၊ ပျင်းတယ်"

"ပျင်းလို့ ရမလား၊ ယောကျ်ားတစ်ယောက် လုပ်နေပြီး"

"ရှာကျွေးစရာ မိန်းမမှ မရှိသေးတာ၊ နည်းနည်းနပ်လိုက်
ဦးမယ်၊ ရည်းစားရပြီ ဆိုရင်တော့ စတင်ပြီးတော့ ဘဝလေ့
ကို ကြိုးပမ်းလော့ခတ်ကောင်း လော့ခတ်မယ်"

ရွှေဥက္ကာ စကားကို သဘောမတူပေမဲ့ ရွှေနွယ်ရိုးက
ဒီဘက်ကို စိတ်မဝင်စားတော့ပဲ တစ်စုံတစ်ရာကိုသာ စိတ်ဝင်
စားသွားတော့ကာ ...

"ဒီမှာ ရွှေဥက္ကာ"

"ဘာလဲ"

"ရှင် ... လုံးဝ ရည်းစားမရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး"

"တစ်ခါမှ မရှိခဲ့တာလား၊ ဒါမှမဟုတ် ထားခဲ့ဖူးပြီးနောက် မှ သေသွားတာမျိုး ရှိလား"

ရွှေဥက္ကာက ရှုံ့မဲ့ရင်း ...

"အာ ... ဘာတွေ လာပြောနေပါလိမ့်ကွာ၊ ရည်းစားထား ပြီးမှပဲ ရည်းစားက သေသွားရဦးမယ်လို့၊ ပုံပြင်ဆန်ဆန် တွေ၊ ထားပြီး ကွဲသွားတာလားလို့ မေးရင် တော်သေးတယ် ခင်ဗျားက တစ်ခါတစ်ခါ စကားပြောရင် ဘာအဓိပ္ပာယ် တွေ ပါလာတယ် မသိဘူး၊ စိတ်ကူးခပ်ယဉ်ယဉ်ထဲကနေ တွေတယ်"

"မေးတာ ဖြေပါဦး"

"တစ်ခါမှကို မထားခဲ့တာ၊ ရှင်းလား၊ ရွှေဥက္ကာ ရည်းစား ထားချင်ရင် လက်တစ်ဖျောက်တီးရုံပဲ လွယ်တယ်၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ အရေးလုပ် မကြိုက်ဖူးလို့ ထားကိုမထား တာ"

"အမယ်လေး ... သိပ်လည်း ကြီးကြီးကျယ်ကျယ်တွေ ပြောမနေပါနဲ့ ရွှေဥက္ကာရယ်၊ ရည်းစား မထားဖူးဘူးဆိုရင် ပြီးနေတာပဲ"





"မထားဖူးဘူးဆိုရင် ကောင်မလေး တစ်ယောက်လောက် တောင် ရအောင်မလိုက်နိုင်လို့ မရှိဘူး ထင်နေဦးမယ်၊ လူညံ့ကြီး ဖြစ်နေဦးမယ်၊ ကျွန်တော်က မလိုချင်သေးလို့ မထားရသေးတာ"

"ဟုတ်ပါပြီ၊ အထင်မသေးပါဘူး လူတော်ကြီးရယ်၊ ရှင့် ကို မေးစရာရှိသေးတယ်"

"ဘာလဲ"

"လေးလေးလမှာရော ရည်းစားရှိသလားဟင်"

ထိုမေးခွန်းကြောင့် ရွှေဥက္ကာ မျက်နှာမှာ ရှုံ့တွမည်း ...ောင်သွားရပြန်သည်။ လာပြန်ပြီ။ ဒါကိုပဲ စိတ်ဝင်စားနေသည်။ ...ကယ်တော့ ရွှေဥက္ကာမှာ ရည်းစားရှိမရှိ၊ ရွှေနှယ်ရိုး မေးလိုက် ...က ရှေ့ပြေးနိဒါန်း ခင်းလိုက်တာလောက် ဖြစ်မှာ။

တကယ်တမ်း သိချင်တဲ့ မေးခွန်းက ခုမှ မေးတာလို့ ...ဥက္ကာက ရိပ်မိပါသည်။ လေးလေးလ အကြောင်း မေးချင်လို့ ...ကိုပါ ထည့်မေးတာ နေမှာပေါ့။

"ဒါက ဘာဖြစ်သွားတာလဲ ရှင်က ..."

"လေးလေးလမှာ ရည်းစားရှိတာ မရှိတာ ခင်ဗျားက ဘာ လုပ်မလို့လဲ"

"သိချင်လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ သိချင်ရတာလဲ"

"ရှင်က ဘာဖြစ်လို့ အဲဒီတန်ပြန်မေးခွန်းမျိုး ပြန်ထုတ်နေရတာလဲ၊ ရှိတယ် မရှိဘူး ဖြေလိုက်ရင် ပြီးနေတဲ့ကိစ္စပဲဟာ"

"ခင်ဗျား ဘာလို့ သိချင်ရတာလဲလို့"

"ဒါတော့ သိချင်တယ် ဆိုတာ သိချင်လို့ပဲပေါ့၊ ဘာကြောင့်ညာကြောင့် ခိုင်လုံနေစရာလိုလား၊ သိချင်လို့မေးတယ်ဒါပဲပေါ့"

ရွှေဥက္ကာက မှုန်တေတေ လုပ်နေပြီးမှ ...

"လေးလေးလမှာများ ရည်းစားတွေရော ရည်းစားမဖြစ်တဖြစ်တွေရော ရည်းစားလိုလို ဘာလိုလိုတွေကော အများကြီးမှ အများကြီးပဲ၊ လေးလေးလရဲ့ ရည်းစားငိုကကို ပြောရမယ်ဆိုရင် တစ်ထိုင်တည်းနဲ့ မပြီးဘူး"

ရွှေနွယ်ရီးသည် တစ်မျိုးကလေး ဖြစ်သွားရကာ...

"တကယ်ပဲလား ရွှေဥက္ကာရယ်"

"တကယ်ပေါ့"

ရွှေနွယ်ရီးသည် တကယ်တော့လည်း သူသိထားရတဲ့ မဖြူလဲ့ကိစ္စကို ဘာရယ် ညာရယ် မဟုတ် ဖစ်ဖစ်မြစ်မြစ် သိလိုစိတ် ပြင်းပြနေတာပင်။ ကိုယ်နဲ့မဆိုင်တာဖြစ်မှန်း သိပေမဲ့





ရွှေဥက္ကာတို့ ဦးရွှေလသာတို့ကို မြင်ဖူးပြီးတဲ့နောက် အဖြစ်မှန်ကို အလွန်ပင် သိချင်စိတ် ထက်သန်နေတာပါ။

မဖြူလဲ့ရဲ့ ချစ်သူကိုကိုဟာ ... ရောင်ရှားအုပ်သည့် အကျင့်တန်သည့် ယောကျ်ားတစ်ယောက်ပင်။ ဒါနှင့်တောင် သူမဟာ ဒီတွဝရီးနှင့် ကင်းကင်းမနေပဲ အလုပ်ဝင်လာတဲ့အထိ စိတ်ဝင်တစား ရှိမိနေသည်။

နဂိုကတည်းကပင် "ကိုကို"ဆိုသူဟာ ရွှေဥက္ကာ မဟုတ်လောက်ဘူးလို့ အလိုလို ထင်မြင်မိပြီးသားပင်။ ခုလိုသာ လေးလေးလဟာ တကယ်ပဲ ရည်းစားများသူ မိန်းမရှုပ်သူတစ်ဦး ဖြစ်နေလျှင် တရားခံဟာ လေးလေးလ ဖြစ်ဖို့ အတော်တောင် ပိုနီးစပ်ပြီ။

ထိုအတွက် စိတ်မကောင်းသလိုလို နမြောဝမ်းနည်းသလိုလို လက်မခံချင်သလိုလို ဖြစ်ကာ နှုတ်ဆိတ်ငြိမ်ကျသွားးမိသည်မှာတော့ ဘာကြောင့်ပါလိမ့်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## ၆

ရွှေလသာတို့ တူဝရီး ထမင်းဝိုင်းမှာ ညစာစားနေကြခိုက် ရွှေဥက္ကာရဲ့အမေ ဒေါ်ရွှေလပြည့်က အပြင်မှ ပြန်လာပါသည်။ ထမင်းစားခန်းထဲ တန်းဝင်လာ၍ စားပွဲမှာ ရှိနေပြီး သရက်သီးမှည့်စားနေသော ဘွားဘွားက ...

"ထမင်းတစ်ခါတည်း ဝင်စားမလား လပြည့်"

"မစားနိုင်သေးပါဘူး မေမေရယ်"

ရွှေလပြည့်က ညည်းညည်းညူညူကလေး ပြောလိုက်ကာ ကုလားထိုင်တစ်လုံးဆွဲ၍ ဝင်ထိုင်လိုက်ပါသည်။

"မော်လီ ဘယ့်နှယ်နေတုန်း"

ဘွားဘွား အမေးစကားကို ...





"အန်တီမော်လီက မရတော့ပါဘူး၊ အတော်အခြေအနေမကောင်းတာပဲ၊ သနားပါတယ်"

"ကျွန်တော် မနေ့က တစ်ခါထပ်ရောက်သေးတယ်"

"သတိတောင် မလည်တလည် ဖြစ်နေတယ် လသာရယ်၊ ဦးနှောက်သွေးကြော ထိတာများ ကြောက်စရာပဲနော်"

"ဖြစ်ဖြစ်ချင်းက လုံးဝသတိမလည်တာ၊ နှစ်ရက်နေတော့ ပြန်သတိဝင်လာသေးတယ်၊ အဲသလို တစ်ပတ်နီးပါးနေပြီးမှ ကောင်းမလိုလိုနဲ့ မနေ့ကမှ သတိရတစ်ချက် မရတစ်ချက် ပြန်ဖြစ်သွားတာ"

အန်တီမော်လီ ဆိုတဲ့ အမျိုးသမီးကြီးဟာ ရွှေလသာရဲ့ ကိုယ်ရေးအတွင်းရေးမှူး ဖြစ်ပါသည်။ ဟိုးအရင်ကတည်းက တစ်မိသားစုလုံးနှင့် ခင်မင်တဲ့သူ။ ဒေါ်ရွှေစင်ထက် ငယ်ရွယ်သော်လည်း ဒေါ်ရွှေစင်နှင့်ပါ ခင်မင်သည်။

အန်တီမော်လီက အရင်က နိုင်ငံခြားကုမ္ပဏီတစ်ခုမှ မျက်နှာဖြူရဲ့ စက္ကတရီ လုပ်တဲ့သူ ဖြစ်ပါသည်။ အရည်အချင်းပြည့်ဝ၍ အလွန်တော်သော စက္ကတရီတစ်ယောက်ပင် ဖြစ်သည်။ သူ့အလုပ်ရှင် မျက်နှာဖြူကုမ္ပဏီ ဖျက်သိမ်း၍ တိုင်းပြည်ပြန်တဲ့အခါ အန်တီမော်လီ အလုပ်လက်မဲ့ဖြစ်နေချိန် ရွှေလသာကလည်း



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေ စတင်တိုးချဲ့လုပ်ကိုင်တော့မည်ဖြစ်တဲ့ လွန်ခဲ့တဲ့ ရှစ်နှစ် ကိုးနှစ်လောက်ကတည်းက အန်တီမော်လီ့ကို ရွှေလသာရဲ့ **စက္ကတရီ (ကိုယ်ရေးအတွင်းရေးမှူး)** လုပ်ပေးဖို့ တောင်းဆိုရာထူး **ပေးခဲ့တာပင်။**

ဟိုးအရင်က ရွှေလသာမှာ စက္ကတရီရယ်လို့ မထားခဲ့။ **ကိုယ်စားလှယ်** သွင်းယူသည့် ပစ္စည်းအမျိုးအမည်တွေ များလာတဲ့ အခါ စက္ကတရီတစ်ယောက် ထားတော့မည်လို့ ဆုံးဖြတ်ကတည်းက စတင်လုပ်ကိုင်ပေးခဲ့သော အန်တီမော်လီဟာ အခုထိ။

အန်တီမော်လီရဲ့ အတွေ့အကြုံ ရင့်ကျက်ပြည့်ဝမှုကြောင့် လုပ်ငန်းခွင်မှာ အစစ အဆင်ပြေရသည်။ အန်တီမော်လီကိုလည်း ရွှေလသာက လစာကောင်းကောင်း ထိုက်ထိုက်တန်တန် ပေးထားသည်။ ခုလို ရုတ်တရက် အန်တီမော်လီက လေဖြတ်၊ ဦးနှောက်သွေးကြောထိတော့ ရွှေလသာမှာ တအားလျှော့သလို ဖြစ်ကာ စိတ်ပျက်လက်ပျက်ပင် ဖြစ်ရသည်။

"သား ငွေလေးဘာလေး ကူညီသေးလား"

"ဒီထက်တော့ ကုန်ကျမှာပေါ့၊ ဒါပေမဲ့ ကျွန်တော် ငွေသုံးသိန်းတော့ ကူညီထားတယ် မေမေ။ သူ့သားသမီးတွေက အားလုံးပြည့်စုံကြတော့ သူတို့ တတ်တော့တတ်နိုင်ကြပါတယ်၊ ကူညီတဲ့သဘောပဲပေါ့"





"အေး ... အေး ... လိုလို မလိုလို ကူညီတယ်ဆိုတာ ကိုယ့်ဘက်က Concern ပြတာပဲပေါ့"

"ခုတလော ချာလပတ်ကို ယမ်းနေတာပဲ၊ အန်တီမော်လီ မရှိတော့ ဖြုလယမ်းတား ဖြစ်နေတယ်၊ အန်တီမော်လီက အသေးစိတ်လေးကအစ စာနဲ့ရေးမှတ်တာ၊ ကျွန်တော်က ချက်ချင်း အဲလိုချမရေးထားလိုက်တတ်တော့ ဝိုးတိုးဝါးတား မရေမရာ မေ့လျော့ကုန်တာတွေ ရှိတယ်၊ ဒုက္ခရောက်လောက်အောင်သာ မဖြစ်သေးတာ၊ ခုတော့ ရေးမှတ်ကျင့်ကို လုပ်ယူနေရတယ်"

"နင် လူသစ် တစ်ယောက်တော့ ခန့်ရတော့မှာပေါ့ ရွှေလသာ"

"ခန့်ရမယ်၊ မခန့်လို့ မရဘူး၊ အခုက အစိတ်အပိုင်းတွေ သိပ်များလာတော့ ဟိုးအစတုန်းကလို ကိုယ့်ဟာကိုယ်မပြီးဘူး၊ စက္ကတရီ လိုကိုလိုအပ်တယ်"

"အန်တီမော်လီလောက် အားကိုးနိုင်တာမျိုး ရပါ့မလား"

"လွယ်တော့ ဘယ်လွယ်ပါ့မလဲ"

"မရနိုင်ဘူး ထင်တယ်"

"သတင်းစာထဲ ကြော်ငြာထည့်ခေါ်ရမယ်၊ ဒါပေမဲ့ အန်တီမော်လီနဲ့လောက်တော့ ဘယ်နည်းနဲ့မှ အဆင်မပြေနိုင်ဘူး ထင်တာပဲ၊ ကြော်ငြာတောင် ရှေ့သုံးလေးရက်နေရင်ပါ



www.burmeseclassic.com

www.burmeseclassic.com



လာမယ်၊ အန်တီမော်လီ ဘယ်လိုမှ မကောင်းနိုင်ဘူး။ သေချာမှ ကြော်ငြာထည့်တာလေ၊ ကြော်ငြာပါပြီးရင် လျှောက်တဲ့လူထဲက ရွေးချယ်ရဦးမယ်၊ ဒီကြားထဲမှာကို အဆောက်ဂျင်ဂျင်လည်နေပြီ"

"လေးလေးလ"

"ဘာလဲ"

"ဒီတစ်ခါ စက္ကူတရိခေါ်ရင် ယယ်ယယ်ခေါ်ပေါ့ဗျ"

"လာပြီ ... မင်းက၊ စကားအတည်တွေ ပြောနေရင် သူ့အာရုံရတာက တစ်မျိုး"

"မဟုတ်ဘူးလေ၊ လူယယ်မှ ဖျော်လတ်သွက်လက် တက်ကြွတာပေါ့"

"အန်တီမော်လီ ငါးဆယ့်ခြောက်နှစ်ကွ၊ အလွန်တက်ကြွဖျတ်လတ်တာ"

"ဒါမျိုးက ရှားပါတယ် လေးလေးလရ၊ တခြားအဘွားကြီးတွေ ဒီအရွယ်ဆိုတာ အိပ်ပုံပုံ ထုံထိုင်းနေတာ၊ သူတို့အိမ်ထောင်မှုကိစ္စနဲ့သူတို့ ခေါင်းရှုပ်နေတာ၊ အလုပ်ခွင်ထဲ စိတ်အပြည့် ပါနိုင်တာ မဟုတ်တော့ဘူးဗျ"

"ယေဘုယျအားဖြင့်တော့ ဟုတ်တာပေါ့ကွာ၊ ဒါပေမဲ့ ခုမှ စက္ကူတရိကိစ္စ အောင်ပြီးကာစ ချာတိတ်မကလေးတွေနဲ့တော့ မဖြစ်ဘူးကွ"





ရွှေဥက္ကာက ရွှေလသာကို မျက်ခုံးမြှင့်၍ ကြည့်ပါသည်။

"ငါလိုချင်တဲ့ အဓိကအချက်က လုပ်သက်အတွေ့အကြုံရင့်ကျက်နေရမယ် ဆိုတာပဲ၊ ဘာတစ်ခုမှ အသစ်ထပ်သင်ပြညွှန်ပြမနေရအောင် ပိုင်ပိုင်နိုင်နိုင် လုပ်တတ်ကိုင်တတ်ပြီးသား ဖြစ်နေရမယ်၊ အဲဒါမှ အလုပ်ဖြစ်မယ်"

"ဒါဖြင့် အဘွားကြီးပဲ ခေါ်မဲ့သဘောပေါ့"

"လာလျှောက်တဲ့ အထဲက ကြည့်ပြီး အကောင်းဆုံးရွေးရမှာပေါ့"

ထိုစကားဝိုင်းရဲ့ ခေါင်းစဉ်ဟာ နောက်တစ်နေ့ရုံးမှာ ရွှေဥက္ကာနှင့် ရွှေနွယ်ရီးတို့ နှစ်ယောက်ကြား စကားဝိုင်းလေးရဲ့ ခေါင်းစဉ်ပဲ ဖြစ်သွားပါသည်။ ရွှေဥက္ကာက သူ သိရသမျှကို ရွှေနွယ်ရီးကို ဖောက်သည်ချနေပါသည်။

ခုတလောအဖို့ ရွှေလသာဟာ အလုပ်ရှုပ် ဗျာများနေသည်ဖြစ်၍ အပြုံးမပျက်တတ်တဲ့ သူ့မျက်နှာမူရာပင် ပြောင်းလဲလျက်ရှိသည်။ မျက်နှာဟာ သုန်မှုန်မှုန် ဖြစ်နေတတ်ပါသည်။ သူကိုယ်တိုင် အခန်းထဲဝင်လိုက် ထွက်လိုက် အပြင်သွားစရာပေါ်တာတွေ ပြေးလွှားလိုက်၊ ခြည့်သည်လက်ခံတွေ့လိုက်နှင့် ရှုပ်ပွနေသည်နှင့် ရုံးခန်းက Staff တွေလည်းပဲ ရောနှောရှုပ်ထွေးနေရတော့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် အန်တီဒေစီ၊ ဦးထွန်းအောင်၊ ဦးမြသောင်းတို့ လူကြီးပိုင်း သုံးယောက်ကို သူ့အခန်းထဲခေါ်ထား၍ ကြောင်မရှိ ကြွက်ထသလို အပြင်ရုံးခန်းထဲတွင် အုပ်စုလိုက် ကြွက်စီ ကြွက်စီ စကားများနေကြသည်။ ထိုအထဲ ရွှေဥက္ကာနှင့် ရွှေနှယ်ရီးလည်း ပါသည်။

ရွှေဥက္ကာနှင့် ရွှေနှယ်ရီးသည် အတူတူ အလုပ်စ,ဝင်လာကြသလို ဖြစ်တာမို့၊ တခြားရှိနှင့်ပြီးသား ဝန်ထမ်းတို့နှင့် မေးထူးခေါ်ပြောကလွဲလျှင် သီးသီးခြားခြား ဆက်မခင်မိကြတော့ပဲ သူတို့နှစ်ဦး အချင်းချင်းသာ တစ်ဖွဲ့လို ဖြစ်နေသည်။

"ဒါဖြင့် စက္ကတရီအသစ် လာမှာပေါ့နော်"

"အင်း ... ဒါပေမဲ့ ခေါ်တဲ့ ကြော်ငြာတောင် နောက်သုံးလေးရက်နေမှ သတင်းစာမှာ ပါမယ်ပြောတယ်"

"အန်တီမော်လီ သနားပါတယ်နော်"

"အင်း"

"ပြန်မကောင်းတော့ဘူးပေါ့နော်"

"ဘယ်နေ့ လျှော့မလဲပဲ စောင့်နေရတာလို ဖြစ်နေပြီ"

"အန်တီမော်လီကြီးက ချစ်ဖို့ကောင်းတယ်၊ အန်တီဒေစီနဲ့လည်း သိပ်ခင်တာ၊ အန်တီဒေစီတောင် ခုနက အန်တီမော်လီ အခြေအနေ ပြောရင်း မျက်ရည်လည်သေးတယ်"





"လေးလေးလက စက္ကတရီအသစ်ခေါ်ရင် အသက်ကြီးကြီးထဲကပဲ လိုချင်တာ ပြောနေတယ်"

"အသက်ကြီးကြီးထဲက ခုလို အလုပ်သစ်ဝင်လျှောက်တာ ရှိပါ့မလား"

"မသိဘူးလေ"

"ဝါရင့် လုပ်သက်ရင့် စက္ကတရီ အမျိုးသမီးကြီးတွေဟာ သူတို့အလုပ်ခွင်ထဲမှာ သူတို့အလုပ်ရှင်နဲ့ အထာကျ အဆင်ပြေ အသုံးကျနေလို့သာ အသက်ကြီးတဲ့ထိ စက္ကတရီ ဆက်ဖြစ်နေသေးတာပေါ့၊ တော်ရုံလည်း မပြုတ်လွယ်တော့ဘူး၊ အသက်ကြီးလို့ အလုပ်နားမဲ့သူကလွဲရင် အလုပ်ခွင်အသစ်ကို လျှောက်မဲ့သူ ရှိမှာမဟုတ်ဘူး"

"စက္ကတရီမ ငယ်ငယ်လေးတော့ မလာစေချင်ပါဘူး၊ ကျွန်တော်တို့ပါ သူ့ကို လေးစားနေရဦးမယ်၊ သူကတစ်ဆင့် စီမံခန့်ခွဲတာတွေ ရှိတာကိုး၊ ခပ်ငယ်ငယ်ကို ကြောက်နေရရင်တော့ မနိုပ်ဘူး"

"လေးလေးလကလည်း ကျွန်မတို့လောက် အသက်နှစ်ဆယ်လောက်ကို ဘယ်ခန့်မှာလဲ၊ ဒီအရွယ်ဆိုရင် ဘာအိတ်စ်ပီးရီးရဲင့်စ် ရှိမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေလသာရဲ့ သီးသန့်ရုံးခန်းတံခါးပွင့်ကာ အန်
ဒေစီတို့သုံးဦးထွက်လာ၍ ရုံးခန်းထဲမှာ ပွစိပွစိစကားများ ပြော
နေကြတဲ့ အသံတွေ ချက်ချင်းပဲ ငြိမ်တိတ်သွားပါသည်။ အန်
ဒေစီက ရွှေနှယ်ရီး အနီးမှ သူ့စားပွဲရှိရာ လျှောက်လာရင်း

"ရွှေနှယ်ရီး ... သမီး၊ ခေါ်တယ်၊ ဝင်လိုက်ဦး"

ရွှေနှယ်ရီးက အံ့အားတသင့်နှင့် ...

"ဘာစာရင်း ယူသွားဖြရမှာလဲ အန်တီ"

"ဘာမှ မယူနဲ့၊ သူပြောတာပဲ နားထောင်ခဲ့"

ရွှေနှယ်ရီးက ရွှေဥက္ကာကို တစ်ချက်ကြည့်
ရွှေလသာရဲ့ ရုံးခန်းဆီ ဝင်ရောက်သွားပါသည်။ အပြင်မှာ
ခဲ့တဲ့ ရွှေဥက္ကာဟာ ခေါင်းပုံထူးခြားတာကို မဆိုင်သလိုပဲ မနေ
ရွှေနှယ်ရီး ပြန်ထွက်လာမှ မေးကြည့်ဖို့ကိုပင် မစောင့်နိုင်ပဲ

"ဘာကိစ္စလဲ အန်တီဒေစီ"

"သူ့ကို ခိုင်းစရာရှိလို့ပါ"

"အန်တီဒေစီတို့ကိုကော ဘာခေါ်ပြောတာလဲဟင်"

အမှန်တော့ ရိုးရိုးဝန်ထမ်းတစ်ယောက် ဆိုလျှ
မေးရဲမှာလည်း မဟုတ်၊ ဒေါ်ဒေစီလည်း ဖြေချင်မှဖြေမှာ ဖြစ်
ရွှေဥက္ကာဟာ သူ့ထံမှာ အလုပ်သင်နေသော်လည်း ကုမ္ပဏီ
ယာတစ်ဝက်ရဲ့ အမွေခံလို့တော့ သိထားရတာမို့ လူရေးလူ
သွင်းကာ ...





"ရွှေဥက္ကာရဲ့ဦးလေးလည်း ခုတလော အလုပ်သိပ်များတယ်
မဟုတ်လား၊ မမော်လီ မရှိတော့ လစ်ဟင်းတာတွေရှိတယ်၊
ဒါကြောင့် စက္ကတရီ အသစ်ခန့်ဖို့ ရှိတယ်လေ"

"အဲဒါတွေ ကျွန်တော် သိပါတယ်"

"စက္ကတရီ အသစ်ကလည်း လျှောက်လွှာခေါ်ရဦးမယ်၊
လူတွေ့ရ စစ်ဆေးရဦးမယ်၊ ခုလောလောဆယ်ကို ဦးရွှေ
လသာမှာက မနိုင်မနင်း လစ်ဟင်းမှုတွေ ရှိနေပြီ"

"ဒီတော့ ..."

ရွှေဥက္ကာက စိတ်မရှည်လှသလို စကားထောက်

"လောလောဆယ် ရွှေနှယ်ရီးကို လိုတာခိုင်းဖို့"

ရွှေဥက္ကာ မျက်နှာ ချားက ပင့်တက်သွားပြီး ...

"ဘယ်လို လိုတာခိုင်းဖို့လဲ"

ရွှေဥက္ကာ ဟန်ပန်ကြောင့် ဒေါ်ဒေစီပင် ကြောင်အမ်း
ဖြစ်သွားပြီး ရွှေဥက္ကာကို အကဲခတ်ကြည့်သည်။

"စက္ကတရီ မရခင်စပ်ကြား ရွှေနှယ်ရီးက သူ့နားနေပြီး
လိုတာရေးမှတ်၊ ဖုန်းဖြေ၊ အပွိုင့်မဲန့် လုပ်ပေး စသဖြင့်
ယာယီသဘော ဆောင်ရွက်ပေးရမှာပေါ့"

"ဟင် ... သူက စာရင်းကိုင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒါပေမဲ့ ခဏပဲလေ၊ လူစားမရသေး
လစ်ဟင်းတာတွေ မရှိအောင် ဘော်စ်ကိုယ်တိုင်ကိုယ်
ဝင်မလုပ်သင့်ပဲ လုပ်နေရတာတွေ ခိုင်းရအောင်၊ ကြော်
ပါမှာနဲ့ လျှောက်လွှာလာမှာနဲ့ ခန့်မှာနဲ့ နောက်ထပ်နှစ်
လောက် အနည်းဆုံး လူလိုနေမှာလေ၊ ဒါကြောင့် ...

ရွှေဥက္ကာ မျက်နှာက မကျေမချမ်း မကြည်မလင်
မှုန်တေလာသည်။ ကြည့်စမ်း ... လေးလေးလ အကြံကြီးပြီ

"ဒါဖြင့် အန်တီဒေစီတို့ကို လေးလေးလက ခုန အ
ခေါ်ပြောတာပေါ့"

"ဟုတ်တယ်၊ တိုင်ပင်တာပေါ့၊ သူ့အတွက် လူတစ်ယော
လိုတယ်၊ အဲဒါ ဘယ်သူအဆင်ပြေမလဲဆိုတာ၊ အန်တီ
အကြံဉာဏ်ပေးတာပေါ့"

"အန်တီတို့က အကြံဉာဏ်ပေးတာလား၊ လေးလေးလ
ရွှေနွယ်ရိုးကို ခန့်ကြည့်ရင် ဘယ်လိုနေလဲလို့ ခေါ်မေး
လား"

ဒေါ်ဒေစီသည် အသက်လေးဆယ်ကျော်နေသေ
လည်း ခေတ်မတုံးသေးသူဖြစ်ရာ ရွှေဥက္ကာ ဘာဖြစ်နေပြီကို အ
ခနဲ ရိပ်မိပါသည်။ ရွှေဥက္ကာဟာ တစ်ချိန်လုံး ရွှေနွယ်ရိုး အနား
တကပ်ကပ်။ ရွှေနွယ်ရိုးနှင့် အရောတဝင် လုံးနေတဲ့ ကောင်လေး





တို့ တစ်လမ်းတည်း နေကြတာလည်း ရှိသည်။ စိတ်ဝင်စား
ောင်း ဝင်စားနေမည်ပေါ့။ ကြံရွယ်ကောင်း ကြံရွယ်ထားမည်ပေါ့။

ဦးရွှေလသာက ရွှေနွယ်ရိုးကို ခုလို အနားခေါ်ခိုင်း
းလိုက်တဲ့ ကိစ္စမှာ သူ့ဦးလေးကိုသူ မကြည်မသာ အထင်လွှဲ
ပြီ။ တစ်ချက်က သူနှင့်ရောနှောရင်းနှီးမှုကို ခွဲခြားဝေးကွာစေ
တာလို့ ထင်ကောင်းထင်မည်။ ဒီ့ထက်ပိုလျှင် နောက်တစ်
က ဦးရွှေလသာ ကိုယ်တိုင်က ရွှေနွယ်ရိုးကို သူ့အနား ခေါ်
းချင်လွန်းလို့ဟုပင် အထင်လွှဲနိုင်သေးသည်။

"အန်တီတို့ အကြံဉာဏ် ပေးကြတာလေ၊ ဘော့စ်ဆီခဏ
လွှဲပေးလိုက်လို့ ဒီအပြင်မှာလည်း အလုပ်ပျက်ကွက် လစ်
ဟင်းမသွားဖို့ လိုတယ်မဟုတ်လား၊ ဒီတော့ ဦးထွန်းအောင်
ရော ဦးမြသောင်းရော အန်တီရောက အန်တီ့ဆီက တစ်
ယောက်ယောက် ခဏခိုင်းပေးဖို့ ဆန္ဒတူတယ်၊ ခုဆိုရင်
အန်တီ့လက်အောက်မှာ စာရင်းအင်းပိုင်းမှာ ရွှေဥက္ကာရော၊
ရွှေနွယ်ရိုးရော၊ ညိုညိုအောင်ရော သုံးယောက် ရှိနေတယ်
လေ ...

အန်တီက ပထမတော့ တူဝရီးချင်းလည်းဖြစ်တဲ့
ရွှေဥက္ကာကို ခေါ်ခိုင်းပါလားလို့ အကြံပေးသေးတယ်၊
ဒါပေမဲ့ ဦးရွှေလသာက ရွှေဥက္ကာတော့ မဖြစ်ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဘဖြစ်လို့"

ခေါ်ခေါစိက ရယ်မောရင်း ...

"တူနဲ့ ဦးလေး ဖြစ်နေတော့ အိမ်မှာလည်း သားက အပေါ် သူငယ်ချင်းပေါင်း ပေါင်းတာ၊ ဂျစ်ကန်ကန် တာလေးတွေ ရှိတတ်တော့ အကျင့်ပါပြီး ရုံးအလုပ် မှာပါ ဒီပုံစံ ဖြစ်နိုင်တယ်တဲ့၊ ခုလို သူနဲ့တွဲလုပ်နေရ မဟုတ်ပဲ အန်တီ့ဆီမှာ ဆိုတာက တစ်မျိုးလေ၊ သူတို့ ရိုက်နိုင်းရတာ မဟုတ်ဘူးမို့လား ..."

ခုဟာက အနားနေပြီး ကျိုးနွံအလိုက်သိနေရ သားနဲ့ မဖြစ်ဘူးတဲ့၊ မှန်ပါတယ်၊ အဲဒါလည်း ဟုတ်တ ယောကျ်ားလေး တူဝရီးချင်း သိပ်အဆင်မပြေနိုင် အမှန်ပါပဲ၊ ဒါနဲ့ အန်တီက ရွှေနွယ်ရီးနဲ့ ဆိုရင် သင့်တေ မယ်လို့ ပြောပြတာပေါ့"

အင်း ... လေးလေးလတို့ အကြိုက်ကျသွားမှာပေါ့

"မညိုညိုအောင်ရော"

"ညိုညိုအောင်က နည်းနည်းလေး နေးတယ်၊ ချက်ဆို ခွက်က မီးတောက်တာမျိုး နည်းတယ် သားရဲ့၊ အတွင်း ရေးမှူးနေရာ နေမဲ့သူဟာ ဖျတ်လတ်နေ့ရမယ်၊ ဉာဏ်ပြေ နေရမယ်၊ ရွှေနွယ်ရီးနဲ့ ပိုကိုက်တယ်"





"ဒီတော့ လေးလေးလက လက်ခံတယ်ပေါ့"

"အင်းပေါ့၊ သူ့ပဲခိုင်းကြည့်တာပေါ့လေတဲ့၊ အတွင်းရေးမှူး အစစ်မရခင် ခဏပဲဟာ၊ နှစ်ပတ်လောက်ပဲလေ၊ ဒီလိုပဲ အဆင်ပြေတဲ့သူ ခဏခိုင်းထားရတော့မှာပေါ့ ရွှေဥက္ကာ ရဲ့"

ရွှေဥက္ကာ ဘာမှ ဆက်ပြောစရာ စကားမရှိ၍ နှုတ် ဆိတ်လိုက်ရပါသည်။ ဒီထက်လည်းပို၍ မေးလားမြန်းလား လုပ်ဖို့ သင့်။ ကိုယ့်စိတ်ထဲမှာတော့ ဘယ်လိုရှိရှိ ရှိသမျှကို အပြင်က သူစိမ်းလူတွေကို လျှောက်ပြောနေလို့တော့ ဘယ်ဖြစ်ပါမလဲ။ လေးလေးလက လူကြီး။

လေးလေးလ ရွှေနွယ်ရီးနဲ့ မရင်းနှီးရလို့ အခွင့်အရေး ရတုန်းလေး ဉာဏ်ကစားပြီး အကွက်ဖန်လိုက်တာ မဟုတ်လား လို့ စိတ်ထဲက မေးခွန်းထုတ်နေပေမဲ့ အပြင်မှာတော့ ဤသို့ ပြောဖို့ မဖြစ်တာကို ရွှေဥက္ကာ နားလည်သည်။ ရွှေလသာရဲ့ ဂုဏ် သိက္ခာကို ထည့်စဉ်းစားရဦးမည်။

ဤသို့ အပြင်ခန်းမှာ ရွှေဥက္ကာ မကျေမချမ်း ဖြစ် နေခိုက် အတွင်းခန်းမှာတော့ ရွှေနွယ်ရီးသည် ဦးရွှေလသာ ပြော လိုက်သော စကားကြောင့် အံ့အားတသင့် ဖြစ်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဒေစီ၊ ဦးထွန်းအောင်၊ ဦးမြင့်သောင်းတို့က မင်းနဲ့သင့်လျော်တယ်လို့ ပြောကြတယ်၊ အဲဒါ မင်း နှစ်ပတ်လောက် ကြိုးစားပြီး တာဝန်ယူနိုင်မလား ရွှေနွယ်ရီ၊ တကယ်တော့ မင်းတတ်တဲ့ပညာရပ်က စာရင်းအင်းပိုင်း၊ စက္ကူတရီနေရာကို မကျွမ်းကျင်နိုင်ဘူးဆိုတာ နားလည်ထားတယ်၊ ကျန်တဲ့ ဝန်ထမ်းအားလုံး ဒီလိုပဲ ဘယ်သူမှတော့ ကျွမ်းကျင်တဲ့သူ မရှိဘူး ...

မကျွမ်းကျင်ကြတာချင်း အတူတူ မင်းက ဖျတ်လတ်တယ်၊ ဉာဏ်ပြေးတယ်၊ ချက်ဆို နားခွက်ကမီးတောက်တာမျိုး၊ Pick up သိပ်မြန်တယ်လို့ မဒေစီက ထောက်ခံတယ်၊ သူ့ဆီကတစ်ယောက် ခဏလွှတ်ရမှာ သူကလည်း လွှတ်ပေးနိုင်တယ်၊ ဒီတော့ ကိုယ်ကလည်း မင်းကိုပဲ တာဝန်ယူခိုင်းကြည့်မယ် စိတ်ကူးတယ် ...

ဘယ့်နှယ်လဲ ... ကြိုးစားနိုင်မလား"

လုပ်ချင်လားလို့ မေးရင်တော့ တစ်မျိုး။ ကြိုးစားနိုင်မလား ဆိုတာက လုပ်ကိုလုပ်ရတော့မဲ့ အလုပ်တစ်ခုကို ကြိုးစားပြီး လုပ်မလား ဆိုတဲ့သဘော။ မကြိုးစားနိုင်ပါဘူးဆိုရင်လည်း ကိုယ်ညံ့ရာ ကျဦးမည်။





အမှန်တော့ ရွှေနွယ်ရီးသည် ဒီနေရာကို နှစ်ပတ်သောက်ကလေး လုပ်ဖို့ကိုပင် ရင်ခုန်တုန်လှုပ်နေသည်။ အမှားအယွင်းရှိရင်လည်း တစ်ခက်။ အမှားအယွင်းကတော့ အနည်းနှင့်အများ ရှိမှာပင်။ ကိုယ်မှ မလုပ်ဖူးတာ။ မှားယွင်းသွားတာကအောင်ကို မှတ်ထားပြီး ပြင်လို့ရပါသည်။ လေးလေးလ အနားအစ်ချိန်လုံး နေရတော့မှာကကျတော့ ...။

ရွှေနွယ်ရီးသည် သူ့ကို ခပ်ပြုံးပြုံး ကြည့်နေသောသားလေးလကို တစ်ချက် တစ်ချက် ပြန်ကြည့်ရင်း လက်များသားတွေ အေးနေသည်။ လေးလေးလ အပြုံးက သန့်ရှင်းကြည်အေးပါသည်။ ကလေးတစ်ယောက်ကို မေးခွန်းပေးထားပြီး အဖြေအောင့်နေတဲ့ ဆရာတစ်ယောက်ရဲ့ သဘောကောင်း စိတ်ရှည်တဲ့ အပြုံးမျှသာပင်။ သူမမှာသာ ရှက်ကြောက်နေမိတာ။

အန်တီမော်လီ ရှိတုန်းက အန်တီမော်လီဟာ ဦးရွှေလသာ အခန်းဝနားက သူ့စားပွဲကလေးမှာ နေရတယ်ပဲ မရှိ။ အစဉ် ဦးရွှေလသာရဲ့ အခန်းထဲမှာသာလိုလို တကုပ်ကုပ်အလုပ်များနေသည်။ ကိစ္စစိစ္စရှိလို့ ဦးရွှေလသာ အပြင်ထွက်ရရင်လည်း များသောအားဖြင့် တတွဲတွဲကပ်ကာ အန်တီမော်လီ ပါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... ကိုယ်လည်း အဲသလို နေရမဲ့သဘောပေါ့။ ဤအတွက် **ရွှေနွယ်ရီး** ထိတ်လန့်ရင်ဖိုနေပါသည်။ အန်တီမော်လီ **အ ဘာအရေး**လဲ။ လူကြီး။ အဘွားကြီး။ ကိုယ်ကတော့ ငယ် **ရွယ်သေးတဲ့** အပျိုမလေး။ ပြီးတော့ လေးလေးလ ဆိုတဲ့ အဲဒီ **ဦးရွှေ**လသာဟာ လူကောင်းလေလား လူဆိုးလေလား ဆိုတာကို ခုထိ သူမ သဲကွဲသေးတာမဟုတ်။

မိန်းမရှုပ်ရှုပ် လက်ရဲဇက်ရဲ လူတစ်ယောက်များဆိုလျှင် ဘယ်လိုများ နေမည်နည်း။ တကယ်တော့လည်း ရုံးခန်းမကြီးထဲက ရုံးခန်းငယ်လေးထဲမှာ ဘာမှတော့ ဆိုးဆိုးဝါးဝါး အန္တရာယ်မဖြစ်လောက်ပါဘူး။ ဒါကိုတော့ သိပါသည်။ ကားနဲ့ အတူသွားလာတော့ကော အန္တရာယ်ကြီးလှချည်ရဲ့တော့လည်း မဟုတ်ပါဘူး။

သူ ရှုပ်လို့ရဖို့က ကိုယ်ကလည်း အရှုပ်ခံဦးမှပါ။ ပြီးတော့ နှစ်ပတ်တာလောက် အချိန်ကာလကလေး ဆိုတော့လည်း ...။

"ကဲ ..."

ဦးရွှေလသာ ထံမှ အသံတစ်ချက် ထွက်လာ၍ ငြိမ်နေသော ရွှေနွယ်ရီးရဲ့ ကိုယ်လေး လှုပ်ရှားသွားသည်။





"ဘာတွေ ဒီလောက်စဉ်းစားနေသလဲ၊ ဆံပင်တွေ ဘာတွေလည်း ဖြူကုန်ပါဦးမယ် ရွှေနွယ်ရီးရယ်"

"ဟို .... ဟို ... ကျွန်မ စဉ်းစားနေတာက ..."

"အင်း"

"ကျွန်မက ဘာမှ နားမလည် မကျွမ်းကျင်တော့ လုပ်တာကိုင်တာ အမှားအယွင်းရှိတာ ပေါ့လျော့သွားတာ၊ လိုအပ်သွားတာ၊ လေးလေးလ စိတ်တိုင်းကျစရာ မဖြစ်တဲ့အခါတွေမှာ ဟို ... အဆူခံရမှာ ကြောက်တယ်"

ရွှေလသာ မျက်ခုံးများက မြင့်တက် သွားပြီးလျှင် ...

"အဆူခံရမှာ ကြောက်တယ် ! ..."

"ဟုတ်ကဲ့"

ရွှေလသာက ပြောပုံလေးကို နှစ်သက်မြတ်နိုးသဘောကျခြင်းဖြင့် တိုးတိုး ရယ်မောနေလိုက်မိပါသည်။

"အဆူခံရမှာ မကြောက်ပါနဲ့၊ မင်းက စက္ကတရီရာထူး အတွက် ကျွမ်းကျင်ပါတယ်ဆိုပြီး အလုပ်လျှောက်လာဝင်လာတာမှ မဟုတ်ပဲ၊ ခုဟာက ခဏတဖြုတ် လိုအပ်တုန်းလေး လူမရှိလို့ မင်းကို အကူအညီတောင်းတဲ့သဘောမျိုးပါတဲ့ တာဝန်ပေးမှုပါ၊ မင်း အန်တီမော်လီလောက်



www.burmeseclassic.com

www.burmeseclassic.com



မကျွမ်းကျင်နိုင်ဘူး ဆိုတာတော့ အားလုံးအသိ၊ ကိုယ်လည်းအသိ၊ လက်ခံရမှာပေါ့ …

တော်ရုံတန်ရုံ မှားယွင်းလို့လည်း အဆူခံရစရာ မရှိပါဘူး၊ ခွင့်လွှတ်ရမှာပေါ့၊ မင်းဘက်ကသာ နည်းနည်းကြိုးစားပမ်းစားလေး ခဏတာဝန်ယူပေးဖို့ လွှယ်မလွှယ်”

“ကျွန်မ ကြိုးစားဖို့တော့ အာရုံစိုက်ပါတယ်”

“ဒါဖြင့် နှစ်ပတ်လောက် ကိုယ့်တာဝန်တွေ နည်းနည်းခွဲယူစမ်းပါ၊ စက္ကူတရီ အသစ်လည်း မြန်မြန်ရှာမှာပါ၊ ကိုယ်လည်း ခေါင်းတွေရှုပ် အာရုံတွေ နောက်နေပြီ၊ ဘာမဟုတ်တဲ့ ဖုန်းပြောတာလေးကအစ ကိုယ်တိုင်လက်ခံနေရတယ်၊ ကိုယ်တိုင်မပြောပဲ လက်ထောက်နဲ့ ပြီးရမဲ့ကိစ္စကို ကိုယ်တိုင်ဝင်လုပ်နေရတော့ ကိုယ်တိုင်လုပ်မှဖြစ်မဲ့ အလုပ်ကိစ္စတွေအတွက် အာရုံပျက်သလို ဖြစ်နေတယ် ရွှေနှယ်ရီးရယ်”

ရွှေလသာ ပြောပုံက တိုင်တိုင်တည်တည် ညည်းညည်းညူညူ ဆန်လှတာမို့ ရွှေနှယ်ရီးမှာ ငြင်းရခက်ပါသည်။ ငြင်းမယ်ရယ်လို့လည်း စိတ်ကူးရှိလို့ မဟုတ်ပါ။ မထင်မှတ်ဝ၂၂မို့ အံ့သြပြီး တစ်ခါမှ မလုပ်ဖူးတာမို့ စိတ်လှုပ်ရှားလျက် သူ့အနား နေရမည်မို့ တုန်လှုပ်နေတာပင်။





“ဟုတ်ကဲ့”

“ဘယ်လို ဟုတ်ကဲ့လဲ၊ ကူညီမယ်ပေါ့”

“ကူညီမယ် ဆိုတာထက် လေးလေးလ တာဝန်ပေးတာ ခိုင်းတာကို လုပ်ပါမယ်”

“အိုကေ … ဟုတ်ပြီ၊ ကဲ … ဒါဖြင့် အပြင်ပြန်ထွက်၊ မဒေစီကိုပြော၊ စက္ကူတရီ ခဏလုပ်ရမယ်ဆိုတာ ကိုယ့်အထက်လူကို သတင်းပို့တဲ့ သဘောပေါ့၊ သူလည်းသိတော့သိပြီးပါပြီ၊ ပြီးရင် ဒီအခန်းထဲ လာပေတော့၊ ဒီမယ် ဖုန်းကွန်တက်က် ပြန်လုပ်ရမဲ့ List ကြီး၊ ရှည်လှပြီ၊ ဖုန်းမဆက်အားလို့ ဘေးရွှေ့ထားရတယ်၊ လူစာရင်းနဲ့ ပြောရမဲ့ ပြန်ကြားရမဲ့ကိစ္စ အတိုကောက် တွဲမှတ်ထားတယ် …

အရင်ဦးဆုံး ဒီဖုန်းတွေ လာထိုင်ဆက်ပေးပေတော့”

“ဟုတ်ကဲ့”

“ကဲ … သွား”

ဇဝေဇဝါကလေး တစ်မျိုးကလေး ထ,ထွက်သွားတဲ့ ရွှေနှယ်ရီး ပုံစံကို ရွှေလသာက ပြုံးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ရွှေနှယ်ရီးသည် အပြင်ရောက်လျှင် အန်တီဒေစီ့ကို အကျိုးအကြောင်းပြောဖို့ ပါးစပ်ဟ,ရုံရှိသေး …



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... ဘော့စ်အလုပ်တွေ ကူရမယ် ... ဟုတ်လား၊ အေး ... သွား ... သွား ... ရတယ်၊ ကြိုးစားပြီး လုပ်ပေါ့ သမီးရယ်၊ ကိုယ်မကျွမ်းကျင်ပေမဲ့လည်း သမီးက Bright ဖြစ်ပါတယ်၊ သေချာလုပ်လိုက်နော် သမီး"

"ဟုတ်ကဲ့ အန်တီဒေစီ"

ရွှေနှယ်ရီးက ရွှေဥက္ကာထံ ကြည့်လိုက်ပါသည်။ မလိုတမာ မျက်နှာမျိုး စူပုပ်နေတဲ့ ရွှေဥက္ကာကို ရယ်ချင်မိကာ အခန်းဆီ မေးဆတ်၍ ပြုံး၍သာ နှုတ်ဆက်လိုက်သည်။ ရွှေဥက္ကာက အန်တီဒေစီ မကြားအောင် ခပ်တိုးတိုးအသံနိမ့်၍ ...

"သိပ်လည်း တော်အောင် ကောင်းအောင် ကြိုးစားမနေနဲ့"

"ဘာဖြစ်လို့လဲ၊ လုပ်မှတော့ ကောင်းအောင် ကြိုးစားရမှာပေါ့ ရွှေဥက္ကာရဲ့"

"သိပ်တော်ပြီး သိပ်အားကိုးနေရရင် စာရင်းအင်းဘက် ပြန်မရွှေ့ရတော့ပဲ တစ်သက်လုံး စက္ကတရီ ဖြစ်သွားမှာစိုးလို့ ပြောနေတာ၊ ဘာလဲ ... ခင်ဗျားက စက္ကတရီပဲ လုပ်ချင်တာလား"

ရွှေဥက္ကာရဲ့ ထေ့ငေါ့စကားကို မကျေနပ်၍ ရွှေနှယ်ရီးက တမင်တကာပင် ...

"ဒါတော့ လေးလေးလ ခိုင်းတာ လုပ်ရမှာပဲ"





"သိပါတယ်၊ လေးလေးလ သဘောကျအောင်ပဲ နေချင်တယ်ဆိုတာ"

"ရွှေဥက္ကာနော် ...၊ အဲဒါ ဘာစကားလဲ၊ လေးလေးလနဲ့ တိုင်ပြောမယ်၊ ကျွန်မက ဝန်ထမ်းပဲဟာ၊ ခိုင်းတဲ့နေရာ လုပ်ရမှာပဲ၊ လုပ်ရတဲ့ တာဝန်မှာလည်း ကျေပွန်အောင် တော်အောင် ကြိုးစားရမှာပဲ"

လှည့်ထွက်သွားတဲ့ ရွှေနှယ်ရီးကို ရွှေဥက္ကာက မကျေနပ်ကြည့်ပြီး ကျန်ရစ်သည်။ ရွှေနှယ်ရီးကိုလည်း မကျေနပ်၊ ရွှေလသာကိုလည်း မကျေနပ်။ ဒါ ဘာဖြစ်လို့လဲ။ သူ ရွှေနှယ်ရီးကို တကယ်ချစ်မိနေပြီလား။ ဒါကိုတော့ သူ့ဟာသူပင် သိပ်နားလည်ပေ။ လေးလေးလ အပေါ် ရွှေနှယ်ရီးက ပိုပြီး အလေးထားမှာကိုတော့ မခံချင် ဖြစ်မိတာ သေချာသည်။

ရွှေနှယ်ရီး အဖို့တော့ ထိုတစ်နေကုန် ဖုန်းဆက်သတင်းပို့စရာတွေ ပို့ရတာ၊ ဖုန်းလက်ခံနားထောင်၍ ပေးသင့်တဲ့ဖုန်း လေးလေးလကိုပေး၊ ကိုယ်ဖြေတန်တာဖြေ၊ ရတဲ့ Message တွေရေးမှတ်။ လုပ်စရာတွေ ရက်ချိန်းနှင့် လေးလေးလ လုပ်ငန်းဒိုင်ယာရီမှာရော ကိုယ့်အတွက် ဒိုင်ယာရီလေးပါ တစ်အုပ်ထား၍ ရေးမှတ်ပေး။ လေးလေးလ ရှာခိုင်းတဲ့ စာရွက်စာတမ်းတွေ ရှာပေး။ အပြင်ခန်းကို ညွှန်ကြားစရာ ခိုင်းစရာရှိတဲ့လူထံခိုင်း။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမခက်ခဲတဲ့ အလုပ်တွေပေမဲ့ အဆင်ပြေချင်ဖော့နှင့် အဆော
စိတ်မောသွားသည်။

နေ့လယ်နှစ်နာရီတွေကျ လေးလေးလကို အန်
မော်လီက မီးဖိုထဲ ကိုယ်တိုင် ကော်ဖီတစ်ခွက် ဖျော်ပေးတာ
မြင်နေကျမို့ အချိန်ကိုက် ဖျော်ယူလာကာ ချပေးလိုက်လျှင်တော့
လေးလေးလ ထံမှ နှစ်လိုရွှန်းလက်သော အပြုံးတစ်ခုကို ခွန်အား
တိုးချင်စရာ လက်ခံရပေသည်။

❀ ၆ ❀





❀ ၇ ❀

"လေးလေးလ"

ဖုန်းခွက်လေးကို လက်ကိုင်အုပ်ကာ ရွှေနှယ်ရီး ခေါ်သံ
ကြောင့် ရွှေလသာက ငုံ့ကြည့်လိုက်လျှင် ...

"မမဥ္စူတို့"

ရွှေလသာ အနား ယာယီအတွင်းရေးမှူး အလုပ်က
လေးရက်လောက် ရှိပြီဆိုလျှင်ပင် ရွှေနှယ်ရီးသည် ဘယ်သူ
ယ်ဖုန်းဟာ အရေးပါ၍ ရွှေလသာနှင့် တိုက်ရိုက်ပြောရမည်။
ယ်သူဟာ ကိုယ်မှတစ်ဆင့်ပဲ Message ယူထားလိုက်လို့ရပြီ
တာကိုဖြင့် ခွဲခြားသိပေပြီ။

သို့သော် ရုံဖန်ရံခါ ကြားညပ်ဝင်လာတတ်သော
ဘုပ်ကိစ္စ ဟုတ်ပုံမရသည့် အမျိုးသမီးတို့ရဲ့ ဖုန်းခေါ်သံတို့ကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆုံးဖြတ်ဝေခွဲရ ခက်လှ၍ ရွှေလသာ ပြောမည် မပြောမည် မေးရပါသေးသည်။

"ညွှံ့သည်နဲ့ စကားပြောနေတယ်လို့ ပြောလိုက်"

"ဟုတ်"

ရွှေနှယ်ရီးက ဖုန်းခွက်ကို အုပ်ထားတဲ့ လက်ဝါးကလေးကိုဖယ်ကာ ရွှေလသာ မှာတဲ့အတိုင်း တစ်ဖက်ကို ပြန်ကြားရပါသည်။

"ညွှံ့သည် ရောက်နေတာက တကယ်ပဲလား"

"ဟုတ်ပါတယ်ရှင်"

"ဒါဖြင့် ဘယ်လောက်နေရင် ပြန်ဆက်လို့ ရမလဲ"

"ဟို ... ဦးရွှေလသာက ညွှံ့သည်နဲ့ လိုက်သွားစရာကိစ္စ ရှိပါတယ်"

"သူ့ဟဲန်းဖုန်းကလည်း ပိတ်ပိတ်ထားတယ်"

"အစ်မကိစ္စရှိတာလေး မှာခဲ့လို့ရပါတယ်ရှင်"

"မမှာခဲ့တော့ပါဘူး၊ ဆက်တယ်ဆိုတာသာ ပြောလိုက်ပါ ဒါနဲ့ညီမက ဘယ်သူလဲ၊ အရင်က ကိုရွှေလသာရဲ့ဖုန်းတွေ ဖြေပေးတဲ့ စက္ကထရီက အန်တီကြီးတစ်ယောက် မဟုတ်လား"

"ဟုတ်ကဲ့ ... အဲဒီအန်တီက ကျန်းမာရေးကြောင့် အလုပ်က နားလိုက်ပါတယ်ရှင်"





"ဒါဖြင့် ညီမက စက္ကတရီ အသစ်ပေါ့"

"ဟုတ်ကဲ့"

"သြော် ... သြော် ...၊ နာမည်ဘယ်လို ခေါ်လဲဟင်"

"ရွှေနှယ်ရီးပါ"

"သြော် ... အမျိုးလား"

"မဟုတ်ပါဘူးရှင်"

"သြော် ...၊ ကဲ ... ကဲ ... ဒါပဲလေ"

ရွှေနှယ်ရီး ဖုန်းချလိုက်လျှင် ...

"တစ်ဖက်က ကိုယ့်ကို နာမည်မေးတိုင်း ဖြေစရာမလိုဘူးလေ၊ ဖြေလောက်တဲ့ အကြောင်းရင်းရှိမှ လေးစားလောက်တဲ့သူလည်း ဖြစ်မှဖြေပေါ့၊ ဒီမိန်းမတွေ စပ်စပ်စုစုတွေ ဖြေစရာ မလိုဘူး"

ရွှေနှယ်ရီးက ရွှေလသာကို မျက်စောင်းထိုးချင်စိတ်ပေါ်လာအောင့်လိုက်ရပါသည်။ ဒီစပ်စပ်စုစုတွေကို သူ့ပဲပတ်သက်တာ မဟုတ်လား။ မျက်စောင်းလည်း မထိုးဖြစ်၊ ဘာမှလည်းဖြစ်ပေမဲ့ ရွှေလသာက ရွှေနှယ်ရီး မျက်နှာပေါ်က အရိပ်ကို ဖမ်းမိသည်။

"ဒီအမျိုးသမီးကတော့ မမလေ၊ ကိုယ့်အစ်မ၊ ကိုယ့်အစ်မသွားနှယ်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေ့တွေကလည်း သူ့ဆီ ဖုန်းလာတဲ့ အမျိုးသ
တွေကို ဘယ်သူက ဘယ်လို ဘယ်ဝါနှင့် ရွှေလသာက ရွှေနှ
ကို ပြောလေ့ရှိပါတယ်။ မိတ်ဆက်ပေးနေစရာလည်း မလိုသ
ဖြေရှင်းချက် ပေးနေစရာလည်း မလိုပါ။ ဒါပေမဲ့ ဘာကြောင့်
မသိ၊ ရွှေလသာက မလုံမလဲလိုလိုပြောပြောပြ၍ ရွှေနှယ်
လည်း နားထောင်ခေါင်းညိတ်ရုံသာ ရှိပါသည်။

"အဲဒီ မဥ္ဇူ ဆိုတာ ကိုယ့်အစ်မရဲ့ သူငယ်ချင်းရဲ့ညီမ
အစကတော့ တက္ကသိုလ်မှာ နည်းပြခဏတဖြုတ် လုပ်
တယ်၊ အခုတော့ ဗိုလ်ချုပ်ဈေးမှာ အထည်ဆိုင်တစ်
ဖွင့်ထားတယ်၊ ထုံးစံအတိုင်း မနေ့က ပြောသလို
ကိုယ့်အစ်မက မိန်းကလေးချောချောလှလှ အဆင်ပြေ
တွေ့ရင် ကိုယ်နဲ့ မိတ်ဖွဲ့တော့တာပဲ ..."

ကိစ္စတွေ အကြောင်းပြတွေရှာပြီး ဟိုဘက်ကို
ကြားလိုက်၊ ဒီဘက်က သွားခိုင်းလိုက်နဲ့"

သွားခိုင်းတိုင်း သွားရရောလား။ သူ့ဟာသူ
ဝင်စားလို့ သွားပြီးတော့များ ... လို့ ရွှေနှယ်ရီးက ကိုတ်တွေး
အတွေးထဲမှာတင် နှုတ်ခမ်းကို စူထားသည်။ အပြင်မှာ
စူလို့မရ။





"ဟိုဟာလေး သွားပေးပါဦး၊ ဒီဟာလေး သွားပို့ပါဦး၊ သူ့ကို လိုက်ပို့ပေးပါဦးနဲ့ပေါ့ကွာ၊ မရမက အကြောင်းရှာ၊ သွားပါ လာပါများတော့ အဖွဲ့မကျလို့ မခင်လို့က မရ။ အမျိုးသမီးတွေကလည်းကွာ အသက်ကလေးရလာပြီး အပျိုကြီးဖြစ်မဲ့ အရိပ်အယောင် ပေါ်လာကြရင် ချောက်ချောက်ချားချားတွေ ဖြစ်ပြီ"

"အဲဒါ အပျိုကြီးတိုင်းတော့ မဟုတ်ပါဘူးနော်"

"ဟင် ... သူလည်း အပျိုကြီး မဟုတ်ပဲနဲ့ မခံနိုင်တွေ ဖြစ်နေတယ်"

"လေးလေးလက သိမ်းကျုံးပြောတာကိုးလို့၊ ကျွန်မရဲ့ အန်တီကြီးဆိုရင် အပျိုကြီး၊ ယောကျ်ားဆို မယူချင်လွန်းလွန်းလို့"

"ဒါတော့ လူကြီးပိုင်း ဝင်သွားပြီကိုးကွ"

"မဟုတ်ပါဘူး၊ ငယ်ငယ်ကတည်းက ရည်းစားမထားလို့ အိမ်က လူကြီးတွေ စပ်ဟပ်ပေးစားကြတာကိုတောင် ဖွတ်ငြင်းပြီး အပျိုကြီးလုပ်တာ"

ရွှေလသာက ပြုံးပြုံးကြီးနှင့် ...

"ဒါတော့ ချွင်းချက်ပေါ့ကွာ၊ တစ်ယောက်တလေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တလေမကာ ရှိပါတယ်နော်"

"ဟောဗျာ … ဘယ်လိုမှ ပြောလို့မရပါလား"

"လေးလေးလ စကားက တစ်ဖက်သတ်ကျတာကို"

"ဘာမျှ တစ်ဖက်သတ်ကျမိလို့ပါလိမ့် ခင်ဗျာ"

"တကယ်တော့ အမျိုးသမီးတွေဟာ အမျိုးသားတွေ မျှော်လင့်မိတယ်ဆိုရင် အဲသလို မျှော်လင့်နိုင်ချေ အ အနေမျိုးကို ယောကျ်ားဘက်က ခင်းထားလို့သာပါ၊ ဖက်က ခပ်တည်တည် ခပ်အေးအေး အခြေအနေရှိနေ နဲ့တော့ ဘယ်မိန်းမကမှ ယောကျ်ားတစ်ယောက်ဆီ ရေ မြောင်းပေး ဆက်သွယ်နေမှာ မဟုတ်ပါဘူး"

ရွှေလသာက ရွှေနှယ်ရီးရဲ့ ပြောပုံ ချစ်စရာလေး ငေးစိုက်ပြုံးပြုံးကြီး ကြည့်နေမိပြီးမှ …

"ဟင် … ဒါဖြင့် ခင်ဗျားလေးက ကိုယ့်ကို စွပ်စွဲအပြ တင်နေတာပေါ့၊ ကိုယ်က စ,ထားလို့သာ တစ်ဖက်က_

"ဒါ အမှန်ပဲဟာ"

"ဒီလိုလည်း မဟုတ်သေးဘူး ရွှေနှယ်ရီးရဲ့၊ တချို့သော မိန်းမတွေဟာလည်း ယောကျ်ားဘက်က မျှော်လင့်ချ ဘာတစ်ခုမှ မပေးမိပဲနဲ့ မျှော်လင့်နေတာ၊ ရေလာမြောင်





ပေးနေတာ၊ သူတို့ဘက်ကစပြီး ယဉ်ယဉ်ကလေး ကြိုးစားနေတာမျိုးတွေ ရှိတတ်ပါတယ်"

"ဒါက လက်ချိုးရေလို့ရအောင် ချွင်းချက်ပဲ ရှိပါလိမ့်မယ်၊ ကဲလေ _ အခုလေးလေးလနဲ့ပဲ ဥပမာပေးရရင် လေးလေးလက အဲဒီအစ်မကြီးဆီ ဝင်ထွက်သွားလာမထားပဲနဲ့ သူဘယ်မျှော်လင့်ရဲ့မှာလဲ၊ လေးလေးလက အိမ်ကိုသွားလိုက် ဆိုင်ကိုသွားလိုက်၊ အဆက်အသွယ်တွေ ပြုထားပြီး ရှေ့တိုးသာ နောက်ဆုတ်သာလေး အခြေအနေ နှစ်ခွတန်းထားလို့သာ သူက ရှေ့တိုးလာတော့မယ် ထင်ပါရဲ့လို့ မျှော်လင့်စိတ်ကူးယဉ်မိတာပေါ့ …

ခုလို လေးလေးလက အဆက်အသွယ်ကို ကြိပါးလိုက်တော့ သူ့ခမျာ ဘာမျှားဖြစ်ပါလိမ့်လို့ ဆက်သွယ်နေရတော့တာ ဖြစ်မှာပေါ့၊ ဒါပေမဲ့ လေးလေးလကသာ ဒီလို သွားလည်းမသွားတော့ဘူး၊ ဖုန်းတွေဆက်လည်း ရှောင်တယ်ဆိုတာမျိုး ထပ်ကာ ထပ်ကာ ဖြစ်လာရင် သူလည်း သဘောပေါက်သွားရင် ကိုယ်ရှိန်သတ်သွားမှာပေါ့၊ ရှောင်ရက်နဲ့ အတင်းမရမက လိုက်ဆက်သွယ်နေလိမ့်မယ်တော့ ကျွန်မ မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေနှယ်ရီးသည် ပြောချင်ချင် ရှိသည်နှင့် စွက်ဖက်ဖက်ပင် ပြောချလိုက်ပါသည်။ ပြောရဲသည်မှာလည်း ဒီ လေးရက်အတွင်း လေးလေးလရဲ့ သူ့ကိုဆက်ဆံမှုဟာ သူ့ဘာ မှားမှား၊ သူဘာပဲ တလွဲလုပ်မိမိ၊ သူ့စကားကို ဘယ်လို ကျူးကျော်သွားသွား နှစ်လိုကြည်ဖြူတဲ့ အပြုံးကြီးနဲ့သာ ဖွေမ စတမ်း သဘောကောင်းနေတတ်လို့ ပြောရဲတာပါ။

အဲဒါအပြင် ရင်ထဲမှာ အခံရှိနေတဲ့ လေးလေးလ သံသယရှိတဲ့ အချက်ကလည်း အလကားနေရင်း လေးလေးလ ချုပ်ချင်တဲ့စိတ် ပေါ်ပေါက်နေအောင် လှုံ့ဆော်နေ၍ အလုပ်ရှင် ဝန်ထမ်း ဆိုတာကိုလည်း ဂရုမပြုမိပေ။ အတော်ရှည်ရှည် စွ ဖက်ကျူးကျော်လိုက်ပြီးမှ သူ ဘယ်လိုနေပါလိမ့်လို့ မရဲတ အကဲခတ်လိုက်လျှင် ...

"အမယ်လေး ... စွာလိုက်တာ၊ စွာလိုက်တာ၊ မိန်းမ ဘက်က ရပ်တည်ပုံကလည်း သစွာကြီးလိုက်တာ"

ရွှေလသာက ဖွေမယူပြန်ပါ။ တဟက်ဟက် ရယ်မောနေလိုက်သေးသည်။ လေးလေးလဟာ နေရင်းထိုင်ရင်း အလကားနေရင်း ကိုယ့်အပေါ် ချစ်စနိုး ခွင့်လွှတ်နေတတ်တာ ရွှေနှယ်ရီး သတိပြုမိပါသည်။ ဒါကို သူမကိုယ်တိုင်ကလည်း ကျေနပ်နေမိတာပဲ မဟုတ်လား။





အခွင့်အရေးရလို့ ထိုအခွင့်အရေးကို ယူနေမိသလို င်။

"တခြားလူတွေကိုစွတော့ ကိုယ်နဲ့မဆိုင်လို့ သေချာမသိဘူး ပေါ့ကွာ၊ ကိုယ့်ကိုစွတော့ ကိုယ်အသိဆုံးမို့ မင်းကိုပြောပြရဦးမယ် ကလေးမရဲ့၊ မိသားစုထဲမှာ လူဖိုကြီးသက်ရှည်လာတော့ အမေတို့ အစ်မတို့က သိပ်ကြည့်မရကြဘူး ခင်ဗျ ...

မဟုတ်က ဟုတ်ကနဲ့ တွေ့သွားမှာစိုးတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ သူတို့ကောင်းနိုးရာရာ ထင်တာတွေနဲ့ စပ်ကြ ဟပ်ကြ လုပ်ကြတယ်၊ အဲဒီအခါ ယတိပြတ်ကြီး ခါးခါးသီးသီး ငြင်းလို့လည်း မရပဲ အလိုက်သင့် အလျှားသင့်လေး နေရတယ်၊ ရေလိုက်ငါးလိုက်လေးပေါ့ ...

သူတို့ပြတဲ့ အထဲမှာ ကိုယ်ကြိုက်တာလေးလည်း ပါများလာမလားလို့လည်း ထည့်စဉ်းစားတာပေါ့ကွာ"

"ဒါဖြင့် လေးလေးလနဲ့ ပတ်သက်သမျှ မိန်းမတွေက လေးလေးလ စ,ပြီး စိတ်ဝင်စားတာ တစ်ယောက်မှ မပါပဲ အမေ အစ်မတွေကြောင့် ပတ်သက်ရတာချည်းပေါ့"

"ကိုယ်နဲ့ပတ်သက်သမျှ ! ...၊ ကိုယ်က ဘယ်သူတွေနဲ့ ပတ်သက်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးလက ရည်းစားများတယ်လို့ ကြားဖူးပါတယ်"

"ဟင် ... ဘယ်က ကြားဖူးတာတုံး၊ ပြဿနာပါလား ဖြစ်နိုင်တာကတော့ ရွှေဥက္ကာဆီကပဲ ဖြစ်ရမယ်"

"ဟုတ်တယ်၊ ရွှေဥက္ကာ ပြောတာ"

"အင်း ... ဒီကောင့်လောက် ဦးလေးကို အပုပ်ချဖို့ရာ အားတက်သရော ရှိတာမျိုးတော့ ကမ္ဘာမှာ အလားတူ နောက်တစ်ယောက် မရှိနိုင်တော့ဘူး၊ အပြင်မှာ အပုပ်မချရရင် အိမ်မှာ သူ့အမေ သူ့အဘွားဆီ အတင်းအုပ်နေတာ၊ အိမ်ကျတော့ ရုံးကအတင်းပြော၊ အပြင်လူတွေကိုတော့ တခြားအတင်းတွေပြော၊ ဟား ဟား"

"အိမ်မှာ ရုံးကအတင်း ဘာပြောတာလဲဟင်"

"ဘာပြောရမလဲ ရွှေနှယ်ရီးရယ်၊ ခင်ဗျားလေးကို ခဏခေါ် ခိုင်းမိတဲ့အတွက် ချဲ့ကားလာတဲ့ အတင်းတွေပေါ့၊ မင်းက သူနဲ့ရင်းနှီးခင်မင်တယ်၊ သူ့အပေါင်းအသင်းပေါ့၊ သူ့ အပေါင်းအသင်းကို ဦးလေးလုပ်သူက အခန်းထဲခေါ်ထည့်ပြီး ခိုင်းထားလိုက်တယ် ဆိုတာကိုပဲ ရှုထောင့်အထွေထွေက သုံးသပ်ဝေဖန်နေတာပေါ့"

ရွှေနှယ်ရီးက သူ့အကြောင်း အပြောခံရတာကိုတော့ စိတ်ဝင်တစားလည်းဖြစ် မခံချိမခံသာလည်း ဖြစ်သလို လေးလေးလ





စကားကိုလည်း စဉ်စားနေသည်။ ရှုထောင့်အထွေထွေက သုံးသပ်ဝေဖန်နေတယ်ဆိုတဲ့ စကားဟာ လုပ်အောင် နားထောင်ကောင်းအောင် လုပ်ထားတာဖြစ်ပြီး တကယ်ကတော့ ဘယ်လိုစကားမျိုးတွေ ပြောနေနိုင်သည်ဆိုတာ ဒက်ခနဲ သဘောပေါက်မိနေသည်။

သူတို့တူဝရီးဟာ တစ်ယောက်တစ်မျိုး။ ရွှေဥက္ကာကတော့ သူ့ဦးလေးထံ ရွှေနှယ်ရီး အရင်းနှီး ပိုမသွားစေချင်တာ သိသာလှသည်။ ရွှေလသာကတော့ လူကြီးမို့ ခပ်အေးအေးပင် သူ့ခံစားချက်ကို မမြင်ရပါ။ ဤတူဝရီးနှင့် အချိန်ပိုင်းတိုတိုအတွင်း အတော်ပဲ တရင်းတနှီး ရှိလာခဲ့ပြီ။ ရွှေလသာရဲ့အစ်မ ရွှေဥက္ကာရဲ့ အမေ ဒေါ်ရွှေလပြည့်ဟာလည်း ရွှေနှယ်ရီးရဲ့မေမေတို့ အန်တီကြီးတို့နှင့် ဘယ်နည်းဘယ်ပုံ အစပြုသည် မသိဘဲ ခင်မင်ကျွမ်းဝင်နေကြချေပြီ။

သေချာတာက ဒေါ်ရွှေလပြည့်ဘက်က တရင်းတနှီး ချဉ်းကပ်လာတာပင် ဖြစ်သည်။ အိမ်မှုကိစ္စကလွဲရင် ဘာမှမရှိ၊ ပျင်းရိစရာ ကောင်းလှတဲ့ မေမေနဲ့ အန်တီကြီးတို့ ညီအစ်မဟာ ဒေါ်ရွှေလပြည့်ကြောင့် ပလာဇာတွေ ရှုပါမားကက်တွေ ပါလိုပါသွား၊ ပန်းမျိုးတွေ စုဖို့ ဝယ်ဖို့ ပန်းခြံတွေဆီ ပါလိုပါသွား၊ အချိန်တွေ အလကားနေ ပိုမနေတော့ပဲ စိတ်ဝင်စားစရာတွေ ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း … တက္ကသိုလ်ကျောင်းသား ဘဝတုန်းကတော့ သူ့အရွယ်အလျှောက်ပေါ့၊ အော်တိုမက်တစ်ကဲလီး ရည်းစားနှစ်ယောက်လောက်တော့ ထားဖူးခဲ့တာပေါ့ကွာ"

"ရည်းစားထားဖူးတာပဲ အော်တိုမက်တစ်ကဲလီး ဖြစ်ရသေးတယ်"

ရွှေနှယ်ရီးက ခပ်တိုးတိုး ဝေဖန်အထွန့်တက်သည်။

"ဟုတ်တယ်ကွ၊ ဘာမှ သိပ်မကြိုးပမ်းလိုက်ရပဲ အလိုအလျောက်နီးပါး ရှိသွားတာကို ဆိုလိုတာ"

"ဟွန့်"

"ဘာဟွန့်လဲ"

"လေးလေးလက ကိုယ့်ကိုယ်ကိုယ်ဆိုရင် အမြဲပဲ ကြက်မွေးလေးနဲ့ သပ်ချင်တယ်"

"ရော်"

"ကိုယ်ကတော့ သန့်သန့်လေး၊ ကိုယ့်ကိုသာ မိန်းမတွေက ကြိုက်ကြ ပတ်သက်ကြတာ ဆိုတာမျိုး"

"ဟင် … အဲသလို ပြောခွင့်မရှိတဲ့ သဘောလား၊ ဒီသဘောနဲ့ လုံးလုံးပြောတာ မဟုတ်ပေမဲ့ ဒီသဘော သက်ဝင်သွားရင်ကော ကိုယ့်မှာ အပြစ်ရှိနေလို့လား၊ ရွှေနှယ်ရီးကို ကြည့်ရတာကျ တော့ ကိုယ့်ကို အပြစ်တစ်ခုခု မြင်နေသလိုပဲ"





ရွှေနှယ်ရီးက မျက်လုံးဝိုင်းသွားရင်း အရှိန်သတ်ကာ …

"မဟုတ်ပါဘူး"

"ပြောတဲ့စကားတွေက စွဲချက်တစ်ခုခု နောက်ကွယ်မှာ ပါနေသလို ဖြစ်ဖြစ်နေတယ်"

"မဟုတ်ပါဘူး"

"ဥပမာ လူကောင်းတစ်ယောက်က ဒီပစ္စည်း ကျွန်တော် မခိုးပါဘူးဆိုရင် လူတကာက ယုံကြည်မှုရှိပြီး ထူးပြီး စောဒက တက်ချင်စရာ မရှိပေမဲ့ သူခိုးတစ်ယောက်က ဒီပစ္စည်း မခိုးပါဘူး ဆိုရင်တော့ ဟုတ်ပါ့မလား၊ ညာပြောတာလားနဲ့ အလွယ်တကူ မယုံကြည်ပေးနိုင်ပဲ သံသယဝင်ကြမှာပဲ …."

စကားတစ်ခွန်းကို ပြောတဲ့သူအပေါ် ကိုယ်ဘယ်လိုမြင်ထားတဲ့ အခြေခံရှိသလဲဆိုတဲ့ အပေါ်မှာ မူတည်ပြီး လွယ်လွယ် ယုံနိုင်တယ် မယုံနိုင်ဘူး ရှိကြတယ်လေ၊ ရွှေနှယ်ရီးရဲ့ စကားတွေဟာ ကိုယ့်အပေါ်မှာ အမြင်ဆိုးတစ်ခုခု ရှိထားလို့ အလွယ်တကူ မယုံကြည်နိုင်တဲ့သဘောတွေ အမြဲပါဝင်နေတာ အကဲခတ်မိတယ်၊ ရွှေဥက္ကာကတော့ ဒီလောက်တောင်ပဲ အဆိုးပြောထားသလားကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေဥက္ကာက လေးလေးလကို အဆိုးတွေ မပြောပါဘူး၊ ရည်းစားများတယ် ဆိုတာလောက်ပါပဲ"

"အင်း ... အဲဒါလည်း မဟုတ်ဘူး၊ မများဘူး၊ ရည်းစား ခေါ်နိုင်တာက တစ်သက်မှ နှစ်ယောက်လောက် ရှိတာ၊ ဒါလည်း ခေါ်နိုင်ရုံ မည်ကာမတ္တပဲ"

"တခြား ဘာအဆိုးမှ မပြောပါဘူး"

"ဒါဖြင့် တော်သေးတာပေါ့၊ ပြောလည်း ဘာမှမဖြစ်ပါဘူး၊ ကိုယ်က ဦးလေးလုပ်ပြီး ဖွဲ့ယူနေမှာ မဟုတ်ဘူး၊ ရွှေဥက္ကာ က ကလေးစိတ်ပဲ ရှိပါသေးတယ်၊ ဒီလိုဆိုရင် ရွှေနွယ်ရီး က ရွှေဥက္ကာဆီက မဟုတ်ပဲ ကိုယ့်မကောင်းသတင်းတွေ များ ကြားဖူးထားလို့လား"

"ဟင့်အင်း"

ဝေဖန်အထွန့်တက်မိတာတွေ လွန်သွားပြီထင်သည်။ ဒီလိုတော့လည်း ရွှေလသာကို ကြောက်လန့် ရွံ့ထိတ်မိပါသည်။

အဲဒီတုန်းက တံခါးခေါက်သံ တစ်ချက်တည်း မြည်ရုံနှင့် တံခါးတွန်း၍ ပွင့်ဝင်လာသည်။ ခေါက်တယ်ဆိုရုံ ဝတ္တရားကျေ မြန်မြန်ခေါက်ပြီး ချက်ချင်း ဝင်လိုက်တာမျိုးပင်။ ဝင်လာသော ရွှေဥက္ကာသည် ရွှေလသာနှင့် ရွှေနွယ်ရီးကို တစ်ချက်





စီ အကဲခတ် ကြည့်လိုက်သည်။ စကားပြောလက်စတွေ ရှိနေမှန်း မျက်နှာအမူအရာတွေအရ သိသာသည်။

"ဟော့ကောင် ... ဘာလဲ"

"လေးလေးလ ... ကျွန်တော် နေ့လယ် Lunch အချိန်ကျ ရင် ရွှေနွယ်ရီးကို ခေါ်ပြီး မျက်စောင်းထိုးက ဘာဂါဆိုင်ကို သွားမလို့၊ ရွှေနွယ်ရီးကို ခိုင်းစရာ ခေါ်သွားစရာ မရှိဘူး မဟုတ်လား"

ရွှေနွယ်ရီးက ရွှေဥက္ကာရဲ့ မတိုင်မပင် အပိုင်ထုပုံကို သဘောမကျ မျက်လုံးဝိုင်းသွားသော်လည်း ရွှေလသာ စကားဆို ထိုက်၍ ဘာမှပြောခွင့်မသာလိုက်။

"မင်းက ခေါ်သွားစရာ မရှိဘူး မဟုတ်လားလို့ ချည်ပြီး တုပ်ပြီး မေးမှတော့ ငါက ခေါ်သွားစရာရှိတယ်ဆိုရင် တမင် ခွတိုက်သလို ဖြစ်နေတော့မှာပေါ့"

"တကယ်လည်း မရှိဘူး မဟုတ်လား"

"ခုထိ မရှိသေးတာပါ၊ ကဲပါ ... သွားစရာပေါ်လာရင် တောင် မင်းတို့ရဲ့ Lunch ပြီးမှပဲ ရွှေ့လိုက်ပါ့မယ်"

ရွှေနွယ်ရီးက ခုမှပင် ဝင်ပြီး ...

"ကျွန်မကိုလည်း ဘာမှမပြောပဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဥက္ကာက ပြုံးစိစိနှင့် ...

"အခု သိပြီမဟုတ်လား"

"ကျွန်မမှ ဘာဂါမကြိုက်ထာ"

"ဒါဖြင့် ရွှေနှယ်ရီး ကြိုက်တဲ့ ကြေးအိုးဆိုင် သွားမယ်၊ ဒါဆိုရင်တော့ နည်းနည်းဝေးသွားပြီ"

ရွှေနှယ်ရီး မျက်နှာဟာ သူ့ကိုကြိုမပြောပဲ အပိုင်လုပ်ပုံကို သဘောမကျတာ ပေါ်လွင်နေတာမို့ ရွှေလသာက အတည်ဖြစ်သွားအောင် တမင်ပင် ...

"ကြေးအိုးဆိုတော့ ငါတောင် နည်းနည်းစိတ်ဝင်စားမှု ရှိလာပြီကွာ၊ ငါပါလိုက်စားရင်ကော ရတယ်မဟုတ်လား"

"ဟာ ... ဘယ်ရမလဲ"

ရွှေဥက္ကာရဲ့ ရွှံ့ရှုံ့မဲ့မဲ့ အငြင်းကို ရွှေနှယ်ရီးက ...

"ဘာလို့ မရတာလဲ"

"နှစ်ယောက် သွားစားမယ်လို့ စိတ်ကူးထားတာမို့လို့ပေါ့"

"သုံးယောက်ဆိုရင်လည်း စားလို့ရတာပဲ"

ရွှေလသာသည် သူ့ကို ဖျတ်ခနဲကြည့်လိုက်သော ရွှေဥက္ကာကို ရွှေနှယ်ရီး မမြင်အောင် ဖျတ်ခနဲ မျက်ခုံးပင့်ပြလိုက်ပါသည်။ ရွှေဥက္ကာဟာ နှစ်ယောက်တည်းပဲ သွားချင်တာဆိုတဲ့





...တော့ ရွှေနှယ်ရီးကို ပွင့်ပွင့်လင်းလင်း ပူဆာရဲသေးပုံမရပါ။ ...ကြပ်ရိုက်ကာ မကြည့်မလင် ဖြစ်နေသည်။

"လမ်းလျှောက်သွားမှာ"

ရွှေလသာ နောက်ဆုတ်လိုဆုတ်ငြား အထွန့်တက် ...သည်။

"ရတယ်လေ၊ လမ်းလျှောက်သွားလည်း ရတာပဲ၊ ကားကို ပါကင်မှာပဲ ထားခဲ့တာပေါ့၊ ဘယ်အချိန်လောက် သွားမလဲ ပြော"

ရွှေနှယ်ရီးက တူဝရီးနှစ်ယောက်ကို တစ်ယောက် ...ည့်ကြည့်ရင်း စိတ်တိုလာသည်။ နှစ်ယောက်စလုံးဟာ ...အတည် လုပ်နေလိုက်ကြတာ၊ ရွှေနှယ်ရီး ဆိုတာ သူတို့စိတ်ချ ...င်း ရတဲ့သူမှတ်လို့ ... ဟွန်း။ ရွှေဥက္ကာကလည်း သူ့ဦးလေး ...မင် အပိုင်လုပ်ပြတာ ရွှေနှယ်ရီး သိသည်။ သူနဲ့ဘယ်တုန်း ... တစ်ခါလောက်တောင် ထွက်စားဖူးတာမို့လို့လဲ။

စကားစပ်မိရင်း ကြေးအိုးကြိုက်တယ် ဆိုတာကို ...သွားဖူးတာပဲရှိသည်။ ခုတော့ သူပြောပုံက အရင်တွေက ... ထွက်စားဖူးနေကျအတိုင်း။ ဦးလေးလုပ်တဲ့သူကလည်း ...ဘာနဲ့လဲ မသိပဲ အတူလိုက်စားဦးမယ် လုပ်နေသည်။ ...သည်း ရူလို့ပုပ်လို့။



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးလနဲ့ ရွှေဥက္ကာ စားချင်တဲ့ဆီ ထွက်စားကြ
ကျွန်မ မလိုက်ဘူး၊ ထမင်းဘူးပါတယ်၊ ခုလို အပြင်ထွ
စားဖူးတာလည်း မဟုတ်ဘူး၊ အပြင်ထွက်စားတာလည်
မေမေက မကြိုက်ဘူး၊ ကျွန်မ ထမင်းဘူးပဲစားမှာ"

"သြော် ... မသိပါဘူး၊ ရွှေဥက္ကာနဲ့ ကြေးအိုးတို့ ဘာဂါ
စားနေကျလားလို့"

"မစားနေကျပါဘူး"

ရွှေဥက္ကာ မျက်နှာက ညိုပုပ်နေကာ ရွှေလသာ
တော့ ခပ်ပိုင်ပိုင် လာလုပ်တဲ့ ရွှေဥက္ကာကို ပြုံးစိစိ ဖြစ်နေသည
ရွှေနွယ်ရီးက ဒီနေ့သတင်းစာထဲ ပါလာတဲ့ စက္ကတရီရာ
အလုပ်ခေါ် ကြော်ငြာလေးကိုဖြတ်ကာ၊ အဲဒီအလုပ်အတွက် ဖိုင်
အသစ်တစ်ခု အသင့်ဖွင့်ထားပြီး လုပ်လက်စ အလုပ်တွေ ရှပ်
ယောင်ဆောင်နေလိုက်သည်။ သူတို့ထွက်စားမည့်ဆီကို မလို
နိုင်ကြောင်း ငြင်းလိုက်ရတာကိုလည်း ရွှေနွယ်ရီးက ကျေနပ်
မိသည်။

❧ ၈ ❧



# ၈

"အဲဒီကောင်လေးကလည်း ဖုန်းဆက်လိုက်ရတာနော်၊ ညည်းတို့ ပြောစရာကော ရှိလို့လားအေ၊ ဘာတွေဒီလောက် ဆက်စကားပြောနေလဲ"

ဒါဟာ ရွှေဥက္ကာ ဖုန်းဆက်တိုင်း အန်တီကြီး ဆိုမြည်နေကျစကား ဖြစ်သည်။ တကယ်တော့ မေမေနှင့် အန်တီကြီးဟာ ခေတ်နောက်ကျလှသူတွေ မဟုတ်၍ ဤကိစ္စမျိုး၌ ပိတ်ပိတ်ပင်ပင်လည်း မပြု။ အားပေးအားမြှောက်လည်း မရှိ။ သူတို့သမီးလေးကို စိတ်ပူတတ်တာ ရှိသော်လည်း ယောကျ်ားလေး အပေါင်းအသင်းကိစ္စမျိုး၌တော့ အထိုက်အလျောက် နားလည်မှု ရှိတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါအပြင် ယခုအခါ သူတို့ပေါင်းသင်းခင်မင်ဆက်ဆံနေပြီဖြစ်သည့် ဒေါ်ရွှေလပြည့်ကို ခင်မင်လေးစားမှုအားဖြင့်လည်း ရွှေနှယ်ရီးရဲ့ဘော့စ် ရွှေလသာ၊ အတူအလုပ်ခွင်မှာ ခင်မင်နေသည့် ရွှေဥက္ကာ စသည်တို့အပေါ် ကြည်ကြည်လင်လင်ရှိပြီးသားပါပင်။ သို့သော်လည်း နှစ်ရက်ခြားလောက်တစ်ခါ ဖုန်းဆက်တတ်သော ရွှေဥက္ကာထံက ဖုန်းလာလျှင်ဖြင့် အန်တီကြီးက ဤသို့ ပွစိပွစိလေး လုပ်လိုက်မြဲပါပင်။

သဘောကတော့ အဟန့်ကလေး တစ်ခုရှိယ်သာ။ မေမေကတော့ အန်တီကြီးလောက် မတက်ကြွကာ နဂိုကပင် ခပ်အေးအေးသမားမို့ ဘာမှ သိပ်ပြောလေ့မရှိ။

ရွှေနှယ်ရီးက ဖုန်းကိုလာကိုင်ရင်း ...

"ပြော"

"ပြောမလို့ ဆက်တာမဲဟာ၊ ပြောလို့ ပြောနေစရာ မလိုပါဘူး၊ ဟယ်လိုလို့ နှုတ်ခွန်းဆက်ရုံနဲ့ ရပါတယ်"

"ကဲပါ ... ရွှေဥက္ကာရဲ့ ဘာပြောမှာလဲ"

"ဆီးပြားစကား"

"ဘာ"

"ဟာ ... နားအူလိုက်တာကွာ၊ ဆီးပြားစကားပါဆို"

"ရှင် နောက်တီးနောက်တောက် လာလုပ်မနေနဲ့"





"အဟုတ်ပြောနေတာ၊ အညာကမိတ်ဆွေတွေ လူကြုံပို့လိုက်တာ ရောက်လာလို့ အိမ်မှာ ဆီးပြားထုပ်တွေလည်းပါတယ်၊ ထန်းလျက်တို့ ဘာတို့ပေါ့၊ အဲဒီထဲက ဆီးပြားတစ်မျိုးက ငန်တန်တန်လေး စားကောင်းလို့၊ ကြိုက်တတ်လား၊ ကြိုက်တတ်ရင် နက်ဖြန် ရုံးကိုယူခဲ့မယ်လို့ ပြောမလို့၊ အဲဒါ ဆီးပြားစကားပေါ့"

"ရှင် အဲသလို သူများကသိကအောက်ဖြစ်အောင် ရွှတ်နောက်နောက် ပြောရဆိုရတာကို ပျော်တယ် မဟုတ်လား"

"ပျော်တာပေါ့ ... အဟီးဟီး"

တကယ်တော့ ရွှေဥက္ကာဟာ မရင့်ကျက်သေးသည့် ပေါ်တာတာ ကောင်လေးတစ်ယောက် ရယ်ပင်။ ရွှေဥက္ကာကို ရွှေနှယ်ရီးက ခင်ပါသည်။ လတွေချီကာချီကာ ကြာလာတော့ ရွှေဥက္ကာဟာ ရွှေနှယ်ရီးရဲ့ ခင်စရာကောင်းတဲ့ ယောကျ်ားလေး သူငယ်ချင်းအရင်းတစ်ယောက်လိုပင် ဖြစ်နေပါပြီ။

စိတ်ကောက်တတ်တာ တစ်ခု၊ သူ့ဦးလေးအပေါ် ဗိုမခင်စေချင်တဲ့ ရယ်စရာကောင်းတဲ့ မနာလိုမှုတစ်ခုတို့ကလွဲရင် ရွှေဥက္ကာဟာ ပေါင်းလို့သင်းလို့ကောင်းသည့် ကောင်လေးတစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ဆီးပြား မစားချင်ပါဘူး၊ ကျွန်မ ဆီးပြားမကြိုက်ပါဘူး ရွှေဥက္ကာရယ်"

"ထန်းလျက်ကော"

"ဘာမှ မကြိုက်ဘူး၊ ဒီမယ် စကားကောင်း ပြောမလို့"

"ထန်းလျက်ကော ကြိုက်သလား မေးတာလည်း စကားကောင်းပဲဟာ၊ ဆီးပြားရမယ်၊ ထန်းလျက်ရမယ်၊ ပုန်းရည်ကြီးရမယ်၊ မြေပဲလှော်ရမယ်၊ ထန်းပင်မြစ်ရမယ်၊ ဘာကြိုက်သလဲပြော"

"ထပေမြစ်(ထန်းပင်မြစ်)တော့ ကြိုက်တယ်၊ ဒါပေမဲ့ အဲဒါ အသာထားပါဦး၊ ပြောစရာရှိနေတာ"

"အဲဒီပြောစရာကို သိပ်ပြောချင်နေမှန်းသိလို့ ပြောမရအောင် တမင် အချိန်ဆွဲနေတာလေ"

"ကျွန်မ ဘာပြောမှာလဲ သိလို့လား"

"ဟား ဟား ... ရွှေဥက္ကာပဲကွယ်၊ သိတာပေါ့၊ အင်တာဗျူးလုပ်ထားတဲ့ဟာတွေထဲက လေးလေးလ ဘယ်သူ့ကိုရွေးမယ်ထင်လဲ ဆိုတဲ့ကိစ္စပဲ မဟုတ်လား"

"အင်း ... အဲဒီကိစ္စကို စိတ်ဝင်စားတယ်၊ ဒါပေမဲ့ အခုပြောမလို့ဟာကတော့ အဲဒါမဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ ... ပြော"





"နေ့လယ်က ရုံးကို ရွှေဥက္ကာဆီ ကောင်မလေးနှစ်ယောက် .. အလည်လာတယ် မဟုတ်လား"

ရွှေဥက္ကာက မျက်နှာကို တစ်ဖက်မှာရှုံ့ရင်း ...

"ဟား ... အဲဒါ ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး"

"အဟင်း ဟင်း ... ဒါပေမဲ့ ရှင့်ဆီ လာတာပဲလေ"

"လာတာက လာတာပဲ၊ သူတို့ထဲက တစ်ယောက်က ..."

"ကျွန်မ သိပါတယ် ရွှေဥက္ကာရဲ့၊ ရှင့်ကိုစ,တာပါ၊ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးရယ်နော်၊ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ပတ်ပြီးသိကျွမ်းနေကြတာ တစ်ပတ်လည်ပြီးကိုယ့်ဆီ ပြန်ပတ်သက်လာတတ်တယ် ...

နေ့လယ်ကလာတဲ့ မိမိုးက ကျွန်မ သူငယ်ချင်းလေ"

"ဟင် ... ဟုတ်လား"

"ဟုတ်တယ်၊ ဆယ်တန်းတုန်းက အရမ်းခင်တာပါ၊ ခုတော့ မတွေ့ဖြစ်ကြတာ ကြာပါပြီ၊ အကြောင်းကိစ္စရှိရင် ဖုန်းလေးဘာလေးပြော၊ ပွဲလေးဘာလေးလုပ်ရင် အပြန်အလှန်သွား၊ ဒီလောက်ပဲ ရှိတော့တယ် ...

မိမိုးကလည်း ကျွန်မ အဲဒီမှာ အလုပ်ဝင်နေတယ်လို့ မသိဘူးလေ၊ ကျွန်မလည်း လေးလေးလ ဖိုင်လ်ယူခိုင်းလို့ အပြင်ခန်း ခဏထွက်မှ ရုံးခန်းထောင့်က ဆက်ဆီတွေ



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှင့်ဆီညှော်သည့်ရောက်လို့ ထိုင်စကားပြောနေကြတ
တွေ့ပြီး လှမ်းကြည့်မိမှ မိမိုး ဖြစ်နေတာတွေ့တာ"

"မိမိုးက ကျွန်တော့်သူငယ်ချင်းရဲ့ ..."

"သိပါတယ် ရွှေဥက္ကာရယ်၊ ရုံးတုန်းက မိမိုးနဲ့ နှုတ်ဆက
ရုံပဲ နှုတ်ဆက်လိုက်ရပေမဲ့ ခုနတုန်းက မိမိုးက ဖုန်းဆ
ပြီး ကျွန်မကို ဇာတ်လမ်းစုံတွေ ပြောပြနေတာ၊ ဟိုးရှေ
တစ်ပတ် တနင်္ဂနွေတုန်းက သူတို့သူငယ်ချင်းလေးငါ
ယောက်ရယ်၊ ရှင်တို့သူငယ်ချင်း လေးငါးယောက်ရ
ဟော်ကားကို ပျော်ပွဲစား သွားကြသေးတယ်ဆို"

"အင်း ..."

ရွှေဥက္ကာရဲ့ အင်းသံက မပြောချင်ပြောချင် ဖျစ်ညှ
ထွက်လာသည်။

"ရုံးပြန်တက်တဲ့ တနင်္လာနေ့ကျရင်လေ ရှင်ဟာ စ
တနင်္ဂနွေက ဘယ်သွားတယ်၊ ဘယ်လာတယ်၊ ဘာစ
တယ်နဲ့ နားကိုငြီးနေအောင် ပေါက်ပေါက်ဖောက်တ
တာ၊ ဒီကိစ္စတော့ တစ်ခါမှ မကြားရဖူးပါလား ရွှေဥက္ကာ
ရဲ့၊ အဲဒီအပတ်ကဆို ကျွန်မ လေးလေးလ အခန်းထ
မရွှေ့ရသေးပါဘူး၊ ရှင်တို့စားပွဲနားပဲ ထိုင်ရသေးတာ"

"အဟဲ ... အဲဒါက ဒီလိုပါပဲ၊ မပြောဖြစ်မိသွားတာ"





"ဘာမပြောဖြစ်မိသွားတာလဲ၊ ဒီလောက် ဇာတ်စုံခင်းတဲ့ သူကများ၊ မိန်းကလေးတွေပါတဲ့ ကိစ္စကျတော့ ဒိုင်လျှို ထားတယ် တွေ့လား၊ ရွှေဥက္ကာက မယုံရဘူး"

"ဟာ ... အဲဒီလိုတော့ မပြောပါနဲ့ကွာ၊ လျှိုထားတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ မယုံရတဲ့လူစားထဲတော့ မပါပါဘူး ကွာ၊ မိန်းကလေးအုပ်စုနဲ့ ပျော်ပွဲစားသွားတယ် ဆိုရင် ကျွန်တော့်ကို ရွှေနှယ်ရိုးက မိန်းကလေးတွေနဲ့ ဒီလိုပဲ သွားတတ် လာတတ်တဲ့သူ ထင်မှာစိုးလို့ မပြောပြတာ ပါ"

"သွားတတ် လာတတ်လို့သာ သွားတာပေါ့၊ မပြောပဲ ဖုံးထားလည်း အပိုပဲ"

"အဲလို အမြဲမသွားလာတတ်ပါဘူးကွာ"

"ဒါပေမဲ့ သွားတာက သွားတာပဲလေ၊ မိမိုးက ပြောတယ် တစ်ခါတလေ အဲလိုပဲ သွားတတ်တယ်တဲ့"

"ဟာ ... ကျွန်တော်ပါတာ နှစ်ခါတည်းပါ၊ အဲဒီနေ့က တစ်ခါရယ်၊ ဟိုးတလောက ရှုခင်းသာကိုတစ်ခါ၊ ဒါပဲ၊ အဲဒါလည်း ဒီလောက်ကြီး သိပ်လိုက်ချင်လို့ မဟုတ်ဘူး ကွ၊ သူငယ်ချင်းတွေက အတင်းခေါ်ခေါ်နေတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေနှယ်ရီးသည် ရွှေဥက္ကာကို စ,နေရတာကို ပျော်နေကာ ကမူးရှူးထိုး ဖြေရှင်းကာကွယ်နေပုံကို တစ်ဖက်မှာ တခိခိ ကျိတ်ရယ်နေရသည်။

"ဒီနေ့ မိမိုးနဲ့ ပါလာတဲ့ မြတ်နိုး ဆိုတာက ရွှေဥက္ကာကို ကြိုက်နေတာ မဟုတ်လား"

"သူဟာသူ ကြိုက်ကြိုက် မကြိုက်ကြိုက်ပေါ့၊ ကျွန်တော်နဲ့ ဘာဆိုင်လဲ၊ ကျွန်တော့်သူငယ်ချင်း တင်ကိုကိုနဲ့ မိမိုးနဲ့ ကြိုက်တာနဲ့ပဲ သူတို့ရဲ့သူငယ်ချင်းတွေပါ အချင်းချင်းပတ်သက်စရာလား၊ ဘာမှမဆိုင်ဘူး"

"အခုပဲ ပတ်သက်လို့ လာလည်တာ မဟုတ်လား"

"မဆိုင်ပါဘူး၊ ကျွန်တော့် သူငယ်ချင်း တင်ကိုကို ဆိုတာက ဖမ်းရခက်ခက်၊ အရေးထဲ သူ့အမေ သူ့အစ်မတွေက သူတို့သားကို သိပ်တိုကြသေးတော့ တင်ကိုကို့ဆီ ဖုန်းဆက်လိုက်ရင် မတွေ့တာက များနေတာ၊ ဒီကောင်ကလည်း အလကားကောင်ပါဗျာ၊ သူ ရှောင်ချင်တာနဲ့ပါ ရော်ချပြီး ကိစ္စရှိရင် ကျွန်တော့်ဆီ မှာထားလိုက်၊ ဟိုကောင့်ဆီ ပြောထားလိုက် ဆိုပြီး လွှဲလွှဲချထားတာနဲ့ သူတို့ အခုရောက်လာတာပေါ့"





"ဪ ... နေ့လယ်က လာတာက မိမိုးက သူ့ရဲ့ညီးစား ဆီ မှာစရာရှိတာ ရွှေဥက္ကာကို လာမှာတာပေါ့"

"ဟုတ်တယ် ... မယုံရင် ရွှေနှယ်ရီး မေးကြည့်နိုင်တယ်"

"ဟား ဟား ... ယုံပါတယ် ရွှေဥက္ကာရယ်၊ ဖြစ်နေလိုက်တာ၊ မိမိုးက ပြောပြပြီးပါပြီ၊ ဒါပေမဲ့ သူနဲ့ပါလာတဲ့ သူ့သူငယ်ချင်း မြတ်နိုး ဆိုတဲ့ ကောင်မလေးကတော့ ရွှေဥက္ကာကို သိပ်ကြိုက်တာတဲ့"

"သူ ကြိုက်တာနဲ့ပဲ ကျွန်တော်ကကော စိတ်ဝင်စားရမှာလား"

"မသိဘူးလေ၊ ဒါတော့ သဘောပေါ့"

ရွှေဥက္ကာသည် စိတ်ပေါက်ပေါက်နှင့် ရွှေနှယ်ရီးကို ရည်းစားစကား ပြောချပစ်လိုက်ရရယ်လို့ စိတ်ထဲမှာ ကြုံးဝါးမိသေးသည်။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ ပြောရမှာ ဝန်လေးသလိုလို တစ်မျိုးကြီး ဖြစ်နေမိ၍သာ ခုထိ မပြောဖြစ်တာ။ လေးလေးလ အတွက် ငဲ့ညှာပြီး မပြောမိတာ မဟုတ်တာတော့ သေချာပါသည်။ လေးလေးလကိုဖြင့် လက်ဦးသွားမှာပင် မနာလိုခြင်းကြီးစွာ ဖြစ်နေမိတာပါ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဒါဆခဲ့ ပြောဖို့ပဲ စောနေသေးသလိုလို ရွှေနှယ်ရီးကိုပဲ အားနာနေတာမျိုး၊ ရှိန်လန့်နေတာမျိုးလိုလို၊ ပြောဖို့ကြိုးစားခဲ့ နှုတ်များထိ စကားကမရောက်၊ အထ,ကမမြောက်။

"ရွှေဥက္ကာ သူငယ်ချင်းကကော ကောင်းရဲ့လား၊ ကြိုပြောထားဦး၊ ကျွန်မ သူငယ်ချင်း အသည်းတွေ ဘာတွေ ကွဲနေရဦးမယ်"

"သူကကော အတည်ချစ်လို့လား"

"ဟင် ... မိန်းကလေးတစ်ယောက်ပဲရှင်၊ ချစ်လို့ဖြစ်မှာပေါ့"

"မသိဘူးဗျာ၊ တချို့မိန်းကလေးတွေကျတော့ ရည်းစားများပါတယ်၊ နာမည်ပျက်ပါတယ် ဆိုတဲ့ ယောက်ျားလေးကိုမှပဲ စိတ်ဝင်တစားတွေ ဘာတွေဖြစ်ပြီး စူးစမ်းချင်တဲ့သဘောနဲ့ ပတ်သက်လာတာမျိုးက ရှိတတ်သေးတယ်"

ရွှေနှယ်ရီးက နှုတ်ဆိတ်သွားရပါသည်။ ရွှေဥက္ကာစကားက သူမကို မသိမသာ ထိခိုက်ခလုတ်တိုက်သွားသလိုပင်။ ရွှေဥက္ကာက ရိုးရိုးပြောလိုက်တာ ဟုတ်ပေမဲ့ ရွှေနှယ်ရီးမှာ ကိုယ့်ဘာသာ မလုံမလဲ။ ကိုယ်ဟာလည်းပဲ အဲဒီလို မိန်းကလေးမျိုးထဲများ မမျှော်လင့်ပဲ ပါဝင်နေပြီလား။





ရွှေလသာဆိုတဲ့ လေးလေးလကို နောက်ကြောင်းတတ်ထုပ်ရှုပ်ရှုပ်တစ်ခု ကြားဖူးထားပြီး သံသယတွေနှင့် ခပ်ကြောက်ကြောက် ရှိရတဲ့အထဲကပင် သူ ဘယ်လိုလူလဲ ဆိုတာကို ကိုယ်တိုင်စိတ်ဝင်တစား မြင်တွေ့စူးစမ်းချင်နေတဲ့ ကိုယ့်ရဲ့အဖြစ်ဟာ ရွှေဥက္ကာ ပြောတဲ့သဘောမျိုး ဖြစ်နေမလား။

ရွှေနှယ်ရီးကတော့ အကဲစမ်းကြည့်ချင် လေ့လာစမ်းသပ်ချင်တာမျိုး မဟုတ်ရပါ။ စိတ်ဝင်တစား အနီးကပ် အကဲခတ်ချင်မိရာကနေ တဖြည်းဖြည်း သူနဲ့ ခင်မင်သလိုလေး ရှိလာတော့ သူဟာ ဒီလိုလူစားရယ်လို့ မယုံကြည်ချင်တော့တာ ဖြစ်သည်။

လေးလေးလရဲ့ ရင့်ကျက်ပြည့်ဝတဲ့ မျက်နှာဟာ ကြည့်ကောင်းလွန်းတာနဲ့အမျှ စိတ်ကောင်း သဘောကောင်းရှိတာလည်း ပေါ်လွင်ထင်ဟပ်ကာ အမြဲပဲ လူတကာကို နားလည်ခွင့်လွှတ်တတ်တဲ့ အရိပ်အယောင်နဲ့ မြတ်နိုးလေးစားစရာ လူတစ်ယောက်လို့သာ ထင်ထင်နေမိပါသည်။

ဒါပေမဲ့ သူ့တူကိုယ်တိုင်ကလည်း သူ့ဦးလေးကို ရည်းစားများတယ် ရှုပ်တယ် ပြောထားဖူးကာ ရွှေလသာကိုယ်တိုင်ကလည်း သူ့အနီးပတ်ဝန်းကျင်မှာ မိန်းမတွေ ရှိနေတတ်တဲ့အကြောင်း သူ့အစ်မကို ခပ်လွှဲချချနှင့် ဝန်ခံသားပဲဟာ။ ရွှေနှယ်ရီး



BURMESE CLASSIC .com
www.burmeseclassic.com

ကိုင်တဲ့ ဖုန်းတွေမှာလည်း သူ့ကိုခေါ်တဲ့ အမျိုးသမီးသံတို့ဟာ နေ့စဉ်ပဲ ရှိနေတတ်တာ။

လေးလေးလဟာ တကယ်ပဲမျှား မြတ်နိုးကြည်ညို စရာကောင်းတဲ့ သူ့ရုပ်ရည်ကလေး ဗန်းပြအခွင့်ကောင်းယူပြီး မိန်းမတို့ရဲ့ နှလုံးသားကို ကွဲကြေစေတတ်သူပဲလား။ ရွှေနွယ်ရိုး ကိုယ်တိုင်သည်ပင် လေးလေးလရဲ့ ဆွဲဆောင်နိုင်စွမ်းတဲ့ကွန်ယက် ကြော့ကွင်းနှံ့ထဲမှာ ယက်ကန်ယက်ကန်ကလေး ကူးနစ်နေခဲ့ရပြီပဲ။

ဘယ်သူမှ မသိနိုင်ပေမဲ့လည်း ရွှေနွယ်ရိုးရဲ့ ရင်ထဲ လေးလေးလကြောင့် နှလုံးသားတို့ နွေးဖြာခဲ့ရပေါင်း မနည်း၊ ခုန်ပေါက်လှုပ်ရှားရပေါင်း မနည်း။ သူမကိုကြည့်တဲ့ လေးလေးလ မျက်ဝန်းတို့၌ ငြိတွယ်မှုပါသည်။ ရွှေဥက္ကာကို မနာလိုသဝန်တို စကားတွေ ပိုင်စိုးပိုင်နင်း အပြောမျိုးတွေတော့ လေးလေးလမှာ မရှိ။

အကြည့်ကလေး၌သာ ...။ ဒါဟာလည်း မိန်းမတွေ နှင့် ဆက်ဆံရတိုင်း အကျင့်ပါနေတဲ့ သူ့ရဲ့ဗီဇပေပဲလား။ ရွှေနွယ်ရိုး က သက်ပြင်းလေးတစ်ချက် ခပ်မောမော မှုတ်ထုတ်ပစ်လိုက်မိ ပါသည်။

"ကဲ ... ဒါပဲ၊ ဖုန်းချတော့မယ်"





"ရုတ်တရက် ဘယ်လိုဖြစ်ရတာလဲ"

"ပြောစရာ ကုန်ပြီလေ"

"မကုန်သေးပါဘူး၊ နေစမ်းပါဦး၊ နေ့လယ်က အင်တာဗျူး ကိစ္စ ပြောပါဦး"

"ကျွန်မ ဘာမှမသိဘူး"

"ဘာလို့မသိရမှာလဲ၊ ဗျူးနေတုန်းက ခင်ဗျားအနားမှာနေ ရတာပဲဟာ"

"နေတာက နေတာပဲ၊ လေးလေးလ ဘယ်သူ့ရွေးမယ်ကို ဘယ်လိုလုပ် သိမှာလဲ၊ သူရွေးချင်တဲ့သူ ရွေးမှာပေါ့"

"ဟိုတစ်ယောက်ကိုတော့ မရွေးဖို့ လိုတယ်"

"ဘယ်တစ်ယောက်လဲ"

"ခပ်လှလှလေ၊ ခပ်လည်လည်ရုပ်လည်း ထွက်နေတယ်"

ရွှေနွယ်ရိုးက ရွှေဥက္ကာ ဆိုလိုသူကို တန်းသိကာ ...

"အမှန်တော့ သူ့ကိုပဲ ရွေးဖို့များနေတာပဲ၊ သူက ဘိုရဲ့ စက္ကတရီ လုပ်လာတာ ခြောက်နှစ်နီးပါးရှိပြီ၊ နိုင်ငံခြားသား တစ်ယောက်ရဲ့ စက္ကတရီ ဖြစ်ဖို့က တော်ရုံအရည်အချင်းမှ မရနိုင်တာ၊ တော်လို့ပဲ ဖြစ်ရမယ်၊ အခု ဘိုက သူ့ကုမ္ပဏီ ရဲ့တခြားနိုင်ငံတစ်ခုက Branch မှာ ပြောင်းရွှေ့လုပ်ရတော့ သူ ကျန်ရစ်တယ်၊ အလုပ်ပြုတ်နေတာ သုံးလေးရက်ရှိပြီတဲ့၊

www.burmeseclassic.com



ကျန်တဲ့လူတွေက လုပ်သက်မရှိတဲ့သူက မရှိ၊ တုံးသူတုံး အ,သူအ၊ မေးစမ်းလိုက်ရင် ထစ်အဲ့ ထစ်အဲ့နဲ့၊ သူက သွက်လက်ပြီး ချက်ချာနေတာ၊ အရည်အချင်း ရှိပုံရတယ်"

"အဲဒီအရည်အချင်းက အလုပ်နဲ့ပတ်သက်တဲ့ အရည်အချင်းရော ဟုတ်ရဲ့လား၊ တော်ကြာ မဟုတ်တဲ့ အရည်အချင်းဖြစ်နေလို့ ကျွန်တော့်ဦးလေးလူပျိုကြီး ပါသွားပါဦးမယ်"

"ဘာလို့ ပါသွားရမှာလဲ"

"ယောက်ျားလေးတွေက ပိုကြည့်တတ်ပါတယ်၊ ပိုသိပါတယ်ကွာ၊ ခင်ဗျားတို့ မိန်းကလေးတွေ ဒါမျိုးမသိပါဘူး၊ အဲဒီအမျိုးသမီး မျက်လုံးတွေက ညုတုတုနဲ့ ဖိတ်ခေါ်တဲ့ မျက်လုံးလို့ ခေါ်တယ်၊ ပြုံးတဲ့ပုံကလည်း ပြုံတီတီနဲ့"

"ဟင် ... ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

ရွှေနှယ်ရီးမှာ စိတ်ပူရတော့မယောင်ယောင် ဖြစ်လျက် ပင့်သက်လေးရှိုက်ကာ ...

"အဲဒါတော့ ကျွန်မလည်း မပြောတတ်တော့ဘူး ...၊ လေးလေးလနဲ့ ဂျင်နရယ်မန်နေဂျာကြီး ဦးမြသောင်းနဲ့ ရွေးကြမှာပဲဟာ"





"သူ့ကိုရွေးရင်တော့ လေးလေးလကို ဟားပေးရမယ်၊ လေးလေးလကလည်း သိပ်ပြောနိုင်တာ မဟုတ်ဘူး၊ အလှအပလေးတွေဆို သူက နှစ်သက်ချင်သေးတာ"

"ခုကိစ္စမှာကတော့ အဲဒီအစ်မကြီးကလွဲရင်လည်း ရွေးစရာကောင်းတာမှ မရှိပဲ ရွှေဥက္ကာရယ်၊ သူ့ကိုရွေးရင် လှလို့ရွေးတယ်ဆိုတာမျိုး သွားမဟားပါနဲ့"

"ဟား ... ခင်ဗျားနဲ့လည်း အတော် စိတ်ခတ်ကျတယ်ဗျာ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော့်ဘက်သားကို မကေုတ်ဘူး၊ လေးလေးလဘက်သား အစစ်"

"ရွှေဥက္ကာကို ကျွန်မ အရမ်းခင်ပါတယ် ရွှေဥက္ကာရဲ့၊ လေးလေးလကိုလည်း ခင်တာပဲ၊ ရှင်က လေးလေးလကို ဖိပြောတော့ ကျွန်မက ကာကွယ်ပြောဆိုရမှာပဲပေါ့၊ ရှင်ကသာ တစ်ချိန်လုံး အတင်းပြောနေတာ၊ လေးလေးလက ရှင့်ကို ဘယ်တော့မှ ဒီလိုအတင်းတွေ မပြောဘူး၊ သူ့တူကို သူ အကောင်းပဲ ပြောရှာတယ်၊ လေးလေးလက ဘာတွေဘယ်လိုပဲဖြစ်နေနေ စိတ်သဘော သိမ်မွေ့ပြည့်ဝပါတယ် ရွှေဥက္ကာရယ်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရွှေနှယ်ရီး ပြောပုံအရ သူ့မှာ ကိုယ့်ဦးလေးကို
သူစိမ်းလောက်တောင် မလေးစား အကောင်းမထင်မိတဲ့အတွ
ရှက်ရတော့မှလို ဖြစ်သည်။ လေးလေးလ စိတ်သဘောကောင်း
ရွှေဥက္ကာ သိပါသည်။ ကိုယ့်ဦးလေးကိုယ် ချစ်လည်းချစ်တာပေ
ရွယ်တူတန်းတူ သူ့ကို ရွှေနှယ်ရီး စိတ်ဝင်စား ပိုမသွားအော
သူက အပြိုင်ညှို့ငင်ဆွဲဆောင်နေသည် ယူဆကာ မကျေနပ်တ
ရှိပါသည်။

တကယ်တော့လည်း ရွှေလသာဟာ တမင်တ
ဆွဲဆောင်သိမ်းသွင်းညှို့ငင်နေစရာ မလိုအောင်၊ သူ့နဂိုနေကို
လှတစ်ဖက်သားအပေါ် ဆွဲဆောင်လွှမ်းမိုးထားနိုင်တာလည်း အ
ဖြစ်သည်။

BURMESE CLASSIC .com

❧ ❦ ❧

"ကိုယ် တအားရေဆာနေပြီ၊ မင်းလည်း ဗိုက်ဆာလှ
မယ်၊ တစ်ခုခု စားကြရအောင်လား ရွှေနှယ်ရီး"

ရွှေနှယ်ရီးက ရုတ်တရက် စကားမပြန်မိ။ ရွှေလ
နှင့် အပြင်မှာ ဟိုဆိုင်ဒီဆိုင် မထိုင်ဖြစ်ဖို့ ရွှေနှယ်ရီးက အမြဲ





ရှောင်ရှားပါသည်။ ဘယ်လိုလူစားမှန်း ကိုယ်အတွင်းကျကျ
သိခဲ့ရတဲ့ သူတစ်ယောက်နဲ့ အလုပ်သဘောကလွဲပြီး ပုဂ္ဂလိက
ဆန် တွဲသွားလာမှုမျိုး အရာမရောက်အောင် ကိုယ့်ဘက်က
တ်တခိုး ဆင်ခြင်နေတာပင်။

ဒါကို ရွှေလသာကတော့ သိပုံမရပါ။ အလုပ်ကိစ္စ
ပြင်ထွက်ရတိုင်း ရွှေနှယ်ရီးအတွက် သူက သိတတ်စွာ ...

"ဗိုက်ဆာလား ... ရေငတ်လား"နှင့် အမြဲမေးဖော်
သော်လည်း ရွှေနှယ်ရီးက အမြဲငြင်းသည်ချည်းပင်။ "ဟင့်အင်း
ဘူး ရပါတယ်"လို့ ခေါင်းကလေးသာ ကြိတ်ခါမြဲဖြစ်
သည့် ရွှေနှယ်ရီးဟာ ဒီတစ်ခါတော့ တကယ့်ကို ဆာလောင်မွတ်
ကာ အူလိမ်နေပြီ။

သွင်းကုန်လုပ်နေ်းရှင်များ အစည်းအဝေးမှာ အချိန်
တော်ကြာခဲ့ပါသည်။ ပြီးလောက်သည် ထင်တဲ့အချိန်မှာ မပြီးပဲ
ည်းအဝေးက ကြန့်ကြာနေခဲ့ရာ သူတို့လိုပဲ အစည်းအဝေးလာ
တဲ့ သူတွေတိုင်း အူတကြွတ်ကြွတ် မြည်နေမှာ သေချာ
ည်။

နေ့လယ် နှစ်နာရီပဲခွဲနေပြီ။ ဗိုက်ထဲမှာ အဖတ်မယ်
ရ မရှိ။ ကားပေါ်ပြန်ရောက်ကြသည်နှင့် ရွှေလသာက
ား‌စ,တာပင်။ သူကမှ ရေဆာရုံ။ ရွှေနှယ်ရီးက အနားဗိုက်



www.burmeseclassic.com

www.burmeseclassic.com



သူကိုတောင် ကိုက်ဆွဲစားချင်အောင် ဆာလောင်လှသည်မှာ ...
ထွက် ငိုချင်နေတဲ့ အထိပင်။ ဒီတစ်ကြိမ်တော့ ဘယ်လိုမှ ...
တခွဲသားနှင့် မငြင်းနိုင်ပဲ ...

"ကျွန်မလည်း တအားဆာနေပြီ၊ လူရိုက်ချင်လောက်အော...
ဆာနေပြီ"

"အမယ်လေး ... အမယ်လေး၊ လူတော့ မရိုက်ပါနဲ့၊ ...
မှာ ကျုပ်ပဲရှိတာ၊ ကျုပ် ထိပ်ပေါက်ခေါင်းကွဲရမလို ...
နေပြီ၊ ကဲ ... ကဲ ... ဆိုင်ရွေးမနေတော့ဘူး၊ ဒီကနေ...
နား အရင်ဆုံးတွေ့တဲ့ အနီးဆုံးဆိုင် ဝင်စားမယ်"

"အနီးဆုံးဆိုင်လို့ မရွေးပါနဲ့ လေးလေးလ၊ နောက်...
ငါးမိနစ် ဆယ်မိနစ် ထပ်စောင့်ရတာက အကြောင်းမ...
တော့ပါဘူး၊ နီးတဲ့ဆိုင်ဆိုပြီး ဝင်လိုက်ပြီးမှ စားလို့မ...
အဆင်မပြေဖြစ်ရင် အဆာခံထားရတာနဲ့ မတန်ဘူး...

ရွှေလသာက ပြုံးလိုက်ရင်း ...

"ဒါဖြင့် ရွှေနှယ်ရီး ဘာစားချင်လဲ"

"တကယ်စားချင်နေတာက မုန့်ဟင်းခါးပဲ၊ တရုပ်...
တရုတ်အစားအစာ ဆိုရင်လည်း ချက်ပြုတ်ကြော်လှော်...
စောင့်ရတာ ကြာဦးမယ်၊ ဒါပေမဲ့ လေးလေးလက ယော...
ဆိုတော့ မုန့်ဟင်းခါး ကြိုက်ချင်မှ ကြိုက်မှာပေါ့နော်"





"ဟာ ... မုန့်ဟင်းခါး ကိုယ် သိပ်ကြိုက်တာပေါ့၊ စမ်းချောင်း
ဘက်ကို မောင်းလိုက်မယ်"

"ဟုတ်ကဲ့"

ရွှေလသာက ကားကို ခပ်မြန်မြန်မောင်းလာရင်း ...

"ဒီအစည်းအဝေးကတော့ အတော် ညည်းစော်နံသွားတယ်၊
ဦးတင်မောင်ဝင်းရဲ့စက္ကတာရီမိန်းမကြီး ငိုက်မြည်းနေတာ
မြင်လား"

"အဟင်း ဟင်း ... မြင်တယ်၊ ရက်စရာကြီးနော်"

"အင်းလေ၊ အဲဒါကြောင့်လည်း များသောအားဖြင့် စက္ကတာရီ
တွေကို ဖျတ်လတ်တက်ကြွတဲ့ ပို့ပို့ရွယ်ရွယ်တွေ ထားလေ့
ရှိကြတာပဲ"

ရွှေနှယ်ရီးက ရွှေလသာကို နိုးငံ့ကြည့်ရင်း ...

"လေးလေးလ လူမရွေးရသေးဘူးလားဟင်"

"ဘာဖြစ်လို့လဲ ငြီးငွေ့ပင်ပန်းနေပြီလား"

"မဟုတ်ပါဘူး၊ ရွေးပြီးပြီလား သိချင်လို့ မေးကြည့်တာပါ"

"ဦးမြသောင်းနဲ့ တိုင်ပင်နေတာပဲ၊ တကယ်ကတော့ သူ့သာ
လွှဲချနေတာ၊ ကိုယ့်ဟာကိုယ်ပဲ ရွေးချယ်ရမှာပါ၊ ကိုယ်နဲ့
အလုပ်လုပ်ရမှာပဲဟာ၊ ရွေးစရာကလည်း ဘယ်သူ့မှမ...



www.burmeseclassic.com

www.burmeseclassic.com



မရှိတာ၊ အဲဒီနေ့က မင်းလည်းတွေ့မှာပေါ့၊ အဆင်ပြေပြေ
ဟာမှ သိပ်မပါတာ၊ အဆင်ပြေတဲ့သူတွေကလည်း သူတို့
ရင်းနေရာမှာပဲ အဆင်ပြေပြေ လုပ်နေမှာပေါ့လေ၊ ဟိုတ
ယောက်တောင် သူ့ဘော့စ် ဌာနရွှေ့လို့သာ၊ နေပါဦး ...
နာမည် ဘယ်သူပါလိမ့်"

"မခင်မျိုးမြတ်"

"အင်း ... အဲဒီတစ်ယောက်ပဲပေါ့၊ Sharp ဖြစ်တဲ့ပုံ ရ
တယ်၊ ဒါပေမဲ့ ... အင်း ... ဘယ်လိုပြောမလဲ၊ အားနည်း
ချက်တော့ ရှိမှာပဲ၊ ကြည့်သေးတာပေါ့လေ"

ရွှေလသာကတော့ ရွှေဥက္ကာ ကဲ့သို့ ပွင့်ပွင့်လင်း
လင်း ဝေဖန်လိုတဲ့ပုံ မရပါ။ လူကြီးမို့ ဣန္ဒြေဆည်ဆည်လေးသာ
ပြောဆိုသည်။

"ရွှေဥက္ကာကတော့ သူ့ကို မကြိုက်ဘူးတဲ့"

မကြိုက်တဲ့ထဲမှာ ကိုယ်တိုင်လည်း ပါတယ်
ရွှေနှယ်ရီး ပြောလို့မရနိုင်ပေ။

"သိတယ် ... သိတယ်၊ သူ အိမ်မှာလည်း ပြောတယ်
ကိုယ့်ကိုလာချွတ်နေတာ၊ ဒီတူတစ်ယောက်နဲ့တော့ ရွှေ
မရ ခြောက်မရ၊ အရှုံးလို ဆက်ဆံမရ၊ အကောင်း





ဆက်ဆံမရ၊ လေးလေးက လုလို့ခန့်တာလား ဘာလား
လာလုပ်နေတယ်လေ၊ ရွှေနှယ်ရီးကိုလည်း ပြောရင်ပြော
မှာပေါ့၊ ဘာဆိုင်လဲ၊ လုတာမလုတာနဲ့ အလုပ်ကိစ္စနဲ့"

ရွှေလသာရဲ့ ဤအပြောဖြင့် ဟုတ်သည်ထား မဟုတ်
သည်ထား ရွှေနှယ်ရီးက အနည်းငယ် ကျေနပ်သွားတာ အမှန်
င်း မုန့်ဟင်းခါးဆိုင်ရောက်၍ ကိုယ်စားချင်နေတဲ့ မုန့်ဟင်းခါး
စားလိုက်ပြီးတဲ့အခါ ဗိုက်ဆာလို့ ဖြစ်ရတဲ့ဒေါသတွေ ပျောက်
ာ လူက ကြည်လင်လန်းဆန်း လာပါသည်။

ကြည်လင်လာတဲ့ ရွှေနှယ်ရီးရဲ့ မျက်နှာကလေးကို
ကြည့်ပြီး ရွှေလသာ စိတ်ချမ်းသာရသည်။ ဒီတစ်ကြိမ်သာ အပြင်
ာ ဆိုင်ထိုင်ပြီး အတူစားဖူးတာမို့ ရွှေလသာ စိတ်ထဲ နှစ်သိမ့်
ကြည်နူးနေမိပါသည်။ လူငယ်လေးတစ်ယောက်အလား သူ့နှလုံး
သားတို့ လန်းဆန်းလှုပ်ခတ်နေပါသည်။

ရွှေနှယ်ရီး ဆိုတဲ့ အမည်ကို စ,ကြားဖူးစဉ်က
ရွှေဥက္ကာကို တမင်စကားနိုင်လု ပြောဆိုဖူးခဲ့ပေမဲ့ သူ့ရုံးကို
ရှော်လင့်ပဲ ရွှေနှယ်ရီး အလုပ်ဝင်လာတဲ့အခါ သူက အလုပ်ရှင်
လူကြီးပီပီ ခပ်မှန်မှန်ကလေးပဲ ဆက်ဆံခဲ့ပါသည်။ ဒါကြောင့်
သူနဲ့ ရွှေနှယ်ရီးဟာ ရွှေဥက္ကာနဲ့လို မရင်းနှီးခဲ့ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုလို သူ့အနား ခဏခေါ်ခိုင်းထားမှပဲ အထိုက်လျောက် ရင်းနှီးလာတာ။ ခပ်လှမ်းလှမ်းကပင် ချစ်စရာကောင်းနေတဲ့ ရွှေနှယ်ရီးဟာ အနားမှာထားပြီး တရင်းတနှီး ရှိလာတဲ့အခါ တစ်မျိုးလေး စိတ်လှုပ်ရှားချင်စရာ ကောင်းလှပါသည်။

သူမရဲ့ အမှတ်မထင်တဲ့ အပြုအမူကလေးများက သူ့ရင်ကို အမှတ်တမဲ့ ဖိလိုက်ခုန်ပေါက်သွားစေတတ်ပြီးလျှင် သူ့ကိုယ်သူ ဆင်ခြင်ဘရိတ်အုပ်ရသည်။ ရွှေဥက္ကာကို စကားနိုင်သာ လုပြောနေတာ၊ ရွှေဥက္ကာ နှစ်သက်စွဲလမ်းနေမည် ထင်ရသည့် မိန်းကလေးတစ်ယောက်ကို သူကလည်း အပြိုင်အဆိုင် ဝင်မပါလိုပါ။

သို့ပေမဲ့ သူမဟာ တစ်မျိုးလေး။ ချစ်စရာလေး။ မြတ်နိုးစွဲမက်ချင်စရာလေး ဆိုတာကိုတော့ဖြင့် တဖျပ်ဖျပ်လှုပ်ခါသွားတတ်တဲ့ သူ့နှလုံးသားတို့ကို ညာမရအောင် အမှတ်ထင်ထင် ဖြစ်စေသည်။

သူတောင်တစ်ပွဲပဲစားနိုင်တဲ့ မုန့်ဟင်းခါးကို နှစ်ပွဲကုန်အောင်ထပ်ယူမှာ စားနေတဲ့ ရွှေနှယ်ရီးကို ရွှေလသာက ချစ်စနိုးတကြည့်ကြည့် ရှိနေဆဲ ဆိုင်ရှေ့ကို ကားတစ်စင်းရပ်ကာ မိသားစုပုံစံ လူသုံးလေးဦး ဝင်လာပါသည်။





ရွှေနှယ်ရီးက မုန့်ဟင်းခါး ငုံ့စားနေကာ သူတို့ကို မမြင်။ သူတို့ထဲက ဆယ်ကျော်သက် အပျိုမကလေးက ရွှေနှယ်ရီးကိုမြင်လျှင် သူ့အမေကို လက်တို့၍ ပြသဖြင့် အမျိုးသမီးကြီးက စားပွဲနားက အဖြတ်မှာ ခဏရပ်ကာ ...

"သမီး ... မုန့်လာစားသလား"

ရွှေနှယ်ရီးက မော့်ကြည့်လိုက်ကာ ချက်ချင်းမမှတ်မိပဲ စက္ကန့်ပိုင်းခြားပြီးမှ ...

"ဩော် ...၊ ဩော် ... အန်တီ"

"အေး ... အေး ... မှတ်မိတယ်နော် သမီး"

"မှတ်မိပါတယ် အန်တီ"

ရွှေနှယ်ရီးသည် ရွှေလသာကို ဖျတ်ခနဲ တုန်လှုပ်ခြင်းနှင့် ကြည့်လိုက်မိပါသည်။ သူတို့တွေချင်းများ သိကြမလားလို့။ ဘယ်သူကမှ ဘယ်သူ့ကို သိပုံမရပါ။ အင်းလေ ... သိချင်မှလည်း သိကြပေမှာပေါ့။ ကြားခံကာယကံရှင် မရှိတော့တဲ့နောက် တစ်ဖက်စီက လူတွေချင်း မသိကြဘူးဆိုတာဟာ ဖြစ်နိုင်ပါသည်။

"မေမေလည်း နေကောင်းတယ်နော် သမီး"

"ကောင်းပါတယ် အန်တီ"

"အေးကွယ် ... သမီးတို့သားအမိကို အထူးသဖြင့် သမီးကို မမေ့ပါဘူးကွယ်၊ ကျေးဇူးရှင်တွေပါ၊ အန်တီ့သမီးအဖြ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကံက ကုန်လို့သာ အသက်မရှိပဲ ဆုံးရပေမဲ့ ဆေးရုံ အချိန်မီပို့ပေး၊ တရားခံကားကိုလည်း ဖော်ပေးနိုင်တာ သမီးကျေးဇူးပါ၊ သတိရပါတယ်ကွယ်"

စကားတွေရဲ့ ဆန်းကြယ်မှုကြောင့် ရွှေလသာက အာရုံစိုက် နားထောင်နေမိပါသည်။

"ကားကို မိသွားတယ်နော် အန်တီ"

"မိပါတယ်၊ နောက်တစ်နေ့ပဲ မိပါတယ်၊ ကားကိုဖော်ထုတ်နိုင်တော့ ရဲအဖွဲ့ကလည်း စုံစမ်းလိုက်သွားနိုင်တာနဲ့ တရားခံ ကောင်လေးကလည်း မငြင်းပါဘူး၊ ဝန်ခံရှာပါတယ်"

"ဪ"

"ဝန်မခံရင်တော့ သမီးကိုခေါ်ပြီး သက်သေလုပ်ပေးဖို့ အကူအညီတောင်းရဦးမှာတဲ့၊ အဲလိုသာဆိုရင် သမီးကိုလည်း အားနာစရာ၊ အန်တီကလည်း အဲသလို သမီးကိုပြန်ခေါ် သက်သေလုပ်မှာမျိုး ဒုက္ခမပေးချင်တော့ပါဘူး၊ ဒါပေမဲ့ ကားမောင်းတဲ့ သူငယ်လေးက မငြင်းပါဘူး၊ ဝန်ခံရှာတယ်၊ သူလည်း အဲဒီနောက်တစ်နေ့မှာပဲ လာပြီး ဝန်ခံအဖမ်းခံ မလို့ပါတဲ့ ...

ဖြစ်ဖြစ်ချင်းကတော့ လူပူပြီး ကြောက်လို့မောင်း ပြေးမိပါတယ်တဲ့၊ နည်းနည်းလည်း မူးနေမယ် ထင်ပါရဲ့





ကွယ်၊ သူ အဖမ်းခံပါတယ်၊ အန်တီတို့ကို အမှုဖွင့်တရားစွဲ ဦးမလား ဆိုတော့ အန်တီလည်း မလုပ်ချင်တော့ပါဘူး သမီးရယ်၊ ဘာလုပ်မလဲ ...

ဒီလမ်းပေါ်မှာ သမီးလည်း လျှောက်နေတာပဲ၊ ဒီကားမောင်းလာရာ လမ်းတစ်လျှောက်မှာလည်း လူတွေ အများကြီး လမ်းပေါ်ရှိကြမှာပါပဲ၊ အန်တို့သမီးကြီးကျမှ တိုက်မိတာဟာ သူ့မှာကို ခံရဖို့ အကုသိုလ်က ပါလာတာ ပါ၊ ကောင်လေးမှာလည်း အပြစ်ရှိတာ မှန်ပေမဲ့ အန်တို့ သမီးကို မုန်းလို့တိုက်တာမှ မဟုတ်ပဲ၊ တမင်သေစေချင် လို့မှ မဟုတ်ပဲလေ"

အမျိုးသမီးကြီးက ပြောရင်း မျက်ရည်လည်လာ သည်။ ရွှေနွယ်ရီးပါ ဝမ်းနည်းလာပါသည်။ အနားမှာရှိနေတဲ့ ရွှေလသာကြောင့်လည်း စိတ်မလုံမလဲ ကျဉ်းကျပ်နေသည်။

"အန်တီကတော့ ကျေအေးပေးလိုက်ပါတယ်၊ ဒါပေမဲ့ တာဝန်ရှိ ရဲကတော့ တရားလိုလုပ် အမှုတော့ဖွင့်သေးတာ ပေါ့၊ ကောင်လေးခမျာလည်း အခု ထောင်ကျနေရှာပါတယ်၊ ကံပေါ့ကွယ်၊ ကံတရားတွေပေါ့"

"ဟုတ်ပါတယ် အန်တီ၊ ပြီးတာတွေ မေ့ထားလိုက်ပါတော့၊ ပြန်မတွေးပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"မေ့တော့ ဘယ်မေ့လို့ရမလဲ သမီးရယ်၊ နက်ဖြန်ကိုသမီး ကြီးခြောက်လပြည့်လေ၊ ဒီက မုန့်ဟင်းခါး မှာထားတယ်၊ ခြောက်လပြည့် ဆွမ်းကျွေးမလို့၊ အနုလည်း ငွေလာချေ တာ"

"ဪ"

"သမီးတို့ သားအမိကို ဖိတ်ပါတယ်၊ အားရင်လာခဲ့ကြပါ လားကွယ်"

"သမီးကတော့ ရုံးတက်နေရတော့ မနက်ပိုင်းတွေ သွား လာဖို့ အဆင်မပြေဘူး အန်တီ၊ မေမေ့ကို ပြောပြပါ့မယ်"

"အေး ... အေး၊ ခရီးကြုံ လမ်းကြုံ ဖိတ်တာ မဟုတ်ဘူး နော် သမီး၊ မနေ့ကတည်းက အဖြစ်အပျက်တွေ ပြန်စဉ်း စားမိရင်း ဒီက အန်တီသမီးငယ်ကိုတောင် ပြောမိသေး တယ်၊ သမီးတို့ အိမ်လိပ်စာလည်း ဟိုးတုန်းက ရေးမှတ် ထားတာ ရှိတယ်လေ၊ သွားဖိတ်ချင်ကြောင်းတောင် သမီး ငယ်နဲ့ ပြောနေမိတယ်၊ အလုပ်များနေတော့ ရောက်ဖြစ် မဖြစ် မသေချာပေမဲ့ စိတ်ထဲမှာ သေချာရှိတယ်၊ အဲဒါကြောင့် ခုလို တိုက်တိုက်ဆိုင်ဆိုင် လာဆုံတာ ဖြစ်မယ်"

"ဟုတ်ကဲ့ အန်တီ၊ လာချင်ပါတယ်၊ မေမေ့ကို သေချာ ပြောပြပါ့မယ်"





"အေး ... အေး၊ သမီး စားလက်စတောင် ပျက်နေပြီ၊ စား ... စား သမီး၊ အန်တီ နက်ဖြန်အတွက် ဈေးဝယ်သွား ချေဦးမယ်"

"ဟုတ်ကဲ့"

"သွားမယ်နော် မမ"

အငယ်မကလေးကပါ နှုတ်ဆက်ပြီး ကောင်တာဆီ သွားကြပါသည်။ နောက်ကပါလာတာက မဖြူလွဲ့ရဲ့ အစ်ကိုလား မောင်လား တစ်ခုခုပင်။ ရုပ်ချင်းဆင်သည်။ သူတို့အားလုံး ဘယ်သူမှ ရွှေလသာကို ဂရုတပြု မရှိကြပါ။ ရွှေနှယ်ရီးနဲ့ အတူ ထိုင်မုန့်စားနေတဲ့ လူတစ်ယောက် အဖြစ်ထက် ပိုပြီးစိတ်ဝင်စားမှု မရှိ။

ရွှေနှယ်ရီးသာ သူတို့ထွက်သွားအပြီး ကိုက်ထားတဲ့ ပင်သက်တစ်လုံးကို မှတ်ထုတ်လိုက်ရသည်။ ဆက်စားလိုစိတ် မရှိတော့။

"မစားတော့ဘူးလား ရွှေနှယ်ရီး"

"ဟင့်အင်း"

"ဒါဖြင့် ငွေရှင်းပြီး သွားကြမယ်"

ရွှေနှယ်ရီးက ငွေရှင်းနေတဲ့ ရွှေလသာကို ငေး၍ ကြည့်နေမိသည်။ အကဲခတ်နေမိသည်။ ယောဂယျသ[illegible]အား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မိန်းကလေးတစ်ယောက်ရဲ့ မိဘမိသားစုဟာ မိန်းကလေးရဲ့ ရည်းစားကို မသိတတ်ကြပေမဲ့ မိန်းကလေးရဲ့ ရည်းစားကတော့ ထိုမိန်းကလေးရဲ့ မိဘမောင်ဘွားတို့ကို သိနေတတ်တာပင်။

မဖြူလှဲ့ရဲ့ အမေနှင့် ညီကိုမောင်နှမတို့ ရွှေလသာကို မသိကြပေမဲ့ ရွှေလသာက မဖြူလှဲ့ရဲ့ မိသားစုမောင်နှမတို့ကို သိနိုင်ပါသည်။ ထိုသို့ သိခြင်းရှိမရှိ ရွှေနှယ်ရိုးက အကဲခတ်တာပင်။

ရွှေလသာရဲ့ မျက်နှာမှာ ဘာထူးခြားမှုမှမရှိ။ ပကတိ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပင်။ သူ့ဘက်ကလည်းပဲ မသိတာ တကယ်လား၊ ဒါမှမဟုတ် ဟန်ဆောင်ကောင်းလွန်းတာပဲလား။

"သွားစို့"

နှစ်ယောက်သား ကားမောင်းထွက်လာကြပြီးမှပင် ...

"သူတို့နဲ့ တွေ့လိုက်ရတာ ရွှေနှယ်ရိုး စိတ်မောသွားသလိုပဲ"

ရွှေလသာက ကြင်ကြင်နာနာ မေးသည်။ စိတ်မောသွားရတာက သူ ရှိနေလို့။ အေးမှာ သူသာရှိမနေရင် ရွှေနှယ်ရိုး ဘာမှမဖြစ်ဆိုတာ သူ မသိရှာပေ။

"စိတ်ဝင်စားစရာ ဇာတ်လမ်းလေးနော်၊ ထရယ်ဂျတီလေး ထင်ပါရဲ့"





"လေးလေးလ စိတ်ဝင်စားလား"

"အင်း ... ဝင်စားသားပဲ"

"စိတ်ဝင်စားရင် ပြောပြမယ်"

"ပြောလေ၊ နားထောင်ရတာပေါ့"

"အဲဒီအန်တီရဲ့သမီးဟာ ကားတိုက်ခံရပြီး သေသွားတာလေ"

"ဩော် ... ကျွတ် ... ကျွတ်"

"ကားတိုက်ခံရတာက ကျွန်မတို့လမ်းထဲမှာ၊ အတိအကျဆိုရင်တော့ လေးလေးလတို့ခြံရှေ့နားမှာ"

"ဟုတ်လား၊ ဩော်၊ ဘယ်တုန်းကလဲ၊ ဩော် ... သူတို့ပြောသွားတာ လွန်ခဲ့တဲ့ ခြောက်လကပေါ့နော်၊ နက်ဖြန် ခြောက်လပြည့်ဆွမ်းကျွေးမယ်ဆိုတော့"

"ဟုတ်ကဲ့၊ ခြောက်လရှိပြီ"

"ကိုယ်တို့ အလုပ်သွားနေတုန်း အချိန်မျိုး ဖြစ်မယ်ထင်တယ်"

"ဟုတ်ကဲ့၊ နေ့လယ်ဘက်ကြီးပါ၊ အဲဒီနေ့က လေးလေးလတို့အိမ်မှာလည်း အိမ်ရှင်တွေ ဘယ်သူမှ မရှိကြဘူး၊ အကူအညီ ရမလားလို့ ခေါ်ကြည့်တော့ အိမ်ဖော်ကောင်မလေးပဲ ရှိတယ်၊ လူကြီးတွေ မရှိဘူး ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟုတ်ပြီ၊ ကိုယ် သိပြီ၊ ကိုယ် မှတ်မိပြီ၊ လွန်ခဲ့တဲ့ အဲဒီလောက်က၊ အိမ်က ကောင်မလေး ပြောပြတာ မှတ်မိတယ်၊ ဟုတ်တယ်၊ နေ့လယ်ဘက် ဘယ်သူမှမရှိဘူး၊ မေမေနဲ့ မမလည်း တစ်နေရာသွားနေတုန်း အိမ်ရှေ့မှာ အစ်မကြီးတစ်ယောက်ကို ကားနဲ့တိုက်မိလို့တဲ့"

"အဲဒီတုန်းက အဲဒီကိစ္စကို လေးလေးလ ရေရေရာရာ သိလိုက်လား"

"ဘာမှ မသိလိုက်ဘူးလေ၊ ခုနပြောသလောက်ပဲ၊ အဲဒီတုန်းက ရွှေနှယ်ရိုးတို့နဲ့ ဆိုရင်တောင် သိဦးမယ် မထင်ဘူးနော်၊ ကိုယ်တို့ခြံမှာ အိမ်တက်ပွဲလုပ်တော့ မေမေ့မွေးနေ့လေ၊ ငါးလ၊ ငါးလစွန်းရုံလောက်လေး ရှိသေးတာပဲ၊ အဲဒီတော့မှ ရွှေနှယ်ရိုးကို ကိုယ် စသိတာ"

"ကျွန်မနဲ့ သိတာကို မေးတာမဟုတ်ဘူးလေ၊ ခုနက ဟို အစ်မကြီး ကားတိုက်ခံရပြီး ဆုံးသွားတဲ့ အဖြစ်အပျက်ကို သိသလား မေးတာ"

"ကိုယ် ဘယ်သေချာသိမလဲ၊ ခု ရွှေနှယ်ရိုးပြောမှ အိမ်က ကောင်မလေး ပြောဖူးတာ ပြန်အမှတ်ရတာလေ၊ ကားတိုက်ခံရတဲ့ မိန်းကလေး ဆုံးသွားမှန်းတောင် မသိဘူး"





"လေးလေးလ အသိအကျွမ်း မိတ်ဆွေထဲမှာရော ကားတိုက်ခံရပြီး သေသွားတဲ့ မိန်းကလေး ရှိလား"

ရွှေနှယ်ရိုးကို ရွှေလသာက တအံ့တဩ မျက်မှောင်ကုတ်ကြည့်ရင်း ...

"မရှိပါဘူး၊ ဘာဖြစ်လို့လဲ"

"ခုန ကားတိုက်ခံရပြီး ဆုံးသွားတဲ့ အစ်မကြီးကိုရော သိလား"

"ဘယ်လိုလုပ် သိမှာလဲ ရွှေနှယ်ရိုးရယ်"

"သူ့နာမည် ဖြူလဲ့လဲ့ကြည် တဲ့"

ပြောပြီး ရွှေနှယ်ရိုးက ရွှေလသာကို စူးစိုက်အကဲခတ်နေမိပါသည်။

❖ ❖ ❖



www.burmeseclassic.com

# ၉

"ရွှေနွယ်ရိုးရေ ... ဦးရွှေလသာ ဆီက နာရီအရောင်းပြ
တွေရဲ့ မြို့ပေါင်းစုံလချုပ်စာရင်းတွေ ဝင်တောင်းလိုက်
အားလုံး စာရင်းချုပ်ပြီး ဒီနေ့နဲ့ နက်ဖြန် အပြတ်ပြ
အောင်၊ ငါတော့ ဝင်မတောင်းချင်တော့ဘူး၊ အပေါက်
ဆိုးဆိုးစစ်မေးတဲ့ဒဏ်ကို လူကြီးဆိုတော့ မခံချင်တော့
ပေါ့"

အန်တီဒေစီက ပြောလိုက်တာမို့ ရွှေနွယ်ရိုး
ထိုင်ရာမှ ထ,လိုက်ရပါသည်။ ဒီစက္ကူတရီအသစ်ကျမှ ဝန်ထမ်း
ဟာ ဘောစ်ကို တိုက်ရိုက်စကားပြောဖို့ပင် ခက်နေတော့





အားလုံး စိတ်ပျက်ကြရသည်။ အရာရာ သူကတစ်ဆင့်သာ
ဦးစေလိုတဲ့ မခင်မျိုးမြတ်ရဲ့ နေရာယူမှုကို လူအတော်များများ
ညည်းနေကြပါသည်။

"သွား ... သွား ...၊ စစ်ဆေးနေရင် လေကုန်ခံ မြေ
မနေနဲ့၊ တံခါးသာ တွန်းဖွင့်[illegible]လိုက်ပေတော့၊ အလုပ်
ဖင့်တယ်"

ရွှေနွယ်ရိုးက ဦးရွှေလသာရဲ့ အခန်းဝကို ရောက်
သည်။ မခင်မျိုးမြတ်ကို ဦးရွှေလသာက သူ့အခန်းထဲ အချိန်
ပြည့် ခေါ်နိုင်းမထားပေ။ သူ့အခန်းဝက စားပွဲမှာ ထားသည်။
မှ ခေါ်သည်။

အခန်းဝရောက်လျှင် တံခါးကိုခေါက်ဖို့ လက်ပြင်
ညီရှိဆဲ မခင်မျိုးမြတ်က ထ,ရပ်လိုက်၍ ...

"ဘာကိစ္စလဲ ရွှေနွယ်ရိုး"

သူရောက်ပြီးမှ ရွှေနွယ်ရိုးသည် ရွှေလသာ အခန်း
ထဲ တစ်ကြိမ်မှ မဝင်ဖြစ်သေးပါ။ ခင်မျိုးမြတ်ကတော့ နိုင်းစရာ
ကြာ လာနိုင်းတတ် ပြောတတ်၍ ပြောပြောဆိုဆို ရင်းရင်းနှီးနှီး
တော့ ရှိနေပါပြီ။

"အန်တီဒေစီက နာရီလချုပ်တွေ တောင်းခိုင်းလို့ပါ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေ ... မေးကြည့်မယ်၊ ဘော့စ် အလုပ်များ
များနေမှာ၊ စိတ်ရှုပ်နေတုန်းနဲ့ ကြုံရင် အခန်းထဲဝင်လာ
အောင်နေဦးမယ်"

"ဟိုးအရင်ကလည်း ကိစ္စရှိရင် တံခါးခေါက်ဝင်လို့
တယ်၊ လေးလေးလက မအော်ပါဘူး"

"ဘယ်လို ! ... ဘယ်လိုခေါ်လိုက်တာလဲဟင်"

"ဘာဖြစ်လို့လဲ"

ရွှေနှယ်ရီး ကြွမြီးတိုလာသည်။

"ခေါ်ပုံလေးက အဆန်းတကြယ် ရှိလှလို့ပါ"

"ဒီလိုပဲ ခေါ်နေကျပဲ"

ခင်မျိုးမြတ်က အရေးပါသော ဟန်မူရာနှင့် ရွှေနှ
ကို ရှုပ်ရန်ကောဆိုတဲ့ပုံမျိုး ဖမ်းကာကြည့်ရင်း ...

"နေဦး ... မေးကြည့်ပေးမယ်"

ရွှေနှယ်ရီးသည် ဘာမှဆက်မပြောချင်။ ခင်မျိုး
ကိုယ်တိုင် တံခါးခေါက်ကာ တံခါးကို သူ့မျက်နှာပြသာရုံ
ဟ,ဟ့လေးဖွင့်ကာ ...

"ဦးလသာ ... တစ်ခု မေးချင်လို့ပါ"

သူကျတော့ "ရွှေ"တစ်လုံးဖြုတ်ကာ အဆန်း
ခေါ်နေပြီး ရွှေနှယ်ရီး ခေါ်တာကျတော့ မလိုတာမှ ရှိနေသ





တော့ သူတစ်ကိုယ်တည်း ဝင်သွားပြီး တံခါးပြန်စေ့ပစ်ဖို့
ဒါပေမဲ့ ရွှေလသာက မတ်တတ်ရပ်ကာ ဖုန်းပြောနေတာ
ရ၍ ခင်မျိုးမြတ်က ဝင်မသွားသေးပဲ အခန်းဝကသာ လှမ်းမေး
ဖြစ်ပါသည်။

သို့သော် မတ်တတ်ရပ်နေတဲ့ ရွှေလသာက ခင်မျိုး
ရဲ့နောက်မှာ ရပ်နေသော ရွှေနှယ်ရီးကို ခေါင်းတစ်ဝက်စာ
ကော် ပိုမြင့်နေတဲ့ အရပ်ကြောင့် ကျော်ပြီးမြင်လိုက်ရပါသည်။
မျိုးမြတ် အလုပ်ဝင်ကတည်းက ပိုင်စိုးပိုင်နင်း ပြုမူချင်တဲ့
မျိုးမြတ် ပုံစံကြောင့် ဝန်ထမ်းတွေဟာ တော်ရုံ သူ့ဆီရောက်
ကြတော့ရာ ရွှေနှယ်ရီးကိုလည်း သူ ရုံးအလာ ရုံးအပြန်
ချိန်အတွက် ပြန်အဝင်တွေမှာသာ လှမ်းမြင်ရရုံရှိပြီး နီးနီးနား
ကို မြင်ခွင့်မသာတော့တာပါ။

ရုတ်တရက် ရွှေနှယ်ရီးကို လှမ်းမြင်လိုက်ရလျှင်
လသာက ကွဲကွာနေတဲ့ ငယ်ပေါင်းနဲ့ ပြန်တွေ့သလိုမျိုး ဒိတ်
ခင် ပျော်မြူးသွားမိတဲ့ အထိပင်။ ဖုန်းကိုလက်နှင့်အုပ်ရင်း
ကာ ...

"ရွှေနှယ်ရီး ... လာလေ၊ ဝင်ခဲ့"

ခင်မျိုးမြတ် အမ်းတမ်း ဖြစ်သွားခိုက် ရွှေနှယ်ရီးက
ါးကို နောက်ကနေကျော်ပြီး လှမ်းတွန်းရင်း ခင်မော့မော့ဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်ပါတော့သည်။ တွေ့ပြီလား မခင်မျိုးမြတ်ရဲ့၊ လေးလေးလက ကျွန်မကို ဘယ်လိုဆိုတာ။

ရွှေနှယ်ရီး နောက်က ခင်မျိုးမြတ်ကပါ လိုက်ဝင်လာရင်း ...

"ဦးလသာ ...၊ ဟို ... နာရီလချုပ် ..."

ရွှေလသာက ခင်မျိုးမြတ်ကို လက်ကာပြလိုက်ရင်း ...

"ရွှေနှယ်ရီး၊ ထိုင်လေ၊ ရပြီ ခင်မျိုးမြတ်၊ သူ့ထားခဲ့၊ စာရင်းက ကျွန်တော် ထုတ်ပေးမှ ရမှာ၊ ပြီးရင် သူ့ကို ပြောစရာ ရှင်းပြစရာတွေလည်း ရှိသေးလို့"

သဘောက "မင်းသွားလို့ ရပြီ"လို့ နှင်လိုက်တာပင်။ တိုက်ရိုက်ပြောမည်ဆိုတာ သိသာစေတဲ့ သဘောပင်။ ရွှေလသာက အသက်သိပ်မကွာတဲ့ ခင်မျိုးမြတ်နှင့် စကားပြောရာမှာ ကျွန်တော်လို့သာ သုံးတာ ရွှေနှယ်ရီး သတိပြုမိသည်။

"ဟုတ်ကဲ့ ... ဦးလသာ၊ မျိုး တစ်ခုရှာချင်သေးလို့"

ခင်မျိုးမြတ်က အခန်းထဲက ထွက်မသွားပဲ အခန်းရဲ့ အတွင်းဘက်ထောင့်ထဲထိ ဝင်သွားကာ လီကိုသံဗီရိုထဲက ဖိုင်တစ်ထပ်ကို ဆွဲကိုင်လှန်လှော ရှာဖွေဟန် ပြုကာနေသည်။ ရွှေလသာပင် ကသိကအောက် ဖြစ်သွားရပါသည်။ အတော်ပိုင်စိုးပိုင်နှင်း





နရာယူတဲ့ အမျိုးသမီးပဲ။ အလုပ်အကိုင် တော်တာ၊ လာဘ်မြင်တာ ချက်ချာတာတွေကြောင့် ကျေနပ်စရာရှိတာ တစ်ဝက်မို့ ဘာမှ မပြောဘဲ ကြည့်နေရသည်။

တစ်ခါတစ်ရံ ကိုယ့်ဝန်ထမ်းတွေနှင့်ပင် တိုက်ရိုက် ဘာမှ မပြောရတော့ပဲရှိတဲ့ အခြေအနေကို စိတ်ပျက်မိသည်။ ရွှေလသာက တစ်ဖက်က မိတ်ဆွေကို စကားဖြတ်ရင်း ဖုန်းကို ဖိတ်လိုက်သည်။

"ကဲ ... ပြော ... ရွှေနှယ်ရီး"

"အန်တီဒေစီက မြို့ကြီးတွေရဲ့ လချုပ်တွေ တောင်းခိုင်းလို့ပါ"

"ဟုတ်တယ်၊ ပေးဖို့ခေါင်းထဲရှိတယ်၊ မေ့နေတာ၊ ခဏထိုင်ဦးနော် ရွှေနှယ်ရီး၊ ရှာလိုက်ဦးမယ်"

ရွှေနှယ်ရီးက ခေါင်းညိတ်ပြလိုက်သည်။ ရွှေလသာက စားပွဲညာဘက် စာခြင်းထဲမှ စာရွက်တစ်ထပ်ကိုယူကာ တစ်ရွက်ချင်း လှန်လှောကြည့်ရှုနေသည်။ သို့သော် အာရုံက စာရွက်တွေထဲ မရှိတာ သိသာလှသည်။ ခင်မျိုးမြတ်ကလည်း ခုထိထွက်မသွားသေး။ သံဗီရိုထဲက ဖိုင်လ်တွေရော၊ အံဆွဲတွေထဲက တိုလီမိုလီတွေပါ မွှေနှောက်ကာ အချိန်ဆွဲနေသည်။ သုံးမိနစ် လေးမိနစ် ရှိလျှင် ရွှေလသာက မအောင့်အည်းနိုင်တော့သလို ...



www.burmeseclassic.com

www.burmeseclassic.com



"မခင်မျိုးမြတ် ... ဘာရှာနေတာလဲ"

"မျိုး ... ဟို ... တနင်္လာနေ့က အစည်းအဝေးမှတ်တမ်း ရှာနေတာ"

မှတ်တမ်းကို ဘာလုပ်ဖို့လဲလို့မေးလျှင် ချောင်ပိတ်ရာကျသွားမည်စိုး၍ ရွှေလသာက ဘာသုံးစရာရှိလို့ လိုတာမို့လို့လဲလို့ မေးလိုက်ချင်တာကို မျိုချလိုက်ရင်း ဖိုင်လ်ပါးပါးတစ်ခု ထုတ်ယူလိုက်သည်။

"ရော့ ... ဒီမှာ"

ရွှေလသာ လှမ်းပေးလိုက်ပုံနှင့် ခင်မျိုးမြတ် မျက်နှာမဲ့ခွက်ခွက် ဖြစ်သွားပုံတို့ကို ရယ်ချင်ကာ ရွှေနှယ်ရီးက ခေါင်းငုံ့ချလိုက်ရသည်။ ခင်မျိုးမြတ်သည် ဘာမှ ဆက်ပေရှည်နေလို့မရပဲ ဖိုင်လ်ကို လှမ်းယူလိုက်ရတဲ့တိုင် နေးတိနေးတုံ့ လုပ်နေသည်။

"ရပြီလား မခင်မျိုးမြတ်၊ ဘာလိုသေးလဲ"

ဒီတစ်ကြိမ် ရွှေလသာ ထပ်မေးလိုက်ပုံက နှင်မထုတ်ရုံတစ်မယ်ပင်။ ခင်မျိုးမြတ်မှာ မကျေနပ်သော်လည်း ဘာမှမပြောသာ၍ မျက်နှာမသာမယာနှင့်ပင် ...

"ရပါပြီ ဦးလသာ"

ရွှေနှယ်ရီးနှင့် ခင်မျိုးမြတ် အကြည့်ချင်း တစ်ချက်ဆုံသွားရပါသည်။ ခင်မျိုးမြတ်ရဲ့ အောင့်သက်သက် အကြည့်က





...ချင်ရိပ်တို့ ထင်ဟွန်းနေသည်။ သူမရဲ့လှပတဲ့ ခန္ဓာကိုယ်ကလေး ...ို မသိမသာ ဆောင့်အောင့်လျှောက်၍ အခန်းပြင်ထွက်သွားရ...း တံခါးကို ဆတ်ဆတ်လေး ပိတ်လိုက်ပါသည်။ ရွှေလသာက ...နှယ်ရီးကို တစ်ချက်ပြုံးကာ ကြည့်ရင်း ...

"သူက တစ်မျိုးပဲ၊ နည်းနည်း ပိုင်စိုးပိုင်နင်းလေး လုပ်ချင်တယ်၊ အလုပ်တော်တဲ့သူ ဖြစ်နေတော့ ကိုယ်ကလည်း တချို့ကိစ္စတွေ သိပ်အရေးမကြီးတာဆိုရင် ကိုယ့်ဟာကိုယ် ဖြေရှင်းလိုက်ဖို့ ပြောထားမိရက်သား ဖြစ်နေတာကိုး"

"နောက်မှရောက်လာပြီး မောင်ဦး မှည့်ချင်နေတာ"

ရွှေနှယ်ရီးရဲ့ မကြည်မလင် အပြောကို ရွှေလသာက ...က်ဟက်နှင့် သဘောတကျ ရယ်မောလိုက်ပါသည်။

"အန်တီဒေစီ ဆိုရင် လေးလေးလ အခန်းကို ဝင်ကိုမဝင်ချင်တော့ဘူး"

"ဒါကြောင့် အခု ရွှေနှယ်ရီးကို လွှတ်တာပေါ့ ဟုတ်လား၊ ကိုယ်လည်း ရိပ်မိပါတယ်၊ တစ်ခုရှိတာက သူက အတော်စေ့စပ်ချက်ချာပြီး အလုပ်သဘောလည်း အတော်ကျွမ်းကျင်တယ်၊ အားကိုးရတဲ့သဘောက ရှိနေတယ်"

ဒါတွေ ဘာကြောင့် ကျွန်မကို ရှင်းပြနေတာလဲ ...လေးလရယ်လို့ ဖွင့်မေးလိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေဥက္ကာကလည်း ဝေဖန်သလား မပြောနဲ့တော့၊ အချိန်တို့အတွင်း ဒီအမျိုးသမီး ဆက်ဆံပုံက တရင်းတနှီး နိုင်လွန်းသတဲ့၊ သူက ဟန်မူရာကအစ မကြိုက်ဘူး ဖြစ်နေတယ်၊ ပိုင်စိုးပိုင်နင်း လုပ်လွန်းတာလည်း တစ်နေ့ သူနဲ့တွေ့မယ်၊ သူ ပြောမိမယ်နဲ့ ကြိမ်းနေတယ်၊ ဟား ဟား၊ ဒါပေမဲ့ ကိုယ်ကတော့ အလုပ်ခွင်က လူကြီးမဟုတ်လား ရွှေနှယ်ရီးရယ်၊ အလုပ်နဲ့ ပတ်သက်တာလောက်ပဲ ကြည့်ရတာပေါ့၊ ကိုယ်ရေးကိုယ်တာဆန်တဲ့ ပုဂ္ဂလိကကိစ္စရပ်တွေ ကိုယ်က စိတ်ဝင်တစား ထည့်တွက်မနေနိုင်ဘူးပေါ့"

ဒီလောက်ရှင်းပြနေစရာ မလိုပါဘူးလေလို့ ရွှေနှယ်ရီး စိတ်ထဲက ကျိတ်ပြောမိသည်။ အင်မတန် လှပလွန်းတဲ့ ခင်မျိုးမြတ်နဲ့ ရွှေလသာတို့ အပြင်သွားဖို့ အတူထွက်သွားကြပြီဆိုလျှင် လိုက်ခိုးကြည့်ရင်း ရင်ထဲဆို့သလိုလို ကျပ်သလိုလို မလိုတမာ သလိုလို ဖြစ်မိတာ ကိုယ်တိုင် အသိဆုံးပင်။

ခင်မျိုးမြတ်ဟာ အထူးသဖြင့် ရုံးခန်းထဲက လှပတဲ့ မိန်းကလေးတွေဖြစ်တဲ့ ဝင်းဝင်းမေတို့ သီရိတို့ ရွှေနှယ်ရီးတို့ကို အထက်စီးမှ ခပ်တင်းတင်း ဆက်ဆံတတ်သည်။ ဝင်းဝင်းမေတို့ သီရိတို့က ရွှေလသာနှင့် တရင်းတနှီး မရှိကြပါ။ အထက်လူ အောက်လူ ဆက်ဆံရေး တရိတသေသာ ရှိသည်။





ခုတော့ ရွှေနှယ်ရီးဟာ ရွှေလသာနှင့် အတိုင်းအတာ တစ်ခု ရင်းနှီးမှု ရှိလိမ့်မည်ဆိုတာ ခင်မျိုးမြတ် ရိပ်မိသွားလောက်ပြီ။ ရောက်လာတာ ဘာမှမကြာသေးပဲ ကုမ္ပဏီပိုင်ရှင်ကို သည်းသည်းလှုပ်ဆက်ဆံ၍ တခြားဝန်ထမ်းမိန်းမလှတို့နှင့် မဆက်ဆံစေလိုသော လောဘမှာ ဘယ်လိုရောဂါဆန်း တစ်မျိုးပါလိမ့်။

သူနဲ့သာလျှင် အရင်းနှီးဆုံး အပိုင်နိုင်ဆုံးဖြစ်နေရချင်ဆိုတဲ့ သဘော။

"ရော့ ... ဒီဟာ မဒေစီ တောင်းနိုင်းတဲ့ လချုပ်စာရင်းတွေပဲ၊ ရှာစရာမလိုဘူး၊ အပေါ်ယံမှာ ထုတ်ထားပြီးသား"

သဘောကတော့ ရှာမည်ဆိုတာဟာ တမင် ရွှေနှယ်ရီးကို စကားပြောဖို့ အချိန်ဆွဲတဲ့ သဘောပေါ့။

"မဒေစီကိုလည်း ပြောပြဦး၊ တံခါးခေါက်ပြီးသာ အရင်လို ဝင်လာပါလို့၊ ကိုယ်ခွင့်ပြုရင် သူ ဘယ်တားလို့ရမလဲ၊ သူ တစ်ယောက် အလုပ်ဝင်တာနဲ့ပဲ တစ်ရုံးခန်းလုံး အဝင်အထွက် ကျဉ်းကျပ်၊ စိတ်ရှုပ်ကုန်ကြတယ်ဆိုရင် ဘယ်ဟုတ်မလဲ၊ သူ့ကြည့်ရတာ အရင်ဘော့စ်က နိုင်ငံခြားသား ဆိုတော့ ဝန်ထမ်းတွေကို တိုက်ရိုက်စကားမပြောပဲ သူနဲ့ပဲ တစ်ဆင့် ပြောဆိုခိုင်းစေနေကျမို့လို့ ဒီလိုပဲ လုပ်ရမယ်ထင်နေတယ် ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒါတော့ လေးလေးလ ခင်မျိုးမြတ်ဘက်မှ ဖေးမပြောတာပင်။ ဘာပဲဖြစ်ဖြစ် လေးလေးလမှာ မျှတတွေးကာ အပြစ်ကို ဆောင်းမပေးတဲ့ လူကြီးစိတ်ရှိတာ သိရပါသည်။

"ဩော် ... ပြောရဦးမယ်၊ တစ်ခု"

"ဟုတ်ကဲ့"

"အိမ်မှာ ဆုတောင်းပြည့် လာဘမုနိဘုရား ပင့်ထားတယ်၊ ဒီည နက်ဖြန်ည နှစ်ည ကိုယ်တို့အိမ်မှာ ကိန်းဝပ်စံပယ်မယ်၊ အဲဒါ ဖိတ်တာ၊ ရွှေဥက္ကာ ဖိတ်ပြီးပြီလား မသိဘူး"

"ဩော် ... ရွှေဥက္ကာ ပြောတော့ ပြောတယ်၊ သူကညဘက်ကျရင် အိမ်မှာ ကြာဆံချက်စားဖို့ လာပါလို့ပဲ ပြောတော့ ကျွန်မက မလာပါဘူးလို့ ပြောလိုက်တယ်၊ ဘာမှန်းညာမှန်း မသိတော့ ညကြီးမင်းကြီး သူများအိမ် ကြာဆံချက်လေးစားဖို့ အူကြောင်ကြောင် မသွားချင်လို့ပါ၊ ဘုရားပင့်တယ်လို့လည်း သူက မပြောဘူး၊ ကိုယ့်တစ်ယောက်ကိုပဲ ခေါ်သလိုလိုမို့လို့ မလာဘူး ပြောမိတယ်"

"အဟင်းဟင်း ... ဒီကောင်ကလည်း ဘူးလုံးနားမထွင်းနဲ့၊ သူ့ကြည့်ရတာ သူကိုယ်တိုင်လည်း ဘာဘုရားကြွတယ်ရယ်လို့ သေချာမသိလို့နဲ့တူပါတယ်၊ ဒီအချိန်လောက်ဆိုရင် မမကလည်း ရွှေနှယ်ရီးတို့ မေမေတို့ အန်တီကြီးတို့ကိုလည်း လှမ်းဖိတ်ပြီးသား ဖြစ်နေမှာပါ"





"ဟုတ်ကဲ့"

"ရွှေနှယ်ရီးလည်း ဘုရားဖူး ကြွပါဦး"

ရွှေနှယ်ရီးက မသိမသာလေး ခေါင်းသာညိတ်ပြလိုက်ပြီး စာရင်းစာရွက်တို့ကို ကောက်ယူထရပ်လိုက်သည်။

"ကျွန်မ သွားတော့မယ် လေးလေးလ"

"ကောင်းပါပြီ၊ သွားပါခင်ဗျာ"

ရွှေနှယ်ရီး အပြင်ထွက်ကာ တံခါးပြန်ပိတ်လိုက်သည်နှင့် ...

"ရွှေနှယ်ရီး ... အဲဒီစာရင်းတွေကို ဒီနေ့ပြီးအောင် အပြတ်ချုပ်လိုက်ပါ"

တံခါးဝစားပွဲမှ ခင်မျိုးမြတ်က အမိန့်သံပါပါ ပြောလိုက်၍ ကြောင်ရှာက်တက်ပင် ဖြစ်သွားရပြီးမှ ...

"နက်ဖြန် အပြီးလုပ်မယ်လို့ အန်တီဒေစီက ပြောထားပါတယ်"

"ဒီနေ့ပဲ အပြီးလုပ်လိုက်ပေါ့၊ ရန်ကုန်ဟာနဲ့ အားလုံးပေါင်းပြီး ဦးလသာဆီ နက်ဖြန်တင်နိုင်အောင်"

"နက်ဖြန်တင်ရမယ်လို့ လေးလေးလက မပြောလိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေနှယ်ရီးက တမင်တကာပင် ဘုဆတ်ဆတ်ပြောပြီး ကိုယ့်စားပွဲရှိရာ ဆက်လျှောက်လာခဲ့သည်။ ခင်မျိုးမြတ် စိတ်တိုကျန်ခဲ့မှာ သိသာသည်။ ရွှေဥက္ကာက ခင်မျိုးမြတ် စားပွဲရှိရာ လှမ်းကြည့်ရင်း အနားရောက်လာသော ရွှေနှယ်ရီးကို ...

"အတင်းစီး မခံခဲ့ဘူး မဟုတ်လား"

"အင်းပေါ့"

"ဗရာဇို"

ဂုဏ်ပြုကျူးရင့်ပြီး ပြုံးစိစိ ဖြစ်နေပါသည်။

"ရွှေဥက္ကာ ... ညကျရင် လာဘမုန့်ဘုရား ကြွတာဆို"

"ဖိတ်ပြီးပြီလေ၊ မလာဘူးဆို"

"ရွှေဥက္ကာက ဘုရားကြွတယ်မှ မပြောပဲ၊ ဘာမုန့်းမသိဘာမသိ၊ ကြာဆံချက် လာစားဖို့ ပြောတဲ့ဟာကို"

"အဲဒီတော့ အစကျတော့ လာတော့မယ်ပေါ့"

"အင်း ... မေမေတို့ သွားရင်တော့ လိုက်လာမယ်"

"ခင်ဗျားဟာလေ ... သိပ်ကို သိသာတယ်"

"ဘာသိသာတာလဲ၊ ပြည့်ပြည့်စုံစုံလေး လူကြီးဆန်ဆန် ပြောမဖိတ်ပဲ ကိုယ့်တစ်ယောက်တည်းပဲ ခေါ်ကျွေးမလို့ လိုလိုဆိုတော့ ဘယ်သူက ဝမ်းသာအားရ လာရုံမလဲ ရွှေဥက္ကာရဲ့၊ လေးလေးလကကျတော့ ..."





"သိပါတယ်၊ ခင်ဗျားက လူကြီးစကားတို့ လူကြီးတို့မှ ကြိုက်မှန်း"

"ရွှေဥက္ကာနော် ... ဘယ်လိုစကား ပြောတာလဲ"

"မဟုတ်ဘူးလား၊ ရွယ်တူလူငယ်ချင်းဆိုရင် ခင်ဗျားက တလေးတစား မရှိဘူးလို့၊ လူကြီးသူမတွေကိုမှ လေးစားမှု အရေးထားမှု ရှိတာလို့ပြောတာ"

"ဟုတ်တယ်ဟယ် ... အဲဒီတော့ ဘာဖြစ်လဲ"

"ဘာမှ မဖြစ်ပါဘူး တီတီလေးရယ်၊ ကြောက်ပါတယ်"

ရွှေဥက္ကာက မွစိမွစိလေးသာ ပြောလိုက်တာမို့ ရွှေနှယ်ရီး အသေအချာ မကြားလိုက်ရပေ။ အထူးသဖြင့် "တီတီလေး"ဆိုတဲ့နေရာမှာ သူမကို တစ်မျိုးတစ်ပုံ နာမည်ပြောင်ဖျက်ခေါ်လိုက်မှန်းတော့ ရိပ်စားမိကာ ဘာရယ်လို့တော့ မသဲကွဲလိုက်။ "ဘာပြောတာလဲဟင်၊ ဘာပြောလိုက်တာလဲ"နှင့် မေးကြည့်သေးပေမဲ့ စုပုပ်ပုပ် ရွှေဥက္ကာက မကြားချင်ယောင်ဆောင်ကာ နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးတဲ့ညမှာ ခင်မျိုးမြတ်နှင့် ရွှေနွယ်ရိုး အန်တီကြီးတို့ လေပေးဖြောင့်ကာ ရင်းနှီးသလောက် ရှိသွားခဲ့ သေးသည်။ ဦးရွှေလသာက သူ့ကုမ္ပဏီရုံးခန်း တစ်ခန်းလုံး ဖိတ်လိုက်တာမို့ ခင်မျိုးမြတ်ပါ ရောက်လာခဲ့တာမို့ပင်။

ပထမဆုံးအကြိမ် ရောက်ဖူးတဲ့အိမ်မှာ ဝင်ချည် ထွက်ချည်နှင့် သူပဲ အပိုင်ဖြစ်နေပြန်သည်။ နေရာယူတတ်ရာ တော့ ပြိုင်စံရှားပင်။ အကျွေးအမွေးကိစ္စ ပါသည်မို့ တပည့်တပ များ လူရင်းများထဲက အမြင်မတော်ရင် မတော်သလို မနေတတ် ရင် မနေတတ်သလို ဝင်ပြီး စားပွဲပြင်ကြ လိုတာချပေးကြ၊ လူ ကြစမြဲဖြစ်ရာ ခင်မျိုးမြတ် တစ်ယောက်ကတော့ သူ့ခြေသူ့လက် လို ဖြစ်လို့နေသည်။

သူကပဲ စီမံကာ ခန့်ခွဲကာ ရုံးကဝန်ထမ်းလူငယ် တွေကို ...

"မောင်ကျော်ရေ ဟိုဝိုင်းကို ငံပြာရည်ယူပေးလိုက်၊ ခက်ခက် က နံနံပင် ပန်းကန်လေးတွေ လိုက်ဦး၊ နောက်ဖေးမှာလေ ညှပ်ပြီးသား ပလတ်စတစ်ဆန်ကာ အပြွာထဲမှာ ရှိတယ်"





ရွှေနွယ်ရိုးသည် အဲဒါမျိုး အားနည်းလှသူဖြစ်ရာ အမေတို့နားသာကပ်ပြီး လူကြောက်တဲ့ကလေးကြီးလို ထိုင်နေ သည်။ သူတစ်ပါးအိမ်ထဲ ဟိုဝင်ဒီထွက် မပြုတတ်ပေ။ ရင်းနှီး ဘာကတော့ ရွှေဥက္ကာတို့သားအမိနှင့်ရော ရွှေလသာနှင့်ပါ အတော် ရင်းနှီးနေပြီပါပဲ။ ဒါပေမဲ့ ဤသို့ ဖျတ်လတ်ချက်ချာတာမျိုး မလုပ်တတ်။

အန်တီကြီးက ခင်မျိုးမြတ် ချက်ချက်ချာချာ စီစဉ် နေတာကိုကြည့်ကာ ဇဝေဇဝါနှင့် ...

"သူက ဘယ်သူလဲ"

"ဦးရွှေလသာရဲ့ ပီအေ"

"ဩော် ... လုပ်တတ်ကိုင်တတ် ရှိသားဟဲ့၊ သမီးက နည်း နည်းဝင်ကူပါလား၊ ကိုယ်လည်း ဒီအိမ်ကလူတွေနဲ့ စိမ်း တာမှ မဟုတ်ပဲနဲ့"

"ဟင် ... အန်တီကြီးကလည်း၊ ဟင့်အင်း"

ရွှေနွယ်ရိုးက ကုပ်ကပ်၍သာ နေသည်။ အစပထမ င်း ဝင်ကာထွက်ကာ သယ်ပို့ချပေးနေသော ရွှေဥက္ကာသည်ပင် ဘာမှ မလုပ်တော့ဘဲ ရွှေနွယ်ရိုးတို့နှင့် မလှမ်းမကမ်းမှာ လာထိုင် နေသည်။ ဒီနားမှာ သူ့အမေလည်း ရှိသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဝိုင်းလေး သိမ်းလိုက်မှပဲ၊ ဘယ်သူရှိလဲ၊ အားတဲ့တ
ယောက်လောက်"

ခင်မျိုးမြတ်က အသံသာသာလေးနှင့် ရေရွတ်နေ
မှ ...

"ရွှေနွယ်ရီးရေ ... တစ်ချက်လောက်၊ စားပြီးသား ပန်းက
နှစ်ခု နောက်ဖေးပို့လိုက်ပါလား၊ ဝိုင်းရှင်းသွားအောင်"

"ဟဲ့ ... သွား ... သွား ... လုပ်ပေးလိုက်"

အန်တီကြီးက ကျုံ့ကျုံ့ထိုင်နေတဲ့ ရွှေနွယ်ရီး
လက်တို့သည်။ ရွှေနွယ်ရီးမှာ ထ,ရတော့မလိုရှိဆဲ ရွှေဥက္ကာက

"ရွှေနွယ်ရီး ... မလုပ်နဲ့၊ မခင်မျိုးမြတ် ... သူ့ကိုမခိုင်း
နဲ့၊ သူ ခြေထောက်နာနေတယ်"

"ဩော် ... မသိပါဘူး၊ ဒါဖြင့် ဝဏ္ဏာရေ ..."

အန်တီကြီးက ဇဝေဇဝါ ဖြစ်နေဆဲ ရွှေဥက္ကာ
ရွှေနွယ်ရီးထံကိုင်း၍ ...

"နှုတ်သွက်သွက်နဲ့လည်း မငြင်းဘူး"

"သူက ပေါ်တင်ခိုင်းနေမှတော့ ငြင်းလို့ကောင်းပါ့မ
မလား"

"သမီးက ဘယ်တုန်းက ခြေထောက်နာနေတာလဲ"





"အဲဒီအမျိုးသမီးက ဩဇာပေးလွန်းလို့ ကျွန်တော် တမင်
ပြောတာပါ အန်တီကြီးရ၊ ရုံးမှာလည်း သူ့ဩဇာပဲ၊ ကျွန်တော်
တို့အိမ်အထိပါ လာပြီးတော့ ဩဇာပေးတာ အကျင့်ဖြစ်
နေပြီ"

"သူလည်း လုပ်ကိုင်နေသားပဲ၊ လုပ်စရာ ပြုစရာတွေ
သူက မြင်တတ်တယ်ကွယ်၊ သွက်လက်ချက်ချာတယ်၊
အလှူအတန်းပွဲလုပ်ရင် ဒီလိုမျိုးလူမျိုးရှိမှ ချက်ဈေတယ်
သားရဲ့၊ ဒီလိုကြည့်ပြီး စီမံနိုင်းပြုသွားတဲ့သူ မရှိရင် ပွဲက
လစ်ဟာမှုတွေ ရှိတတ်တယ်"

အန်တီကြီးကတော့ ရုံးကချဉ်ဖတ် အပြုအမူတွေကို
...ခဲ့ ခုတစ်ကြိမ်သာ တွေ့ဖူးသေးတာနှင့်ပဲ ချီးကျူးလို့နေတော့
...ည်။ ဘွားဘွားကလည်း သူ့မိတ်ဆွေတွေနှင့် တစ်ဝိုင်း၊ ရွှေလသာ
...ည်း သူ့မိတ်ဆွေတွေနှင့်တစ်ဝိုင်း၊ ဒေါ်ရွှေလပြည့်ကလည်း
...ယ်ရီးအမေနှင့် တခြားလမ်းထဲက အမျိုးသမီးကြီးတို့နှင့်
...ိုင်း၊ သူ့ဟာနဲ့သူ လေကြောမိနေကြ၍ မကြာခင်တွင်
...တီကြီးနှင့် ခင်မျိုးမြတ်တို့ တစ်ဝိုင်းအဖွဲ့ကျသွားပါတော့သည်။

ခင်မျိုးမြတ်က အန်တီကြီးအနား တမင်ကို ရွှေ့ထိုင်
...ပြီး စကားလက်ဆုံကျတာ ဖြစ်သည်။ သူက ရုံးကအ...နှင့်



www.burmeseclassic.com

www.burmeseclassic.com



အဖော်ပြုဖို့ "ဘက်"မဟုတ်သလို အလျှအိမ်ရဲ့မိတ်ဆွေတို့နှင့်
ညှိခံစကား လက်ဆုံကျချင်ပုံ ဖြစ်သည်။ ဒါမှ သူလည်း လ
နေရာ ရောက်သည်။

အိမ်ထဲကအိမ်ပြင် သိပ်မထွက်တဲ့ အန်တီကြီး
လည်ဝယ်ပါးနပ်လှတဲ့ ခင်မျိုးမြတ်ရဲ့ အပြောကောင်းကော
အားလုံးကို အဟုတ်ထင်ကာ နေရှာတော့သည်။ **အိမ်ပြန်**
လျှင်အထိ ခင်မျိုးမြတ် ငိုကာချဲ့လို့မဆုံးပြီ။

"ညည်းတို့ လူငယ်လေးတွေက လူကြီးဆန်ဆန်
မတော် ဟိုပြော ဒီပြော၊ ဟိုဆုံးမ ဒီဟန့် လုပ်တတ်
ဆိုရင် အပြစ်ရှာမြင်ပြီး မကြည့်ကြတာ ထုံးစံပဲ၊ ဟို
လေး ရွှေဥက္ကာက ခင်မျိုးမြတ်ကို ကြည့်လို့ရပုံမ
ဘယ်ကြည့်ရမလဲ၊ ဟိုက လာဘ်မြင်မြင် အကွက်
ထကြွလုံ့လရှိသလောက် ရွှေဥက္ကာက ပေါ်ကြော့လူ
အေ့ ...

ညံ့တဲ့လူတွေဟာ တော်တဲ့သူတွေကို အလ
အကောင်းမမြင်၊ ကိုမင်္ဂလာ မမင်္ဂလာလို့ သတ်မှတ်
ထုံးစံပါပဲ၊ ဒီထဲ သမီးမပါနဲ့၊ ခင်မျိုးမြတ်က
ထက်တဲ့ မိန်းမတစ်ယောက်ကွယ့်"





"တော်တာတော့ ဟုတ်မှာပါ၊ ဒါပေမဲ့ သူက စိတ်ရင်း
သိပ်ဖြောင့်ဖြောင့်တော့ ဟုတ်ဟန်မတူပါဘူး အန်တီကြီးရဲ့"

"အမယ်လေး၊ ဖြောင့်ရှာပါတယ်အေ၊ သူ့ဘဝအကြောင်း
တွေ သူကြိုးစားခဲ့ရတာတွေ ငါ့ကို ပြောပြနေတာ၊ သူ့
အမေက ငါ့လိုပဲ မဟာနဖူးနဲ့ အမြော်အမြင်ရှိရှိ မိန်းမ
တစ်ယောက်တဲ့၊ မသေခင် သူ့ကို လောကကြီးမှာ မိန်းက
လေးတစ်ယောက်တည်း ဘယ်လိုရပ်တည်ရမယ်၊ ဣန္ဒြေ
သိက္ခာ ဘယ်လိုထိန်းရမယ်တွေ သေချာသင်ကြားသွားတာ
တဲ့"

"အမယ်လေး ... ပုံပြင်ဆန်လိုက်တာ အန်တီကြီးရယ်၊
သူ့အမေကပဲ ကောက်ကာငင်ကာ အန်တီကြီးနဲ့ တူနေရ
ပြန်ပြီ"

"ငါနဲ့ တူတယ်ဆိုတာ မဟာနဖူးပါ၊ သူ့အမေကတော့
ခပ်ချောချော မဟုတ်ဘူး၊ သူလို့ ငါလို ရွက်ကြမ်းရေကျို
ရပ်ပါတဲ့"

"အန်တီကြီးကတော့ ချောတယ်ပေါ့၊ သဘောက"

"ဟဲ့ ... စကားကောင်း ပြောနေတာ၊ လူကြီးကို နောက်
မနေနဲ့၊ ဘိုဆိမှာလည်း စက္ကူတရီ လုပ်ဖူးတယ်တဲ့၊ စက္ကူတရီ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရတာ မလွယ်ဘူးတဲ့၊ သိက္ခာရှိရှိ နာမည်မပျက်အောင် ရပ်တည်နိုင်ဖို့ လိုတယ်တဲ့၊ *အလုပ်ရှင်တွေဟာ စက္ကတရီ* ဆိုတာနဲ့ သိပ်မလေးစားချင်ပဲ အနည်းနဲ့အများ အကဲစမ်းချင်ကြတာတဲ့၊ ဒါမျိုးကို ကြံ့ကြံ့မခံနိုင်ရင် မထင်မရှား အငယ်အနှောင်းပဲ ဖြစ်မှာတဲ့၊ စက္ကတရီကို အတည်ယူတဲ့ အလုပ်ရှင် မကြားသေးပါဘူးတဲ့၊ ဒါကြောင့် ဒီအလုပ် လုပ်နေရပေမဲ့ ဣန္ဒြေသိက္ခာ သမာဓိနဲ့ ယိမ်းကာနွဲ့ကာ လျှော့ကာ တင်းကာ ကြည့်ကျက်ရပ်တည်ရတာတဲ့၊ တန်ဖိုး ရှိတဲ့ စကားတွေအေ့"

"သူက ခုမှမြင်ဖူးတဲ့ အန်တီကြီးကို ဘာလို့ ဒါတွေလာ ပြောနေတာလဲ"

"တမင်တော့ ဘယ်လာပြောမလဲ၊ စကားဝိုင်း ဖြစ်သွားတော့ ရောက်တတ်ရာရာ အလျဉ်းသင့်ရာ ပြောမိကြတာပေါ့"

"သူပြောသလိုဆိုရင် အမျိုးသမီးတွေ စက္ကတရီရာထူးတောင် မလျှောက်ရဲအောင်ပဲ၊ အလုပ်ရှင်မှန်သမျှကတော့ အကဲစမ်းပါ့မလား၊ ဥပမာ နိုင်ငံခြားသားက အကဲစမ်းတာ ဟုတ်ရင်ဟုတ်မှာပေါ့၊ တချို့တလေလည်း မကောင်းတာရှိမှာ





ပေါ့၊ အလုပ်ရှင်တိုင်းကတော့ စက္ကတရီလာတာနဲ့ စားမယ် ဝါးမယ် ဖြစ်မနေနိုင်ပါဘူး အန်တီကြီးရယ်"

"ဟဲ့ ... သတိဆိုတာ ပိုတယ်မရှိဘူးအေ့၊ မိန်းကလေးအပျို ဟာ သတိရှိရမှာပဲ၊ သူ့ခမျာ အသက်သုံးဆယ့်တစ်နှစ် အပျိုကြီး၊ မိဘမဲ့၊ တစ်ကိုယ်တည်း ရပ်တည်ရှန်းကန်နေရတာ"

ရွှေနှယ်ရိုးက သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။ အန်တီကြီးတို့များ တစ်ထိုင်တည်း ပစ်ကျသနားပစ်ခဲ့ပြီ။ အန်တီကြီးမှာ အပေါင်းအသင်းမိတ်ဆွေ နည်းလှ၍ မမျှော်လင့်ပဲ …ကျွမ်းစကားပြောဖော် ရလိုက်တာကိုပဲ အရသာရှိတဲ့စိတ်က …စ်ဖက်လူကို အကောင်းမြင်မိစေအောင် တွန်းအားဖြစ်နေပုံရပါသည်။

"ရွှေလသာဆီ အလုပ်ဝင်တာ မကြာသေးတော့ သေချာတော့ အကြောင်းမသိသေးဘူးတဲ့၊ ဒါပေမဲ့ အလုပ်ရှင်တစ်ရာမှာ ကိုးဆယ့်ရှစ်ဟာ လက်မပါတောင် နှုတ်နဲ့တော့ ထိကပါးရိကပါးတာချည်းပဲမို့ သတိအမြဲထားတယ်တဲ့၊ သူ့အတွေ့အကြုံအရရော သူ့နီးစပ်ရာစက္ကတရီ အသိုင်းအဝိုင်းက ကြားရသမျှရော ဓာတ်လမ်းကောင်းတော့ မကြား



www.burmeseclassic.com

www.burmeseclassic.com



ရဖူးဘူးတဲ့၊ ဒါကြောင့် ကိုယ့်ဘက်က ဣန္ဒြေသိက္ခာကို အမြဲထူထောင် ပြသထားရတာတဲ့"

"ဟင် ... သူက လေးလေးလက်ကိုပါ မယုံသင်္ကာသေး အန်တီကြီးရယ် ... ဣန္ဒြေတကယ်ရှိတဲ့ မိန်းမတွေဆိုတာ ကိုယ့်အပြုအမူ အနေအထိုင်နဲ့ပဲ သက်သေပြသွားတာချည်း ပါပဲ၊ ပါးစပ်က ဣန္ဒြေရှိတယ် ဣန္ဒြေရှိတယ် အော်မနေ တော့ပါဘူး၊ သူက တကူးတက ထုတ်ပြောနေရကတည်း က မဟုတ်သေးဘူး"

"ညည်းကလည်းအေ၊ ကြိုးစားပြီး ကိုယ့်သိက္ခာနဲ့ကိုယ် ရပ်တည်နေတဲ့ မိန်းမတွေဘက်က ရပ်စမ်းပါ"

"ရပ်ပါတယ်၊ သူက ဒီလိုသာ ပြောနေတာ၊ ရုံးမှာဖြင့် လေးလေးလက သူ့ကိုမခေါ်တဲ့လမ်းလည်း သူအပြင်ထွက် ထမင်းစားမှာမို့ လိုက်ခဲ့မယ်နော် ဘာနော်နဲ့ သူ့ဘ ်က ပိုကပ်နေတာ၊ ...

"အဲဒီ ရွှေဥက္ကာ စကားထည့်တွက် မနေ ... ဘယ်လိုကောင်လေးလဲ မသိဘူး၊ သူ့ကြည့်ရတာ ပျင်းရိရိနဲ့ ခင်မျိုးမြတ်လို တက်ကြွဖျတ်လတ်ပြီး သူ့ကိုပါခိုင်းသွားမဲ့ မိန်းမမျိုးကို သူက ဘယ်အကောင်းဝေဖန်ပါ့မလဲ"





အင်း ... အဲဒီ မခင်မျိုးမြတ် တစ်ယောက်ဟာလည်း အန်တီကြီးထံ ဘယ်လိုရည်ရွယ်ချက်နဲ့များ သူ့ဂုဏ်သူဖော်ပြီး အထင်ကြီးအောင် လာပြောသွားသလဲ မသိပါဘူး။ သူပြောတဲ့ စကားတွေဟာ နှမှစ,တွေ့ဖူးသူကို တစ်ထိုင်တည်း ပြောဖြစ်ရမည့် စကားမျိုးတွေ မဟုတ်။ အတန်အသင့် သိကျွမ်းရင်းနှီးပြီးမှသာ တိုင်ပင်ရင်ဖွင့်ဖြစ်ရမည့် စကားမျိုးတွေ။

"ငါတို့အရွယ် အမျိုးသမီးကြီးကြီးတွေ တွေ့ရင် အမေ့ကို သတိရပြီး အဒေါ်သားချင်းလို သိပ်ခင်တွယ်မြန်မိတာ တဲ့၊ သူ့ကိုလည်း ကြုံရင်ကြုံသလို လမ်းညွှန်ပါ ဆုံးမပါ တဲ့"

"သူနဲ့ အန်တီကြီးက ဘယ်တော့ ထပ်တွေ့နေရဦးမှာမို့လဲ၊ တွေ့စရာအကြောင်းမှ မရှိတာ၊ ကြားကောင်းအောင် အာလူး ပေးတာတွေပါ၊ တကယ်ဆုံးမကြည့်ပါလား အန်တီကြီးရဲ့၊ နာယူမလား ကြည့်ရအောင်"

"ညည်းကလည်းအေ၊ အကောင်းကို တစ်ခွန်းမှ မပြောဘူး၊ နေရင်းထိုင်ရင်း အပျက်မြင်နေတော့တာပဲ၊ ဒီမိန်းကလေး က ခံယူချက်လေးနဲ့ပါ၊ ထက်ထက်မြက်မြက်လေးပါ သမီး ရယ်"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီး တစ်ယောက်ကို တစ်ထိုင်တည်း ကျအောင် ပေါင်းနိုင်တာကိုဖြင့် ရွှေနွယ်ရိုးက တကယ်ချီးမွမ်းမိသည်။

* ✿ *





## ၁၀

ရွှေဥက္ကာတို့အုပ်စုရဲ့ ကားနှစ်စင်း ရှေ့ဆင့်နောက်ဆင့် ခြံထဲဝင်လာတဲ့အခါ အိမ်ပေါ်တီကိုအောက်မှာ ရပ်ထားတဲ့ ခင်မျိုးမြတ်ရဲ့ ပတ်ဘလစ်ကာကား နီရဲရဲကလေးကို မြင်လိုက်ရ၍ ရွှေဥက္ကာက မျက်မှောင်ကုတ်သွားရပါသည်။ ဒီမိန်းမကလည်း စနေ တနင်္ဂနွေတွေ ဆိုရင် လာပဲလာနိုင်လွန်းလှသည်။ မလာတဲ့ အပတ်ပဲ မရှိတော့။ အလုပ်ကိစ္စပြပြပြီး မဖြစ်ဖြစ်အောင် အကြောင်းရှာလာသည်။

ဘွားဘွားဒေါ်ရွှေစင်တို့ မေမေတို့ရှေ့တွင် တည်ငြိမ်အပိုးကျိုးပြီး ရိုးရိုးကုပ်ကုပ်ပုံလေးနှင့်လည်း နေတတ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချည်သည်ရှိတယ် ထင်တယ်၊ ငါတို့ ခြံထဲပဲ နေကြမယ်လေ"

"လာဝါ ... ရပါတယ်၊ အိမ်ပေါ်တက်"

ရာဇာနိုင့် စကားကို ရွှေဥက္ကာက ဂရုမစိုက်လှတဲ့ပုံနှင့် တုံ့ပြန်ရင်း ...

"အဲဒါလေ ... မင်းတို့ကို ငါ စုံစမ်းကြည့်နိုင်းတဲ့ အမျိုးသမီးပေါ့"

"ဩော် ... မင်း ဦးရိုးတော်ကို ကပ်နေတယ် ဆိုတာ"

"အေး"

ရွှေဥက္ကာ၊ တင်ကိုကို၊ ကျော်စွာ၊ ရာဇာနိုင်၊ မိမိုး၊ မြတ်နိုးနှင့် အေးအေးဆွေတို့ ဒီည မြရိပ်ညိုမှာ စတိတ်ရှိုးကြည့်ကြမည်ဖြစ်၍ နေ့လယ်ဘက်ကတည်းက ကားနှစ်စီးနှင့် မိန်းကလေးတွေပါ ပတ်ကြိုလာတာ ဖြစ်သည်။ မေမေ့ကို ခေါ်လာမည်ကို ပြောထား၍ မေမေက ငါးထမင်းချဉ် လုပ်ထားပေးမည် ဆိုပါသည်။

တင်ကိုကို့ ကားပေါ်က ဆင်းလာတဲ့ မိန်းကလေးအုပ်စုထဲမှ မြတ်နိုးက ရှေ့က ပတ်ဘလစ်ကာ အနီရဲလေးကို နံပါတ်ပါကြည့်ကာ ...

"ဟင် ... ဒါ ... မြတ်နိုးတို့လမ်းထဲကကားတော့"





ရွှေဥက္ကာက စိတ်ဝင်တစား မျက်ခုံးပင့်သွားရကာ အိမ်ပေါ်မတက်ဖြစ်သေးပဲ အိမ်နံ့ဘေး မြက်ခင်းဆီ အုပ်စုကို ခေါ်လာခဲ့သည်။ ခင်မျိုးမြတ် ပုံစံကို ကြည့်မရလွန်း၍ သူငယ်ချင်းတွေကြားထဲ စုံစမ်းကြည့်ကြဖို့ ခင်မျိုးမြတ်ကို မြင်ဖူးအောင်ပင် ခေါ်ပြထားခဲ့ပါသေးသည်။

ယောက်ျားလေးအုပ်စု ရုံးဆင်းချိန်၊ ရုံးကိုလာပြီး ခင်မျိုးမြတ်ကို မြင်ဖူးအောင် လာကြည့်ကြပြီးပြီ။ အိမ်ကလူကြီးတွေကို သိသိသာသာလုံးကာ ရွှေလသာကိုလည်း ကလပ်ပေါ်တင်ထားမလောက် အရေးပေးကာ ဖွတ်ပင် အိမ်ကိုအကြောင်းရှာလာနေတဲ့ ခင်မျိုးမြတ် ပုံစံဟာ ရုံးမှာနဲ့ အိမ်မှာတောင် မတူပဲ ကွဲပြားနေတာ။ အပြင်မှာများ ဘာသတင်းကြားရမလဲရယ်လို့။

ခင်မျိုးမြတ်ကို မြင်ဖူးသည်နှင့် ခေတ်လူငယ် သူငယ်ချင်းတစ်သိုက်က ပုံသဏ္ဍာန်ကြည့်ရုံနှင့် အထင်မကြီးပါ။ မျက်လုံးကစား၍ လှပသောကိုယ်ခန္ဓာကို လှုပ်ခါသွားလာတတ်သော ခင်မျိုးမြတ် ဟန်ပန်ဟာ တရည်လျှော့နေသည်ဟု ဆိုကြသည်။ ဘာမှတော့ အဆက်အစပ်မရှိ၍ စုံစမ်းမရကြသေး။

"မြတ်နိုး ... ဒီကားက မြတ်နိုးတို့လမ်းထဲက ... ဟုတ်လား"

"ဟုတ်တယ် ဥက္ကာရဲ့၊ အမျိုးသမီးတစ်ယောက် မောင်းတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“အင်း … မြတ်နိုးနဲ့ သိလား”

“မခင်ပါဘူး၊ နာမည်မှာ မျိုးပါတာပဲ သိတယ်၊ လမ်းထိပ်က တိုက်ခန်းကို ပြောင်းလာတာ နှစ်နှစ်ပဲ ရှိသေးတာလေ၊ သူ့ပုံစံနဲ့ နေတာထိုင်တာတွေ မေမေတို့က သိပ်သဘောမကျတော့ မြတ်နိုးတို့နဲ့လည်း မခင်ဘူးပေါ့”

“မခင်မျိုးမြတ် မဟုတ်လား”

“အင်း … ဟုတ်တယ် … ဟုတ်တယ်၊ ဥက္ကာတို့နဲ့ဘယ်လို ပတ်သက်လဲ”

“ဦးလေးရဲ့ စက္ကတရီ”

“ဩော်”

မြတ်နိုးက အလကားနေရင်း အတင်းပြောရမှာ ဝန်လေးသလို ရှေ့ဥက္ကာကိုသာ ပြောစရာရှိနေတဲ့ မျက်လုံးမျိုးနှင့် တစ်ချက်ကြည့်ပြီး နှုတ်ဆိတ်နေပါသည်။

“သူ့အကြောင်း သိသလောက် ပြောပြစမ်းပါ မြတ်နိုး”

“လိုအပ်လို့လား၊ ဥက္ကာက ဘာလို့သိချင်တာလဲ”

“ဦးလေးကို အတော်ကပ်နေတာ ကြည့်လို့ကို မရတော့လို့”

“ဥက္ကာရဲ့ ဦးလေးကကော”





“သူကတော့ ခုထိ အေးဆေးပဲ၊ မတော်တဆများ အခွင့်အရေးပေးလွန်းလို့ ငြိသွားတာမျိုးဆိုရင် ကျွန်တော့်ဦးလေးက ဘာပဲဖြစ်ဖြစ် နာမည်ကောင်းနဲ့ လူပျိုကြီးဆိုတော့”

“အမယ်လေး … သူ့ဦးလေးကို ပူနေလိုက်ရတာ”

“ဟုတ်တယ်ဗျ၊ သူတို့က လူကြီးပိုင်းဆိုတော့ ကျွန်တော်တို့လိုလည်း မဟုတ်ဘူး၊ လူမှုရေးငဲ့ရတာနဲ့၊ အားနာရတာနဲ့၊ တစ်ဖက်သား ဂုဏ်သိက္ခာ ထည့်တွက်ရတာနဲ့၊ ကျွန်တော်ကတော့ ဒီအမျိုးသမီးကို မျက်စိထဲ အတော်ခရော့စ်ဖြစ်နေရလို့၊ သူ့အကြောင်း သိချင်တာ”

“သူများမကောင်းကြောင်း ပြောရမှာ ပြောဖို့ခိုင်လုံရဲ့လားလို့ မြတ်နိုးက မေးကြည့်တာပါ”

“ဆိုလိုတာက မကောင်းဘူးပေါ့”

“ကိုယ်မြင်နေသလောက်တော့ ရပ်ကွက်ထဲမှာ နာမည်သိပ်မကောင်းဘူးပေါ့နော်၊ သူက အရင်က နိုင်ငံခြားသားတစ်ယောက်ရဲ့ စက္ကတရီဆို”

“ဟုတ်တယ် … သူ ပြောတယ်”

“ခုတော့ ခွာပြဲသွားကြပြီ”

“ခွာပြဲသွားတယ် ဆိုတာက ! …”



www.burmeseclassic.com

www.burmeseclassic.com



"သူများတွေ ပြောကြတာကတော့လေ ... သူက အဲဒီဘိုရဲ့ ကိုပင်လည်း ဟုတ်တယ်လို့ ကြားတာပဲ၊ အင်း ... ကြားတယ်ဆိုတာထက် အဲဒီဘိုက သူ့ကိုဒီမှာထားပြီး သူလည်း လာတတ်တယ်လေ၊ သူကိုယ်တိုင်ကပဲ အဲဒီဘိုနဲ့ သူ ယူတော့မလို ပြောထားတာပါ"

"အား ... ထင်တာထက်တောင် ဆိုးပါလား"

"ဘိုက သူ့ကို တိုက်ခန်းရောကားရော ဝယ်ပေးထားတာပဲ အတော်လည်း ထောက်ပံ့တယ်၊ သူက ထောတယ်လေ သူ့တိုက်ခန်းက အကျယ်ကြီးနဲ့ အပျံစားပဲ၊ ပြောင်းကာစက အိမ်တက်လုပ်တော့ သွားဖူးတယ်၊ တစ်အိမ်လုံး အကောင်းစားတွေချည်းပဲ၊ နောက်လည်း ပစ္စည်းသစ် မော်ဒယ်သစ် ပေါ်တိုင်း ဝယ်လဲနေတာ၊ သုံးစွဲဝယ်ခြမ်းနေတာတွေ တစ်လမ်းလုံး မြင်နေတာပဲ"

"အခု အဲဒီဘိုက မလာတော့ဘူးပေါ့"

"မလာတော့ဘူး၊ ဟိုတစ်လောကတော့ သူက သူပါ နိုင်ငံခြားထွက်တော့မလို သတင်းလွှင့်ထားတာပဲ၊ တကယ်ထွက် မထွက်တော့ မသိဘူးလေ၊ ဟိုနိုင်ငံခြားသားကလည်း လက်တွဲပဲ ဖြုတ်တာလား၊ သူပါ အပြီးပြန်တာလား မသိဘူး၊ လာတာ မမြင်တော့ဘူး"





"မြတ်နိုးကို သူမြင်ရင် ကောင်းရဲ့လား"

"သူမြင်ရင်တော့ သူ့အကြောင်းတွေ ပြောတော့မှာပဲလို့ ထင်မှာပဲ၊ ဒါပေမဲ့ မြတ်နိုး ဂရုမစိုက်ပါဘူး၊ သူနဲ့စာရင် ဥက္ကာတို့ဘက်ကို မြတ်နိုးက လိုက်ရမှာပေါ့၊ သူနဲ့ကသူစိမ်းပဲ၊ ဥက္ကာနဲ့ကျတော့ သူငယ်ချင်းတွေဟာကို"

မြတ်နိုးရဲ့နူးညံ့ချစ်ဖွယ် အပြောလေးကြောင့် ရွှေဥက္ကာ ...ထဲ၌ပင် လှုပ်ခတ်ခတ်လေး ဖြစ်သွားချင်ကာ မြတ်နိုးကို တမြတ် ...နိုး ပြုံးပြလိုက်မိပါသည်။ ပထမပိုင်းတုန်းက သူငယ်ချင်းတွေက ...ဆို မြတ်နိုးနှင့်စ,လျှင် မကြိုက်ချင်သလို ရှိခဲ့ပေမဲ့ တဖြည်းဖြည်း ...င်းသင်းခင်မင် ဖြစ်လာရင်း မြတ်နိုးရဲ့ ဖြူစင်တဲ့ နှလုံးသား ...ကို ပိုပိုသိမြင်လာရပြီးတဲ့နောက် စ,ကြတာကိုပင် ကြိုက်ချင် ... ဖြစ်လာတာ သူ့ကိုယ်သူ နားလည်မိသည်။

"ဟော ... ဟိုမှာ ပြန်ပြီ"

ခင်မျိုးမြတ်က အပြင်ထွက်လာကာ ကားပေါ်တက် ...ည်။ သူတို့ဘက်ကို ဂရုတစိုက် မကြည့်ပါ။ ခင်မျိုးမြတ်ကား ...ထွက်သွားမှ သူတို့ အိမ်ပေါ်တက်ဖို့ လာကြတော့ ရွှေလသာကို ...ဝမှာ တွေ့ရသည်။

"လေးလေးလကလည်း အိမ်ဝလိုက်ပို့ရတဲ့ထိ ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်၊ နှားရက်တောင် မနားပဲ ငါ့အလုပ်တွေမြန်မြန်ပြီးအောင် လာကူပေးနေတာကွ၊ မင်း ပြောလိုက်... ပီသာလေးနဲ့ ဘေးပစ်၊ အုပ်ရတောင့်လှချည်လား၊ အ... သွားကြမလို့လဲ"

"ညကျ စတီတ်ရှိုး လေးလေးလ၊ တစ်နေ့ခင်းလုံး... ဒီမှာ ခဏခိုအောင်းမယ်"

ကျော်စွာကို လေးလေးလက ပြုံးကြည့်ရင်း ...

"ကောင်းတယ် ... ကောင်းတယ်၊ ကျော်စွာ ... မင်း အငြိအတွယ်တွေ ပြတ်ပြီလား"

"လေးလေးလကလည်းဗျာ၊ ပြတ်တာ ကြာပါပြီ၊ မပြတ်... လည်း အိမ်ပေါ်က ခေါင်းနဲ့ဆင်းရတော့မှာ၊ ဒီ... ကျွန်တော် သဘော်တက်တော့မှာဗျ၊ ဆေးစစ်... အောင်ပြီးပြီ၊ လေးလေးလကလည်း"

"အေး ... ဒါဖြင့် ဝမ်းသာတယ်ကွာ"

"လေးလေးလကို ပြောစရာ ရှိသေးတယ်"

ရွှေဥက္ကာက ပြောလိုက်၍ ...

"မင်း တကူးတက ပြောမယ်ဆိုရင်တော့ ခပ်လန်း... ပဲ"





သူတို့အုပ်စုကို ထမင်းစားခန်းမှ ဒေါ်ရွှေလပြည့်က ...ရှမ်းခေါ်လိုက်၍ အားလုံးဝင်သွားကြပါသည်။ ဒေါ်ရွှေလပြည့်သည် သားရဲ့သူငယ်ချင်းတွေကို အမြဲဂရုတစိုက် အရေးပေးသူ ...ဖြစ်တဲ့အတိုင်း "သား" "သမီး" ဆိုတဲ့ အသံတွေနှုတ်ကမချ ပျူငှာနေ... ရွှေဥက္ကာက သူငယ်ချင်းတွေကို ထားရစ်ကာ လေးလေးလ ...အလုပ်ခန်းဆီ ဝင်လိုက်လာခဲ့သည်။

အခန်းထဲ ရောက်တာနှင့် လောလောလတ်လတ် ...ကြားသိရတဲ့ သတင်းစကားကို ဦးလေးဖြစ်သူကို မချွင်းမချန် ...ပြောပြလိုက်ပါသည်။ ရွှေလသာက ပြုံးကာ ဂရုတစိုက် နားထောင် ...ပြီး စကားဆုံးလျှင် ...

"သြော် ... ရွှေဥက္ကာ ... ရွှေဥက္ကာ၊ မင်း ငါ့ကို စိုးရိမ်တယ် ချစ်တယ်ဆိုတာ ငါ ခုမှသေချာသိရတယ်၊ အစကတော့ မင်းက ငါ့ကို အမြဲတမ်း မကျေနပ် မနာလို နေတယ်ပဲထင်တာကွ"

"လေးလေးလကလည်း ဘာပဲမကျေနပ်နပ် ကိုယ့်ဦးလေး မကောင်းတာ ဖြစ်မှာတော့ စိတ်ပူသေးတာပေါ့"

"ကျေးဇူးတင်ပါတယ်ကွာ၊ ဒါပေမဲ့ မပူပါနဲ့၊ ငါ မင်းဦးလေး ပါကွ"

"ဦးလေးမို့ပေါ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလောက် အတိအကျ အခိုင်အလုံ မဟုတ်တောင် သတင်းသိုးသိုးသန့်သန့် ကြားပြီးပါပြီ၊ စက္ကတရီ လေးကလည်း ကျဉ်းကျဉ်းလေးပါ၊ သတင်းရလွယ်ပါ သူ့ပုံသဏ္ဍာန်ကြည့်လိုက်ရင်ကိုပဲ တစ်ဝက်တစ်ပျက် အကဲဖမ်းနိုင်တာပဲကွာ"

"ဒါပေမဲ့ သူက အတင်းကပ် အတင်းရော အိမ်ကို ပေါက်နေတာတွေ လေးလေးလက လက်ခံနေတာ၊ ပျော့ပါသွားမှာ စိုးရိမ်လို့ပေါ့၊ လေးလေးလတို့ လူ တွေက စိတ်က သိပ်နိုင်မာချင်တာ မဟုတ်ဘူး"

"ဟော့ကောင် ... ဘာလို့ မခိုင်မာရမှာလဲ၊ ခိုင်မာလို့ ကြီး ဖြစ်နေတာကွ၊ လူပျိုကြီးဂုဏ်သိက္ခာကိုတော့ မပြောနဲ့ကွာ"

"လေးလေးလနော် ... ရယ်သလို မောသလို လုပ်မနေ ကျွန်တော် အတည်ပြောနေတာ၊ တစ်ခုခုဖြစ်သွား လေးလေးလလို လူမျိုးက ကိုယ်လွတ်ရုန်းမှာ မဟုတ် လက်ထပ်ယူမဲ့လူစား"

"မင်းနဲ့တော့ ဒုက္ခပါပဲ၊ ငါ့ကို ဒီလောက်စိတ်ပူနေစရာ မရှိဘူး၊ ဒီအမျိုးသမီးကို ယောင်လို့တောင် စိတ်မညွတ်





အလုပ်လုပ်ဖို့ရှိတာကလွဲရင်လည်း သူ့ကို အရောမဝင်ဘူး၊ အလုပ်ကိစ္စနဲ့ ပတ်သက်လာရင်တော့ သူ့ဟာသူ အကျင့် စရိုက် ဘယ်လိုကြီးရှိနေနေ ငါနဲ့မဆိုင်ဘူးလေ၊ ငါ့အလုပ် ပြီးဖို့ သူ တာဝန်ကျေဖို့ ဒါပဲလိုတယ်"

"အန်တီမော်လီကြီးတုန်းက အိမ်ကို ခုလိုလိုက်လုပ်မနေရပါ ဘူး"

"အန်တီမော်လီကတော့ လူကြီးမို့ သူ့နားရက်သူ အပြည့် အဝ နားချင်တာ သူ့အခွင့်အရေးလေ၊ ခင်မျိုးမြတ်လည်း နားရက်ကို နားရင်ရတယ်၊ မနားပဲ အိမ်အထိ အလုပ်လိုက် လုပ်ပေးနေတာသည် သူ့ဟာနဲ့သူ ဘာသဘောနဲ့ပဲဖြစ်ဖြစ် ငါလည်း အလုပ်တွေပြီးပြတ်တယ်၊ အကျိုးရှိတယ်"

"ဒီအမျိုးသမီးက လေးလေးလကိုများ ကြည့်လိုက်ရင် မျက်လုံးကြီးတွေက ..."

ရွှေလသာက တဟားဟားရယ်ရင်း ရွှေဥက္ကာပခုံး [...]၍ နှစ်သိမ့်လိုက်ပါသည်။

"မင်း စိတ်ချ ရွှေဥက္ကာ၊ ငါ သူ့ကို နည်းနည်းလေးတောင် စိတ်မညွတ်ဘူး၊ ခေါင်းထဲလည်း မရှိ၊ ရင်ထဲလည်းမရှိ၊ စိတ်ကိုမဝင်စားဘူး၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲရော ရင်ထဲရော စိတ်ဝင်စားရုံမက မြတ်နိုး ညွတ်နူးစွာ နေရာပေးထားပြီးသားလေး ရှိနေတယ်ဆိုတာကိုတော့ ရွှေလသာ ဆက်မပြောတော့ပါ။ သူ့ကို အရေးကြုံတော့ အဘော် ချစ်တဲ့ တူကို သူကလည်း ချစ်ရပါသည်။

"လေးလေးလကို တစ်ခုပဲ ပြောလိုက်မယ်၊ ရွှေနှယ်ရီး တကယ်ချစ်ရင် ကျွန်တော်သဘောတူတယ်၊ ဒါပဲ၊ သူ့ စိတ်ကောင်းရှိပြီး ဖြောင့်မတ်ဖြူစင်တယ်၊ ဦးလေးမိန်း အဖြစ် လက်ခံနိုင်တယ်"

"ဟော့ကောင် ... ဟော့ကောင်"

ပြောပြီး ရွှေဥက္ကာက ထွက်သွားဖို့ ပြင်၍ ရွှေလသာ က အရလာတကြီး ပြန်ခေါ်ကာ ...

"မင်းစကားက ဘာလဲ၊ ငါ ခင်မျိုးမြတ်ကို စိတ်မဝင်စား အောင်ပဲ မင်းက အစားထိုးစရာတစ်ယောက် ပေးသယောင် ယောင်၊ ငါမဟုတ်တာ မဖြစ်ရေး မင်းကပဲ ဆုံးရှုံးနစ်နာ မယောင် စွန့်လွှတ်မယောင်၊ ဒီစကားမျိုးတော့ မပြောပါနဲ့ ကွာ၊ မင်း သိထားဖို့က ငါကဦးလေး၊ မင်းကတူ၊ သဘော ပြောရရင် အနစ်နာခံစရာရှိ ဦးလေးက ခံရမှာပါ၊ ဒါလည်း သဘောကိုပဲ ပြောပြတာ၊ ဒီလိုပြောလို့ ငါက အနစ်နာ





ခံပြီး ရွှေနှယ်ရီးကို လက်လွှတ်ထားတာလို့လည်း မဆိုလို ဘူး"

"ဟာ ... ရှုပ်နေတာပဲဗျာ၊ လူကြီးတွေများ ပွင့်ကိုမပွင့်လင်း ဘူး၊ ကျွန်တော်ပြောတာ ရှင်းရှင်းလေး၊ လေးလေးလ ရွှေနှယ်ရီးကို သံယောဇဉ်တွယ်ပုံ ရပါတယ်၊ အဲဒါကို သဘောတူတယ်၊ ဒါပဲ၊ ကျွန်တော်လည်း ဘာမှမဆုံးရှုံး မစွန့်လွှတ်ဘူး"

"မင်း ရွှေနှယ်ရီးကို ချစ်တယ်မဟုတ်လား"

"ဟုတ်တယ် ... ချစ်တယ်၊ ဒါပေမဲ့ အဲဒီချစ်စိတ်က မောင်နှမလို ဖြစ်နေတယ် ဆိုတာ သေချာပြီ၊ ဟိုးတုန်းက လေးလေးလကို အပြိုင်အဆိုင်သဘော မနာလိုပြီး ပြော တာတွေ အတည်ထင်မနေနဲ့၊ လေးလေးလကို မိန်းမတွေက ပိုသဘောကျတတ်တာကို မနာလိုစိတ်ရှိတာ မှန်တယ်၊ ဒါအကုန်ပဲ၊ ရွှေနှယ်ရီးကို ရည်းစားထားဖို့ ချစ်ရေးဆိုဖို့ တော့ အစီအစဉ်ကိုမရှိဘူး၊ ဒါအမှန်ပဲဗျ၊ အဲဒါ လေးလေးလ အတွက် အနစ်နာခံတာ မဟုတ်ဘူး၊ စိတ်ရင်းမှန်ကိုက အဲဒါပဲ"

"ဟုတ်ကော ဟုတ်ရဲ့လား ရွှေဥက္ကာရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ပြဿနာပဲ၊ လေးလေးလ ရွှေနွယ်ရီးကို ချ
တယ်မဟုတ်လား"

"ငါက"

"ငါကတွေ မင်းကတွေ လုပ်မနေပါနဲ့၊ ရွှေနွယ်ရီး ကြ
ရတာလည်း လေးလေးလကို ချစ်ပုံရပါတယ်၊ လေးလေးလ
နဲ့ မခင်မျိုးမြတ် အပြင်ကို အတူထွက်သွားရင် လိုက်ခိုး
ကြည့်တဲ့ သူ့မျက်လုံးလေးတွေက သိပ်သနားဖို့ကောင်း
တာပဲ၊ လေးလေးလကို ဆိုရင် အထိမခံ ကာကွယ်ဘာ
ပင်းလိုက်ရတာ၊ ကျွန်တော်နဲ့တောင် ခဏ ခဏ ရန်ဖြ
မတတ်ပဲ၊ တစ်ခါတစ်ခါကျ လေးလေးလဘက်က ပါလွန်း
လို့ အမြင်တောင်ကတ်တယ်၊ သူ့ကို ကိုယ့်ညီမလေးလို
ချစ်တယ် ခင်တယ် ...

ဒီလောက် ရှင်းရှင်းဖွင့်ပြောထားသားနဲ့ ချော်တော
ငေါ့တွေတွေးပြီး ကြိုက်ရဲ့သားနဲ့ လွဲရရင်တော့ လေးလေးလ
ထိုက်နဲ့ လေးလေးလ ကံပဲ၊ ကျွန်တော်နဲ့ မဆိုင်တော့ဘူး
ပြီးပြီ"

"ဟော့ကောင် ... နေပါဦးကွ"

"မနေတော့ဘူး၊ ဟိုမှာ ဘော်ဒါတွေ ရှိသေးတယ်"





ရွှေဥက္ကာက တားမရဘဲ ထွက်သွားတော့သည်မို့ ရွှေလသာမှာ ရင်တဖိုဖိုနှင့် ကျန်ရစ်ခဲ့ရပါသည်။ ရွှေဥက္ကာဟာ ညာလည်းမပြောတတ်၊ ပြီးတော့ သူတကယ်ကြိုက်ရင်တော့ ကိုယ့်အတွက်ရယ်လို့ ညာမည့်သူ မဟုတ်လို့လည်း ထင်ရ၍ သူ့ရင်တွေ တထိတ်ထိတ် ခုန်ရတာပင်။ ရွှေလသာဟာ ရွှေနွယ်ရီးကို ရွှေဥက္ကာ စိတ်ဝင်စားနေမည် ထင်လို့ကို ကိုယ့်ကိုယ်ကိုယ် ဘရိတ်အုပ် ထိန်းချုပ်ထားတာပါ။

ရွှေဥက္ကာကဖြင့် ရွှေနွယ်ရီးကို မရိုးမသား သံယောဇဉ်မျိုးနှင့် နည်းနည်းကလေးမှ စိတ်မဝင်စားဘူးတဲ့။ ဒီလိုဆိုမှတော့ သူက ဘယ်သူ့ကိုငဲ့ညာထောက်ထားနေရဦးမှာလဲ။ အစကတော့ တူကိုငဲ့ညာ၊ ကိုယ့်ရဲ့လူကြီးသိက္ခာကို ကိုယ်ထောက်ထားရတာလေ။

ရင်ထဲ ဗရမ်းဗတာ ဖရိုဖရဲနှင့် အိလည်လည် မျက်နှာကိုဆောင်ကာ ထမင်းစားခန်းဆီ ရောက်လာတဲ့ ရွှေလသာကို ရွှေဥက္ကာက လှမ်းကြည့်ရင်း ရယ်ချင်လှသည်။ လူပျိုကြီးတွေများ နှလုံးသားရေးရာနှင့် ပတ်သက်လာလျှင် ဟန်ဆောင်နိုင်မှုကို နည်းလှတာ။

ဒီကြားထဲ တူကို ဦးစားပေးရမည် ယူဆပြီး သူ့စိတ် သူ ချိုးနှိမ်မျိုသိပ်ထားတာက ပါသေးရဲ့။ ရွှေဥက္ကာကလည်း ကို



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ရွှေနွယ်ရိုးကို လေးလေးလနဲ့ အပြိုင်လုမလားလို့ပါ။ ဒါကလည်း မခံချင်စိတ်နှင့်သာပင်။ တကယ်တမ်းတွင် သူသည် ရွှေနွယ်ရိုးကို မရိုးမသား သဘောထား မရပဲ သူငယ်ချင်းလို မောင်နှမလိုသာ သဘောထားလို့ ရခဲ့သည်။

ဒါကို ရေရာသေချာနိုင်သွားတာသည် ရှေ့မှာထိုင်နေတဲ့ မြတ်နိုးနဲ့များ ဆိုင်နေမလား။ ဤသို့တွေးမိတော့ သူ ရှက်ဖိုဖို ဖြစ်သွားရပါသေးသည်။

"ရွှေလသာ ... လာ၊ နင် တစ်ခါတည်း ဝင်စားမလား"

"အင်း"

"ဟဲ့ ... နင် ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

"အာ ... ဘာဖြစ်လို့လဲ၊ ကောင်းပါတယ် မမကလည်း"

ရွှေဥက္ကာက မအောင့်နိုင်ပဲ ခွီးခနဲမြည်အောင် ရယ်မိသည်။

"လေးလေးလကလည်းဗျာ၊ သိသာလွန်းအားကြီးတယ်၊ ဘာမဆို သူများတန်းတူ လိုက်မမီပဲ ပြတ်ကျန်ရစ်တတ်တဲ့ မေမေတောင်မှ ရိပ်မိရတယ်"

"ငါရိပ်တော့ မရိပ်မိပါဘူး၊ တစ်ခုခု ဖြစ်နေတယ်သာ ထင်တာ၊ မင်းဦးလေး ဘာဖြစ်နေတာလဲ"





"မေမေ့မောင် ... အချစ်နဲ့ ပတ်သက် ..."

"ဟော့ကောင်"

ရွှေလသာ မျက်နှာမှာ လူငယ်လေးတစ်ယောက်နှယ် နီမြန်းမြန်း ရှက်ကန်းကန်း ဖြစ်သွားရပါသည်။ ရွှေလပြည့်သည် စိတ်ပူသွားသလို မျက်နှာနှင့် ...

"ဘယ်သူ့ကိုလဲ"

"ဟာ ... မမက တစ်မျိုးဗျာ၊ ဒီကောင်ပြောတိုင်း"

ရွှေဥက္ကာ သူငယ်ချင်းများက ခိုးခိုးခစ်ခစ်နှင့် ကျိတ်ပြီး ပွဲကျနေသည်။

"အသက်လေး နည်းနည်းကွာရင် မေမေတို့က သဘောတူမှာလား"

"သူက ကြီးတာလား ငယ်တာလား"

"ဩော် မေမေကလည်း၊ လေးလေးလက ကြီးမှပေါ့၊ လေးလေးလကတောင် ငယ်ဦးမဲ့မိန်းမဆိုရင် ဘာသွားချစ်စရာ ကောင်းဦးမှာလဲ"

"အို ... ရွှေလသာ ကြီးတာများ ကြီးကြီးပေါ့၊ ယောကျာ်း ပဥ္စင်း မိန်းမပုခက်တွင်းပဲဥစ္စာ၊ အို ... ငါဒီလောက်လည်း ဒုံးမဝေးသေးပါဘူးဟယ်၊ ဒီလောက်လည်း ပြတ်မကျန်ရစ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ဒီလောက်ပြောရင် ရိပ်မိနေပါပြီ၊ သဘောတူတယ် ရွှေလသာရေ ...၊ နဂိုတည်းက မောင်နဲ့ဖြစ်ဖြစ် သားနဲ့ ဖြစ်ဖြစ်လို့ မှန်းထားတာ"

ရွှေလသာက ကလေးတွေရှေ့မှာ ဣန္ဒြေဆည်ရင်း နှုတ်ခမ်းတစ်ဖက်တွန့်၍သာ မချိုမချဉ် ပြုံးနေလိုက်ရပါသည်။

❀ ❀ ❀





## ၁၁

ရွှေလသာသည် ခင်မျိုးမြတ်ရဲ့ စားပွဲတစ်ခုတည်းမှာသာ တိုးတိုးသွားမြည်မည့် ဘဲလ်ကိုနှိပ်ကာ ခင်မျိုးမြတ်ကို ခေါ်လိုက်ပါသည်။ လိုအပ်လျှင် ဘဲလ်တီးခေါ်မည့် အစီအစဉ်ကို အန်တီမော်လီ လက်ထက်ကတည်းက ထားထားတာပါ။ အန်တီမော်လီကျတော့လည်း မခေါ်ရင် ဝင်မလာတတ်လွန်း၍ ခေါ်ယူနေရကာ၊ ခင်မျိုးမြတ် ကျတော့လည်း "မခေါ်ရင် ကိစ္စမရှိပဲ မဝင်လာနဲ့"ဆိုတဲ့သဘော သိသာအောင် ကြည့်ကောင်းအောင် ပြောထားရပါသည်။

ဒါတောင်မှ အကြောင်းတစ်ခုပြီးတစ်ခုပြကာ ခင် ဝင်လာတတ်လွန်းတာပါ။ ဝင်လာပြီးရင်လည်း အတော်နှင့်မထွက်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအမျိုးသမီးရဲ့ သဘောကိုက အလုပ်ရှင်နှင့် စက္ကူတရီဆိုတာ အဲသလိုပဲ နေရမည်လို့များ ခံယူထားလေသလားပင်။ လိုအပ်တဲ့ ရင်းနှီးမှုထက်ပိုတဲ့ ရင်းနှီးမှုမျိုးကို သူ့တစ်ဖက်သတ် တည်ဆောက်နေသည်။

သူ့ကို ခင်မျိုးမြတ် ဒီထက်ပို အရောဝင်ချင်သေးတာ ပိုရင်းနှီးချင်သေးတာ ရွှေလသာ ရိပ်မိသည်။ နိုင်ငံခြားသား အလုပ်ရှင်နှင့်တောင် တဆုံးရင်းနှီးခဲ့တဲ့သူမို့ ရွှေလသာကလည်း သတိထား ဆက်ဆံနေရပါသည်။ သူက စည်းမဲ့ကမ်းမဲ့ အဖြစ်ကို လက်ခံမည့်သူ မဟုတ်။

အခုကိုပဲ သူ့ဘက်က ဆင်ခြင်တာတောင်မှ အရင် က သူ့ကို မော်မကြည့်ဝံ့ကြသည့် ရုံးခန်းကျယ်ထဲက ဝန်ထမ်းတို့ က သူ့ကို အကဲခတ်တတ်ပြီ။ အရင်က သူ ရုံးခန်းထဲ ဝင်လာလျှင် အားလုံးဟာ မျက်လွှာအောက်စိုက်ပြီးသာ ကိုယ့်အလုပ်ကိုယ်ဆက် လုပ်မြဲ။ သူအပြင်ထွက်မည်ဆိုလည်း ဒီအတိုင်း။ သူ တစ်ခုခု လှမ်းမပြော လှမ်းမခိုင်းပဲ အလကားနေ မော်မကြည့်ရဲပေ။

အခုတော့ ... ခင်မျိုးမြတ် သူ့ကို တကပ်ကပ်လုပ် ပုံဟာ အများစပ်စုချင်စရာ ဖြစ်နေတဲ့အတွက် သူတို့မို့ အလုပ် ကိစ္စရှိလို့ အပြင်ကို အတူထွက်ကြတော့မည်ဆိုလျှင် ရုံးခန်းထဲက မျက်လုံးတွေဟာ စူးစူးစမ်းစမ်း အကဲခတ်ခတ်နှင့် ခိုးကြည့်ခိုးကြည့်



လုပ်ကြသည်။ အဲသလို လေ့လာတဲ့ အဖြေရှာတဲ့ မျက်လုံးတွေ ကြောင့် သူစိတ်အနှောင့်အယှက် ဖြစ်ပါသည်။

"ဦးလသာ"

နှုတ်ခွန်းဆက်သံနှင့် ဝင်လာကာ ခင်မျိုးမြတ်က တံခါးပြန်ပိတ်လိုက်ပါသည်။

"မခင်မျိုးမြတ်ကို ခိုင်းစရာရှိလို့ မဟုတ်ဘူး၊ ရွှေနှယ်ရီးကို တစ်ချက်လောက် ခေါ်ပေးပါဦး မခင်မျိုးမြတ်၊ ရှူးဖိနပ်နဲ့ ပတ်သက်တဲ့ ဒီနှစ်အတွက် ရှင်းတမ်းဖိုင်လ်တွေအားလုံး ယူလာပါလို့"

ခင်မျိုးမြတ်က တစ်မျိုးလေးဖြစ်သွားပြီးမှ "ဟုတ်ကဲ့" ဆိုကာ အခန်းထဲက ပြန်ထွက်သွားပါသည်။ အပြင်မှာ စာရင်း အင်းရှာဖွေစုစည်းနေတဲ့ အချိန်မျှ တခဏကြာပြီးလျှင် တံခါး ခေါက်သံ ထွက်လာတာမို့ ရွှေလသာက ...

"ဝင်ခဲ့ပါ"

တံခါးလှည့်ဖွင့် ဝင်လာမည့် ရွှေနှယ်ရီးကို စောင့် ကြိုမော်ကြည့်နေလိုက်ဆဲ၌ ဝင်လာသူက ခင်မျိုးမြတ်ပဲ ဖြစ်နေ သည်။ ခင်မျိုးမြတ်က ဖိုင်လ်တစ်ခုကို ယူလာကာ ရွှေလသာရှေ့ ချပေးလိုက်ရင်း သူကိုယ်တိုင်လည်း စားပွဲရှေ့ကခုံမှာ အေးအေးဆေး ဆေး ထိုင်လိုက်ပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီစာရင်းတွေ ဘာလုပ်ရမလဲ ဦးလသာ၊ မျိုး လုပ်ပေးမယ်"

"မဟုတ်ဘူး ... ကျွန်တော်က ရွှေနှယ်ရီး ..."

"ရွှေနှယ်ရီးကို မျိုး တစ်ခုခိုင်းထားလို့ ဦးလသာ၊ ရပါတယ်၊ ဦးလသာနဲ့ လုပ်စရာရှိတာ မျိုးပဲ လုပ်ပေးမှာပေါ့၊ မျိုး အားပါတယ်"

ရွှေလသာသည် စိတ်ထဲ ကသိကအောက် ဖြစ်ကာ ခင်မျိုးမြတ်ကို ခေ့ခေ့ကြည့်နေမိသည်။ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို လေးစားသောအားဖြင့် "နေပါစေတော့"ရယ်လို့ အချို့နေရာတွေမှာ လိုက်လျောထားလိုက်တာ၊ ဘာမှမပြောတော့ပဲ နေလိုက်တာတွေဟာ အားနာတတ်လွန်း စိတ်ပျော့လွန်းတဲ့ သူတစ်ယောက်အဖြစ် ထင်စရာ ရောက်နေသလား မသိပေ။

တစ်ခါတစ်ခါကျ ဘာသဘောဆိုတာ သိသိနှင့် မသိသလို အယောင်ဆောင်လိုက်တာသည် မိန်းမတစ်ယောက်ကို ငဲ့ညှာတာပဲ ဖြစ်သည်။ အ,တယ်ထင်ရင်တော့ မှားပေမည်။

"ရွှေနှယ်ရီးကို မခင်မျိုးမြတ် ဘာခိုင်းထားတာလဲ"

"ဟိုဟာပါ၊ သူ မနေ့ကလုပ်တဲ့ စာရင်းကို ပြန်စစ်ခိုင်းထားတယ်"





"ဘာဖြစ်လို့လဲ ... မှားနေလို့လား၊ မှားနေရင်လည်း မဒေစီ အရင်သိပြီး မဒေစီကသာ ပြင်ခိုင်းရမှာ မဟုတ်လား"

ခင်မျိုးမြတ်က မျက်စ,လေးတစ်ချက်ချီရင်း ...

"ပြောရရင်တော့ ဒီလိုပါ၊ မှားလို့ စစ်ခိုင်းတာ မဟုတ်ပါဘူး ဦးလသာရဲ့၊ မမှားစေချင်လို့ပါ၊ ဒီကောင်မလေး ကြည့်ရတာ ခုတလော ဓပါ့သလားလို့၊ အလုပ်လုပ်ရင်းလည်း ဦးလသာရဲ့တူနဲ့ စကားပြောရပ်နေတယ် မရှိဘူး၊ တစ်ချိန်လုံး စကားများလိုက် ရယ်လိုက် လုပ်နေတာပဲ၊ သူက အလုပ်ရှင်ရဲ့တူနဲ့ အဖွဲ့ကကျတော့ ပြောလိုက်ရင်လည်း နာခံမကောင်းဘူး၊ မကြိုက်ချင်တာ ရှိသေးတယ်၊ မနေ့က သူ စာရင်းတွေလုပ်နေရင်း ရွှေဥက္ကာနဲ့ တစ်ချိန်လုံး ဟီးဟီးဟားဟား ဆိုတော့ မှားယွင်းနေမှာစိုးလို့ ပြန်စစ်ခိုင်းထားလိုက်တာ"

စကားပြောလည်း တစ်ချက်ခုတ် နှစ်ချက်ပြတ် တတ်ကျွမ်းပါရဲ့။ ရွှေဥက္ကာနှင့်လည်း လှည့်တိုက်ပေးပြီးသားဖြစ်၊ အလုပ်ပေါ့ဆသလိုလည်း နားလည်ပြီးသားဖြစ်။ ပြန်စစ်ခိုင်းလိုက်တာဟာ ဘယ်တုန်းကလဲလို့ ထပ်မေးလိုက်ချင်ပါသေးသည်။ သူ ခေါ်ခိုင်းလိုက်မှ စစ်ခိုင်းလိုက်တာဖြစ်မှာ သေချာတာမို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေနွယ်ရီးက စာရင်းမမှားတတ်ပါဘူး၊ မပေါ့ဆပါဘူး စကားပြောကြတာကတော့ သူတို့နှစ်ယောက်က ခင်ကြတာ ကိုး၊ လူငယ်သူငယ်ချင်းတွေ ဒီလောက်တော့ ရှိမှာပေါ့လေ"

"မျိုး ဘာလုပ်ရမလဲ ဦးလသာ"

"ရွှေနွယ်ရီးကိုပဲ သွားခေါ်လိုက်ပါ"

"ဒါတွေလောက်တော့ မျိုး လုပ်ပေးနိုင်ပါတယ်၊ မျိုးလည်း အားနေပါတယ်"

ခင်မျိုးမြတ်က မျက်နှာမကောင်းပဲ အထွန့်တက် သည်။

"မခင်မျိုးမြတ် လုပ်မပေးပါနဲ့၊ မခင်မျိုးမြတ် လုပ်ပေးချင် လိုတာဆိုရင် မခင်မျိုးမြတ်ကို ခိုင်းမှာပါ၊ အခုက မလိုအပ် လို့ပေါ့ဗျာ၊ ရွှေနွယ်ရီးကို သွားခေါ်လိုက်ပါ"

ခင်မျိုးမြတ်က တစ်ကိုယ်လုံး လှုပ်သွားအောင် ဆတ်ခနဲ ထလိုက်ပါသည်။ လူလိမ္မာအမျက် အပြင်တော့ မထွက် စေပဲ ပြုံးတုံ့တုံ့လေးနှင့်ပင် ...

"ဟုတ်ကဲ့ ... ဒါဆိုလည်း သူ့ပဲ မျိုး ခေါ်လိုက်ပါ့မယ်"

ခင်မျိုးမြတ် အပြင်ထွက်လာလျှင် ရွှေနွယ်ရီးက တမင်တကာပဲ လှမ်းမကြည့်မိအောင်နေသည်။ ခုနက သူ ဖိုင်လ်





တောင်းကတည်းက လေးလေးလသာ ရွှေနွယ်ရီးကို ဖိုင်လ်ယူ လာခဲ့ဖို့မှာတာပဲ ဖြစ်မှာလို့ ကြိုသိနေသည်။ ခင်မျိုးမြတ်က ယ်ကိုပဲ တောင်းယူသွားတော့ အောင့်သက်သက် ကျန်ခဲ့ ။

လေးလေးလ သူနဲ့ပဲ ကြည့်ရှုလုပ်ကိုင်လိုက်မလား၊ ်ကိုများ ခေါ်ယူမလား တွေးလို့ အဖြေမရသေးခင် ခင်မျိုးမြတ် ထွက်လာ၍ ထိတ်ခနဲ ဖြစ်သွားသော်လည်း တမင်ပင်လှမ်း ကြည့်ပါ။ ခေါ်ရမှာဆိုရင်တောင် သူ အသံထွက်ခေါ်ရပစေ။ ်ယပ်လှမ်းခေါ်လိုက်လို့ရအောင် လှမ်းမကြည့်တာပါ။

"ရွှေနွယ်ရီး"

ထင်တဲ့အတိုင်း အသံက မကြည်မသာ ခပ်ဆောင့် င့်နိုင်သည်။ ရွှေနွယ်ရီးက မကြားချင်ယောင်ဆောင်နေသေး ည်။ ရွှေဥက္ကာက ပြုံးစိစိနှင့် ရွှေနွယ်ရီးကို တခြားစကားတစ်ခုပင် စရာမရှိ ပြောစရာရှာ လှမ်းပြောလိုက်တာမို့ နှစ်ယောက်တည်း အထာပေါက်ပြီး ရယ်ကြရပါသေးသည်။

"ရွှေနွယ်ရီး"

အသံကမြင့်၍ ကျယ်လာသည်။ လှည့်မကြည့်လို့ တော့။ ရွှေနွယ်ရီးက လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလသာ ခေါ်နေတယ်၊ ခဏဝင်လိုက်ဦး"

မျက်နှာက အတော်ကို မကြည်သာပေ။ ရွှေနှ... အား လှမ်းကြည့်နေသည့် မျက်ဝန်းတို့မှာ ရန်သူအလား။ ရွှေ... က ပခုံးကိုတွန့်ရင်း ခပ်တိုးတိုးနှင့် ...

"လုံးဝမကြည်ဘူးကွ ... ဟား ဟား"

ရွှေနှယ်ရီးက နေရာမှထ,လာခဲ့ပါသည်။ ခင်မျိုး... စားပွဲနားက အဖြတ် ...

"မင်းလည်း အလုပ်ထဲမှာ အာရုံစိုက်ဦး ရွှေနှယ်ရီး၊ ... စေတနာနဲ့ပြောတာ၊ အလုပ်ရှင်ရဲ့တူနဲ့လည်း ကိုယ်က... သူငယ်ချင်းမို့လို့ ဆိုပေမဲ့ အမြဲရောနှောနေတာ ကောင်း... မဟုတ်ဘူး၊ အလုပ်ရှင်ကလည်း စိတ်ကောင်းဝင်နေ... တော့ ဘာအရေးလဲ၊ သူ စိတ်ကောင်းမဝင်တဲ့အခါ... ဖိပြောရင် ကိုယ်ပဲနစ်နာရမှာ၊ အလုပ်ရှင်ကိုလည်း ဒီ... လိုအပ်သလောက်ပဲ အရောဝင်ပါ၊ တို့က အလုပ်ခွင်သ... နောကျေနေလို့ စေတနာနဲ့ သင်တာ၊ မင်းထူ ခုမှသူ... ကုမ္ပဏီမှာ စ,လုပ်ဖူးတာ"

အလုပ်ရှင်ကိုလည်း လိုအပ်သလောက်ပဲ အရော... ရမတဲ့။ ရွှေနှယ်ရီးကတော့ အေးအေးချမ်းချမ်းပင် ....





"ဟုတ်ကဲ့ ... မခင်မျိုးမြတ်"

သူ ကျေနပ်အောင် အဖြေပေးလိုက်ပါသည်။

ရွှေနှယ်ရီး တံခါးခေါက် ဖွင့်ဝင်လိုက်လျှင်တော့ ...ရွှန်းလက်တဲ့ မျက်ဝန်းတို့နှင့် ဆီးကြိုပြုံးပြနေတဲ့ ရွှေလသာ ...င်ဆိုင်ရပါသည်။ ရွှေနှယ်ရီးက တံခါးပြန်ပိတ်ကာ စားပွဲ ...ရပ်ရင်း ...

"လေးလေးလ ... ကျွန်မကို ဘာခိုင်းမလို့လဲ"

"ထိုင်လေ ရွှေနှယ်ရီး၊ ခိုင်းစရာက အထူးတလည် မရှိပါဘူး၊ ဒီဖိုင်လ်ကို ကြည့်ချင်လို့ပဲ၊ ရွှေနှယ်ရီးကို ယူခဲ့ခိုင်းပါဆိုတာ လူမလာပဲ ဖိုင်လ်ပဲ ပါလာလို့ တမင်ထပ်အခေါ်လွှတ်လိုက်တာပါ"

"သူက ဖိုင်လ်ပဲ တောင်းတာပါ"

"အင်း ... ကိုယ် သဘောပေါက်ပါတယ်"

"ကျွန်မ ဘာနဲ့ ပတ်သက်တဲ့စာရင်း ပြန်ရှာပေးရမလဲ လေးလေးလ"

"အားလုံးကို ပြန်ကြည့်ချင်တာ၊ ကိုယ့်ကုမ္ပဏီက သွင်းတဲ့ ပစ္စည်းတွေထဲမှာ ဒီပစ္စည်းက မဆီမဆိုင် သီးခြားလိုဖြစ်နေတယ်၊ ဒီဖိနပ်ဘာရဲင်းဒ်ကို မြန်မာပြည်ရဲ့ ကိုယ်စားလှယ်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ကိုယ်သွင်းတုန်းက သူတို့ဆီက ဒီဘရိုင်... အမျိုးသားကိုင် ပိုက်ဆံအိတ် အကြီးအသေး၊ ခါး... စသဖြင့် လည်သာပစ္စည်း ယောကျ်ားသုံး တချို့... သွင်းဖို့ပဲ၊ ဒါပေမဲ့ နောက်ပိုင်း ကျန်တာတွေအ... ဆက်မလုပ်ဖြစ်ပဲ ယူအက်စ်အေက အားဆေးတချို့ ... ဆေးတချို့ကို ပိုစိတ်ဝင်စားပြီး အဲဒီဘက်လမ်းကြော... လိုက်သွားလိုက်တော့ ဒီရှူးစ်တွေက ကိုယ့်ဆီမှာ သိ... ကြီးလို ဖြစ်နေတယ် ...

ကိုယ်အခု ဆေးတချို့ ထပ်သွင်းမလို့၊ ဒီရှူး... ဆက်မလုပ်ပဲ မိတ်ဆွေတစ်ယောက်ကို လှည့်ပေးလိုက်... သူကတော့ အမျိုးသားဖက်ရှင်ပစ္စည်း အဝတ်အ... အိတ်၊ ခါးပတ်၊ ဖိနပ်၊ ဦးထုပ် အစုံပေါ့၊ အဲဒီဆိုင်မှာ... မဲ့သူဆိုတော့ ကိုယ်ဆက်မလုပ်ချင်ရင် ဒီဖိနပ်ကို သူ... လွှဲပေးပါ၊ သူ့ကုမ္ပဏီကနေ ပြောင်းပြီးသွင်းယူချင်တယ်... တောင်းဆိုထားတယ်၊ အဲဒါကို သူ့ကိုလည်း အကူအ... ပေးတဲ့သဘောနဲ့ ပေးလိုက်ဖို့ စဉ်းစားထားတာမို့ ဒီ... နဲ့ပတ်သက်သမျှ အဝင်အထွက် အပေးအယူစာရင်း... အားလုံး ပြန်စစ်ဆေးကြည့်ဖို့ ယူခိုင်းတာ"





ရွှေလသာက တရှည်တလျားကြီး ရှင်းပြသည်။ ဒါဖြင့် ရွှေနှယ်ရီး လုပ်စရာအလုပ်ဖြင့် ဘာမှမရှိပဲနဲ့။ ရွှေနှယ်ရီးက သူ့ကိုမကြည့်ပဲ စာရွက်တွေကိုပဲ ဟိုကြည့်ဒီကြည့် လှန်ကြည့်နေသည့် ရွှေလသာကို နှုတ်ခမ်းစေ့စေ့ကလေးနှင့် စူးစိုက်ကြည့်နေသော်လည်း နှုတ်ကတော့ ထုတ်ဖွင့်မမေးသာ။

"ဪ ... ဒါနဲ့ ရွှေဥက္ကာက ဘာပြောသေးလဲ"

"ဘာနဲ့ပတ်သက်ပြီးတော့လဲ လေးလေးလ၊ သူနဲ့စကားပြောတာတွေတော့ အများကြီးပေါ့၊ မခင်မျိုးမြတ်ကတောင် ရွှေဥက္ကာနဲ့ ဒီလောက်အရောမဝင်ဖို့ စကားမပြောဖို့ ပြောသေးတယ်"

"အင်း ... သူ့တော့ ထည့်ပြောမနေပါနဲ့တော့၊ ကိုယ်ဆိုလိုတာက ရွှေဥက္ကာက ထူးထူးခြားခြား ဘာများပြောသေးလဲ"

ရွှေလသာက ဣန္ဒြေဆယ်ရင်း မေးသည်။ ခုရက်ပိုင်း သူ့ကိုတော့ အိမ်မှာ ရွှေနှယ်ရီးနှင့် ပတ်သက်ပြီး တစ,တည်းစ,နေတာမျိုး ရွှေနှယ်ရီးကိုရော ပေါက်ကရတွေ ကြုံကျက်ပြောဆိုထားပြီလားလို့ပင်။

"ဘာမှ ထူးထူးခြားခြား မပြောပါဘူး လေးလေးလ၊ ဘာဖြစ်လို့လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ပါဘူး"

စကားခဏ ပြတ်သွား၍ စာရွက်စာတမ်းတွေကိုသာ ဆက်ကြည့်ရှုနေသော ရွှေလသာ ရှေ့မှာ ရွှေနှယ်ရီး ထိုင်နေရတာ ကျဉ်းကျပ်လာသည်။ တကယ်တော့ သူ့ကို အခန်းထဲ ခေါ်ယူဖို့ပင် မလိုအပ်ပဲနဲ့။

"လေးလေးလ … ကျွန်မ ဘာမှ လုပ်စရာမရှိဘူးဆိုရင် …"

"နေပါဦး … ခဏလေးပါ ရွှေနှယ်ရီးရယ်၊ ကိုယ်တစ်ခု ပြောစရာရှိပါသေးတယ်၊ ရွှေနှယ်ရီး ထမင်းချိုင့် ပါလား"

"ဟုတ်ကဲ့ … ပါပါတယ်"

"အဲဒီထမင်းချိုင့်ကို မစားပဲ ကိုယ်နဲ့အပြင်မှာ ဒီနေ့ တစ်ခုခု လိုက်စားပါလား"

"ဘာဖြစ်လို့လဲဟင် လေးလေးလ"

ရွှေနှယ်ရီးက မျက်လုံးဝိုင်းလေးနှင့် တအံ့တဩ မေးလေသည်။

"အင်း … ဘာဖြစ်လို့လဲဆိုတော့ ပြောရခက်လိုက်တာ၊ ရွှေနှယ်ရီးကို အပြင်မှာ တစ်ခုခုကျွေးချင်တာရယ်၊ စကားလည်း အေးအေးဆေးဆေး ပြောချင်တာရယ်"

ရွှေနှယ်ရီးသည် ရင်ထဲတဖိုဖို ဖြစ်သွားရင်း ရွှေလသာကို မျက်လုံးဝိုင်းကလေးနှင့်သာ စိုက်ကြည့်နေသည်။





"ကိုယ်နဲ့ ရွှေနှယ်ရီး စသိကျွမ်းကတည်းကဆိုရင် အချိန်တွေ မနည်းတော့ပေမဲ့ တစ်ခါမှ စကားအေးအေးဆေးဆေး ပြောဖူးကြတယ် မရှိခဲ့ဘူး၊ ရုံးဆိုရင်လည်း ရုံးမှာမို့ အလုပ်နဲ့ပတ်သက်တဲ့ စကားလောက်ပဲ၊ အိမ်ဆိုရင်လည်း တစ်လမ်းတည်း ခြံချင်းလည်း နီးပါရက်နဲ့ ကူးလူးဆက်သွယ်မှု ဝင်ထွက်ပြောဆိုမှုတွေ မရှိခဲ့ဘူး …

ဟိုတလောက ကိုယ့်ကို ရွှေနှယ်ရီး ခဏကူညီတဲ့ ရက်ပိုင်းအနိုက်အတန့်ပဲ စကားနည်းနည်းပါးပါး ပြောဖြစ်တယ်၊ ခုနောက်ပိုင်းကျတော့ ကိုယ့်နေရာနဲ့ကိုယ် စကားမပြောဖြစ်ကြပြန်ဘူး၊ ကိုယ် ရွှေနှယ်ရီးနဲ့ ရံဖန်ရံခါစကား အေးအေးဆေးဆေး ပြောပါရစေ၊ အခုလည်း …"

"လေးလေးလက ဘာတွေ ပြောစရာရှိလို့လဲဟင်"

"ရှိပါပြီလား ရွှေနှယ်ရီးရယ်၊ ပြောစရာတွေ အများကြီးပဲ ရှိတာပေါ့၊ အရေးကြီးကိစ္စတွေ မဟုတ်ပေတော့ အခုရွှေဥက္ကာနဲ့ ရွှေနှယ်ရီး စကားတွေ ပြောကြဆိုကြသလိုမျိုး ကိုယ်လည်း ပြောချင်တာပေါ့၊ အခုက ကိုယ် သီးသန့်ကြီးဖြစ်နေတယ်၊ ရှယ်တူတန်းတူ မဟုတ်တာကလည်း ခင်မင်ရင်းနှီးမှုမှာ အဟန့်အတား ဖြစ်စေတယ်၊ ကိုယ့်ကိုသူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းသဘော မဟုတ်တောင် ရင်းနှီးသူတစ်ဦးအနေနဲ့ သတ်မှတ်လက်ခံစေချင်တယ်"

ရွှေနှယ်ရီးက မျက်လွှာလေးချရင်း …

"လေးလေးလနဲ့ စကားအများကြီး ပြောမနေဖြစ်ပေမဲ့ ခင်မင်ရင်းနှီးတဲ့ စိတ်တော့ ကျွန်မမှာ ရှိပါတယ်"

"ခမ်းသာလိုက်တာ ရွှေနှယ်ရီးရယ်၊ ဒါဖြင့်ရင် ရင်းနှီးသူတစ်ဦးက နေ့လယ်စာဖိတ်တာကို လက်ခံပါနော်"

ရွှေနှယ်ရီးက ခဏငြိမ်သက်နေမိသည်။ ကိုယ်တွင်း စိတ်တွင်းမှာတော့ မငြိမ်သက်လွန်းသမှ ဝှန်းဒိုင်းကို ခတ်နေသည်။ ပေါင်ပေါ်တင်ထားတဲ့ လက်ချောင်းလေးတွေ အချင်းချင်းလည်း လိမ်ဖဲ့ပွတ်တိုက်ရ၍ နာကျင်နေပြီ။

"နော် …၊ တစ်နေရာရာမှာ တစ်ခုခုစားရင်း စကားပြောချင်တယ်၊ လက်ခံမယ် မဟုတ်လား ရွှေနှယ်ရီး"

ရွှေနှယ်ရီးက ခေါင်းကို ပိုင့်ချလိုက်ရင်း …

"ဟုတ်ကဲ့"

"အိုကေ …၊ ဒါဖြင့် နေ့လယ်ဆယ့်နှစ်နာရီလောက် ရုံးထွက်မယ်နော်"

"ဟုတ်ကဲ့၊ ကျွန်မ အပြင်ထွက်တော့မယ်နော်"





"ကောင်းပါပြီခင်ဗျာ"

ရွှေနှယ်ရီးသည် အပြင်ဘက်ရုံးခန်းမှ ကိုယ့်စားပွဲကိုယ် ပြန်ရောက်တဲ့အခါ ရင်တွေ အကြီးအကျယ် ခုန်နေသည်။ လေးလေးလ ဘာပြောမလို့လဲ မသိဘူး။ တကူးတက ခေါ်ယူ တောင်းဆိုမှုဟာ တစ်ခုခုတော့ တစ်ခုခုပဲ။

"လေးလေးလ ဘာပြောတာလဲ"

စိတ်လှုပ်ရှားနေပုံရတဲ့ ရွှေနှယ်ရီးကို ရွှေဥက္ကာက မေးကြည့်တဲ့အခါ ရွှေနှယ်ရီးက လေးလေးလ ပြောစကားတွေကို ပြန်ပြောရသည်။ ရှက်သလိုလို တစ်မျိုးလေး ဖြစ်နေတဲ့ ရွှေနှယ်ရီးကို ရွှေဥက္ကာက စ,ချင်၍ …

"အတော်ပဲ၊ ကျွန်တော်လည်း ဒီနေ့ အပြင်မှာ ဘာသွားစားရကောင်းမလဲ စဉ်းစားနေတာ၊ အတူတူလိုက်ပြီး လေးလေးလ ကျွေးတာပဲ ကပ်စားတော့မယ်"

ရွှေဥက္ကာ စကားကြောင့် ရွှေနှယ်ရီးက ထိတ်ထိတ်ပျာပျာ ပုံစံလေးနှင့် မလိုက်နဲ့လို့လည်း ယတိပြတ်တားဖို့ ခက်နေဟန်တူကာ …

"ဒါတော့ လေးလေးလကို မေးပေါ့"

"လေးလေးလကို ဘာမေးရမှာလဲ"

"အတူတူ လိုက်စားလို့ ရမရပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ဩော် … သူစိမ်းဖြစ်တဲ့ ခင်ဗျားကိုတောင်မှ တကူးတက ကျွေးဖို့ စေတနာရှိသေးတာပဲဟာ၊ တူအရင်းဖြစ်တဲ့ကျွန်တော့်ကို ဘာဖြစ်လို့ မကျွေးရမှာလဲ”

ရွှေနွယ်ရီး မျက်နှာ မသိမသာ စိတ်ရှုပ်ဟန်ပေါက်ကာ ညိုညိုလေး ဖြစ်နေတာမြင်လျှင် ရွှေဥက္ကာက ရယ်ချင်လှသည်။ ဩော် … ရွှေနွယ်ရီး ရွှေနွယ်ရီး။ ရွှေလသာ အပေါ်နှင့် သူ့အပေါ် သံယောဇဉ်ထားပုံချင်း မတူတာ သိသာပေါ်လွင်လှပါရဲ့။ သူ့ကို ရွှေနွယ်ရီး ခင်မင်သံယောဇဉ်ရှိပုံဟာ မောင်နှမလို သူငယ်ချင်းလို ထက် ပိုကိုမပိုပါ။

ဒါဟာလည်း တမင်တကာ ဖန်တီးပြုပြင်လို့ရတဲ့ ခံစားချက်မျိုး မဟုတ်။ သူဟာလည်း ရွှေနွယ်ရီး အပေါ် ဖြူဖြူစင်စင်သာ ခင်တွယ်မိတာ တော်ပါသေးရဲ့။ အဲဒါကို စောစောရိပ်မိနိုင်ခဲ့တာလည်းပဲ တော်ပါသေးရဲ့ပင်။ နို့မို့ရင် တူဝရီးနှစ်ယောက်သားဟာ တစ်ယောက်အတွက် တစ်ယောက် စိတ်လက်မချမ်းသာ ဖြစ်ရမည်။

“ဘယ်အချိန် သွားမှာလဲ”

“ဆယ့်နှစ်နာရီ”

ရွှေနွယ်ရီးက ခပ်တိုးတိုး ဖြေလိုက်ပြီးမှ …

“လေးလေးလှကို ကြိုမေးကြည့်လိုက်ဦး ရွှေဥက္ကာ”





“ဘာဖြစ်လို့လဲ”

“ခေါ်မခေါ်ပေါ့”

“ဟင် … ဘာလို့ မခေါ်ရမှာလဲ၊ ကျွန်တော်တို့သုံးယောက်လုံးက သီးခြားသူစိမ်းတွေမှ မဟုတ်ပဲ”

“မဟုတ်ဘူး၊ အင်း … ကျွတ်”

ရွှေဥက္ကာသည် ပြုံးစိစိ ဖြစ်လာမိကာ …

“ဘာဖြစ်လို့လဲ”

“ဟိုလေ … လေးလေးလှက ဘာလဲတော့ မသိဘူး၊ ကျွန်မကို စကားပြောစရာရှိလို့လို့ ပြောတယ် ရွှေဥက္ကာရဲ့၊ အဲဒါ …”

“အဲဒါ ! … ဘာဖြစ်လို့လဲ၊ ပြောကြပေါ့”

“ရွှေဥက္ကာကလည်းနော် … မသိဘူးကွာ၊ သဘောပဲ၊ ဖွတ်ပဲပြောနေတာပဲ”

ရွှေဥက္ကာက မအောင့်နိုင်တော့ပဲ အသံကျယ်ကြီးနှင့် ရယ်ချလိုက်၍ အန်တီဒေစီကပင် “ဟဲ့ … ဒီကလေးနှစ်ယောက်” လို့ မြည်တွန်ရပါသည်။ ခင်မျိုးမြတ်ရဲ့ မျက်စောင်းကြီးကလည်း ဝဲခနဲ ရောက်လာသည်။

“ဟား ဟား … ရွှေနွယ်ရီးရယ်၊ တကယ်က ရွှေနွယ်ရီးကိုက မလိုက်စေချင်တာ မဟုတ်လား၊ ကျွန်တော် သိပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ... မဟုတ်ပါဘူးနော်"

"ဟုတ်ပါတယ်၊ လေးလေးလကလည်း ဒီလိုပဲနေမှာပါပဲ၊ လိုက်စေချင်မှာ မဟုတ်ပါဘူး၊ မကောင်းတတ်လို့ ခေါ်ရလည်း ခင်ဗျားတို့နှစ်ယောက်သား ကသိကအောက် ဖြစ်နေမှာပါ၊ လေးလေးလ မူပျက်နေတာ သိတယ်နော်၊ ကျွန်တော့်အမေတောင်မှ သိနေပြီ"

"ဟယ် ... ရွှေဥက္ကာနော်"

"ဟုတ်တယ်လေ၊ ကျွန်တော့်ဦးလေး လူပျိုကြီးက မရိုးတော့ဘူးဗျ၊ ကြည့်ရတာ ရွှေနှယ်ရိုးလည်း မရိုးတော့ဘူး"

"ရွှေဥက္ကာ"

ရွှေနှယ်ရိုးသည် ရွှေဥက္ကာရဲ့ ရယ်ရယ်မောမောဟန်ကို မြင်ရ၍ တစ်မျိုးစိတ်အေးချမ်းရသော်လည်း ရှက်မွန်း၍တော့လာပေသည်။

"သူ မရိုးသားတိုင်း သူများတွေပါ လိုက်ဆွဲထည့် စ,မနေနဲ့ သိလား"

"ဗျာ ... ကျွန်တော်က ဘာမရိုးလို့လဲ"

"အောင်မယ် ... မိမိုးက ပြောပါတယ်နော်၊ ညညတွေကျ ရွှေဥက္ကာနဲ့ မြတ်နိုး ဖုန်းပြောနေရင် မပြီးဘူးတဲ့၊ သူ့မှာ မြတ်နိုးကို ပြောစရာရှိရင် စောစောပြောထားရတယ်တဲ့၊





ညဘက်မှာ ဖုန်းဆက်မိရင် သေရောတဲ့၊ အားကိုမအားတော့ဘူးတဲ့ ဖုန်းက"

"ဒါတော့ ဖုန်းပြောတာပဲ ဘာဆိုင်လဲ၊ ရွှေနှယ်ရိုးနဲ့လည်း တချို့နေ့တွေ ပြောတာပဲ"

"ကျွန်မနဲ့က ရိုးရိုးပြောတာလေ"

"မြတ်နိုးနဲ့လည်း ဒီလိုပဲပေါ့၊ ရိုးရိုးမပြောလို့ စကားလိမ်နဲ့ ပြောနေလို့လား၊ ကင်းမြီးကောက်ထောင် ပြောနေလို့လား"

"တစ်နေရာရာ သွားကြရင် ရှင်တို့နှစ်ယောက်တည်း တကျိတ်ကျိတ်နဲ့ တိုင်ပင်စရာ မကုန်ဘူးဆို၊ ကြားပါတယ်နော်၊ အားလုံး သိပါတယ်၊ ကိုယ်နဲ့မဆိုင်လို့ ပြန်မပြောတာ၊ ဒါကိုများ သူက သူများတကာကို မရိုးဘူးလေး ဘာလေး လျှောက်ပြောနေတယ်"

"မရိုးတော့ကော ဘာဖြစ်လဲဗျာ၊ အပြစ်မှ မရှိတာ၊ ကျွန်တော်နဲ့ မြတ်နိုး မရိုးဘူးလို့ ရွှေနှယ်ရိုးက ပြောရင်လည်းပြောလေ ရတာပဲ၊ လေးလေးလနဲ့ ရွှေနှယ်ရိုးလည်း မရိုးပါဘူး"

"ရိုးတယ် ... သိလား"

"ဟင် ... ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဥက္ကာကို ကြည့်၍ ရွှေနွယ်ရီးပါ ပြုံးစိစိ လိုက်ဖြစ်လာသည်။ ရွှေဥက္ကာ ကြည့်ရတာ မြတ်နိုးနှင့် တကယ်ပဲသံယောဇဉ် စ,ပြီထင်ပါရဲ့။ တော်ပါသေးရဲ့။ ကိုယ့်ဘက်ကတုံ့ပြန်နိုင်မှာ မဟုတ်တာ သေချာတဲ့ ရွှေဥက္ကာ ကိုယ့်ကိုစိတ်ဝင်စားနေမှာမျိုးကို ရွှေနွယ်ရီး အတော်ပဲ မဖြစ်စေချင်ခဲ့တာပါ။ အဲသလို ခံစားချက်မျိုး လေးလေးလ အပေါ်ကျတော့ ဘာကြောင့်မဖြစ်ပေါ်မိပါလိမ့်။

လေးလေးလကိုကျတော့ ရွှေနွယ်ရီးဟာ စိတ်ဝင်စားမနေပါစေနဲ့လို့ ဘယ်တုန်းကမှ ဆန္ဒမပြုဖူးခဲ့။ မယုံမကြည်သံသယနှင့် တထင့်ထင့်ရှိနေရင်းကကိုပဲ တစ်ဖက်ကလည်း ရှောင်ရှားသင့်သည်လို့ ထင်မြင်ယူဆမိတဲ့တိုင်အောင် ရင်ထဲဖြစ်ပေါ်နေကြဲ ခံစားချက်တို့က ဆန့်ကျင်ဘက် ဦးတည်ရာတစ်ခုသို့ ညွှန်နေသည်။

နေ့လယ်ဆယ့်နှစ်နာရီထိုးဖို့ ငါးမိနစ်လောက် အလိုမှာတော့ ရွှေလသာရဲ့ ရုံးခန်းတံခါးက ချပ်ခနဲပွင့်ကာ ရွှေလသာထွက်လာပါသည်။ တွန့်ခနဲနေအောင် ရင်ခုန်သွားတဲ့ ရွှေနွယ်ရီးက အသားလွှတ်နေရင်း ရွှေဥက္ကာကို မျက်စောင်းထိုးလိုက်၍ရွှေဥက္ကာက ပြုံးစိစိ။

"ဦးလသာ ထမင်းစား ထွက်မလို့ထင်တယ်"

"ဟုတ်ကဲ့"





"အတော်ပဲ ... မျိုးလည်း ခုပဲထွက်တော့မလို့၊ ဒါဖြင့် ဒီလိုလုပ်ပါလား ဦးလသာ၊ မျိုးတို့အတူတူထွက်လိုက်ပြီး အပြန်ကျ မနေ့က ဂိုဒေါင်ကို ပစ္စည်းအဝင်တစ်ချက် သွားကြည့်မလားလို့၊ အပြင်ထွက်စားမယ် စိတ်ကူးနေတာ မျိုးကားကလည်း သိပ်မကောင်းတော့ ခုပဲ ဘယ်လိုသွားရင် ကောင်းမလဲ စဉ်းစားနေတာ၊ ဦးလသာလည်း အပြင်ထွက်လာတော့ အိုင်ဒီယာ ရသွားတယ်၊ အတော်ပဲလို့"

ဆီးကြိုကာ အဆက်မပြတ် ပြောလိုက်တဲ့ ခင်မျိုးမြတ်ကို သဲ့သဲ့ကြားလိုက်ရတာမို့ ရွှေဥက္ကာပင် ရှုတင်းတင်းဖြစ်ပါသည်။

"အဲဒီအဖျက်သမားမကတော့ ရှုပ်ပြီ"

တီးတိုးအတင်းပြောလိုက်သေးသည်။ ရွှေလသာ မမျှော်လင့်ထား၍ တခဏ အငိုက်မိနေပြီးမှ ...

"ဂိုဒေါင်ကတော့ ဒီနေ့ မသွားတော့ဘူး၊ ပြီးတော့ သယ်န်းကျွန်းမှာ တစ်လမ်းစီပဲ၊ လမ်းလည်း မကြုံဘူးလေ"

"ဒါဖြင့် ထမင်းစားဖို့ပဲ ဦးလသာ ကားနဲ့ ..."

"မဟုတ်ဘူး မခင်မျိုးမြတ်၊ ကျွန်တော် ရွှေနွယ်ရီးနဲ့ သွားစရာကိစ္စတစ်ခု ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မျိုးမြတ် မျက်နှာမှာ မှောင်မည်းသွားပါသည်။

"မခင်မျိုးမြတ်ကား မကောင်းရင် ကားလဲသုံးချင်ရင် ရွှေဥက္ကာကား ယူရင် ယူသွားလိုက်ပါ၊ ရွှေဥက္ကာ ... မင်း ဘယ်သွားဖို့ရှိလဲ"

"ကျွန်တော် လမ်းကူးပြီးစားမှာ လေးရလေးလ"

"ဒါဖြင့် ကားခဏလောက် မခင်မျိုးမြတ်ကို ပေးလိုက်ပါဦး"

"ဟုတ်ကဲ့"

ခါတိုင်းဆို ကြည်ဖြူကောင်းမှ ကြည်ဖြူမည် ဖြစ်ပေမဲ့ ခုတော့ ရွှေဥက္ကာက ကြည်ကြည်သာသာကြီးပင် ခေါင်းညိတ်လိုက်ပါသည်။

"အို ... ရပါတယ်၊ လမ်းကြုံသလားလို့ပါ၊ ဦးလသာ'ကိစ္စ ရှိရင်လည်း ကိုယ့်ဟာကိုယ် လမ်းလျှောက်ပဲ သွားမှာပါ။ သူများကားတော့ ယူမသုံးတော့ပါဘူး"

ရွှေနှယ်ရီးကို လှမ်းကြည့်လိုက်တဲ့ ခင်မျိုးမြတ်ရဲ့ မျက်လုံးတို့က စူးတောက်နေသည်။ ရွှေနှယ်ရီးကလည်း ယောင်ပြီး လှမ်းကြည့်နေမိရက်သား။ ကိုယ်က မဏ္ဍပ်တိုင်တက်သလို ပုံစံမျိုးပေါက်မှာ သေမလောက် ရှက်သော်လည်း သူကတော့ လှမ်းကြည့်မိတာကို ထိုသို့များ အထင်လွဲလေမလား။





မိန်းမသားချင်းမို့ သူ့ကို အားနာမျက်နှာပူသလိုပင် ...သေးသည်။ သို့သော် ခင်မျိုးမြတ် မျက်လုံးထဲက အရိပ် ...ာင်ကတော့ "နေနှင့်ဦးလေ"ဆိုတဲ့ အံကြိတ်ကြွေးဝါးရိပ်များ ...လို့ပင်။ အင်း ... နေရင်းထိုင်ရင်း ရန်သူရနေပါလား။

ရွှေလသာက ဆက်ထွက်လာရင်း အထ,ခက်နေတဲ့ ...ယ်ရီးကို ...

"ရွှေနှယ်ရီး ... လာလေ ... သွားစို့"

အရေးကြီးတဲ့ အလုပ်တစ်ခုခုပဲ သွားလုပ်တော့မှာ ... ခပ်တည်တည်ပြောပြီး ထွက်သွားနှင့်၍ ရွှေနှယ်ရီးက နှုတ် ...၍ ထ,ထွက်လာရသည်။

"အပြန်ကျ မုန့်ဝယ်ခဲ့"

ရွှေဥက္ကာ အမှာစကားကြောင့် ကြားလိုက်ရတဲ့ ...ဒေစီပင် ပြုံးစိစိ။

"ဘာမုန့်လဲ"

"ဆိုင်ပေါ်မှုတည်ပြီးတော့ပေါ့၊ ဘာပဲဖြစ်ဖြစ် စားကောင်းမယ်ထင်တဲ့ဟာမျိုးလေး စေတနာရှိရှိ ဝယ်လာခဲ့ရင် တော်ပါပြီ၊ မေ့လည်းမလာနဲ့ဦး၊ တော်ကြာ ကိုယ့်ဟာနဲ့ကိုယ် ကိစ္စများပြီး ဘာမှ အာရုံမရှိပဲ ဖြစ်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ဝှက်၍ ပြောနေသော်လည်း နောက်ဖြေ နေတာကို နှစ်ယောက်ချင်းတော့ သိတာမို့ ရွှေနွယ်ရီးက မျက် စောင်းသာ ထိုးပစ်ရစ်ခဲ့သည်။

ကားပေါ်ရောက်၍ ကားမောင်းထွက်လာပြီးလျှင်

"ရွှေနွယ်ရီး ဘာစားချင်လဲ၊ ကြေးအိုးလား"

တကယ်တော့ ဘာမှမစားချင်လောက်အောင် ရင် ပြည့်ကျပ်တုန်လှုပ်နေသော်လည်း ခေါင်းသာညိတ်ပြလိုက်ပါသည်။

"မီလျံကွိုင် သွားလိုက်မယ်"

ရွှေလသာက တစ်လမ်းလုံး ဘာစကားမှမဆို ရွှေလသာ ကိုယ်တိုင်ပင် တုန်လှုပ်မှုရှိနေပုံရ၍ ရွှေနွယ်ရီး ပြောစရာမလိုတော့ပြီ။ အတိတ်ကြီး တိတ်ဆိတ်၍ ပါလာသည် ရန်ကုန်အင်တာနေရှင်နယ်ဟိုတယ်ဝင်းထဲက မီလျံကွိုင်ဆိုင် ရောက်ခဲ့ကာ ရွှေလသာက သူ့အတွက် မစ်စ်ဂရစ်လ်နှင့် ရွှေနွယ်ရီး အတွက် ကြေးအိုးမှာလိုက်ပြီးတဲ့အထိ ဘာစကားမှမဆို။

စားစရာတွေ ချလာလည်း ဘာမှမပြောသေး "ရွှေနွယ်ရီး စား"ဆိုတာ တစ်ခွန်းပဲ ကြင်ကြင်နာနာလေးသံနှင့် ပြောကာ တိတ်ဆိတ်စွာ စားသောက်နေဖြစ်ကြပြန်သည်။ မုန့် အခါမှာတော့ "လေးလေးလ ဘာပြောမလို့လဲဟင်"လို့ ရွှေနွယ်ရီး ကလည်း မမေးရဲတော့ပြီ။





အစားတွေစားလို့ အတော်ကြီး ကုန်လုမှ ရွှေလသာ သံက တိုးညင်စွာ ထွက်ပေါ်လာသည်။

"စားလို့ ကောင်းလား ရွှေနွယ်ရီး"

"ဟုတ်"

ရွှေနွယ်ရီးရဲ့ ဖြေသံဟာ သဲ့သဲ့သာ ရှိသည်။

"ရွှေနွယ်ရီးရဲ့ ဘယ်ဘက်က စားပွဲကို မသိမသာ အကဲခတ် ကြည့်လိုက်ပါလား"

မသိမသာ ဆိုပေမဲ့ ရွှေလသာရဲ့ အဆက်အစပ်မဲ့ ားကို အံ့အားတသင့် ဖြစ်လှတာမို့ ရွှေနွယ်ရီးက ဖြုန်းခနဲပဲ ည့်ကြည့်လိုက်မိပါသည်။ အသက်သုံးဆယ်ကျော် လူရွယ်တစ် ယောက်နှင့် အသက်နှစ်ဆယ်တောင် ကောင်းကောင်းပြည့်ပုံမရသေး ဲ့ ကောင်မလေးတစ်ယောက်တို့ ဖြစ်သည်။

လူရွယ်ကလည်း သန့်သန့်ပြန့်ပြန့်၊ ကောင်မလေး လည်း ကလေးဆန်ဆန် သွက်လက်လှ၍ တစ်ယောက်ကိုတစ် ယောက် ထည့်ပေး ငုံ့ပေးနေကြသည်မှာ တယုတယနိုင်လှကြ သည်။ မျက်လုံးတွေထဲမှာတော့ အချစ်ရည်တို့ တောက်ရှန်းကာ ကြည်နူးခြင်းအတိက ဘေးကိုပါ ကူးစက်နိုင်လောက်သည်။

ရွှေနွယ်ရီးက မျက်လုံးပြန်လွှဲလိုက်လျှင် သူ့ကိုစိုက် ကြည့်နေသည့် ရွှေလသာ မျက်ဝန်းတို့နှင့် အကြည့်ချင်းဆုံ သွားတာမို့ ရှက်ကိုးရှက်ကန်းနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲလေးလေးလ၊ လေးလေးလ အသိ[illegible]

"ကိုယ့်အသိဆိုရင် နှုတ်ဆက်မှာပေါ့ ရွှေနှယ်ရီးရဲ့"

"ဒါဖြင့် ဘာအကြောင်း ရှိလို့လဲ"

"သူတို့နှစ်ယောက် ဘယ်လိုပတ်သက်တယ် ထင်[illegible]

"အို ... လေးလေးလကလည်း ကြည့်လိုက်တာနဲ့ [illegible] မှန်း အသိသာကြီးကို"

"အရွယ်ချင်း ကွာနေတာ၊ ကောင်မလေးက ကျော[illegible] လေးနဲ့ဗျ၊ သားအဖတော့ မဟုတ်တာ သေချာ[illegible] တူဝရီးလား ဆရာတပည့်လား"

"အို ... လေးလေးလကလည်းနော်၊ သူတို့မျက်[illegible] အကြည့်တွေကို ကြည့်ပါဦး၊ ချစ်သူတွေဆိုတာ အသိ[illegible] ကြီးပဲဟာ၊ အသက်အရွယ် ကွာပေမဲ့လည်း ခုခေ[illegible] ဒါမျိုးရှိပါတယ်၊ ကာယကံရှင်ချင်းချင်းနဲ့ မိဘအ[illegible] အပိုင်း အဆင်ပြေရင် ပြီးတာပဲလေ"

အားတက်သရောလေး ငြင်းခုန်နေမိတဲ့ ရွှေနှ[illegible] သည် ရွှေလသာ ဆွဲယူဦးတည်ဆက်စပ်တော့မှာကို မရိပ်[illegible]

"အမျိုးသားက ကိုယ့်ထက်တော့ နည်းနည်းငယ်[illegible] ကောင်မလေးကလည်း ရွှေနှယ်ရီးထက် နည်းနည်းငယ်[illegible] နော်"





"အင်း"

"ကိုယ်နဲ့ ရွှေနှယ်ရီး အသက်ကွာသလောက်ပဲ သူတို့ကွာကြမှာပေါ့နော်"

ဘုရားရေ ...။ ကျောချလုနီးဆဲဆဲရှိမှ ဓားပြကိုသိပြီ။

"ကိုယ်က လူကြီးတစ်ယောက်၊ ရွှေနှယ်ရီးက ကလေးမဟုတ်တော့ပေမဲ့ လူငယ်လေးဘဝပဲ ရှိသေးတယ်၊ အဲဒီအကွာအဟကြောင့် ကိုယ့်ကို လူတွေလှောင်ပြောင်စရာဖြစ်မလား၊ ရွှေနှယ်ရီး ကိုယ်တိုင်ကများ ပြက်ရယ်ပြုလိုက်မလားလို့ အမြဲစိုးရိမ်မိခဲ့တယ်၊ မဝံ့ရဲသလို ရှက်သလိုလည်းဖြစ်ခဲ့လို့ ကိုယ် ဒီလောက်ထိ အချိန်ဆိုင်းလာတာပဲ ...

တကယ်တော့ ချာတိတ်မငယ်လေးတစ်ယောက်ကိုမှ ချစ်မိတဲ့ ကိုယ့်အဖြစ်ဟာ ရှက်စရာတော့လည်း မဟုတ်ပါဘူးနော်၊ ကာယကံရှင်ချင်း ပြေလည်ရင်၊ အချစ်ချင်းညီရင်၊ အသိုင်းအဝိုင်းကလည်း ကြည်ဖြူရင် မဖြစ်နိုင်စရာလည်း မရှိပါဘူး၊ ကိုယ် အချိန်ယူပြီးမှ ခုလိုပြောဖြစ်တာမို့ လေးလေးနက်နက် ရှိတယ်ဆိုတာ ရွှေနှယ်ရီး နားလည်စေချင်တယ် ...

ရွှေနှယ်ရီးကို ကိုယ် သိပ်ချစ်နေမိပြီ"



www.burmeseclassic.com

www.burmeseclassic.com



အောင်မယ်လေးတော်။ ပြောမဲ့ပြောတော့လည်း ထော်ထိုင်တည်း ... သူဆက်စပ်ချင်ရာတွေ ဆွဲယူဆက်စပ်သွားလိုက်တာ။ ဘေးစားပွဲက စုံတွဲဟာတောင် သူဥပမာပြလို့ရအောင် ကြိုလွှတ်ထားတဲ့ ဒလံတွေများလားရယ်လို့ မဟုတ်မှန်းသိသိနှင့် တွေးမိချင်စရာ ဖြစ်ရော။

ရွှေနွယ်ရီးသည် ရင်ကလေးဖိုဖို ရှက်ရှက်နှင့် ကတော်ကမယ် ဖြစ်နေမိသည့်ကြားက အဲဒီ လေးလေးလကို ထုထုပစ်ချင်သေးသည်။ ခပ်တည်တည်ကြီး သူ့သိက္ခာနှင့်သူ လူကြီးနေရာကပဲ နေနေတော့မလိုလိုနဲ့ နိဒါန်းလည်းမပျိုး အရိပ်အမြွက်လည်း မပြပဲ ဟောဟောဒိုင်းဒိုင်း ပြောမဲ့ပြောတော့လည်း မမျှော်လင့်စရာ။

"ဟိုအရင်က ရည်းစားနှစ်ယောက်လောက် ထားဖူးတယ်လို့ ကိုယ်ကပြောထားလို့ အချစ်ဦးမဟုတ်ရတော့ဘူးလို့တော့ ရွှေနွယ်ရီး မထင်နဲ့နော်၊ ရွှေနွယ်ရီးကို သိပ်ချစ်မိနေပြီလို့ ကိုယ့်ကိုယ်ကိုယ် သေချာသိတဲ့ အချိန်မှာ ရည်းစားထားဖူးတယ်ဆိုတာဟာလည်း ကလေးကစားသလို ဖြစ်သွားတယ်။ ကိုယ့်မှာ ခင်မင်ဆက်သွယ်နေတဲ့ ဟိုလိုလို ဒီလိုလို အမျိုးသမီးမိတ်ဆွေတွေ ရှိတာယ်ရယ်လို့လည်း အင်တင်တင်မဖြစ်နဲ့၊ အဲဒါ အလကားတွေ ...





အိမ်ထောင်ပြုသင့်တဲ့အရွယ်ကို ရောက်လာလွန်လာတဲ့အခါ အမေတို့ အစ်မတို့က ဟိုပြဒီပြ ဟိုစဒီစ ရှိတာကို ကိုယ်တိုင်ကလည်း လူပျိုကြီးလုပ်ဖို့ မရည်ရွယ်ထားဖူးဘူးဆိုတော့ တချို့ကိုတော့ နည်းနည်းပါးပါး ထည့်စဉ်းစား၊ တချို့ကိုတော့ လေ့လာအကဲဖြတ်နဲ့ မယုတ်မလွန် ကလေး တရင်းတနှီး နေခွာတ်ခဲ့ဖူးတာ အမှန်ပါ ...

ဒါပေမဲ့ ခေါင်းထဲထည့် စာရင်းထဲထည့်ပြီး ဒါတွေကို ရွှေနွယ်ရီး စဉ်းစားဖို့ မလိုပါဘူးလို့ပဲ ကိုယ်ပြောပါရစေ။ ကိုယ့်တစ်သက်မှာတစ်ခါ ဘယ်တုန်းကမှ မခံစားဖူးတဲ့ ခံစားချက် နင့်နင့်သီးသီးနဲ့ သိပ်ချစ်မိတာ ရွှေနွယ်ရီး တစ်ယောက်ပဲ ရှိပါသေးတယ်၊ တကယ်ပါ"

"ဒါတော့ ဒီလိုပဲ ပြောရတော့မှာပဲလေ"

မရဲတရဲကြားကပင် ဘာကို မကျေနပ် မကြည်ဖြူချင်သည် မသိ၊ မကြည်မသာရှိမိကာ ဂျစ်ကန်ကန် ခွန်းတုံ့မိသည်။ ရွှေလသာက ပြုံးကာ ...

"ရွှေနွယ်ရီး ဒီလိုစကားမျိုး ဖြတ်ခနဲ ပြောလိုက်မယ်ဆိုတာ ကိုယ်သိပါတယ်"

"အဲဒါ ယောကျာ်းတွေ လက်သုံးစကားပဲ မဟုတ်လား လေးလေးလရဲ့၊ နောက်ဆုံး ချစ်ခွင့်ပန်ရတဲ့ သူကိုသာ



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးလို့ အားလုံးပဲ ပြောကြတာပဲလေ၊ ဟိုးတုန်းက ရည်းစားဟောင်းကိုတော့ အချစ်ဆုံးပါ၊ မင်းကိုလည်း ချစ်တော့ချစ်ပါတယ်လို့တော့ ဘယ်သူကမှ ပြောမှာမဟုတ် ပါဘူး”

ရွှေလသာက ပခုံးကိုလှုပ်ကာလှုပ်ကာ သဘောတကျ ရယ်နေသည်။ လူတစ်ယောက်ဟာ ကိုယ့်ကိုချစ်စကားပြောပြီ ဆိုတဲ့အခါ အလိုလိုနေရင်း သူ့ကို ရှိန်တာလန့်တာတွေ လျော့ ကုန်ရတာ အမှန်ပင်။ အရှိသေတန်သွားတာမျိုးလားတော့ မသိပါ။

ဟိုးအရင်က အဖြစ်အပျက်တွေအပေါ် စိတ်ချလက်ချ ယုံကြည်နိုင်ဖို့ မရေရာသေးတဲ့ သူမျိုးအပေါ်ကိုတော့ ပိုတောင် ပြောရဲဆိုရဲ ဖြစ်လာရပါသည်။ ရွှေနှယ်ရီး ရင်ထဲတွင် လေးလေးလ ကို မြတ်နိုးခြင်းတစ်ဝက် မယုံကြည်နိုင်ခြင်းတစ်ဝက်။ အချစ် တစ်ဝက် အကြောက်တစ်ဝက်နှင့်တည်း။

ကိုယ့်ကို ဘာမှမပြောသေးပဲ ကိုယ်နှင့် ဘာသိဘာ သာ မပတ်သက်ခင်တော့ တစ်မျိုးပေါ့။ ကိုယ့်ကို ချစ်ရေးဆိုလာ ပြီဆိုတဲ့အခါ ရင်ထဲ ပိုခံစားလာရပါသည်။ ကြိတ်မနိုင်ခဲမရ ခိုးလိုးခုလု ဖြစ်ရသည်။ ဝမ်းနည်းသလိုလိုပင်။ အမည်းစွန်းမရှိ သော ချစ်သူမျိုးကိုသာ လူတကာ ရလိုကြတာပေါ့ လေးလေးလ ရယ်။





ဒါဝေမဲ့ ဘာမှန်းမသိတဲ့ မသက်သေရာရှိထားတဲ့ လူတစ်ယောက်ကိုမှ ကိုယ်က ချစ်မိရပြီ ဆိုတဲ့အခါ ကိုယ့်အပြစ် က ဝမ်းနည်းအားငယ်ဖို့ ကောင်းလွန်းလှတာပေါ့။

“ရွှေနှယ်ရီး ကိုယ့်ကို စိတ်မဆိုးဘူးမို့လားဟင်၊ မျက်နှာ လေး မှုန်သွားတာ ဘာကြောင့်လဲ၊ ကိုယ့်ကို ခါးခါးသီးသီး မချစ်နိုင်ဘူး ဆိုတာမျိုး မဟုတ်ရင်ပဲ ကိုယ်ကျေနပ်ပါတယ်၊ ကိုယ် အချိန်တွေစောင့်ဖို့ စိတ်ရှည်ပါတယ်”

“လေးလေးလကို မေးချင်တာတွေ ရှိတာ”

“မေးလေ၊ မေး၊ ဒါတွေ ရှိနိုင်တာပေါ့၊ ရွှေနှယ်ရီး ကြိုက်တာမေး”

“လေးလေးလ ... ဖြူလွဲလွဲကြည် ဆိုတဲ့ မိန်းမတစ်ယောက် ကို တကယ်ပဲ မသိဘူးလား”

ရွှေလသာက မျက်ခုံးတွန့်သွားရရင်း ...

“ကိုယ့်ကို ရွှေနှယ်ရီး ဒီနာမည်မေးတာ နှစ်ခါရှိပြီနော်၊ ပထမတစ်ခါလည်း ကိုယ်မသိပါဘူးလို့ပဲ ဖြေခဲ့မှာပဲ၊ သူက ဘယ်သူမို့လဲ ရွှေနှယ်ရီးရယ်၊ ကိုယ်နဲ့ ပတ်သက်ပါ တယ်လို့ ပြောနေလို့လား”

“သူက သေသွားပြီလေ လေးလေးလ၊ သူက ဘာမှမပြော ပါဘူး၊ လေးလေးလ အဲဒီအမျိုးသမီးကို သိမသိပဲ ရွှေနှံမ အမှန်သိချင်တာ”



www.burmeseclassic.com

*"ကိုယ် တစ်ခါမှ မကြားဖူးပါဘူး ရွှေနှယ်ရိုးရယ်"*

**စိတ်ရှုပ်ထွေးသော** သက်ပြင်းတစ်ချက်ကို ရွှေနှယ်ရိုး တိတ်တခိုး ရှိုက်မိသည်။



## ၁၂

ရုံးကို လာကြိုနေကျမှာ ကားကို ဦးလေးထူး မောင်း၍သာ။ အသွားအပြန် အမြဲတမ်း ဤသို့သာ ကြိုပို့နေကျ ဖြစ်ပါလျက်၊ ဒီနေ့ညနေ လာကြိုတော့ ကားပေါ် အန်တီကြီးပါ လာသည်။ ရုံးအဆောက်အအုံရှေ့ ကားကိုထိုးရပ်ပြီး အန်တီကြီးက ကားပေါ်မှဆင်းကာ ရုံးရှေ့ကွန်ကရီလမ်းပေါ်ပင် ရပ်နေပါသည်။

ရွှေနှယ်ရိုး ထွက်လာသောအခါ နောက်မှာ ဘယ်သူ ပါလာလဲပုံစံနှင့် လှမ်း၍ကဲကြည့်လိုက်ပါသေးသည်။

"အန်တီကြီး ဘာလဲ"

"ဘာမှ မဟုတ်ပါဘူးအေ"

"အန်တီကြီး ဘယ်ကပြန်လာတာလဲ"

www.burmeseclassic.com



"ဘယ်ကမှ ပြန်မလာဘူး၊ ညည်းကိုကြို့တာကိုပဲ လိုက်လာတာ"

ကားပေါ်မှာ ထိုင်လိုက်လာရင်း အန်တီကြီးက ရွှေနှယ်ရီးကို လှည့်တကြည့်ကြည့်နှင့် ဘာမျှမပြောသော်လည်း အမူအရာ ထူးခြားနေတာမို့ ရွှေနှယ်ရီး အံ့အားသင့်ရပါသည်။ နေ့လယ်က လေးလေးလ စကားကြောင့် ရင်ဖိုလှုပ်ရှားနေတာပင် လွင့်ပြယ်ရသည်။

"ဒီအချိန်ဆိုရင် ဟိုတူဝရီး ပြန်ပြီလား"

စကားအဆက်အစပ် မရှိ၍ ...

"ဘယ်တူဝရီးလဲ အန်တီကြီး"

"ဟို ... ရွှေဥက္ကာတို့ ရွှေလသာတို့ပေါ့"

"မပြန်သေးဘူး၊ ရွှေဥက္ကာကတော့ တစ်ခါတလေ ဒီအချိန်လောက် ပြန်တတ်ပါတယ်၊ လေးလေးလကတော့ ဒီထက်နောက်ကျတာ များတယ်"

ရုံးစတက်ကာစက ရွှေဥက္ကာက သူ့ကားနဲ့ အသွားအပြန် လိုက်လို့ရကြောင်း ကမ်းလှမ်းပါသေးသည်။ သူတို့တူဝရီးကလည်း ရွှေလသာ ကားတစ်စီး၊ ရွှေဥက္ကာ ကားတစ်စီးနှင့် သွားချိန်ပြန်ချိန် မတူကြ။ မေမေ ခွင့်ပြုလိမ့်မယ်လည်း မထင်၍ အိမ်ကိုပင် ပြန်မပြောခဲ့တော့။





အန်တီကြီး အမူအရာ ထူးခြားနေရုံမက အိမ်ရောက်တော့လည်း မေမေက တံခါးဝထွက်ကြိုနေသည်။ ရွှေနှယ်ရီး အိမ်ထဲဝင်ကာ အခန်းထဲဝင်လာခဲ့သည် တောက်လျှောက် နောက်က မေမေရော အန်တီကြီးပါ ပါလာပါသည်။ အခန်းထဲလိုက်ဝင် အခန်းတံခါးတွန်းပိတ် ဧဇလိုက်ကြလျှင် ရွှေနှယ်ရီးက အံ့အားတသင့်နှင့် ...

"မေမေတို့ ဘာဖြစ်နေတာလဲ"

မေမေ့ မျက်နှာကတော့ နည်းနည်းတော်သေးသည်။ အန်တီကြီးက ပိုပြီး မှုန်တင်းတင်း ဖြစ်နေပါသည်။ အန်တီကြီးကပင် ..

"ညည်းနေ့လယ်က ရွှေလသာနဲ့ ဘယ်သွားတာလဲ"

"ဟင် ... အန်တီကြီးတို့ကို ဘယ်သူပြောလဲ"

"ဘယ်သူပြောလဲ မမေးနဲ့၊ ငါတို့မေးတာဖြေ"

"နေ့လယ်စာ ထွက်စားတာပါ"

"အေး ... ကောင်းတယ်၊ ငါတို့က ညည်းကိုပြင်ပမှာ ဗဟုသုတ အတွေ့အကြုံ ရပါစေဆိုပြီး ရုံးအလုပ်ဝင်လုပ် ခွင့်ပြုထားတာ၊ အလုပ်နဲ့မဆိုင်ပဲ အလုပ်ရှင်နဲ့ ဟိုသွား ဒီလာ လျှောက်လည်နေဖို့ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



" လျှောက်မလည်ပါဘူး၊ မီလျံကွိုင်မှာ သွားစားတာပါ၊ ပြီးတော့ ဒီလိုအမြဲသွားနေတာလည်း မဟုတ်ပါဘူး၊ ဒီတစ်နေ့ပဲ"

"ဘာဒီတစ်နေ့လဲ၊ ညာမပြောနဲ့ ရွှေနှယ်ရီး၊ ညည်းနဲ့ ရွှေလသာ ဒီလိုပဲ ရုံးကနေ တချောင်းချောင်း ထွက်နေကျ မဟုတ်လား"

"မဟုတ်ပါဘူးဆို အန်တီကြီးကလည်း၊ ဟိုးအရင်ကတော့ သူ့ စက္ကူတရီ မရခင် သူ့ကို ကူလုပ်ပေးရတုန်းက အလုပ်ကိစ္စနဲ့ ထွက်ဖူးတာရှိတယ်၊ အဲဒါပဲ"

"မယုံဘူး၊ ညည်းတို့ ဒီလိုပဲ လစ်ခနဲ လစ်ခနဲ ထွက်သွားနေကျဆို"

"မဟုတ်ပါဘူးဆို"

မေမေက လေပြည်နှင့်ဝင်ကာ ...

"ဒီနေ့လည်း ထမင်းဘူးပါသားနဲ့ ဘာဖြစ်လို့ အပြင်ထွက်စားရတာလိုလဲ သမီး"

အန်တီကြီးက မျိုးဖြတ်ဆို အပြင်ထွက်သွားကာ ထမင်းချိုင့်ခြင်းကို သွားကြည့်သည်တွင် ထမင်းချိုင့်က စားပြီးသား ဖြောင်နေသည်။ အန်တီကြီးက ပြန်ဝင်လာကာ ...

"ထမင်းချိုင့်က စားထားပါလား"





"အဲဒါ သမီးက လေးလေးလနဲ့ အပြင်မှာ စားမှာမို့လို့ ထွက်သွားပြီဆိုတော့ ရွှေဥက္ကာက ယူစားလိုက်တာပါ၊ အဲဒါ "ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ အခု ငါတို့သိလို့ပေါ့၊ ငါတို့မသိပဲနေရင်လည်း ရွှေလသာနဲ့ အပြင်ထွက်စားတာကို ဖုံးထားလိုက်မယ်ဆိုပြီး ညည်းထမင်းချိုင့်ကို သွန်ပစ်လိုက်လားလို့ပေါ့"

"ဟာ ... အန်တီကြီးကလည်း၊ ဘာအတွက် သမီးက အဲလောက် ဉာဏ်နီဉာဏ်နက်တွေ ထုတ်နေရမှာလဲ၊ လေးလေးလနဲ့ အပြင်သွားရရင် အိမ်ကျ ပြန်ပြောနေတာပဲ ဟာကို၊ ဟိုတလောက သွားတာတွေ အန်တီကြီးတို့ မေမေတို့ သိတာပဲဟာ"

"အလုပ်နဲ့ သွားရတုန်းက ပြန်ပြောပေမဲ့ အပျော်ထွက်နေတာကျတော့ ညည်းက အုပ်ထားမှာပေါ့"

ရွှေနှယ်ရီးသည် ဒေါသကလေး ထွက်လာမိကာ ...

"အန်တီကြီးက သမီးကို အဲလောက်စွပ်စွဲပုတ်ခတ် ပြောနေရအောင် ဘယ်သူက ဘာပြောသွားလို့လဲဟင်၊ ဒီနေ့အပြင်ထွက်တာ ဘယ်သူပြောလဲ၊ ပြောတဲ့သူက အပိုတွေထည့်ပြောသွားလို့သာ အန်တီကြီး ခုလိုဖြစ်နေတာ၊ သမီးမညာဘူး၊ သူ့ စက္ကူတရီခန့်ပြီးတော့ သမီးနဲ့ အလုပ်ကိစ္စလည်း



www.burmeseclassic.com

www.burmeseclassic.com



အပြင်မထွက်ဘူး၊ အပျော်လည်း မထွက်ဘူး၊ ခုမှတစ်ကြိမ်
ပဲ၊ အဲဒါလည်း ပြန်ရောက်ရင် မေမေ့ကို ပြောပြမလို့ပဲ"

"ကဲ ... ဒါဖြင့် ဒီနေ့တစ်ကြိမ်က ဘာအရေးတကြီး
အပြင်ထွက်စားရသလဲ ပြောပါဦး"

ရွှေနှယ်ရီးသည် မေမေ့ကို ဖြည်းဖြည်းနှဲ့နှဲ့ ကလေး
ခပ်ရှက်ရှက် ပြန်ဖွင့်ပြောပြဖို့ ကြံရွယ်ပြီးသားကိစ္စကို ခုတော့
ဆစ်မေးလို့ ပြောဖြစ်သလို ပြောရပေတော့မည်ကို ဝမ်းနည်းမိသည်။

"လေးလေးလက ဒီနေ့ တစ်ခုခု ကျွေးပါရစေ၊ စကား
ပြောစရာရှိလို့ ဆိုလို့ သမီး လိုက်စားတာ၊ လေးလေးလ
ဟို ... သမီးကို ထမင်းစားရင်းနဲ့ ဟို ... ချစ်ခွင့်တောင်း
တာ"

"ဘာ ... အမယ်လေး ... အမယ်လေး"

အန်တီကြီးက ရင်ကိုထုများပင် ထုလိုက်ရင်း —

"တွေ့လား အင်ကြင်း၊ တွေ့လား ညည်းက သူများစကား
အလွယ်မယုံပါနဲ့ဦးဆို၊ ရွှေလသာဟာ ရွှေနှယ်ရီးကို ကြော
ကွင်းထောင်နေပြီ၊ အမိခံရတော့မယ် ဆိုတာ ဟုတ်နေပြီ
ခုပဲ ချစ်ရေးဆိုပြီတဲ့၊ ဒါတောင် ဒီနေ့မှဆိုတာ ဟုတ်ချင်မှ
ဟုတ်မှာ၊ ညည်းသမီးကြည့်ရတာလည်း ပျော့နဲ့နဲ့နဲ့၊ ပါ
ပြီ ပုံစံမျိုး၊ စစ်စမ်း ... ညည်းသမီးကို"





ရွှေနှယ်ရီးသည် မျက်ရည်လည်လာကာ ...

"အန်တီကြီး သမီးကို မယုံသင်္ကာတွေ မပြောပါနဲ့၊ သမီး
ပြောတာတွေကိုလည်း လိမ်သလို ညာသလို မပြောပါနဲ့၊
သမီး မညာဘူး၊ မေမေ ပြောပြစမ်းပါ၊ ဘယ်သူဘာလာ
အတို့အထောင် လုပ်သလဲ၊ သမီးကို တမင်ဒုက္ခရောက်
အောင် မဟုတ်တာတွေ လီဆယ်ပြောတဲ့သူ ရှိတယ်ဆိုတာ
အံ့သြမဆုံးဘူး"

မေမေက သက်ပြင်းချရင်း ...

"နေ့လယ်က ခင်မျိုးမြတ် အိမ်လာပြောသွားတယ်"

ရွှေနှယ်ရီးသည် ခုတင်ပေါ် ထိုင်နေရာမှ "ဟင်" ခနဲ
ကာ ဝုန်းခနဲ ထရပ်မိလေသည်။

"သူက အိမ်ထိလာတယ်၊ မဟုတ်တာတွေလည်း ပြောတယ်၊
အတော်ဆော်ကားတဲ့မိန်းမ၊ သူသာလူခြွေမဲ့တဲ့မိန်းမ မေမေ
ရဲ့၊ သူသာ လေးလေးလကို ကပ်မရလို့ သွားပုပ်လေလွင့်
တွေ ပြောနေတာ၊ သူက ဒီနေ့ လေးလေးလကို သူနဲ့အတူ
ထွက်စားဖို့ပြောတာ၊ လေးလေးလက သမီးကိုခေါ်ပြီး အပြင်
သွားတော့ သူ မနာလိုပြီး တမင်ပြောတာ၊ သိပ်စိတ်ပုပ်
တဲ့မိန်းမ"



www.burmeseclassic.com

www.burmeseclassic.com



"သူတစ်ပါးကို နှစ်နစ်နာနာတွေ ပြောမနေစမ်းပါနဲ့ သမီး ရယ်၊ သမီးတို့ဟာကလည်း ဒီလူတစ်ယောက်ကို ဝိုင်းစိတ်ဝင်စားနေကြသလို ဖြစ်နေရတာပေါ့၊ သူ အပြင်ခေါ်တာ ဂုဏ်ရှိသလိုလို၊ အခေါ်မခံရတာပဲ မနာလိုစရာလိုလို"

"သူပြောရင် အမှန်ကိုပဲပြောပေါ့၊ ဘာကြောင့် အရင်က မသွားတာကို အမြဲသွားသယောင် ထည့်ပြောရတာလဲ၊ တမင်တကာ မေမေတို့ စိတ်ပူပြီး သမီးကို ချုပ်ချယ်လိုက်အောင်၊ ဒါမှ သူ လှုပ်ရှားလို့ရအောင် ကောက်ကျစ်တာ သက်သက်ပဲ"

"စိတ်ညစ်စရာတွေပါလားကွယ်၊ သူလာပြောရင် မေမေတို့က ချုပ်ချယ်လိုက်မယ်ဆိုတာ သမီးက ကြိုတွက်ပြီးသား ဖြစ်နေတော့ ရွှေလသာဟာ လူကြီးမိဘချုပ်ချယ် ပညတ်ချက် လူစားဆိုတာ သမီး သိတယ်ပေါ့"

ရွှေနှယ်ရီးသည် ထောင်းခနဲ ဒေါသထွက်ကာ –

"သူ လေးလေးလကို ဘာတွေ အပုပ်ချ ပြောသွားလဲ မေမေ၊ သူ ပြောတာတွေ ပြန်ပြောပြစမ်းပါ"

"သူ စိုးရိမ်လို့ စေတနာကောင်းနဲ့ လာပြောတယ်ဆိုတာလည်း ဟုတ်ရင်လည်း ဟုတ်ပါလိမ့်မယ်၊ သူ ပြောသွား





တာကတော့ ရွှေလသာဟာ နာမည်ပျက် ရှိတယ်၊ မိန်းကလေးတွေကို လှည့်ကျူးပြီးတာတောင် တာဝန်မယူဘူးဆိုတဲ့ထိ သူ သတင်းကြားဖူးတယ်တဲ့၊ ခုလည်း သမီးကိုဖြားယောင်းနေပြီ၊ သမီးကလည်း ပါနေပြီမို့ ချက်ချင်းမတားဆီးရင် သမီး ရေတိမ်နစ်မယ်၊ အတိုချုပ်ကတော့ ဒါကိုပဲ လာပြောသွားတာပါ"

ရွှေနှယ်ရီးသည် အံလေးကြိတ်ရင်း ဘာမှမချေပနိုင်ပဲ ရှိသည်။ တမင်သက်သက် ရွှေနှယ်ရီးဘက်ကို ရှေ့တိုးမရအောင် လာသွေးထိုးသွားမှန်း သိပေမဲ့ ဘယ်လိုချေပရမည်မသိ။

"ညည်းသမီးပုံ ကြည့်ရတာ ခေါင်းမာမာနဲ့ မိုက်ရူးရဲမလိုပဲ အင်ကြင်း၊ တော်ပြီ၊ ဒီအလုပ်က ထုတ်ပစ်လိုက်တော့။ ဒီကုမ္ပဏီမှာ ညည်း ဆက်မလုပ်ရတော့ဘူး ရွှေနှယ်ရီး၊ ဒါပဲ"

"ဟာ ... အန်တီကြီးက သူ တစ်ကြိမ်လာပြောသွားတဲ့ စကားလေးတစ်ခွန်းနဲ့ ဒီလောက်ထိ အရေးယူဆောင်ရွက်ဖို့မလိုပါဘူး၊ သူပြောတာတွေ အားလုံးမှန်ချင်မှလည်း မှန်မယ်၊ သမီး မသွားပဲတောင် အမြဲသွားသလို ကုန်းတိုက်သွားတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှပြောမနေနဲ့ ရွှေနှယ်ရီး၊ သုံ့ပြောသွားတော့ ညည်း
စိတ်ပူပြီး ကြိုက်များနေကြပြီလား၊ သဲလွန်စ ရလို့ရှ
ညည်းအခန်းကို ရှာကြည့်ပြီးပြီ၊ ညည်းဗီရိုအံဆွဲထဲ
ဒီစာတွေ့တယ်"

ရွှေနှယ်ရီးသည် သွေးကွက်ညိုတွေ ခြောက်စွန်းေ
သော စာအိတ်ကို မျက်လုံးပြူးကျယ်စွာ ငေးကြည့်နေမိသည်
မေမေက တိုးညင်းနူးညံ့စွာ ...

"ဒါ ... ဟိုကားတိုက်ခံရပြီး ဆုံးသွားတဲ့ ကောင်မလေ
ရေးသွားတဲ့စာပေါ့၊ မေမေ သေချာပြန်စဉ်းစားကြည့်တယ်
သူ့ခများ မသေခင် ရွှေ ... ရွှေလို့ ရေရွတ်နေတာ သမီး
လည်း ကြားတာပဲ၊ ဖြစ်တော့လည်း သူတို့ခြံရှေ့မှာပဲ၊ ဒီ
ခြံဘက်ကိုလည်း လက်ညွှန်ညွှန်ပြတယ်၊ သူ ဘာတွေပြော
သွားတယ်၊ မေမေ့ထက် သမီးပိုသိမှာပါ၊ အဲဒီ ဖြူလွဲလွဲကြည်
ခများ ဒီခြံကိုပဲ ဒီစာပေးဖို့ လာခဲ့တာ မဟုတ်လား သမီး"

ရွှေနှယ်ရီး ခေါင်းလေးငုံ့ချ ငြိမ်သက်နေမိသည်။
ဝမ်းနည်းပြီး ရင်ထဲနာကျင်လိုက်တာ လေးလေးလရယ်။ ကိုယ်
လိုသံသယ ကိုယ့်ရဲ့မယုံကြည်ရဲမှုမျိုး မေမေတို့ အန်တီကြီးတို့ကို
မဖြစ်စေချင်ဘူး။ အဲဒါဟာ လေးလေးလကို ကျွန်မ ချစ်မိလို့ပါ





"မေမေ့ကို အမှန်တိုင်း ပြောပါဦး သမီးရယ်"

"မေမေ ပြောတာ ဟုတ်ပါတယ်၊ အဲဒီ မဖြူလွဲက ဒီအိမ်
ကလူတစ်ယောက်ကို ပေးပေးပါဆိုပြီး ဒီစာကို ပေးသွားတာ
ပါ၊ ဘယ်သူ့ရယ်လို့တော့ အတိအကျ သူ ပြောမသွားနိုင်
ပေမဲ့ 'ရွှေ'ဆိုတာ တစ်လုံးတည်းပဲ"

မေမေ့မှာ မျက်ရည်ဝဲလာပါသည်။

"ဒါဖြင့် ဒီနေ့ ခင်မျိုးမြတ် ပြောသွားတဲ့ ရွှေလသာရဲ့
အကျင့်စာရိတ္တနဲ့ အံကိုက်ဖြစ်နေပါရောလား သမီး၊ အဲဒီ
တုန်းက ဖြူလွဲလွဲကြည် စာပေးချင်တာလည်း သူ့ကိုပဲဖြစ်
လိမ့်မယ်လို့ သမီး မတွေးမိဘူးလား"

တွေးပါတယ် မေမေ။ ခုထိတွေးဆဲပါပဲ။ ဒါပေမဲ့
အဲသလို အရှင်းမယုံကြည်နိုင်တဲ့ ကြားထဲကပဲ အဲဒီ ရွှေလသာကို
သမီး ချစ်နေမိတယ်လို့ပဲ ဝန်ခံပါရစေတော့။

ဒီစာကိုပါ ရှာတွေ့သွားကြတဲ့ မေမေတို့ အန်တီ
ကြီးတို့ စိတ်ပူမယ်ဆို ပူလောက်အောင်ပဲ ကျိုးကြောင်းတိုက်ဆိုင်
ခိုင်လုံနေပါသည်။ သူတို့ ပူပန်ကြတာကို အပြစ်မမြင်လိုတော့ပါ။
ခင်မျိုးမြတ် ပြောသွားတဲ့ ပုံစံမျိုးအထိတော့ဖြင့် ရွှေလသာဟာ
မဆိုးရွားလောက်ပါဘူးလို့လည်း မျှော်လင့်ချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်လောက် မှားယွင်းခေါင်းရှောင်ဖူးတဲ့ ပြဿ
နဲ့ အကြိမ်ကြိမ် ဒီအဖြစ်မျိုး ဖြစ်ပျက်ကျူးလွန်နေကျလို့ ဆိုတဲ့
ပြစ်မှုက မတူညီပါ။

"အသက်အရွယ်အရ ကိုကိုခေါ်ပုံအရ ရွှေဥက္ကာ မဖြစ်နိုင်
ဘူးလေ၊ သမီး ဒါကို လုံးဝမစဉ်းစားဘူးလားကွယ်"

"စဉ်းစားတဲ့အပြင် လေးလေးလကိုတောင် ဖွင့်မေးဖူးပါ
တယ်၊ ဖြူလွဲလွဲကြည်ကို သိသလားလို့၊ သူက တစ်ခါမှ
မကြားဖူးဘူးလို့ ပြောတာကိုလည်း သမီး ယုံချင်တယ်
မေမေရယ်"

* * *

"ခင်ဗျားတို့အိမ်က ရတ်တရက် ကျွန်တော်တို့အပေါ်
ဘယ်လိုဖြစ်သွားတာလဲ ရွှေနှယ်ရီးရာ၊ ဖုန်းဆက်တော့လည်း
ခေါ်မပေး။ ကျွန်တော်လည်းဆက်၊ လေးလေးလလည်းဆက်
တယ်၊ လေးလေးလ ဆိုတာ အလူးအလဲကို ဖြစ်နေတာပဲ
သူ ပရိုမိုးရှင်း လုပ်မိပြီး နောက်တစ်နေ့မှာ အလုပ်ထွက်လိုက်
ပြီဆိုတော့ သူ ပက်လက်လန်တာပေါ့၊ သူ့ကို ဘာစိတ်ဆိုး
သွားတာလဲ၊ လေးလေးလ သိပ်သိချင်နေတယ်...





ကျွန်တော့်မေမေကိုတောင် လေးလေးလက ဖွင့်ပြော
ပြီး စုံစမ်းခိုင်းလို့ မေမေတောင် ဒီကအန်တီတို့ဆီ လာသေး
တယ်မို့လား၊ မေမေကပြောတော့လည်း သူ့ကိုဟန်မပျက်ခဲ
အရင်လိုပဲ ဆက်ဆံပါတယ်တဲ့၊ အလုပ်ထွက်တဲ့ကိစ္စမေး
တော့လည်း ရွှေနှယ်ရီး တခြားသင်တန်း တက်ချင်တာလေး
တွေရှိလို့လို့ပဲ ပြောတယ်တဲ့၊ ဒီလောက်တော့ မကလောက်
ပါဘူး၊ တစ်ခုခုရှိမယ်ထင်တယ်၊ ပြောစမ်းပါ ရွှေနှယ်ရီး
ရာ၊ ကျွန်တော့်ဦးလေးခမျာ အသည်းမကွဲစဖူး ကွဲပြီးသေ
လိမ့်မယ် သိရဲ့လား"

ခြံထဲမှာ ရွှေနှယ်ရီးကို မြင်သည်နှင့် ဖြတ်လျှောက်
ချောင်းနေပုံရတဲ့ ရွှေဥက္ကာဟာ ရတဲ့အခွင့်အရေးကို လက်လွှတ်
မခံပဲ ခြံတံခါးနား အပြေးကပ်လာကာ စိတ်လိုက်မာန်ပါ လှမ်း
ပြောနေတော့တာမို့ ရွှေနှယ်ရီးက ခြံတံခါးနား အပြေးအလွှား
လှမ်းခဲ့ရသည်။

"တိုးတိုး ရွှေဥက္ကာ၊ ဘာလို့ ဒီလောက် အကျယ်ကြီး
လှမ်းအော်ပြောနေရတာလဲ"

"တိုးတိုးတိတ်တိတ် ပြောခွင့်ရဖို့ စောင့်နေရင် ပြောရမှာ
မဟုတ်တော့ဘူး၊ အချိန်လည်း မရှိဘူး၊ မြန်မြန်ပြောစမ်းပါ၊
ဘာဖြစ်ကုန်ကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးလနဲ့ အပြင်ထွက်တဲ့နေ့ကပဲ မခင်မျိုးမြတ်က အိမ်လာ ကုန်းတိုက်သွားတယ်လေ ရွှေဥက္ကာရဲ့"

"ဘာ ... ဒီဟာမကြီး တောက် ... ဒါကြောင့် အဲဒီနေ့က ခင်ဗျားတို့လည်း ထွက်ရော သူလည်း မျက်နှာပုပ်ပုပ်နဲ့ ထွက်ရောပဲ၊ ကားမစောင်းဘူး ပြောပြီး ကားမောင်းထွက်သွားတာပဲ၊ အန်တီတို့ကို လာဆောင်တယ် ဟုတ်လား၊ တောက် ... အန်တီတို့ကလည်း သူ့စကားလေးတစ်ခုနဲ့ ဒီလောက် ဖြစ်ရလား"

"သူက ကျွန်မတို့ ဒီလိုပဲ ခဏခဏ ထွက်နေကျလို့လည်း ပြောတယ်၊ လေးလေးလကိုလည်း လူ ... လူယုတ်မာ တစ်ယောက် ..."

"ဘာ ...၊ ဘယ်လိုလူယုတ်မာလဲ"

"လေးလေးလက မိန်းကလေးတွေကို ဖျက်ဆီး ..."

"ဟာ ... တောက် ... ဒီဟာမကြီးကို နားရင်းအုပ်ပြီးမှ အလုပ်ထုတ်ပစ်မယ်၊ ကျွန်တော့်ဦးလေးက အဲသလို ယုတ်မာတဲ့အစားထဲက မဟုတ်ဘူးဗျ၊ နားလည်လား၊ သူဒီလို ပြောကော ခင်ဗျားတို့က တန်းယုံစရာလား ရွှေနှယ်ရီး ရဲ့"





"ကျွန်မ ဘယ်ယုံချင်ပါ့မလဲ ရွှေဥက္ကာရယ်၊ မေမေတို့ အန်တီကြီးတို့ကလည်း အရင်ကတည်းက ဟို ... မယုံ သင်္ကာစရာ တိုက်ဆိုင်မှု၊ ကြားဖူးနားဝလေးတွေ ရှိပြီးသား ဖြစ်နေတော့ ..."

"ဟာ ... ဘာတွေများ ကြားလို့လဲဗျာ၊ လေးလေးလက ကိုယ်ကျင့်သိက္ခာ အင်မတန်ကောင်းတဲ့ လူတစ်ယောက်ဗျ၊ ခင်ဗျား အဲဒါကို ယုံထား ရွှေနှယ်ရီး၊ သူများအပုပ်ချတိုက် ခိုက်တိုင်း နားယောင်ရင် အသည်းကွဲစရာရှိ ကိုယ်တွေကွဲ ရမှာ၊ ဟိုမိန်းမကိုတော့ ချက်ချင်းကို အလုပ်ကကန်ထုတ်မှ၊ သူ အပုပ်ချတဲ့ လူကိုပဲ သူ့မှာ မရမက ပူးလိုက်ကပ် လိုက်ရတာ၊ ရှုံစရာတောင် ကောင်းသေးတယ်၊ ကိုယ့်အလုပ်ရှင်ကို သွားပုပ်လေလွင့် အသရေဖျက်နေမှတော့ ဘာကိစ္စ အလုပ်ဆက်ပေးရမှာလဲ၊ တော်ပြီ၊ ဒီတစ်ခါ လေးလေးလ စက္ကတရီ ကျွန်တော်ပဲ လုပ်မယ်၊ ခင်ဗျားအမေတွေက ဘာတွေကြားထားလို့လဲ ပြောစမ်းပါ"

"အဲ ... အဲဒါက"

"ရွှေနှယ်ရီး"

နောက်က အော်ခေါ်သံကြောင့် ငဲ့ကြည့်မိလျှင် အန်တီကြီးက ခြံတံခါးဝထိ ထွက်လာနေပါသည်။ ရွှေဥက္ကာ မှုန်တေတေနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သွားမယ်ဗျာ၊ ခင်ဗျားကို ဆက်သွယ်လို့ရအောင်တော့ ချောင်းနေဦးမယ်၊ ရွှေနှယ်ရီး ... ခင်ဗျားသိထားဖို့က ခင်ဗျားကို လေးလေးလ သိပ်ချစ်နေတာ၊ လေးလေးလဟာ မိန်းမနဲ့ ပတ်သက်လို့ ဘာနာမည်ပျက်တစ်ခုမှ ရှိတဲ့သူ မဟုတ်ဘူး ... ဒါပဲ"

ရွှေနှယ်ရီးက ခြံတံခါးဝမှ ပြန်လှည့်ဝင်ခဲ့ပါသည်။ လမ်းခွတ်လတ်မှာ အန်တီကြီးနှင့်ဆုံကာ ...

"လစ်ခနဲဆိုအေ ... ဟိုကောင်လေးနဲ့ ဘာတွေတိုင်ပင် ချိန်းချက်နေပြန်တာလဲ"

"ဘာမှ မချိန်းပါဘူး အန်တီကြီးရယ်၊ သူ့ကို အလုပ်ထွက် ရတဲ့အကြောင်း ပြောပြနေတာပါ"

"ရွှေလသာ အကြောင်း ပါသေးလား"

"ပြောလိုက်တာပေါ့၊ ဟိုမိန်းမကိုလည်း သူတို့အလုပ်ထုတ် ပစ်လိမ့်မယ်၊ အဲဒါမှ ကောင်းတယ်"

"အို ... ကိုယ့်စိတ်ပူလို့ သတိပေးတဲ့ သူကိုအေ၊ ညည်းက ကျေးဇူးတောင် တင်ရမှာ၊ ညည်းကိုကလည်း အဲဒီကောင် ဘက် ခပ်ပါပါ၊ စောစော သိရပြီး အုပ်သိမ်းထားနိုင်လို့ ကံကောင်းတာ"

အန်တီကြီးက ဗျစ်တောက်ဗျစ်တောက် ပြောဆိုနေပြီး မှ ...





"မိမိုးဆီက ဖုန်းလာနေတယ်၊ လာပြောချည်ဦး"

ရွှေနှယ်ရီးက စိတ်မပါတပါနှင့်ပင် ဖုန်းဆီလာကာ ဖုန်းကောက်ကိုင်လိုက်ရသည်။

* * *

ကိုယ့်ဟာနှင့်ကိုယ်မှ အိမ်တွင်းမှာ စိတ်လက်မချမ်းသာ မကြည်မလင် ရှိရတဲ့အထဲ တစ်ပူပေါ် တစ်ပူဆင့် မိမိုးရောက်ချလာတော့ အားလုံး စိတ်မသက်မသာ ဖြစ်သွားရပါသည်။

"မိမိုးက လာချင်လို့ဆိုတော့ သမီးကလည်း ရီးရီးပဲ အောက်မေ့ပြီး လာခိုင်းတာပါ မေမေ၊ သူ ခုလိုအိမ်က ဆင်းပြေးလာတာမျိုးတော့ သမီးလည်း ဘယ်ထင်ပါ့မလဲ"

ရွှေနှယ်ရီးသည် မိမိုးရှေ့မှာပင် မေမေတို့ကို ဘွင်းဘွင်းပြောချလိုက်ရသည်။ အထုပ်အပိုးတွေနှင့် ရောက်လာသော မိမိုးကို ရွှေနှယ်ရီး အခန်းမှာပဲ ခဏနေရာချကာ မေမေနှော အန်တီကြီးပါ အခန်းထဲ ဝင်လာပြီး ခေါင်းချင်းရိုက်ကြရသည်။ မိမိုးကား အိမ်ရောက်ကတည်းက မျက်ရည်သာကျနေ၍ ဘာမှ မသိရသေး။



www.burmeseclassic.com

www.burmeseclassic.com



မိမိုးဟာ ငယ်ငယ်က သူငယ်ချင်းပေမဲ့ ကြားမှာ အဆက်အသွယ် ဝေးကွာနေခဲ့ပါသေးသည်။ ဟိုတလောကမှ ရွှေဥက္ကာ သူငယ်ချင်းနှင့် ကြိုက်နေကြတာကို အကြောင်းပြုပြီး ပြန်အဆက်အသွယ် စိတ်လာကြရတာ။

"ကဲ ... သမီး ... မပြောမဖြစ်တော့ အန်တီက လူကြီးအနေနဲ့ ပြောရမယ်၊ သမီးသူငယ်ချင်းအိမ်မို့လို့ သမီး အလည်အပတ် လာနေမယ် စားမယ် အိပ်မယ် ဆိုတာမျိုး ဆိုရင် အန်တီတို့က ဝမ်းပန်းတသာ ဆီးကြိုရမှာပါ၊ ခုလို သမီးက အိမ်က ထွက်ပြေးလာတယ့် ဆင်းလာတယ် ဆိုတာမျိုးကျတော့ အန်တီတို့က လူကြီးအနေနဲ့ ငြိမ်နေလို့လည်းမရ၊ လက်ခံထားလည်း မကောင်း၊ သမီးအိမ်က စိတ်ပူနေမှာ အကြောင်းတော့ ကြားမှဖြစ်မယ်"

"မပြောပါနဲ့ အန်တီရယ်၊ အိမ်ကို မပြောပါနဲ့၊ အိမ်က သမီးကို သတ်မှာ"

"ဘာလို့သတ်ရမှာလဲ၊ ကိုယ့်မိဘက ကိုယ့်သားသမီးကို သတ်ပါ့မလား၊ သမီးမှာ ဘာပြဿနာအခက်အခဲရှိလဲ ပြော၊ ရိုးရိုးမိဘနဲ့သားသမီး စိတ်မပြေလည်တာမျိုးနဲ့တော့ အိမ်က ထွက်မပြေးသင့်ဘူး၊ သမီးအိမ်ကိုလည်း အကြောင်းမကြားနဲ့ဆိုတော့ အကြောင်းမကြားသင့်တဲ့ ခိုင်လုံတဲ့ အကြောင်းရင်း ပြောပြမှပေါ့ကွယ်"





"သမီးရဲ့ချစ်သူနဲ့ အိမ်က သဘောမတူလို့ပါ"

"ဟင် ... သဘောမတူတာနဲ့ သမီးက အိမ်ကထွက်လာတော့ ရှေ့ဆက် ဘာလုပ်မလို့လဲ"

"သမီး ... သူနဲ့ လက်ထပ်ရမှဖြစ်မယ် အန်တီ၊ ဒါကြောင့်ပါ"

"ဟင် ... ဒီလိုဆို .... သမီးက ဒီအိမ်ကတစ်ဆင့် ခိုးရာလိုက်မဲ့သဘောပေါ့၊ အန်တီတို့အိမ် ရောက်ပြီးမှ ဒီကပါသွားရင် အန်တီတို့တာဝန် ဘယ်ကင်းပါ့မလဲ သမီးရယ်၊ ဒီလို မလုပ်ပါနဲ့"

မမိုးက ကျုံ့ကျုံ့ပါအောင် ငိုသည်။

"မိဘဒီလောက်သဘောမတူရင် အပြစ်ရှိတဲ့သူမို့ နေမှာပေါ့ သမီးရယ်၊ လူကြီးမိဘ စိတ်ဆင်းရဲအောင် မလုပ်ချင်စမ်းပါနဲ့"

"သမီး မလုပ်ချင်ပါဘူး၊ ဖေဖေနဲ့ မေမေ စိတ်ဆင်းရဲမှာလည်း စိုးပါတယ်၊ စိတ်ဆိုးမှာလည်း ကြောက်ပါတယ်"

"ဘုရား ... ဘုရား ...။ မိမိုး ... မိုက်လိုက်တာ သမီးရယ်၊ ဒုက္ခပါပဲ၊ ဘယ်သူလဲ ... ကောင်လေးက ဘယ်ကလဲ"

"သမီး ပထမ တခြားသူငယ်ချင်းတစ်ယောက်အိမ်ကို သွားဖို့ပါ၊ ရွှေနှယ်ရိုးတို့အိမ်ကို ရွေးချယ်လိုက်ရတာက



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာဆိုရင် ရွှေဥက္ကာနဲ့ နီးလို့ပါ၊ သမီးရဲ့ချစ်သူက ရွှေဥက္ကာ သူငယ်ချင်းမို့လို့ သူကတစ်ဆင့် ဆက်သွယ်ဖို့ လွယ်လို့ပါ အန်တီ"

ရွှေနှယ်ရီးသည် မိမိုးကို ငေးကြည့်နေမိရာမှ ပခုံးကလေး ဖက်ထားလိုက်မိသည်။

သူ ငိုတာကြည့်ကာ ကိုယ်ပါ ဆို့နင့်၍ မောလာသည်။

"ရွှေဥက္ကာ သူငယ်ချင်း ... ဟုတ်လား၊ ကျွတ် ... ဒီကောင်တွေ သတင်းများ ကြားလိုက်ရင် ရှုပ်ရှုပ်ယှက်ယှက်ချည်းပဲ၊ မကောင်းမှုချည်းပဲ၊ ဒီအိမ်နဲ့ အန်တီကြီးတို့က မပတ်သက်ချင်ဘူးကွယ်၊ ဒီအိမ်နဲ့ သမီး ဆက်သွယ်ဝင်ထွက် ချိန်းချက်ဖို့လည်း ဒီကနေ မဖြစ်နိုင်ပါဘူးကွယ်"

"ဘာဖြစ်လို့လဲ အန်တီကြီးရယ်၊ သူတို့တစ်အိမ်လုံးက ဂုဏ်သရေရှိ လူကြီးလူကောင်းတွေပါ"

"အို ... ဘယ်က ဟုတ်ရမှာလဲ"

"မမ ... မဆိုင်တဲ့ကိစ္စတွေ မပြောပါနဲ့"

မေမေက ဝင်ဟန့်လိုက်၍ အန်တီကြီး မကျေမချမ်း နှုတ်ဆိတ်သွားသည်။





"သူတို့အိမ်မှာ အငယ်ဆုံး ရွှေဥက္ကာကတောင် လူငယ်တွေထဲမှာတော့ အပြစ်ကင်းတဲ့ လူငယ်မျိုးပါ အန်တီကြီး၊ သူ့အမေ သူ့ဦးလေးတွေလည်း လူကြီးလူကောင်းတွေပါ၊ သမီး ဒီကိစ္စကို ပြောပြရင်လည်း သူတို့ကူညီမယ်လို့ သမီး ယုံပါတယ်"

"အို ... ညည်းကိစ္စ ကူညီဖို့ နေနေသာသာ ..."

"မမရယ် ... တော်ပါ၊ မဆီမဆိုင်တွေ မပြောပါနဲ့ဆို၊ သမီးအခြေအနေကို သမီးအမေကိုလည်း ဖွင့်ပြောသင့်တယ်ကွယ်"

"ပြောလို့မဖြစ်ပါဘူး အန်တီ၊ သမီးအိမ် သမီးလူကြီးတွေရဲ့ အခြေအနေကို သမီး အသိဆုံးမို့ပါ၊ သမီးမိုက်တာပါ၊ သမီး မှားပါတယ်၊ ဒါပေမဲ့ သမီးအခြေအနေက အိမ်မှာ ဆက်နေဖို့လည်း အဆင်မပြေတော့လို့ပါ၊ သမီးမှာ ခုလို ဒုက္ခထုပ်ကြီး ရှိမနေဘူးဆိုရင်တောင် သမီး မေမေတို့စကားကို နားထောင်ဖို့ စဉ်းစားဦးမှာပါ၊ ခုတော့ မေမေတို့ သဘောမတူနိုင်ဘူး တားမြစ်တဲ့အချိန်မှာ သမီးမှာက နောက်ဆုတ်လို့ မဖြစ်တော့တဲ့ အခြေအနေမို့ပါ"

အန်တီကြီးကား စိတ်ရှုပ်ရှုပ် မဲ့ရွဲ့ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ညည်းတို့ မိန်းကလေးတွေကိုကလည်း အညှာလွယ်လွန်းတယ်၊ ဖွ ... ဖွ ... ကိုယ့်လည်း တူမနဲ့၊ ဝင့်လိုက်ရှာ ကြောက်လိုက်တာ၊ ယောကျ်ားတွေက ယုတ်မာဦး၊ ညည်းတို့ကကော ပါစရာလား၊ ဒီလောက် အညှာ လွယ်စရာလား"

"ဩော် ... မမရယ် ... သူ့ဒုက္ခနဲ့သူ၊ သူလည်းနောင်တရနေပါတယ်၊ ဒုက္ခရောက်တုန်း ဖိဆူမနေပါနဲ့တော့"

"သမီးကို ဘယ်လိုပြောပြော ဘယ်လိုဆူဆူ ရပါတယ် ခုလို အိမ်ပေါ်ဒုက္ခတက်ပေးသလို ဖြစ်တာကိုလည်း သိပ်အားနာမိပါတယ် အန်တီ၊ ပြောတာဆိုတာလည်း ခံပါ့မယ် သမီးကို ကူညီပါ အန်တီရယ်၊ ဒီမှာ ခဏနေပါရစေ သမီး ချစ်သူဟာ လူကောင်းဖြစ်ဖြစ် လူဆိုးဖြစ်ဖြစ် ခုချိန်မှာ သမီး သူ့ကို လက်ထပ်မှ ဖြစ်တော့မှာပါ"

ခြေသုတ်ပုဆိုးလို ရိုကျိုးလွန်းစွာ အသနားခံနေတော့လည်း မေမေရော အန်တီကြီးပါ သမီးချင်း တူမချင်းစာကာ စိတ်မကောင်း ရင်နင့် ဖြစ်ရသည်။

"သမီးမေမေကို ဖွင့်ပြောပြပြီး ဆွေးနွေးကြည့်ဖို့ စဉ်းစားပါဦး၊ သမီးရယ်"





"ဖွင့်ပြောတာနဲ့ မထူးဘူးဆိုပြီး သူနဲ့ပေးစားမှာတော့ မဟုတ်ဘူး အန်တီ၊ သမီးရဲ့ ပြဿနာထုပ်ကိုသာ ဖျက်ပစ်မှာ၊ သူတို့က ... ကိုကို့ကို သမီးချစ်သူကို အဲသလောက် ရွံတာပါ"

"အဲသလောက် ရွံရအောင် သူက ဘယ်လိုလူစားလဲ သမီးရယ်၊ ဖြစ်မိလို့ဆိုပြီး ဖွတ်မိုတ်လက်ထပ်ဖို့တောင် သင့်ရဲ့လားကွယ်"

"ကိုကိုက ... သူက သမီးကိုတော့ တကယ် ... တကယ် ချစ်တာပါ၊ လက်ထပ်မယ်လို့လည်း ပြောပါတယ်"

"အရင်ကတော့ လက်မထပ်ပဲ မိန်းကလေးတွေကို တာဝန်မယူ ရှောင်တတ်လို့လား"

မိမိုးက ငိုရှိုက်၍ နေသည်။ ကိုယ့်ကိုတော့ တကယ် ချစ်တာပဲလို့ ယုံစားအားထားနေတဲ့ မလိမ်မိုး မလိမ္မာမ,လေး အဖြစ် ရင်ကွဲပက်လက် ငေးစိုက်ကြည့်နေကြရုံအပြင် ဘာလုပ်ပေးရ ကောင်းမလဲ စဉ်းစားမရသေးပေ။

"ဘယ်လိုလူစားမို့လဲ ပြောပါဦးကွယ်၊ သမီးက ပွင့်ပွင့်လင်းလင်း ပြောမှ အန်တီတို့က အမှန် ဆုံးဖြတ်နိုင်မယ်၊ ခုတော့ အန်တီ့စိတ်ထဲ သမီးအိမ်ကိုသာ အကြောင်းကြား



www.burmeseclassic.com

www.burmeseclassic.com



ချင်တာ၊ သမီးက ဆက်သွယ်လိုက်ရင်ကော အဲဒီကောင်လေးက တကယ်ယူပါ့မလား”

“ယူမှာပါ အန်တီရယ်၊ သူ သမီးကို ချစ်ပါတယ်”

“ကောင်လေးက မိန်းမရှုပ်ရှုပ်လား”

“မေမေတို့က အဲသလို သတင်းကြားထားပါတယ်”

“ဒီသတင်းလောက် ကြားရုံနဲ့တော့ ဒီလောက် တင်းပါ့မလား၊ ကိုယ့်သမီးဘက်က တင်းမရတော့တဲ့ အနေအထားကလည်း ရှိသေးတာ၊ သမီး အခြေအနေမှန်ကိုသိရင် သမီးအမေ စိတ်ပြောင်းချင် ပြောင်းပါလိမ့်မယ်”

“ဟင့်အင်း အန်တီ၊ မေမေ ကြားထားတဲ့ သတင်းကရှိတော့ မေမေက သမီးမှာ ခုလိုဖြစ်နေပြီလို့သိရင် ပိုတောင်မှ သတ်ပစ်ချင်ဦးမယ်”

ရွှေနွယ်ရီးက သက်ပြင်းတစ်ချက်ချရင်း ...

“ကဲ ... မိမိုး၊ နင် ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ နင်အားလုံးပြောမှပဲ ဆုံးဖြတ်လို့ရမှာ၊ ရွှေဥက္ကာ သူငယ်ချင်း တင်ကိုကိုက နည်းနည်းရည်းစားရှုပ်တာတော့ ငါလည်း ကြားဖူးတယ်၊ ဒါပေမဲ့ ရွှေဥက္ကာ ပြောပုံအရတော့ နင့်ကိုတော့ သူ တကယ်ချစ်သလိုပဲ၊ သူ့ရည်းစားကို သမီးမသိ





ပေမဲ့ ကြားဖူးပါတယ် မေမေ၊ ရွှေဥက္ကာ ဆက်သွယ်ပေးလို့ ပြောပေးလို့လည်း ရနိုင်ပါတယ် ...

ဒါပေမဲ့ အဲဒီ တင်ကိုကိုက ဘယ်လောက်တောင်ပဲဆိုးသလဲ၊ နင်တို့ လက်ထပ်သွားကြပြီးမှ နင့်ဘဝတစ်သက်လုံး ဒုက္ခတွင်းထဲ ကျသွားတာမျိုး ဖြစ်မယ်ဆိုရင်လည်း ငါတို့ ကူညီသင့်ပါ့မလား၊ ဘာပဲဖြစ်ဖြစ် နင် ဖုံးကွယ်မထားပဲ ပြောပြဟာ၊ နို့မို့ရင် နင့်အမေအဖေကပါ ငါတို့ကို စိတ်နာမယ်”

“မေမေတို့ သိရတဲ့သတင်း မမှန်ပါစေနဲ့လို့တော့ ဆုတောင်းပါတယ်၊ ဒါပေမဲ့ မှန်နေခဲ့ရင်လည်း ငါ ကိုကိုကိုတော့ လက်ထပ်ချင်ပါတယ်၊ သူ ဆိုးခဲ့ မိုက်ခဲ့ ရှုပ်ပွေခဲ့ပါတယ် ဆိုတာ ကိုကိုက ဝန်ခံပြီးသားပါ၊ အသေးစိတ် မဟုတ်ပေမဲ့ ငါ့ကို ဖွင့်ပြောထားပါတယ်၊ ငါ ... ငါလည်း အဲဒီကိစ္စ တချို့ သိပါတယ်၊ အရင်ဟာတွေလို သူ ငါ့ကို ခဏတဖြုတ်တွဲတာ မဟုတ်တာ သေချာပါတယ် ရွှေနွယ်ရီးရယ်၊ ငါနဲ့က ချစ်ခဲ့ကြတာကြာပါပြီ”

မိမိုးရဲ့ ငိုရှိုက်သံဟာ ကျယ်လောင်၍ ပိုပြီးကြေကွဲစရာ ကောင်းလာသည်။ မထူးတော့ပြီရယ်လို့ သူ အကူအညီတောင်း



www.burmeseclassic.com

www.burmeseclassic.com



ရမည့်သူတွေဆီမှာ လုံးလုံးဖွင့်ချလိုက်ဘော့မည်ဟု အံခဲခြင်းမျိုးနှင့် ပလုံးပထွေး အဆို့ဆို့ အနင့်နင့် စကားသံများ အဆက်မပြတ် ထွက်ပေါ်လာပါသည်။

"မေမေ သိလာတာကတော့ မေမေ့သူငယ်ချင်း ဆရာဝန်မတစ်ယောက်ဆီကပဲ၊ အဲဒီဆရာဝန်မနဲ့ အင်မတန်ရင်းနှီးတဲ့ ကောင်မလေးတစ်ယောက်ဟာ ကိုကိုနဲ့ တွဲဖူးတယ်၊ ကြိုက်ဖူးတယ်တဲ့၊ တစ်နေ့မှာ သူ့မိဘတွေ မသိအောင် သူ့ဆီလာစမ်းသပ်တယ်၊ ကိုယ်ဝန်ရှိတယ်ဆိုတာ သိရတော့ အဲဒီဆရာဝန်မကပဲ သူ့ကို တာဝန်ယူခိုင်းတော့ ဆိုပြီး တိုက်တွန်းလိုက်ဖူးတယ်၊ ဒါပေမဲ့ အဲဒီကောင်မလေးဟာ လက်မထပ်ဖြစ်ခင် ဆုံးသွားတယ်တဲ့၊ သူက ကိုကိုနဲ့ အဲဒီကောင်မလေး အကြောင်း သေချာသိပါတယ်လို့ မေမေ့ကို ပြောလိုက်တယ်၊ ကိုကိုနဲ့ ငါနဲ့ တွဲနေတာ သူ မြင်သွားလို့ မေမေ့ကို စိတ်ပူပြီး သတိပေးတဲ့ သဘောပေါ့"

"အို ... ဒီလောက် ခိုင်ခိုင်လုံလုံကြီး သမီးရယ်၊ သေချာလို့ ပြောတာ ဖြစ်မှာပေါ့၊ အဲသလိုသာဆိုရင် သမီးစဉ်းစားပါဦး"

ရွှေနှယ်ရီးသည် မိမိုးကိုဖက်ကာ ရင်ထဲ နင့်နေမိသည်။ တင်ကိုကိုဟာ မိမိုးထင်သလို မိမိုးကို တကယ်မြတ်နိုးတာ





ဖြစ်ပါစေ။ ရွှေဥက္ကာ အပြောအရတော့ သူ့သူငယ်ချင်းဟာ မိန်းမ ခပ်ရှုပ်ရှုပ် ဟုတ်ပေမဲ့ မိမိုးကိုတော့ တကယ်ချစ်ပုံရပါတယ်လို့ ရွှေနှယ်ရီး ကြားသိဖူးတာပင်။

အန်တီကြီးကလည်း မိမိုးကို ရင်ထုမနာ ကြည့်နေရင်းက ...

"အင်း ... လောကကြီးမှာ အဲသလို ဖြစ်ရပ်မျိုးတွေကလည်း ဘယ်လောက်တောင်များများ ဖြစ်ပျက်နေသလဲ မသိပါဘူး၊ ညည်းတို့မိန်းကလေးတွေ ကြပ်ကြပ်ဆင်ခြင်ကြ ရွှေနှယ်ရီးရေ"

"အန်တီကြီးကလည်း၊ အရေးကြုံတုန်း သမီးကိုပါ သိမ်းကျုံးပြောမနေပါနဲ့၊ မိမိုးကိစ္စကိုသာ အကြံဉာဏ်ပေးပြီး ကိုယ်ကူညီနိုင်သလောက် ကူညီရအောင်ပါ"

"တစ်ခုခု အကြံပေးဖို့ ဆုံးဖြတ်ဖို့ဆိုတာက ဟိုဘက်က သူ့ကောင်လေးဆီက ဘာသံ ထွက်လာမလဲ နားထောင်ရဦးမယ်လေ၊ အင်း ... အဲဒီအိမ်က လူတွေနဲ့ ပြောဆိုဆက်ဆံရမှာလည်း စိတ်ပျက်ပျက်ပဲ၊ သူတို့နဲ့ ပတ်သက်ရင် ကြားရတဲ့အသံတွေက ကောင်းတာကို မပါဘူး"

"ခုဟာကတော့ ရွှေဥက္ကာ သူငယ်ချင်းက ခုလိုဖြစ်တာပဲ၊ သူတို့နဲ့ ဘာဆိုင်တာလိုက်လို့ မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အန်တီ၊ သူတို့အိမ်မှာရှိသမျှ လူတွေအားလုံးက သဘောထားပြည့်ဝတဲ့သူချည်းပါ၊ စိတ်ပျက်ဖို့ကောင်းတဲ့သူ မပါပါဘူး"

"အို … သမီး မသိပါဘူးကွယ်၊ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ ရွှေဥက္ကာကို ဆက်သွယ်မေးမြန်းတာတော့ လုပ်ချင်လုပ်ကြပေါ့လေ၊ ဒါပေမဲ့ သူတို့အိမ်ကိုတော့ မသွားရဘူး၊ သူ့ကို ဒီကိုလာဖို့ခေါ်၊ ပြီးရင် ခုလိုပဲ လူကြီးတွေရှေ့ထားပြီး ပွင့်ပွင့်လင်းလင်း စကားပြောပေါ့"

မေမေကတော့ ဘာမှမပြောပဲ အတွေးတစ်ခုခု နက်နေပုံရပါသည်။





## ၁၃

ရွှေဥက္ကာသည် သူ့ကို ဝိုင်းစုစိုက်ကြည့်နေသော လူကြီးနှစ်ယောက်၊ မိန်းကလေးနှစ်ယောက်တို့ရဲ့ မျက်လုံးလေးစုံအောက်၌ ကျဉ်းကျပ်အနေခက်နေသည်။ မနက်က ရွှေနှယ်ရီး ဖုန်းဆက်ခေါ်တော့ လေးလေးလနှင့် ပတ်သက်တဲ့ ကိစ္စတစ်ခုခုလား ထင်မိသည်။ ရုံးပိတ်ရက်မို့ အိမ်မှာရှိနေသော လေးလေးလလည်း စိတ်လှုပ်ရှား ကယောင်ချောက်ချား ဖြစ်ကျန်ရစ်ခဲ့ရှာပါသည်။ ခုလောက်ဆို ရွှေဥက္ကာ ပြန်အလာကို လည်ပင်းရှည်ထွက်ကာ မျှော်နေတော့မှာ။

"တင်ကိုကိုက မိမိုးကို တကယ်ချစ်တာပါ၊ သူ လက်ထပ်ဖို့ ရည်ရွယ်ထားပြီလို့ ကျွန်တော့်ကို ဖွင့်ပြောပြီးသားဆိုရင် မလုံလောက်ဘူးလား မိမိုးရာ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဥက္ကာက စိတ်ရှုပ်ရှုပ်နှင့် မေးမိသည်။ မိမိုးက မျက်ရည်လည်လည်နှင့် ...

"မိမိုးအတွက်တော့ လုံလောက်ပါတယ်လို့ပဲ ပြောရတော့မှာပေါ့ ရွှေဥက္ကာရယ်၊ ဒါပေမဲ့ မေမေ့မိတ်ဆွေ ဆရာဝန်မကြီးက အမှန်ပြောတာ ဟုတ်မဟုတ်လည်း သိချင်သေးတယ်၊ ဒီကိစ္စ အမှန်သိရရင်တော့ တကယ်လို့ မဟုတ်ဘူးဆိုရင် မေမေတို့ဆီမှာ ကိုယ့်ချစ်သူအတွက် ကိုယ် အယူခံဝင်ချင်သေးတာပေါ့"

ရွှေဥက္ကာသည် မိမိုးကို အဖြေပေးဖို့ရာက အဖြေကောင်း မဟုတ်၍ ဝန်လေးပင်ပန်းနေရတာပင်။ မပြောပဲနေလို့ရရင် အကောင်းဆုံး မဟုတ်လား။

"ရွှေဥက္ကာ ပြောရခက်နေပုံပဲ၊ ဒါပေမဲ့ အန့်တီကတော့ ပြောသင့်တယ်လို့ ထင်တယ်၊ မိမိုးဟာ သူ့ လက်ထပ်ရမဲ့ ယောက်ျားတစ်ယောက်အကြောင်းကို သေချာသိခွင့်ရထားလေ ကောင်းလေ မဟုတ်လား၊ အဲဒီအပြင် ဒီကိစ္စကို အန့်တီလည်း သိချင်မိတယ် ရွှေဥက္ကာ"

ရွှေဥက္ကာက ရွှေနှယ်ရိုးရဲ့အမေ ဒေါ်အင်ကြင်းကို မျက်လွှာပင့်ကြည့်ရင်း ...

"အန့်တီနဲ့ကော ဘယ်လိုများ သက်ဆိုင်မှုရှိလို့လဲ ခင်ဗျာ"





"သက်ဆိုင်တယ်တော့ မဟုတ်ဘူး၊ ဒါပေမဲ့ မနေ့က မိမိုးပြောပြတဲ့ စကားတွေထဲက သိရတာက တင်ကိုကိုဟာ မိထွေးဆိုးဆိုးနဲ့ နေရတော့ သူ့အိမ်ကို သူငယ်ချင်းတွေက အစ အဝင်အထွက် သိပ်မရှိကြဘူး၊ သူ့ဆီ ဖုန်းဆက်နိုင် ဝင်ထွက်နိုင်တာလည်း ရွှေဥက္ကာပဲ ရှိလို့ တစ်ခုခုဆိုရင် ရွှေဥက္ကာကပဲ တစ်ဆင့်ဆက်သွယ်ရတယ်လို့ အန့်တီ သိရတယ်၊ ဟိုအရင်တွေကလည်း မိမိုးလိုပဲ မိန်းကလေးတွေဟာ ရွှေဥက္ကာကနေတစ်ဆင့် တင်ကိုကို့ဆီ ဆက်သွယ်မှုသလား ဆိုတာ သိချင်လာတာပါ၊ အန့်တီ ဆက်စပ်တွေးစရာလေး ရှိလာလို့ပါ"

ရွှေဥက္ကာက သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"အန့်တီ ဘာကို ရည်ရွယ်မေးနေလဲ၊ ကျွန်တော် ရိပ်မိပါပြီ၊ မိမိုး သိချင်တဲ့အဖြေလည်း အဲဒီအဖြစ်အပျက်ထဲပဲ ပါသွားမှာပါ၊ ရွှေနှယ်ရိုး ပြောပြဖူးပါတယ်၊ ကျွန်တော်တို့ အိမ်ရှေ့က ကားတိုက်မှု လူသေမှု အကြောင်းလေ၊ အဲဒီတုန်းက သေတဲ့လူလည်း သေပြီ၊ ကျန်တဲ့သူက ကျွန်တော့် သူငယ်ချင်းဆိုတော့၊ ရွှေနှယ်ရိုး စကားကို နားထောင်ရုံပဲ ထောင်နေခဲ့တာ၊ သူ့ကို ကျွန်တော်နဲ့သိကြောင်း ပြန်မပြောဖြစ်ခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေနှယ်ရီးသည် ထိတ်ခနဲဖြစ်ကာ မေမေ့ကို ဖျတ်ခနဲ ကြည့်မိသည်။ မေမေ ... မေမေ ...။ ဆက်စပ်တွေးခေါ်ဉာဏ် ပြေးလှတဲ့ မေမေပဲ။ အဲဒီလိုများ ဖြစ်နေမလားလို့ မေမေ တွေးမိသလို သူ ဘာကြောင့် မတွေးမိနိုင်ပါလိမ့်။ ရင်ထဲ တဒိတ်ဒိတ်ခုန်ကာ လူက ကတုန်ကယင် အေးစက်လာပြီးလျှင် ...

"ရွှေဥက္ကာ ... အဲဒါ ..."

"ဟုတ်တယ် ရွှေနှယ်ရီး၊ ဟုတ်ပါတယ် အန်တီ၊ အဲဒီတုန်းကလည်း ကားတိုက်ခံရတဲ့ ဖြူလဲ့ ဆိုတဲ့ကောင်မလေးဟာ ကျွန်တော်ကတစ်ဆင့် တင်ကိုကို့ကို ဆက်သွယ်ဖို့ပဲ လာခဲ့တာပါ၊ သူ့တုန်းက သူ့ကို တင်ကိုကိုက ရှောင်တယ်၊ ကျွန်တော်တို့အိမ်မှာ တစ်ခါချိန်းတာ တင်ကိုကို မလာတော့ ကျွန်တော်ကပဲ ပြောချင်တာ စာရေးယူခဲ့ပေါ့ဟာ ပေးပေးမယ်လို့ ပြောလိုက်လို့ အဲဒီနေ့က စာများလာပေးရှာသလား မသိဘူး ...

ကျွန်တော်ကလည်း အိမ်မှာမရှိ၊ ဖြူလဲ့ ကံဆိုးရှာတာပေါ့၊ ဖြူလဲ့ ပထမတစ်ခါ အိမ်ကိုလာတုန်းကတည်းက အခြေအနေ မဟန်ဘူးလို့ ကျွန်တော်လည်း ထင်တယ်၊ မေမေတို့ လေးလေးလတို့တောင် သက်သေမကောင်း ဖြစ်ကြတော့ ကျွန်တော့်ကို တင်ကိုကိုနဲ့ ကြည့်ပေါင်းဖို့အထိ





ပြောဖူးပါတယ်၊ ကျွန်တော်က သူငယ်ချင်းဘက်ကလည်း ဖုံးဖုံးဖိဖိလုပ်ရနဲ့ ဖြူလဲ့ကို မေမေတို့ လေးလေးလတို့ဆို နာမည်တောင် သေချာမသိကြပါဘူး၊ နာရေးကြော်ငြာပါလို့တောင် မသိကြပါဘူး၊ တင်ကိုကိုလည်း အဲဒီကတည်းက အတော် စိတ်ဓာတ်ပြောင်းလဲသွားပါတယ်၊ သူ့ကို ဆက်သွယ်ဖို့ ကျွန်တော့်ဆီလာရင်း ဖြစ်ရတယ်ဆိုပြီး သူလည်း အတော် Guilty ဖြစ်ပါတယ် ...

နောက်ဆုံး မီမိုးကို ပြောချင်တာက တင်ကိုကိုဟာ ဟိုးတုန်းက တင်ကိုကိုတော့ မဟုတ်တော့ဘူး ဆိုဟာပါ၊ ကြားရတဲ့သတင်းတွေကို မေ့သာပစ်လိုက်ပါ၊ ဟုတ်ချင်လည်း ဟုတ်မယ်၊ မဟုတ်ချင်လည်း မဟုတ်ဘူးပေါ့ဟာ၊ ဒါပေမဲ့ ပြီးခဲ့တဲ့အပတ်က အုပ်စုလိုက် ဆုံကြတုန်းကတောင် နင်မလာလို့ တင်ကိုကို စိတ်ပူနေတာပါ၊ အိမ်လိုက်သွားမယ် လုပ်နေလို့ ကျွန်တော်တို့က စောင့်ကြည့်ပါဦး တားထားတာ၊ တင်ကိုကိုက မီမိုး ဒီရောက်နေတာ သိရင် ဒီတစ်ခါ ရှောင်နေမဲ့သဘော လုံးဝမရှိဘူး၊ ပြေးလာမှာ၊ အဲဒါကို စိတ်ချ၊ ကျန်တာတွေ မေ့ထားပြီး ရှေ့ရေးလှဖို့ပဲ စဉ်းစားစေချင်တယ်၊ ကျွန်တော်လည်း တင်ကိုကိုကို အကြောင်းကြားလိုက်ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



စုံလုံးကန်း အချစ်ကြီးရှာတဲ့ မိမိုးလေးဟာ ဤစကားမှုနှင့် အတော်ကြီး ကျေနပ်ရင်အေးသွားပြီဖြစ်ကာ မျက်ရည်သုတ်နိုင်လာသည်။ ရွှေနွယ်ရီးက တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်နှင့် ကြည့်နေကြတဲ့ မေမေနှင့် အန်တီကြီးကို ရင်တဒိတ်ဒိတ်တုန်ကာ အကဲခတ်နေမိပါသည်။

ဖြူလွှဲလွဲကြည် ဆိုတဲ့ မိန်းကလေးဟာ ရွှေဥက္ကာကို စာပေးဖို့ ရွှေမိသားစုခြံရှေ့ကို ရောက်လာခဲ့ရတာ မေးမြန်းစုံစမ်းနေဖို့ မလိုတော့ပဲ အလိုအလျောက် တိုက်ဆိုင်စွာ ရှင်းလင်းသွားပါပြီ။ အန်တီကြီးသည် လည်ချောင်းတစ်ချက်ရှင်းရင်း ကိုယ်ကိုလှုပ်ရှား၍ ...

"ဒါနဲ့ ... မင်းတို့ရုံးက ဟို ... ခင်မျိုးမြတ် ဆိုတဲ့ ..."

"ဟာ ... ဒီမိန်းမကို အလုပ်ထုတ်လိုက်ပြီ အန်တီကြီး အလကားမိန်းမ၊ သူ့ ဘယ်လိုမိန်းမစား ဆိုတာ ဟောဒီ မိမိုးတောင် သိတယ်၊ လေးလေးလကို သူ ချိန်နေတာနဲ့ပဲ လေးလေးလ ကြိုက်နေတဲ့ ... ကန်တော့နော် အန်တီ ရွှေနွယ်ရီးရဲ့အိမ်ထိ မဟုတ်တာကို သွားပုပ်လေလွင့် ကုန်းလာတိုက်တဲ့ မိန်းမမျိုး ကိုယ့်အလုပ်ထဲ ဆက်ခန့်ထားစရာလားဗျာ၊ ရွှေနွယ်ရီး အလုပ်ထွက်လိုက်တာလည်း ဒီမိန်းမကုန်းချောစကားတွေ အန်တီတို့ ယုံချင်သလိုရှိလို့ ဖြစ်ရင်ဖြစ်မှာပေါ့ ...





ဒါပေမဲ့ လေးလေးလရဲ့ ဂုဏ်သိက္ခာကို နောင်တော့ အန်တီတို့ တိုက်ဆိုင်မှုရှိရင် ကြားလာ သိလာမှာပေါ့၊ မကောင်းမှုက ဖုံးမရသလိုပဲ ကောင်းမှုဆိုတာလည်း ကွယ်ပျောက်မနေပါဘူး၊ အန်တီတို့အနေနဲ့ လေးလေးလ အပေါ် အခု စိတ်ထင့်နေရင်လည်း တဖြည်းဖြည်းတော့ အမှန်သိလာမှာပါပဲ၊ လေးလေးလကလည်း စိတ်မကောင်း ဖြစ်တာကလွဲရင် အန်တီတို့ အထင်အမြင်လွဲပုံ ရတာကို ဘယ်လိုမှ သဘောထားမှာ မဟုတ်ပါဘူး၊ ဒါတွေကို နောက်တော့ သိလာမှာပါဗျာ"

"ဒီလိုလည်း မဟုတ်ပါဘူးကွယ်၊ ရွှေနွယ်ရီး တက်ချင်တဲ့ သင်တန်းတွေကလည်း ရုံးချိန်နဲ့ တိုက်နေတာကြောင့်ပါ၊ အခု အလုပ်က ခဏနားတယ်ဆိုတာလည်း သင်တန်းချိန် သုံးလလောက်ပေါ့ကွယ်၊ လူကိုယ်တိုင် ခွင့်တောင်းပြီးမှ မထွက်တာကလည်း သူလည်း သွားချင်မှာ မဟုတ်ဘူး၊ သူက ထွက်ချင်လို့ ထွက်ရတာမှ မဟုတ်ပဲ၊ အင်း ... ဒါတွေ နောက်တော့ အေးအေးဆေးဆေးမှ ဒေါ်ရွှေလပြည့်ကိုလည်း ရှင်းပြရဦးမှာပဲ၊ ရုံးမတက်တော့ပေမဲ့လည်း အိမ်လာလည်း ဝင်ထွက်လို့ ရနေတာပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေနှယ်ရိုးသည် ဝမ်းနည်း ဝမ်းသာ မျက်ရည်လည်ကို မျက်တောင်ပုတ်ခတ်လျက် ခေါင်းလေး အညင်အသာ ငုံ့ချလိုက်မိပါသည်။

လေးလေးလရေ ... လေးလေးလရဲ့ အချစ်စစ်မှန်လို့ပဲလား မသိဘူး။ လေးလေးလ ကိုယ်တိုင်တောင် မသိရသေးပဲရှိနေတဲ့ ဆူးညှောင့်ခလုတ်က အလိုအလျောက်ပဲ ရှင်းလင်းသွားခဲ့ပါပြီ။

စိတ်ရှည်တတ်ပါတယ်ဆိုတဲ့ လေးလေးလကို အချိန်တစ်ခုအထိ တစ်ခဏ စိတ်ရှည်ပါဦးလို့ တိတ်တိတ်လေးလှမ်းပြီး သတိပေး တောင်းပန်ရပေဦးမည်။

BURMESE CLASSIC .com

❧ ။ ❧

လမင်းမိုမို



www.burmeseclassic.com